# ရှေးဟောင်းပုဂံမြေမှ
# ရှင်အရဟံသိမ်ကို တူးဖော်ခြင်း

နောင်ချိုကျော်လွင်





# ရှေးဟောင်းပုဂံမြေမှ
# ရှင်အရဟံသိမ်ကို တူးဖော်ခြင်း

နောင်ချိုကျော်လွင်



design myat kyaw

# ရှေးဟောင်းပုဂံမြေမှ
# ရှင်အရဟံသိမ်ကို တူးဖော်ခြင်း

---

နောင်ချိုကျော်လွင်

ပုံနှိပ်မှတ်တမ်း

**ပုံနှိပ်ခြင်း**

၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၊ ပထမအကြိမ်

**စောင်ရေ** - ၁၀၀၀

❒

**မျက်နှာဖုံးဒီဇိုင်း** - မြတ်ကျော်

❒

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**

**Zaw Press** (၀၇၁၂၅)၊ အမှတ်(၃၈၆)၊ အင်ကြင်းမြိုင်လမ်း၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

❒

**ထုတ်ဝေသူ**

ဦးကျော်ဆန်း(ရဲဘော်ကျော်ဆန်း) (၀၉၃၂)၊ ရဲအောင်စာပေ၊ အမှတ်(၂)၊ ချွန်း(၁)လမ်း၊ မင်္ဂလာတောင်မြို့နယ်၊ ရန်ကုန်မြို့။

**တန်ဖိုး** - ၂၀၀၀ ကျပ်

**ထုတ်ဝေသည့်စာအုပ်ကက်တလောက်အညွှန်း CIP**

နောင်ချိုကျော်လွင်
ရှေးဟောင်းပုဂံမြေမှ ရှင်အရဟံသိမ်ကို တူးဖော်ခြင်း/ရန်ကုန်။
၂၁၀-စာ၊ ၁၃ × ၂၁ စင်တီ
(၁) ရှေးဟောင်းပုဂံမြေမှ ရှင်အရဟံသိမ်ကို တူးဖော်ခြင်း

## မာတိကာ


တွေ့ခဲ့ရသော နတ်ကတော်သားအမိ . . . . . . . . . . . . . . . . ၁
နတ်စာရင်း . . . . . . . . . . . . . . . . . . . . . . . . ၄
ကြေးခေတ်ရှာဖွေသင့်သလော . . . . . . . . . . . . . . . . . ၇
ဗုဒ္ဓဘာသာတွင် နတ်ကိုးကွယ်မှု
ဘာသာရှိနေခြင်းလော . . . . . . . . . . . . . . . . . . . . ၁၂
ပုဂံခေတ်မတိုင်မီ မြန်မာနိုင်ငံ . . . . . . . . . . . . . . . . ၁၄
သိမ်စတင်ခြင်း . . . . . . . . . . . . . . . . . . . . . . . ၁၅
ဗုဒ္ဓဘာသာ စာပေမှတ်တိုင် . . . . . . . . . . . . . . . . . . ၂၀
ရဟန်းများကို ခေါင်းဖြတ်ခံရခြင်း . . . . . . . . . . . . . . . ၂၄
သီဟိုဠ်မြန်မာသာသနာ . . . . . . . . . . . . . . . . . . . ၂၈
ပြူမြန်မာသာသနာခေတ်ဦး . . . . . . . . . . . . . . . . . . ၃၃
ပုဂံရှာဖွေခြင်း . . . . . . . . . . . . . . . . . . . . . . . ၃၆
ပုဂံအစ (၁၉)ရွာက . . . . . . . . . . . . . . . . . . . . . ၃၉
ပုဂံစာပေ ဘယ်ကလာ . . . . . . . . . . . . . . . . . . . . ၄၁
အမှတ်များဖို့ သင်္ကရာဇ်ကိုလေ့လာစို့ . . . . . . . . . . . . . ၄၈
မြန်မာအက္ခရာစာပေခရီး . . . . . . . . . . . . . . . . . . . ၅၀

သီဟိုဠ်၌ သံဃာဂိုဏ်းလွဲများကို
မှန်းဆကြည့်ခြင်း .......................... ၅၂
ပုဂံမင်းဆက် .......................... ၅၅
သမိုင်းတွင်ရစ်သည့် ပုဂံနေပြည်တော် ............ ၅၈
ရှေးတကောင်းက အချစ်များအကြောင်း ............ ၆၃
ပုဂံတည်ခြင်း အေးချမ်းသာယာခြင်း ............ ၆၉
ပုဂံပြည်မှ နဂါးကြီး .......................... ၇၄
ပုဂံ၌လွှမ်းမိုးသော အရည်းဝါဒ ............ ၇၆
သက်န်းဝတ်လူတစ်မျိုး၏ အယူဝါဒ ............ ၇၈
ပထမမြန်မာနိုင်ငံ .......................... ၈၅
မြည်းတစ်ကောင်နှင့်ခရီးသည် ............ ၈၉
ရာဇဝင်မှ ကျောင်းတစ်ဆောင်နှင့်ရဟန်းတစ်ပါး ..... ၉၀
ပြောမှားဆိုမှား စကားတစ်ခွန်း ............ ၉၂
ထီးနန်းအပ်မလား စစ်တိုက်ကြမလား ............ ၉၄
ကြမ်းတမ်းသော ခရောင်းလမ်းပေါ်မှ ............ ၉၄
ထေရဝါဒဗုဒ္ဓဘာသာကို
လွှမ်းမိုးခဲ့သောအရည်းဝါဒ ............ ၁၀၀
တည်ထွင်ထားသော အရည်းသာသနာ ............ ၁၀၃
ပုဂံခေတ်အရည်း .......................... ၁၀၇
အရည်းဝါဒလွှမ်းမိုးခြင်း .......................... ၁၁၀
ပုဂံနေပြည်တော်ရွှေ့ပြေးခေတ် ............ ၁၁၁
အရည်းရဟန်းများ သိမ်ဝင်ကြသလား ............ ၁၁၅
အရည်းဝတ်ရုံနှင့်ဗုဒ္ဓဘာသာဝင် ............ ၁၁၈
သာသနာအတွက် ရဟန်းအစစ်များမွေးထုတ်ခြင်း ..... ၁၂၃
ပုဂံဒေသသို့ ရှင်အရဟံသာသနာပြုခရီး ............ ၁၃၃
သိမ်ကျောင်းကတော့ အကျိုးအကြီးဆုံး၊ အမြင့်မြတ်ဆုံး... ၁၃၇
ရေကြောင်းခရီးမှ ဗုဒ္ဓမြတ်စွယ်တော်နှင့်မြဘုရား ...... ၁၄၀

ဝိသုံဂါမအမိန့်နှင့်နေရာဌာန .................. ၁၄၉
အစိုးရအမိန့်ရုပ်သိမ်းသော်လည်း .............. ၁၅၀
မဟာပထဝီမြေအဆုံး .................... ၁၅၁
သိမ်ပျက်မည်သလား .................... ၁၅၅
ဗဒ္ဓသိမ်အောင်မြင်ခြင်း ................. ၁၅၇
နိမိတ်များ ........................ ၁၅၉
အနော်ရထာပဋိကတ်တော်ရှာဖွေခြင်း ........... ၁၆၀
သာသနာရေးစစ် ဘာ့ကြောင့်ဖြစ် .............. ၁၆၂
ဟန်ချက်ညီသော ပြဟ္မဏအယူဝါဒ ............. ၁၆၆
သမိုင်းဝင် မြင်းကပါရွာ ................. ၁၇၂
သာသနာ ဆယ်ရာစုအနုရာဓ ................ ၁၇၅
ရှင်အရဟံသိမ်သမိုင်း ................... ၁၇၆
ပုဂံလေ့လာရေးအစ .................... ၁၈၀
သာသနာတည်တံ့ထွန်းလင်းနေခြင်း ............ ၁၈၆

# ရေးဖြစ်လိုက်သည့် အမှာစာ

**"ရွှေဟောင်းပုဂံမြေမှ ရှင်အရဟံသိမ်ကို တူးဖော်ခြင်း"**စာမူ ရေးမည်ဆိုကတည်းကပင် ဆရာနောင်ချိုကျော်လွင်က စာရေးသူကို -

"ဆရာငြိမ်း ကျွန်တော့်စာအုပ်ထုတ်တဲ့အခါ အမှာစာရေးပေးပါဦး"ဟု ဖုန်းဖြင့်အတန်တန်တောင်းဆိုလာ၏။

စင်စစ် မိမိသည် ရင်းနှီးခင်မင်သည့် စာပေးသူငယ်ချင်း အပေါင်းအသင်းများက သူတို့ထုတ်ဝေသည့်စာအုပ်တွင် အမှာစာ အမှာစကားရေးသားပေးဖို့ တောင်းဆိုလာသည့်အခါတိုင်း အလုပ်မအားလို့ပါ ဟိုကိစ္စသည်ကိစ္စ ဟိုအကြောင်းသည်အကြောင်း အကြောင်းပေါင်းများစွာပြကာ မရေးဖြစ်ခဲ့သည်ကများသည်။

ယခုတော့ မရေးလို့မဖြစ် အဘယ့်ကြောင့်ဆိုသော် မိမိသည် ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့တွင်နေထိုင်ခဲ့စဉ်က ဆရာနှင့်အတူ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့တွင် အလုပ်အတူလုပ်ခဲ့ဖူးသောကြောင့်ပင်ဖြစ်သည်။ (ယခုလည်းဆရာသည် နောင်ချိုမြို့နယ် စာရေးဆရာအသင်း ဥက္ကဋ္ဌတစ်ဦးဖြစ်သည်။)

ယနေ့မျက်မှောက်ခေတ်အခါတွင် စာရေးဆရာတစ်ယောက်အနေဖြင့် စာအုပ်ထုတ်ဖို့ဆိုသည်မှာ လွယ်ကူသည်တော့မဟုတ်ပေ။ ခံယူချက်၊ ရှေ့သို့မပျက်ချီတက်နေသည့် ဦးတည်ချက်ရှိ၍သာ ရေးသားထုတ်ဝေရခြင်းပင်ဖြစ်သည်ဟုဆိုလျှင် မမှားပေ။

ထိုအထဲတွင် ဆရာနောင်ချိုကျော်လွင်တစ်ယောက် အပါအဝင်ဖြစ်သည်ဟု ဆိုချင်ပါသည်။

စာဖတ်သူစဉ်းစားကြည့်ပါ။ ခံယူချက်၊ ယုံကြည်ချက်မရှိလျှင် ဤစာမူ ဤစာအုပ်ဖြစ်လာဖို့မလွယ်ကူပါ။

ပို၍ခက်သည်က နယ်မှာနေသည့် စာရေးဆရာအနေဖြင့် ရေးပြီး စာမူရှိပြန်ကလည်း တည်းခိုစရိတ်၊ သွားလာစရိတ် ဒီဇိုင်း၊ ကွန်ပျူတာစာစီ၊ ထုတ်ဝေခွင့် စသည့် စသည့် အခက်အခဲများကို ကျော်ဖြတ်ပြီးမှ စာအုပ်တစ်အုပ်ဖြစ်လာရသည်။

စာအုပ်ဖြစ်လာပြန်ကလည်း စာဖတ်သူလက်ထဲကိုရောက်ဖို့ နည်းအမျိုးမျိုးဖြင့် ကြိုးစားရပြန်သည်။

မလွယ်ကူသောအလုပ်ကို ဇွဲလုံ့လကြီးစွာ ကြိုးစားရပြန်သည်။ တကယ်တော့ နယ်ကစာရေးဆရာ၏ဒုက္ခသည် မသေးလှပေ။

ဆရာသည် တကယ့်စာရေးဆရာ၊ ပီတိစာရေးဆရာပါပေ။ ပုခုံးထက်၌ လွယ်အိတ်ကိုအမြဲလွယ်ပြီး ရောက်ရာဒေသများ၌ ကုန်ကြမ်းရှာဖွေနေတတ်သူဖြစ်သည်။

ထို့ကြောင့်ပင် ဆရာသည် ဝင်တိုးဖို့ရန် အင်မတန်မှခက်ခဲသော မြဝတီ/ငွေတာရီ နွယ်နီစသော မဂ္ဂဇင်းများတွင် ရသ၊ ဝတ္ထု၊ ဆောင်းပါးများစွာကို ရေးသားနိုင်ခဲ့လေသည်။

ယခု **"ရွှေပေါင်းပုဂံမြေမှ ရှင်အရဟံသိမ်ကို တူးဖော်ခြင်း"** စာအုပ်ကိုလည်း မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ မြင်းကပါရပ်၊ မြင်းကပါကန်ကျောင်းဆရာတော်ထံတွင် တည်းခိုနေထိုင်ပြီး စတွေ့ရော လက်တွေ့ပါ သုတေသနပြုကာ လေးလခန့်ကြာအောင် ကြိုးစားပြီးရေးသားပြုစုခဲ့သည်ဟု သိရသည်။

ထို့အပြင် ဆရာ၏ "စာရေးသူအမှာ" ကို ဖတ်ရသောအခါ ဆရာငယ်စဉ်က စာပေကိုစွဲစွဲလန်းလန်း ဖတ်ရှုခဲ့ရပုံ၊ စာဖတ်ရာတွင် အခက်အခဲများနှင့် ဖြတ်ကျော်ပြီး ဖတ်ရှုခဲ့ရပုံ စသည် --- စသည် ချရေးပြသောအခါ မိမိကျောချမ်းမိသည်။

တစ်ကယ်တော့ ဆရာနောင်ချိုကျော်လွင်ကို ဤစာအုပ် မရေးမီကပင် မိမိကြိုက်နှစ်သက်ခဲ့ဘူးသော ဆရာကြီး ဦးသိန်းဟံ (ဇော်ဂျီ) ၏ "သင်သေသွားသော်" ကဗျာကို ကြုံဆုံလာသည့်အခါတိုင်း ရွတ်ပြတတ်၏။

ဆရာသည် တိုင်းရင်းသား ဓနုလူမျိုးစစ်စစ်ဖြစ်သည်။ သို့အတွက် ကြောင့် မိမိလူမျိုး၊ မိမိဒေသအတွက် သမိုင်းတွင်ကျန်ရစ်အောင် ဆောင်ရွက်ခဲ့ဖို့ စာရေးသူအမြဲတမ်း တိုက်တွန်းမိပါသည်။

ထို့ကြောင့်ပင် သမိုင်းတစ်ခေတ်တွင် ကျန်ရစ်စေမည့် ဤ **"ရွှေယောင်းပုဂံမြေမှ ရှင်အရဟံသိမ်ကို တူးဖော်ခြင်း"** စာအုပ်တွင် ဆရာက စာပေနှင့်ပတ်သက်၍ လွန်စွာမှအရေးကြီးပုံကို မှတ်ချက် တစ်ခုအဖြစ် ရေးသားထားသည်ကို တွေ့ရပေသည်။

မည်သည့်လူမျိုး တိုင်းပြည်မဆို စာပေသည် လွန်စွာမှအရေး အကြီးဆုံးဖြစ်သည်။ မြန်မာနိုင်ငံတွင် စာပေနှင့်ပတ်သက်၍ **"စာပေ တင့်မှ လူမျိုးတင့်မည်"** ဟူ၍ မြန်မာစာပေသင်ကြားရာနေရာတိုင်း တွေ့မြင်ရသည်။ စာမတတ်သောသူသည် **"အကန်း"** နှင့်တူ၏။ စာမ တတ်သောသူသည် **"အသိပညာ"** မရရှိနိုင်။ အကောင်းအဆိုးဝေဖန် ပိုင်းခြားမသိနိုင်သဖြင့် မျက်ကန်းမိတ်ဆွေ လွန်စွာမှခဲယဉ်းလှပါ၏။ ထို့ကြောင့် ဥစ္စာစီးပွားရှာဖွေရာ၌ ပင်ပန်းကြီးစွာ ကြိုးပမ်းဆောင်ရွက် ရသည်ဟု ဆရာကမှတ်ချက်ပြု ရေးသားဖော်ပြထားသည်ကို ဖတ်ရှု ရပါသည်။

ဆရာသည် **"ရွှေယောင်းပုဂံမြေမှ ရှင်အရဟံသိမ်ကိုတူးဖော် ခြင်း"** စာအုပ်ကို စာတွေ့ရောကိုယ်တွေ့ပါ ရောစပ်ထား၏။ ထိုနှစ်ရပ် ကို ပေါင်းစပ်ပြီး ခက်ခက်ခဲခဲပင်ပင်ပန်းပန်း ကြိုးစားရှာဖွေရေးသား ထားသည်၊ သို့အတွက် လေးစားအံ့ဩဖွယ်ဝမ်းသာ ဖြစ်မိရပါသည်။

ယင်းစာအုပ်တွင် သိမ်အကြောင်းနှင့်ပတ်သက်၍ မြတ်ဗုဒ္ဓ ဟောကြားတော်မူခဲ့သည့် ဝိနယပါဠိတော်မှ မဟာဝါပါ ပါဠိတော်တွင် ပါရှိသော စုပေါသထက္ခန္ဓကကို လူပြိန်းများနားလည်နိုင်လောက်သည်

အထိ ရေးသားဖော်ပြထားသည်။

စာ- ၁၃၈ တွင် သိမ်နှင့်ပတ်သက်၍ အနော်ရထာဘုရင်မှ ရှင်အရဟံမထေရ်မြတ်ကို မေးမြန်းလျှောက်ထားရာတွင် ရှင်အရဟံမထေရ်မြတ်က -

"ဒီလိုရှိပါတယ် ဒကာတော်မင်းမြတ်၊ သိမ်ကျောင်းဆိုတာ သာသနာတော်ရဲ့ အသက်ဖြစ်တယ်။ သာသနာမှာရှိတဲ့ ရဟန်းသံဃာတော်များဟာ သိမ်ကျောင်းမှဖွားမြင်လာရပါတယ်။ အဲဒီလို ဖွားမြင်လာရတဲ့ ရဟန်းတော်တို့ရဲ့အပြစ်များကို ဆေးလျော်ရာဌာနလည်းဖြစ်တယ်၊ လူအများနှင့်အဆက်ဆံ သီးခြားအမှုများကိုလည်း အဲဒီသိမ်အတွင်းမှာပဲ ပြုရတာဖြစ်လို့အကျိုးပြီးတယ်၊ မြင့်မြတ်တယ်လို့ ဆိုလိုခြင်းဖြစ်ပါတယ်" ဟု ဆရာကနားလည်လွယ်အောင်ရေးသားထားသည်။

ဆိုတော့ - စာရေးသူအပါအဝင် ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်သူများအတွက် အခြေခံကျသော သိမ်နှင့်ပတ်သက်ပြီး အသေးစိပ်နားလည်နိုင်လောက်သည်အထိ ရေးသားထားသော စာအုပ်တစ်အုပ်ဖြစ်သည့်အပြင် ရာဇဝင်/သမိုင်း စာအုပ်များကို အပင်ပန်းခံကာ ရှာဖွေမဖတ်ရှုရတော့ပဲ လွယ်လင့်တကူ လေ့လာဖတ်ရှုရတော့မည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါကြောင်း ဆရာ၏ **"ရွှေဟောင်းပုဂံမြေမှ ရှင်အရဟံသိမ်ကို တူးဖော်ခြင်း"** စာအုပ်တွင် အမှာစာ၊ အမှာစကားဆိုလိုက်ရပါသည်။

**မောင်ငြိမ်းချမ်း (ရေစကြို)**
**Myanmar Writers Association - 8707**

# ကန်တော့ပန်း

အနန္တကျေးဇူးရှင်ဖြစ်သော မွေးဖခင် (ဦးညွန့်သိန်း)၊ မွေးမိခင် ဒေါ်ငွေအောင် (နယ်မြေ - ၇၊ ပန်ဟတ်ရပ်ကွက်၊ နောင်ချိုမြို့) တို့အား ဤစာမူဖြင့် ကန်တော့အပ်ပါသည်။

သား - နောင်ချိုကျော်လွင်

# မမေ့အပ်သော ကျေးဇူးစကားဆိုပါရစေ

ဤစာမူဖြစ်မြောက်ရေးသို့ တိုက်တွန်းသြဝါဒပေးသော မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ မြင်းကပါရပ်၊ မြင်းကပါကံကျောင်းဆရာတော် အရှင်ဇဝနနှင့် တပည့်သံဃာများ၊ အဘက်ဘက်မှ လိုလေသေးမရှိ ဝိုင်းဝန်းကူညီပေးသော မြင်းကပါရပ် ဦးကျော်ကျော်ဝင်းနှင့် ဇနီးဒေါ်မာမာဌေးမိသားစု၊ ကွက်သစ်ရပ်ဦးအောင်အောင်နှင့်ဇနီးဒေါ်အေးအေးခိုင် မိသားစု။ ကျမ်းကိုးစာအုပ်ရှာဖွေပေးသော နောင်ချိုမြို့ဈေးရပ်ကွက် ဦးဝင်းမြင့် (မြောင်) နှင့်ဇနီး၊ ဦးဝင်းမင်း (ခ)ဦးလှမျိုး (စာရေးဆရာ၊ မောင်ငြိမ်းချမ်း-ရေစကြို)နှင့် ခက်လင်းကန်ကျေးရွာသူ/သားများ၊ စာအုပ်ထုတ်ဝေနိုင်ရေး မတည် ကူညီသော ရှမ်း/မြောက်ပိုင်းနောင် ချိုမြို့နယ် ၁၀ တောင်ရပ်ကွက် ဦးစည်သူလွင်နှင့်ဇနီးဒေါ်ချိုမာလွင် မိသားစုနှင့် ကျေးဇူးတင့်ထိုက်သူတို့ကို အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းပြုပါသည်။

**စာရေးသူ**

# စာရေးသူအမှာ

ကျွန်တော်ငယ်ငယ်က ရွာနှင့်နှစ်မိုင်ကျော်ဝေးသော မျက်ချင်းနုနောင်အော၊ နှစ်ရွာပေါင်းမူလတန်းတက်ရသည်။ ထိုကျောင်းမှ မူလတန်းအဆင့်အောင်မြင်ပြီး နောင်ချိုမြို့ အထက ဆက်တက်သည်။ ဦးထွန်းဦး+ဒေါ်ဝင်း (တောင်ရပ်ကွက်) (ရွှေသွေးဂျာနယ်-ကိုယ်စားလှယ်) ထံ တစ်ပတ်စာမုန့်ဖိုးမှ ပြား ၃၀ နှင့်ဝယ်ဖတ်ရသည်။ ကျောင်းမုန့်ဖိုး တစ်နေ့ (၁၀ ပြား) ရသည်။

တောင်သူလယ်ယာလုပ်ငန်းခွင်သို့ဝင်ရန် အသက်ငယ်သေးသည်ဟု လူကြီးသူမများက ဘုန်းကြီးကျောင်းများတွင်သာ ကျောင်းအပ်ကြသည်။ အစိုးရစာသင်ကျောင်း၌ ထိုစဉ်ကရွာတွင်ကျောင်းသားဆိုလို့ ကျွန်တော် တို့သုံးလေးဦးမျှသာ၊ ထိုသက်ကြီးရွယ်အိုများ ယနေ့တိုင်စာမတတ်ကြသလို၊ သူတို့သားသမီးများလည်း ကျွန်တော်တို့နှင့်ရွယ်တူဖြစ်နေပြီး စာ မတတ်ရှာကြ၊ ထို့ကြောင့် စာမတတ်၍စာမဖတ်၊ စာဖတ်ခြင်းဝါသနာမရှိ၍ စီးပွား/လူမှုအမြင်များ ကျယ်ပျံ့စွာတွေးခေါ်မျှော်မြင်နိုင်စွမ်းမရှိ၊ ယနေ့ခေတ်တွင် ခေတ်ပညာတတ်၊ စာဖတ်သောလူငယ်များနှင့် စာမဖတ်၊ စာမတတ်ကြသော လူကြီးသူမများ၏ သားသမီးများက ရပ်ရွာတွင် လူကြီးဖြစ်နေကြသည်။

တိုက်ကြီးကြီးဆောက်လုပ်၍ ပိုက်ဆံများများရှိပါက ကျွန်တော်တို့ရွာတွင် လူကြီး (အကြီးအကဲ) လုပ်၍ရသည်။ ဘီအေ၊ ဘီအီးဒီ၊ ဘီ

အက်စီ၊ အမ်အက်စီမလို။ ပြောရယင် "--------- ပလာတာ" ကျွေး
သလို ဖြစ်နေလောက်ပေ၏။ ထိုသူများသည် ကျွန်တော်နှင့်ရွယ်တူနီးပါး
သားချင်းများဖြစ်ကြသည်။

ကျွန်တော်သည် ကျောင်းသားအရွယ်က စာကိုစွဲလန်းခဲ့၏။
တွေ့ကရာစာအုပ်ဖတ်သည်၊ ကျောင်းသုံးစာအုပ်တွင် ဝန်ဇင်းမင်းရာဇာ
ကို အားကျသည်။ သို့သော် . . . ဝန်ဇင်းမင်းရာဇာလို မဖြစ်နိုင်တော့၊
ကျွန်တော်ကျောင်းသားအရွယ်တွင် ခေတ်ကပြောင်းပြီး ရွာမှာခေါ်သော
"ဖိုးသူကြီး" နေရာတွင် "ကောင်စီ" ဖြစ်နေသောကြောင့်၊

"ဘောဂဗေဒ" ဆိုရှယ်လစ်စီးပွားရေးစနစ် သင်ကြားရသည်။
လုပ်ငန်းခွင်ဝင်လို့မှမကြာသေး စီးပွားရေးစနစ်ကပြောင်းပြီ။

ထိုစဉ်က စာဖတ်သည်ဆိုသော်လည်း ရွာလူကြီးမသိအောင်
"ရေထမ်းသွားချိန်" ခိုးဖတ်ရသည်။ လုံးချင်းစာအုပ်များကို ဆရာ(ဦး)
ဘခင်ထံမှငှားပြီး ရွာမှစာဖတ်သောသူငယ်ချင်းနှစ်ယောက် ရွာလယ်
ဘုရားဆင်းတုတော်အောက်၊ ရောက်သည့်စာမျက်နှာခေါက်ရင်း၊ ဘော
လုံးကန်၊ ရေးချိုး အကြောင်းပြစာဖတ်ကြရသည်။

ဤသို့ စာဖတ်ကြရင်း ပုဂံရာဇဝင်မှ "ဝေဠုဝတီမင်းသမီး"
အကြောင်းပါလာသည်။ စာရေးဆရာမကြီး (အမေ) ဒေါ်ခင်နှင်းယု
"မွေး" ဝတ္ထုမှာလား၊ စာရေးဆရာမကြီး (အမေ) ကလျာဝိဇ္ဇာသိပ္ပံ၏
"အညာနွေလား၊ ဆောင်းလေလားကွယ်" ဝတ္ထုလား ကောင်းစွာမမှတ်
မိပါ။

စာတွင် ဝါးထဲ၌သန္ဓေတည်သော ဝေဠုဝတီမင်းသမီးကို ပုဂံ
ဘုရင် မင်းယဉ်နရသိင်္ခကို ဆက်သရာ နားကြီးသည်၊ ပါးဖောင်းသည်
စသဖြင့် ဖိဖုရားဖြစ်ထိုက်သောအင်္ဂါရပ်နှင့်မညီဟုဆိုကာ ညီတော်
နရပတိစည်သူကိုပေးလိုက်သည်။ ညီတော်လက်ထဲရောက်မှ ဝေဠုဝတီ
က "အလှ" ကြီး "လှပ" နေသဖြင့် ညီတော်ကိုလုပ်ကြံပြီး မိဖုရားကို
ပြန်လည်သိမ်းပိုက်ရသည်။

ပုဂံရာဇဝင်ကို "ဒုတ်၊ ခါးထမ်းပြီး ပြောစရာအကြောင်းမရှိပါ"

ကိုယ့်ကိုယ်၌က သမိုင်းကို စေ့စေ့စပ်စပ်သေသေချာချာမဖတ်နိုင်၊ မလိုက်တတ်သူအချို့ကြောင့် ထိုစကားရပ်က ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

"သမိုင်းဟူသော စကား၏မူရင်းကား (သ္မိတိ - သမ္မတိ) ယင်းမှ သမိုတ်-သမိုက်-သမိုင်း ဖြစ်လေသည်" (မှန်နန်းရာဇဝင်)

တကယ်တမ်းစာဖတ်၍လေ့လာလျှင် "ခါးထမ်းပြောရန်မလိုအပ်ပါ"

ကျွန်တော်သည်သမိုင်းဆရာမဟုတ်ပါ။

စာရေးဆရာ၊ ဆရာကြီးမဟုတ်ပါ။ စာရေးသူသာဖြစ်၏။

ဝေဠုဝတီနှင့်ပတ်သက်၍ဆက်ရပါမည်။

မင်းယဉ်နရသိခ်သည် ညီတော်လက်ထဲမှ "ဝေဠုဝတီ" ကို မရအရယူမည်ဆိုပြီး ဥပါယ်တမည်ဖြင့် ငဆောင်ချမ်းအရပ်သို့သွားရောက်၍ ဆူပူသောင်းကျန်းသူများရှိ၍ သွားရောက်နှိမ်နင်းရန်စေလိုက်၏။

နောင်တော်မိန့်မှာချက်ဖြင့် နရပတိစည်သူသည် ငဆောင်ချမ်းအရပ်ကိုသွား၏။ သွားခါနီးတွင် မြင်းရှည်ပြေည့်အား နန်းတွင်းအခြေအနေထူးလျှင် လိုက်လာရန်မှာသည် ညီတော်မရှိသည့်နောက် မင်းယဉ်နရသိခ်သည် ဝေဠုဝတီအားကြံစည်၏။ မြင်းရှင်ပြေည့် ငဆောင်ချမ်းအရပ်သို့လိုက်၏။ တောင်စွယ်နေကွယ်မိုးချုပ်၍ ချောင်းနဘေးတွင်အိပ်လေသည်။ ညအချိန် ပိုင်ရှင်နှင့်နီးသောကြောင့် မြင်းဟီသည်။ ဤသည်ကို နရပတိစည်သူကြားသည်။

နံနက်မိုးသောက်သော် နရပတိစည်သူနှင့် ပြေည့်တို့တွေ့ကြရာ အချိန်ကိုမလေးစားဟုဆိုကာ သတ်ပစ်လိုက်သည်။ ဤသို့ဆိုလျှင် နောင်တော်မင်းယဉ်နရသိခ်အား မည်သူလုပ်ကြံမှုသနည်း၊ လုပ်ကြံပြီးသော် မရီးတော်ထဲမှ ကြိုက်သည့်သူကိုပေးမည်ဟုပြောသည်။ အောင်စွာငယ်က သူရဲကောင်း (၃၀) ခေါ်၍ နန်းတော်သို့ချီတက်သည်။ လုပ်ကြံပြီးသော မရီးထဲမှတစ်ယောက်ကိုတောင်းသည်၊ နရပတိစည်သူကို မရီးများကဝိုင်းဝန်းတောင်းပန်ကြရာ၊ မရီးများမှကျန်ရှိသူများကိုယူရန်ပြော

သည်။

ထိုအခါ အောင်စွာငယ်က တံတွေးကို "ထွိ" ကနဲထွေးလိုက်ရာ ထပ်မံသတ်ဖြတ်ခြင်းကိုခံရပြန်သည်။ နရပတိစည်သူသည် နောင်တော် မင်းယဉ်နရသိခ် ဤကဲ့သို့ဖြစ်ရခြင်းမှာ ငယ်စဉ်ကအထိန်းတော်ဖြစ်သော ဘကြီး၊ ဦးကြီးတော်သူ အနန္တသူရိယအမတ်ကြောင့်ဖြစ်မည်ဟု ဆိုကာ မဲဇာသို့ပို့ပြီး အဆုံးစီရင်ခိုင်းသည်။ နာရီပိုင်းအလိုတွင် မျက်ဖြေ လင်္ကာ (၄) ပိုဒ်ရေးသွားသည်။

ဤနေရာတွင် ဝေဠုဝတီပြီးဆုံးသွားပြီ၊ သို့သော် . . . ဝါးတွင်း၌ သန္ဓေတည်၍ ဝေဠုဝတီခေါ်သော်လည်း အမှန်စင်စစ် ဝါးတောတွင် နေထိုင်သောမိသားစုမှ ပေါက်ဖွားခြင်းဖြစ်မည်။ အမိအဖတို့ကို မျက်ကွယ်ပြုထားဟန်ရှိသည်။ တစ် တရားခံသည် မုဆိုးသာဖြစ်မည်။ ထို မုဆိုးသည် ဘာကြောင့် နန်းတော်သို့ခေါ်ဆောင်၍ လာရောက်ပို့ရသနည်း။ ဤသို့ လုပ်စားနေခဲ့ခြင်းမှာ ကြိမ်ဖန်များစွာရှိရော့မည်။

စာတစ်အုပ်တွင်တော့ ဝေဠုဝတီသည် ယခုပြင်ဦးလွင်မြို့နယ် ဝက်ဝံကျေးရွာအနီး ဝါးတောကြီးရှိပြီး ထိုအတွင်းမှရသည်ဆို၏။

ဒါ . . . ထားပေဦးတော့၊ ကျွန်တော်တင်ပြလိုခြင်းကား ပုဂံရာဇဝင်ကို လွန်ခဲ့သောနှစ် ၃၀ ခန့်မှ စိတ်ဝင်စားခဲ့ပြီး စာဖတ်ခြင်း စာဖတ်ရာမှ အရိပ်အမြွက်အကြောင်းအရာများကို ထပ်မံရှာဖွေခြင်းသာဖြစ်သည်။

တစ်ဖြည်းဖြည်းနှင့် ရွာအသက်အရွယ်ကြီးရင့်လာသော စောစောပိုင်းကတင်ပြခဲ့သော ရွာအကြီးအကဲ၊ ရွာလူကြီးအချို့ကား၊ တစ်ယောက်ပြီးတစ်ယောက်ပြောင်းလိုက်၊ သေလိုက်နှင့် ကျန်ရှိသူများပင် လူကြီးမလုပ်ဖူးသူမရှိတော့ တစ်ဖြည်းဖြည်းနှင့် ထိုလူကြီးတို့ သာသနာဘောင်ရောက်လာကြသည်။

အကျွေးအမွေး၊ ဒါနအမျိုးမျိုးဖြင့်ပြုလုပ်၍ ဦးပဥ္စင်းဝတ်သည်၊ မနက်ဖြန်သိမ်ထွက်လောင်းလျှိုင်သည် စသဖြင့် ပြောဆိုတတ်ကြသည်။ တိုးတိုးတိတ်တိတ်မေးကြည့်ရာ -

- ကုသိုလ်ကံညံ့နေလို့အညံ့ပျောက်အောင်
- အရက်ပြတ်ရင်လည်း ပြတ်သွားအောင်
- ဒကာခံမည့်သူရှိလို့ဝတ်ရတာ၊ ဝတ်ချင်လို့မှမဟုတ်ပဲနဲ့ တစ်နှစ်လည်း ဒီလိုပြီးသွားသည်။ ရဟန်းတစ်လကြာသည် နောက်နှစ် . . . ဝါဆိုဦးမည်ပြောသည်။ (ကျွန်တော်တို့ရွာ လူဝတ်ကြောင် တောမထွက် ရဟန်းများကို ဆိုလိုပါသည်။)

ဝါဆိုကြတော့ တစ်လပင်မကြာသေး ရွာထဲကအိမ်ကိုပြန်သည်။ တစ်ခေါက်ပြန်၊ နှစ်ခေါက်ပြန် . . . နောက်အခေါက်ရေစိပ်လာသည်။ နောက် . . . ကျောင်းသို့ပြန်မလာတော့ ရွာဘုန်းကြီးမရှိသည့်အခိုက် သီလမှားပေးပြန်သည်။

ငယ်ကတည်းက စာမတတ်ရသည့်အထဲ အသက်ကြီးမှ သက်န်းဝတ်တော့ ပရိတ်မရွတ်နိုင်ရှာကြ။

ဤအဖြစ်ကြောင့် မမြင်ဘူးသည့် ပုဂံခေတ်က အရည်းကြီးဂိုဏ်းကို သွားရောက်သတိရမိ၏။ မဟာယနဆိုတာလည်း သတိရ၏။ မမြင်ဘူး မတွေ့ဘူးပေမယ့် ဤသို့ဖြစ်လေမလား စသဖြင့်တွေးမိပါ၏။

ဝိနည်းပြည့်စုံစွာနှင့်ရဟန်းစစ်ရဟန်းမှန်ရှာဖွေကြည်ညိုလို၏။ ရဟန်းဝတ်လျှင်(သာသနာ့ဘောင်)တက်လျှင် ဦးစွာ ပထမအရေးကြီးသည်က သိမ်၊ သိမ်သည် ရဟန်းစစ်ရဟန်းမှန်မွေးထုတ်ရာ မိခင်နှင့်တူလှ၏ဟု ဆို၏။ ထေရ်ကြီးများမိန့်၏။ ကျမ်း၌ဆို၏။ ဤသို့ဖြင့် ထေရဝါဒ ဗုဒ္ဓသာသနာအစစ်ကို မွေးထုတ်ပေးနိုင်ခဲ့သည်။ ပထမမြန်မာနိုင်ငံ ထေရဝါဒသာသနာ ထွန်းလင်းစေခဲ့သော အနော်ရထာနှင့်ရှင်အရဟံ သိမ်တို့ကို တူးဖော်ရခြင်းသာဖြစ်သည်။

နောင်ချိုကျော်လွင်

နှစ်ဆယ်ရာစုအကြီးမြတ်ဆုံး သိပ္ပံပညာရှင်
ဒေါက်တာအဲဗာအိုင်းစတိုင်း ၁၉၃၉၊ မေလ ၁၉ ရက်
အမေရိကန်ပြည်ထောင်စု နယူးဂျာစီပြည်နယ်၊
ပရင့်စတန်တက္ကသိုလ်တွင် ဟောပြောခဲ့သောစကားစု

နောင်တစ်ချိန်မှာ စကြာဝဠာတစ်ခုလုံး ကိုးကွယ်ကြတဲ့ ဘာသာတရားတစ်ခု ဖြစ်ပေါ်လာလိမ့်မယ်။ အဲဒီဘာသာတရားဟာ ထာဝရဘုရားအယူအဆကို လွှမ်းမိုးသွားလိမ့်မယ်။ တရသေဝါဒကိုလည်း ရှောင်လွှဲနိုင်လိမ့်မည်။ ဘာသာဝတရားနှင့် ဘာသာတရားနှစ်ခုစလုံးကို လွှမ်းခြုံမိတဲ့ အဲဒီဘာသာတရားဟာ ရုပ်နာမ်နှစ်ပါးကို ကိုယ်တွေ့ခံစားသိမြင်မှုနှင့် အဓိပ္ပာယ်ပြည့်ဝတဲ့ ပေါင်းစည်းညီညွတ်မှုပေါ်မှာ အခြေခံလိမ့်မယ်။ တကယ်လို့သာ ခေတ်သစ်သိပ္ပံနည်းကျလိုအပ်ချက်များကို ဖြည့်စည်းပေးနိုင်တဲ့ ဘာသာတရားတစ်ခုရှိတယ်ဆိုရင် အဲဒီဘာသာတရားဟာ ဗုဒ္ဓဘာသာပဲ ဖြစ်လိမ့်မည်။

## တွေ့ခဲ့ရသော နတ်ကတော်သားအမိ

"အမေ"

"အမေ. . . အမေ"

သားခေါ်သံကြောင့် ဒေါ်သန်းလှ စောင်ခြုံဖွင့်ရင်း အိပ်ယာမှ လူးလဲထကာ တံခါးဆီသို့ လှမ်းလိုက်သည်။ ညှော့ခန်းနာရီလှမ်းကြည့်တော့ ည ၁၂ နာရီထိုးဖို့ မိနစ်အနည်းအငယ်လိုတော့၏။ တံခါးကို လှမ်းဖွင့်ရင်း "အရက်နံ့" ထောင်းကနဲဝင်လာသည်။

"ညဥ့်နက်လှချည်လား သားရယ်၊ ဒီအရက်ကလည်း မသောက်ရရင် မနေနိုင်ဘူးလား. . . သား"

"အမေ့ကို ပြန်ပြောရင် သားငရဲကြီးမှာပဲ၊ အမေပဲ အမေ့နတ်တွေကြတော့ အရက်ပုလင်းတွေ တန်းစီလို့တင်မြှောက် ပ,သထားတာ၊ ကိုကြီးကျော်က ထန်းရည်သောက်တာ၊ သားတို့သောက် ဝီစကီတို့၊ ဘလက်လေဘယ်လ်တို့လို မသောက်နိုင်ရှာဘူး"

"အို အဲဒီလိုမပြောကောင်းဘူး"

ဒေါ်သန်းလှ ပြန်ပြောရင်း သားလက်မှ ကိုင်ထားသော အရာဝတ္ထုတစ်ခုကို ဝိုးတဝါးမြင်လိုက်ရသည်။

"သားလက်ထဲက. . . ."

"အမေကလဲဗျာ . . . ဒါ ဂွရှင်. . . ဂွရှင်"

"ဘာလုပ်ဖို့. . ."

"ဂွရှင်နဲ့ အမေ့ကိုလုပ်မလို့လား. . ."

"သားအမေ့ကို ဘာမှ မလုပ်ဖူး၊ ဘယ်တော့မှ အမေ့ကိုမလုပ်ဖူး၊ သားကို အမေမွေးထားတာ အနန္တငါးပါးကို သားမပြစ်မှားဘူး ဒါပေမဲ့ . . ."

"ဒါပေမဲ့ ဘာဖြစ်လဲသား . . . ညဥ့်နက်ပြီ ငါ့သားလည်း မူးနေပြီပဲ "

ဒေါ်သန်းမြရင်ထဲ ထိတ်ထိတ်ပြာပြာနှင့် သားကိုချော့သည်၊ ကိုရွှေမောင်ထားရစ်ခဲ့သော လူမမယ်မောင်နှမလေးယောက်ကို နတ်ကတော်လုပ်ရင်း အသက်မွေးမှုပြုခဲ့သည်။ တစ်ခါတစ်ရံတော့လည်း ဝမ်းစာရေးမို့လိမ်ညာပြောရသည့်အခါများလည်း ရှိခဲ့သည်။ အမူအယာ ဟန်ပန်အပြည့်နှင့် ယုတ္တိရှိအောင် သရုပ်ဆောင်ရသည်လည်းများခဲ့သည်။

အခု . . . သုံးလေးနှစ်ပင်ကမည်တော့မထင်၊ အချို့ စေ့စေ့ ပေါက်ပေါက်မေးသူက မေးမြန်းလာကြသည်။

"နတ်သမိုင်းက ကိုကြီးကျော်နဲ့ ကိုးမြို့ရှင်တို့ မတည့်ကြဘူး၊ ဒီတော့ ကိုးမြို့ရှင်နယ်မြေကို ကိုကြီးကျော် နတ်ဝင်လာတာဟာ . . . ယုတ္တိမရှိဘူးတဲ့ . . ."

"ဟိုမှာရှိတဲ့ နတ်ရုပ်ထုတွေကို ရွှေပွတ်ချင်တဲ့သူက ခိုးသွားပြီး အခု နတ်နန်းမှာရှိတဲ့ နတ်ရုပ်ထုတွေက "အင်" တွေဆိုပဲ"။

"ညားခါစလင်မယားမကွဲအောင် "ရွှေလုံး" ဆိုတဲ့ နတ်ဆီသွားပြီး ထမင်းလက်ဆုံစားပြရတယ်ဆိုတော့ "ရွှေလုံး" အခုအချိန်ထိသူတို့ လင်မယား ပေါင်းသင်းနေကြတုန်းပဲလား . . ဟား ဟား . . ရီစရာကြီးကွ နော် . . ."

"တစ်ခါက တို့ရွာမှာဘုန်းကြီးတရားဟောနေတုန်း ဘုန်းကြီးနားမှာ တရားထိုင်နာနေတဲ့ အဘိုးကြီးတစ်ဦးက နတ်ဝင်ပူးသတဲ့ကွာ၊

ကိုယ်စောင့်နတ်ရှိတယ်ဆို၊ အားလုံးဟာ ရှစ်ပါးသီလထိန်းပြီး ဆောက်တည်နေတဲ့အချိန် အဲဒီအဘိုးကြီးနတ်က ငြိမ်းချမ်းရေးမယူပဲ ဘယ်က နတ်ပထွေးအားကိုးနဲ့ အတင်းရောအားမမွှ ဝင်ရောက်ပစ်ခတ်ကြသလဲ မသိဘူး . . .၊ တစ်ရွာလုံး အဲဒီအဘိုးကြီးလုပ်ပုံ ဟာသဖြစ်လို့ . . "

"ထောင့်လေးထောင့်ကဝင်လာအောင် လေးထောင့်ပုလင်းနဲ့ တင်ရမှာတဲ့"

"အောင်ကြီးရဲ့သမီးက လိပ်ပြာလှလို့ နတ်ကောက်တာတဲ့ ဒါနဲ့ အောင်ကြီးက နတ်ကတော်တွေထဲက နတ်ကတော်မအစစ်ကို သူကပြန်ပြီး . . . "ငါ့ကိုယ်စောင့်နတ်က နင်တို့ထဲက . . အဲ . . ဟိုဟာမကြီး ကို လိပ်ပြာလှယ်ဘယ်ကမလဲ . . . အဲ . . . အဲ . . . လှတယ်ဆိုပြီး လက်ကို ဝင်ရောက်ဆွဲပါလေရော . . နတ်ပူးတယ်ဆိုတော့ . . အေး ချမ်းဖြိုးလဲ တိုင်ကြားဖို့က အခက်လေ . . ."

" - - - - - - - - - - "

"အမေ ဘာတွေငိုင်နေတာလဲ . . ."

ဒေါ်သန်းမြ . . သောင်စဉ်ရေမရသော အတွေးစပြတ်ခါ လန့်သလိုတော့ ရှိသွားသည်။ ချက်ချင်း အိန္ဒြေပြန်ဆည်လိုက်ရပါ၏။

"အမေ . . မငိုင်ဘူးသား၊ ဟိုလေ ဟို သားကိုင်ထားတဲ့ ဂွရှင် ကြီးကို ကြည့်ပြီး ကြောက်သွားမိလို့"

"အမေဘာမှ မကြောက်နဲ့ အမေကိုးကွယ်တဲ့ နတ်ကကြီး တယ်လေ၊ နတ်ကြီးကြီးဆိုတော့ ဂွကြီးကြီးနဲ့မှ ရမှာစို. . ."

ပြောပြောဆိုဆို သားလုပ်သူက နတ်တင်ထားသော ပုလင်းကို ယူပြီး ဂွရှင်ဖြင့် အဖုံးဖွင့်၊ ပုလင်းကို ယူမော့တော့သည်။

* * *

ယနေ့ခေတ်အထိ နတ်ကိုးကွယ်ကြသောသူများ၏ မိသားစု အတွင်း၌ အဖြစ်အပျက်တစ်ခုဖြစ်ပါသည်။ နတ်ကိုးကွယ်ကြသူများ

သည် ဗုဒ္ဓဘာသာဝင်အချို့လည်း ပါဝင်နေကြသည်။ ထိုသူတို့သည် ဗုဒ္ဓသာသနာတော်မြတ်ကြီးကို ခုထုံးလုပ်၍ တရားကိုနတ်စောင့်သည် စသဖြင့် နေရာတကာ နတ်များသြဇာလွှမ်းခဲ့သလိုရှိသည်။

နတ်မကိုးကွယ်ထိုက်ကြောင်း ဆွေးနွေးလျှင် ကြောက်ဒူးတုန်ကြသည်။ အချို့သည် ဝက်သားမစားကြ၊ "အသီးမှာ သရက်၊ အသားမှာ ဝက်၊ အရွက်မှာ လက်ဖက်"ဟု ဆိုရိုးပြုကြသည်။ ဝက်သားစားက နတ်မကြိုက်၊ ကားပေါ် ယာဉ်ပေါ်၌ဈေးဝယ်ဖြန့်ဝက်သားထုပ်ပါရှိလာပါက အန္တရာယ်ကျရောက်သည်ဟု တစ်လွဲဆံပင်ကောင်းကြသည်။ အယူအသီးလွန်းကြသည်။ ဝက်သားကြိုက်သော နတ်ကတော်အချို့က အိမ်တွင် တိတ်တိတ်ပုန်းချက်စားကြသည်။ နတ်ပွဲများ ကိုကြီးကျော်မပါလျှင် မပြီး၊ ကြက်သား အရက်မြည်းကြသည်။

ဗုဒ္ဓဘာသာဝင်များဖြစ်ကြပါလျက် ဗုဒ္ဓဝါဒနှင့်နတ်ဝါဒရောထွေးနေသည်။ ဤသို့ရောထွေးနေသော နတ်ကိုးကွယ်မှုမည်မျှရှိမည်နည်း။ နတ်ကန္နားပေးသော အရပ်သားတို့အကမှာ ဗရုတ်သုကဲ့နိုင်လှသည်။ ကြည့်ချင်စဖွယ်ဖြစ်အောင် ကပြသူများဝေးစွ၊ ဆိုင်းတီးချက်ကို စည်းဝါးမှန်အောင်မကပြနိုင်ကြသလို၊ သီချင်းဆိုရာ၌လည်း အသံကိုက်မဆိုနိုင်သဖြင့် ဂီတနားလည်သူများ နှခေါင်းရှုံ့ကြသည်။

* * *

သမိုင်းမတိုင်မီခေတ်ကတဲက လူတို့သည် ရေ၊ လေ၊ တော၊ တောင်၊ နေ၊ လ စသည်တို့ကို နတ်များရှိသည်ဟု နေနတ်သား၊ လနတ်သား၊ တောစောင့်နတ်၊ မီးစောင့်နတ် စသဖြင့် ကိုးကွယ်ဆည်းကပ်ခဲ့ကြ၏။ ရေစောင့်နတ်၊ တောစောင့်နတ်၊ နေနတ်၊ လေနတ်ပေါ်ပေါက်ခဲ့ဘူးလေသည်။ နေ့စဉ်နှစ်တိုင်းအချိန်မှန်သော မိုးကို ဘုရားတစ်ဆူကဲ့သို့ ကိုးကွယ်ကြ၏။

(မိုးကို ဣန္ဒ၊ မီးကို အဂ္ဂိ၊ လေကို မရုတ်၊ နေကို သူရိယ ဟုခေါ်)

ဝေါ်ရှိခိုးကြ၏။ ထိုသူတို့မှာ အိန္ဒိယ ဟိန္ဒူမြစ်ဝှမ်း၌ လာရောက်နေထိုင်ကာစဖြစ်သော အာရိယာန်လူမျိုးများဖြစ်ကြသည်။ ထိုသူတို့၏ ဝါဒများသာဖြစ်ကြပြီး ဟိန္ဒူလူမျိုးတို့၏ လက်ဝယ်သို့ကျယ်ပြန့်စွာ ကူးစက်လေတော့သည်၊ ဟိန္ဒူတို့လည်း ယင်းဝါဒများဖြင့် မြန်မာပြည်အတွင်းသို့ရောက်ရှိလာပြန်သည်။ တနည်းအားဖြင့် နတ်ကိုးကွယ်မှုဝါဒများကို မြန်မာပြည်တွင်းရှိ လူမျိုးများက ဗုဒ္ဓဝါဒ၏ ရှေ့မှ ကိုးကွယ်ဆည်းကပ်ပြီး နေထိုင်ကြရာမှ ရောထွေးသွားလေသည်။

နတ်နှင့်ပတ်သက်၍ အလောင်းမင်းတရားဦးအောင်ဇေယျနန်းတက်သောသောအခါ ကျေးလက်ဒေသတို့တွင် သောက်စားမူးယစ်နေသော နတ်ကန္နားပွဲများကို အမိန့်နှင့်တားမြစ်ခဲ့သည်။ အမိန့်တော်ပြန်တမ်း၌ ဤသို့ဖော်ပြထား၏။

"ဘုန်းတော်ကြီးလှသော ဘုရားအမိန့်တော်ကို လွန်ဆန်၍ ကျေးနေရွာသားတို့တွင် ထန်းရည်အရက်၊ ယစ်မျိုးနတ်က စုန်းရွယ်ပြုကျင့်သည်၊ ကျင့်သည်ကြားရလျှင် သည်ခါးနှင့်လည်ကို တောက်တောက်တိုအောင်ဖြတ်မည်။"ဟု တားမြစ်သည်ကို ထောက်လျှင်အင်းဝခေတ်နတ်ကန်တော့၊ နတ်ကတော်တို့ မည်မျှများပြားနေသည်ကို သိနိုင်သည်။

## ၃၇ - ချင်း။ နတ်စာရင်း

၁။ သိကြား
၂။ မဟာဂီရိ
၃။ နှမတော်တောင်ကြီးရှင်
၄။ ရွှေနပေ
၅။ သုံးပန်လှ
၆။ တောင်ငူရှင်မင်းခေါင်
၇။ မင်းတရား
၈။ သံတော်ခံ
၉။ ရွှေနော်ရထာ
၁၀။ အောင်စွာမကြီး
၁၁။ ငါးစီးရှင်
၁၂။ အောင်ပင်လယ်ဖြူရှင်

၁၃။ တောင်မကြီး
၁၄။ မြောက်မင်းဆင်ဖြူ
၁၅။ ရှင်တော်
၁၆။ ညောင်ချင်း
၁၇။ တပင်ရွှေထီး
၁၈။ မင်းရဲအောင်တင်
၁၉။ ရွှေစစ်တင်
၂၀။ မယ်တော်ရွှေစကား
၂၁။ မောင်ဘိုးတူ
၂၂။ ယွန်းဘုရင်
၂၃။ မောင်မင်းဖြူ
၂၄။ မန္တလေးဘိုးဝ
၂၅။ ရွှေဖျဉ်းနောင်တော်
၂၆။ ရွှေဖျဉ်းညီတော်
၂၇။ မင်းသားမောင်ရှင်
၂၈။ ထီးဖြူဆောင်း
၂၉။ ထီးဖြူဆောင်းမယ်တော်
၃၀။ ပရိမ္မရှင်မင်းခေါင်
၃၁။ မင်းစည်သူ
၃၂။ မင်းကျော်စွာ
၃၃။ မြောက်ဘက်ရှင်မ
၃၄။ အနောက်မိဘုရား
၃၅။ ရှင်ကုန်း
၃၆။ ရှင်ကွ
၃၇။ ရှင်မိနဲ တို့ဖြစ်သည်။

အထက်ပါ ၃၇ မင်းနတ်ချင်းကို ဘကြီးတော်လက်ထက်၊ မြန်မာသက္ကရာဇ် ၁၁၈၂ ခုနှစ် သီတင်းကျွတ်လဆန်း ၄ ရက်နေ့တွင် နတ်ထိန်းကြီးကဝိဒေဝကျော်နှင့် ရာဇဝင်တတ်သိနားလည် သူတို့ စီရင်ရေးသားခဲ့ကြသည်။

၃၇ မင်းများ မပေါ်ပေါက်မီက မိရိုးဖလားထုံတမ်းစဉ်လာအရ နတ်ပွဲတင်ကြသည်၊ အလှူများ၊ မင်္ဂလာအခမ်းအနား၊ စိုက်ပျိုးရေးလယ်ယာ/တောင်ယာများ၊ အိမ်ဆောက်၊ တဲဆောက်ခြင်းနေရာများ၌ နတ်ကိုတင်မြှောက်ပူဇော်ကန်တော့လျှင် အန္တရာယ်အပေါင်းကင်းရှင်းသည်ဟု ယုံကြည်စွဲလန်းကြသည်။ ထိုသို့ ယုံကြည်စွဲလန်းမှုများကြောင့် ယနေ့တိုင် ခေတ်အဆက်ဆက်နတ်ကိုးကွယ်မှု တည်ရှိနေခြင်းသာဖြစ်သည်။

မိမိကိုးကွယ်နေသော ဘာသာတရား၊ အယူဝါဒများအကြောင်း စေ့စပ်သေချာစွာ မသိသည်ပဲထားလေဦး၊ အနည်းငယ်မျှ သိရှိလေ့လာလိုက်စားရန် အထူးလိုအပ်လှပေသည်။ မြို့တစ်မြို့၏ ကျေးလက်တော

ရွာဘုန်းတော်ကြီးကျောင်းတစ်ကျောင်းသို့ ရောက်ရှိတည်းခိုနေစဉ် အတွင်း၊ နေ့စဉ် ဆွမ်းလောင်းလာသော လူရွယ်တစ်ယောက်သည် သူ့ထက် ၁၀ နှစ်လောက်ငယ်သည့် အတူဆွမ်းလောင်းလာသူ ကလေးငယ်အား ဘုရားရှိခိုးကန်တော့ရာတွင် "ကြည်ခြင်းငါးပါးဖြင့် ရှိခိုးရမည်ဟု ပြောပြနေသဖြင့် ကြည်ခြင်းမဟုတ်ပဲ၊ ထိခြင်းဟု ပြန်လည်ပြောပြခဲ့ဘူးသည်။

နတ်များကို ယုံကြည်ကိုးကွယ်နေလျှင်လည်း မည်သည့်နတ်မှန်း မသိ၊ အများကနတ်ဆို၍သာ ကိုယ်ကနတ်ဖြစ်လိုက်ရသည်။ စင်စစ် နတ်ကိုးကွယ်ယုံကြည်မှုနှင့် ဗုဒ္ဓဘာသာတစ်လမ်းစီဖြစ်ပါ၏။

ဤသို့ဖြင့် လူတို့၏ အတိတ်ဖြစ်စဉ်နှင့် ဗုဒ္ဓသာသနာဘုရား မပွင့်မီကာလများကို ရော်ရမ်းမှန်းဆ၊ သမိုင်းကာလများကို ဝေဝါးစွာ သုံးသပ်နိုင်တော်လည်း ဗုဒ္ဓဘုရားပွင့်တော်မူပြီးနောက်ပိုင်း ထင်ရှားစွာရှိနေသော ဗုဒ္ဓသာသနာကို ဗုဒ္ဓဘာသာဝင်များ ထိရောက်စွာ သိရှိရန် အရေးကြီးလှပေသည်။

## ကြေးခေတ်ရှာဖွေသင့်သလော

အရှေ့တောင်အာရှ ကြေးသွန်းပညာသည် ဘီစီ ၃၀၀၀ မတိုင်မီဒေသအတွင်း၌ သိခြားစတင်ခဲ့သည်ဟု ပညာရှင်အချို့ကဆိုသည်၊ အရှေ့တောင်အာရှကြေးခေတ်ကိုလေ့လာသူ Chasles Higham ၁၅၀၀ - ၁၀၀၀ ဘီစီ၌ တရုတ်ပြည်မှ ရယူခဲ့သည်ဆိုသည်၊ တရုတ်မြောက်ပိုင်း Huanghe (မြစ်ဝါ)မြစ် အလယ်ပိုင်းမြစ်ဝှမ်းဒေသတွင် ကြေးလက်နက်များ တူးဖော်ရရှိရာ အစောဆုံးကြေးလက်နက်မှာ ဘီစီ ၃၀၀၀ မှ ဖြစ်သည်။ ယင်းဒေသ၌ Shang ခေတ် ( ဘီစီ ၁၇၆၆ - ၁၀၂၂) တွင် ကြေးသွန်းပညာအထူးထွန်းကားပြီး Shan မြို့တော် Anyang မှ အလေးချိန် ၅၄၀ ပိဿကျော်ရှိ ကြေးအိုးကြီးကို တူးဖော်ရရှိသည်။

မြစ်ဝါမြစ်ဝှမ်းဒေသ၌ စတင်သောကြေးသွန်းပညာသည် ဆန်စပါးစတင်ရာဖြစ်သော Yangzi ဖြစ်ဝှမ်းဒေသသို့ရောက်ရှိလာပြီး၊ ထိုမှ တစ်ဆင့် အရှေ့တောင်အာရှသို့ ရောက်ရှိလာသည်။ ဗီယက်နမ်နိုင်ငံ မြောက်ပိုင်း Daong Dau, Dong Son အစ ရှိသောနေရာများ၊ ထိုင်းနိုင်ငံ အရှေ့မြောက်ပိုင်း Ban Chiang Non Nok Tha အစရှိသော နေရာများ၌ ဆောင်ရွက်သော တူးဖော်တွေ့ရှိမှုများအရ အရှေ့တောင် အာရှကြေးခေတ်ကို ပညာရှင်များ ပုံဖော်ကြသည်။

မြန်မာနိုင်ငံတွင် ၁၈၉၁ ခုနှစ် ဗန်းမော်၌ ကြေးလက်နက် စတင်တွေ့ရှိပြီး ၁၉၃၈ ခုနှစ်အထိ ကြေးလက်နက် ၁၄ ခု တွေ့ရှိခဲ့ကြသည်။ ၁၉၉၈ ခုနှစ်၌ လှတလင်မြို့နယ် ညောင်ကန်၌(ညောင်ကန်သချိုင်း)လူရိုးစု ၃၇ စု၊ ကြေးလက်နက် ၁၁ ခု တူးဖော်ရရှိသည်။ ယင်းကို အခြေခံ၍ မြန်မာနိုင်ငံ၌ ကြေးခေတ်ထွန်းကားခဲ့သည်ဟု မြန်မာပညာရှင်များဆိုသည်။ အရှေ့တောင်အာရှနှင့် အိန္ဒိယပြည်သည် ရှေးဦးကုန်သွယ်မှု ကုန်ပစ္စည်းဖြစ်သော မဟူရာ (Onyx) ပုတီးစေ့များ၊ သံခါး၊ သံငါးမျှားချိပ်များတောင် သမန်တူးဖော်ရာမှတွေ့ရှိသည်။

အရှေ့တောင်အာရှ၌ တူးဖော်တွေ့ရှိသော ရှေးဦးမြို့များတွင် ဗီယက်နမ်နိုင်ငံတောင်ပိုင်း မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသရှိ Oc-eo ၊ ထိုင်းနိုင်ငံအလယ်ပိုင်း Chao Phraya မြစ်ဝှမ်းဒေသရှိ U Thong နှင့် Nakhon Pathom တို့ ပါဝင်ကြသည်။ Oc-eo သည် မြို့ရိုးလေးထပ်၊ ကျုံးငါးထပ်ကာရံထားပြီး အလျား ၁-၉ မိုင်၊ အနံ ၀. ၉ မိုင် စတုရန်းပုံသဏ္ဌာန်ဖြစ်သည်။

အေဒီ ၂၄၆ ခုနှစ်ရောက်ရှိလာသော တရုတ်သံအဖွဲ့၏ မှတ်တမ်းများအရ မဲခေါင်မြစ်ဝှမ်းဒေသ၌ Funan ဟုခေါ်သော နိုင်ငံထွန်းကားပြီး မြို့တော်မှာ ပင်လယ်နှင့် ၂၀၀ လီ(၆၅)မိုင်ဝေးကွာသည်ဟု သိရသည်။ Oc-eo သည် ပင်လယ်နှင့် ၁၅ မိုင်သာဝေးကွာပြီး ဆိပ်

ကမ်းမြို့ဖြစ်သည်။ အရှေ့ဘက်တရုတ်ပြည်၊ အနောက်ဘက်ရောမ အင်ပါယာတိုင်အောင် ဆက်သွယ်ဆောင်ရွက်သည့် ပင်လယ်ရေကြောင်း ကူးသန်းရောင်းဝယ်ရေးလမ်းကြောင်းပေါ်၌ တည်ရှိနေသဖြင့်၊ ထိုကူးသန်း ရောင်းဝယ်ရေးကို အကြောင်းပြုကာ Oc-eo သည် စည်ပင်ထွန်းကား သည်။ Oc-ec နှင့် Funan ကို တည်ထောင်သူများမှာ Austroasiatic ဘာသာစကားအုပ်စုဝင် Khmer စကားပြောသူများ ဖြစ်ကြသည်။

U Thone သည် ကျုံးရံထားသော မြို့ဖြစ်ပြီး အလျား ၁.၀ မိုင်၊ အနံ ၀.၅ မိုင် ဘဲဥပုံသဏ္ဌာန်ဖြစ်သည်။ Nakhon Pathom သည် မြို့ရိုးနှင့် ကျုံးရံထားသော မြို့ဖြစ်ပြီး အလျား ၂.၂ မိုင်၊ အနံ ၁.၂ မိုင် စတုဂံပုံသဏ္ဌာန်ဖြစ်သည်။ Nakhon Pathom ၌ တွေ့ရှိနေသော ငွေတံဆိပ်ပြား နှစ်ခုပေါ်တွင် အေဒီ ၇၀၀ ရာစု၊ လက်ရေးဖြင့် "ဖြိဒ္ဒါရဝတီ သွာရယုဏျ" (သီရိဒွါရဝတီမင်းကောင်းမှု)ဟု သက္ကတ ဘာသာရေးထိုးသဖြင့် U Thone နှင့် Nakhon Athom ရှိရာဒေသတွင် ဒွါရဝတီအမည်ရှိသောနိုင်ငံထွန်းကားခဲ့မည်ဟု ပညာရှင်များက သုံး သပ်သည်။ U Thone, Nakhon Pathom နှင့် ဒွါရဝတီကို တည်ထောင် ခဲ့သူများမှာ Astroasiatic ဘာသာစကားအုပ်စုဝင် မွန်စကားပြောသူ များ ဖြစ်ကြသည်။

ထိုသို့ တူးဖော်တွေ့ရှိသော မြို့ဟောင်းများအနက် မြန်မာ နိုင်ငံအလယ်ပိုင်းရှိ ဗိဿနိုးမြို့သည် အစောဆုံးသော မြို့တစ်မြို့ဖြစ် သည်။ Oc-eo, U Thong, Nakhon Pathom တို့သို့ အရှေ့တောင် အာရှကို အစောဆုံးဝင်ရောက်လာသော Austroasiatic ဘာသာစကား ပြောသူများတည်ထောင်သော မြို့မဟုတ်ဘဲ Thibeto-Burman ဘာသာစကားအုပ်စုဝင် ပျူများတည်ထောင်သောမြို့ဖြစ်သည်။ ပျူများ သည် မြန်မာနိုင်ငံ Tibeto-Burman ဘာသာစကားပြောသူများအနက် အစောဆုံးဝင်ရောက်လာကြသူများ ဖြစ်သည်။

Tibeto-Barman စကားပြောသူများသည် Mongoloid လူမျိုးများဖြစ်ပြီး တရုတ်တို့က Qiang ဟုခေါ်ကြသည်။ Qiang တို့သည် မူလတွင် တရုတ်ပြည်အနောက်မြောက်ပိုင်း၌ နေထိုင်ကြသည်။ တိရစ္ဆာန်မွေးမြူ၍ လှည့်လည်သွားလာသော ဘဝနှင့်နေထိုင်ပြီး တရုတ်တို့က Xiongnu ဟုခေါ်သော Hun များ၏ ဩဇာအောက်၌ရှိကြသည်။ Hun နှင့် တရုတ်တို့ ပဋိပက္ခဖြစ်လာသောအခါ Qiang များအတွက် အကျပ်အတည်းဖြစ်လာသဖြင့် တောင်ဘက်သို့ ရွှေ့ပြောင်းနေထိုင်ကြသည်။ သို့သော် တရုတ်များက စီးပွားရေး၊ လူမှုရေးအင်အားကောင်းလာပြီး နယ်မြေဒေသချဲ့ထွင်လာသောကြောင့် Qiang များသည် တောင်ဘက်ရှိ Gansu နယ်၊ Sichuan နယ်များသို့ အဆင့်ဆင့်ရွှေ့ပြောင်းနေထိုင်ကြပြန်သည်။ ဤသို့ဖြင့် Austroasiatic ဘာသာစကားပြောသူများသာရှိခဲ့သော မြန်မာနိုင်ငံသို့ Tibeto-Burman ဘာသာစကား ပြောသူများဝင်ရောက်နေထိုင်လာကြသည်။

ပျူတို့သည် ၃ ရာစုဘီစီ၌ မြန်မာနိုင်ငံတွင်းသို့ စတင်ဝင်ရောက်ပြီး အေဒီ ၄ ရာစုရောက်သောအခါ မြေပြန့်ဒေသအားလုံးနီးပါး၌ ဩဇာဖြန့်ကျက်နိုင်ကြသည်ဟု ဒေါက်တာသန်းထွန်းကဆိုသည်။

ဗိဿနိုးသည် အကြမ်းဖျဉ်းအားဖြင့် စတုရန်းပုံသဏ္ဌာန်ဖြစ်သည်။ အရှေ့ဘက်မြို့ရိုး ၁. ၉ မိုင်ရှည်လျားပြီး မြောက်ဘက်မြို့ရိုး ၁. ၈ မိုင်ရှည်လျားသည်။ မြို့အတွင်း အုတ်အဆောက်အအုံမှာ ၁ ရာစုဘီစီ ၁ ရာစုအေဒီတွင် ဆောက်လုပ်ခဲ့သော အဆောက်အအုံဖြစ်သည်။ အုတ်ဖြင့်ဆောက်လုပ်သောနည်းပညာသည် အိန္ဒိယပြည်မှ ရယူခဲ့သော နည်းပညာဖြစ်သည့်အပြင် အုတ်အရွယ်အစားမှာလည်း အိန္ဒိယပြည် အသောကမင်းက ပါဋလိပုတ်၌ စတင်အသုံးပြုခဲ့ပြီး ခေတ်ပြိုင် Andhra ဒေသတွင် အသုံးပြုသော အုတ်အရွယ်အစားဖြစ်သည်။

အုတ်အဆောက်အအုံတွင် သစ်သားအဆောက်အအုံ၏ နည်းစနစ်များကို အသုံးပြုထားသည်။ ခေါင်မိုး၏အလေးကို သစ်သားတိုင်

များကသာ ထမ်းထားပြီး အုတ်နံရံများသည် အကာအရံအတွက် ဖြစ်သည်။ ပျူတို့၏ ရိုးရာဓလေ့တွင် သေဆုံးသောသူ၏ အလောင်းကို မီးသဂြိုဟ်ပြီး အရိုးနှင့်ပြာများကို အဆောက်အအုံသည် အရိုးအိုးများ သိမ်းဆည်းရေးအတွက် အသုံးပြုသော အဆောက်အအုံဖြစ်သည်။

အေဒီ ၄ ရာစုတွင် ဗိဿနိုးမြို့၌ စေတီများတည်လာကြသည်၊ အိန္ဒိယပြည်တောင်ပိုင်း Andhra နယ် Nagarjuna konda ၌ ရှိသော စေတီအချို့နှင့်ပုံစံတူသော စေတီများဖြစ်ကြသည်။ ရာစုဘီစီမှ အေဒီ ၄ ရာစုအထိ အိန္ဒိယပြည်တောင်ပိုင်းကို Andhra မင်းများစိုးမိုး ချုပ်ကိုင်ထားခြင်းကို အကြောင်းပြုပြီး အိန္ဒိယသမုဒ္ဒရာအတွင်း ကုန်သွယ်ရောင်းဝယ်ရေးအထူးတလည်ထွန်းကားလာသည်။

အနောက်ဘက်တွင်ရှိသော ရောမအင်ပါယာနှင့် ကုန်သွယ်ရောင်းဝယ်သည့်အပြင် အိန္ဒိယကုန်သည်များသည်။ အရှေ့တောင် အာရှသို့ ရောင်းဝယ်ဖောက်ကားကြသည်၊ အိန္ဒိယပြည်တောင်ပိုင်း၌ ဗုဒ္ဓသာသနာထွန်းကား၍ Amaravati, Nagajunakonda အစရှိသော နေရာများတွင် စေတီပုထိုးများတည်ကြသည်၊ ဗုဒ္ဓဘာသာတွင်လည်း ဂိုဏ်းအမျိုးမျိုးထွန်းကားရာ ဗိဿနိုး၌ တည်ထားသော စေတီများသည် Nagarjuna konda ၌ ထေရဝါဒဂိုဏ်းဝင် အပရဟာမဟာဝိနသေလိယ ဂိုဏ်းနှင့် မဟီသာသကဂိုဏ်းတို့ အတူလေ့လာသော ပညာရှင် Jamice Stargardt တဆိုသည်။

ဗိဿနိုးစေတီများတည်ထားရာတွင်လည်း အိန္ဒိယဗိသုကာ များ မဟုတ်ဘဲ ပျူဗိသုကာများသာလျှင် တည်ထားကြသည်ဟု Stargardt က ဆောက်လုပ်ရေး ကျွမ်းကျင်မှုရှုထောင့်မှ သုံးသပ်သည်။

မြန်မာနိုင်ငံသည် အိန္ဒိယတောင်ပိုင်းနှင့်စီးပွားရေးအရ ဆက်ဆံမှုရှိခဲ့ကြောင်းကို တောင်သမန်တူးဖော်တွေ့ရှိမှုများအရ သိရသည်။ ထိုဆက်ဆံမှုကို အခြေခံကာ ဗိဿနိုးရှိ ပျူတို့သည် ဗုဒ္ဓဘာသာသနာနှင့် အိန္ဒိယယဉ်ကျေးမှုကို ရယူခဲ့ကြသည်၊ သို့သော် အိန္ဒိယယဉ်ကျေးမှု

ရယူခြင်းသည် မိမိတို့၏ လိုအပ်ချက်နှင့် မိမိတို့၏ ယဉ်ကျေးမှုအစဉ်အလာကို အခြေခံ၍ ရယူခြင်းဖြစ်သည်။ ထိုလိုအပ်ချက်နှင့်ထိုအစဉ်အလာကို ကိုက်ညီအောင်လည်း အိန္ဒိယယဉ်ကျေးမှုကို ပြုပြင်ပြောင်းလဲသည်။

ဤသို့ဖြင့် Anyathian ကျောက်လက်နက်များဖြင့် စတင်လေ့လာနိုင်သော မြန်မာသမိုင်းသည် မြန်မာနိုင်ငံတစ်ခုတည်း၏ သီးခြားသမိုင်းမဟုတ်ဘဲ အရှေ့တောင်အာရှသမိုင်း၏ အဆင့်ဆင့်ပြောင်းလဲတိုးတက်မှုသည်လည်း အရှေ့တောင်အာရှဒေသတစ်လုံး၏ ပြောင်းလဲတိုးတက်မှုကို အခြေခံသည်။

အရှေ့တောင်အာရှ တိုင်းရင်းသားများသည် ကြွေးသွန်းပညာ၊ သံထည်လုပ်ပညာ၊ အုတ်အဆောက်အအုံနှင့် ပတ်သက်သော ဗိသုကာပညာအစရှိသော နည်းပညာများကို ဒေသပြင်ပမှ ရယူခဲ့သော်လည်း ထိုနည်းပညာကို မိမိတို့၏ အခြေအနေနှင့်ကိုက်ညီစွာပြုပြင်ပြောင်းလဲပြီး ဒေသအတွင်း သီးခြားယဉ်ကျေးမှု အစဉ်အလာများ ထူထောင်သွားကြောင်းကို မြန်မာ့သမိုင်း၏ တိုးတက်ပြောင်းလဲမှု အစဉ်တွင် ထင်ရှားစွာ တွေ့မြင်နိုင်ပေသည်။

## ဗုဒ္ဓဘာသာတွင် နတ်ကိုးကွယ်မှုဘာသာရှိနေခြင်းလော့

မြန်မာ့သမိုင်းတွင် အိန္ဒိယလူမျိုးများဝင်ရောက်လာပါမှ လူမျိုးတိုးတက်ပြန့်ပွားသည်ဟု ပြောဆိုကြခြင်းမှာ မြန်မာဗုဒ္ဓဘာသာဝင်အချို့သည် ဗုဒ္ဓဘာသာ၊ ဗုဒ္ဓသာသနာမည်သည့်နေရာက စတင်ခဲ့သည် ဘုရားရှင်ပွင့်တော်မူရာ မသိကြသည့်အထဲ အချို့ကျေးလက်ဒေသရှိ ဗုဒ္ဓဘာသာရဟန်းတော်များ၏ လိုအပ်ချက် အနည်းငယ်မျှရှိနေသည်။ ထို့အတူ ဗုဒ္ဓဘာသာဝင်များ ကိုယ်၌ကပင် သူများယောင်၍သာ ယောင်သည်၊ အမောင်တောင်မှန်းမြောက်မှန်းမသိဖြစ်ကြသည်။ ဘာသာရေးအတွက် မိရိုးဖလာအဆင့်ထက်ကျော်လွန်အောင် ကျင့်ကြံအားထုတ်ကြိုး

ပမ်းသူ များလာပါက ဗုဒ္ဓဘာသာကို ကာကွယ်နိုင်ရလောက်အောင် ထိုင်ရာမှထ လုပ်စရာအကြောင်းမရှိပါ။ ခေတ်အဆက်ဆက်၊ သမိုင်းအဆက်ဆက် အခြားသော ဘာသာပေါင်းဆုံ၏ ထိုးနှက်ချက်ကိုခံနေရခြင်းကား ဗုဒ္ဓ ဘာသာဝင်များ၏ ထိုးနှက်ချက်ကြောင့်သာလျှင်တည်း။

မြန်မာအစ တကောင်းကဟု ပြောဆိုကြသည်။ ယင်းခေတ်ထက်စောသော၊ ဗုဒ္ဓမပွင့်မီခေတ်များကိုပါပြန်လည် လေ့လာသင့်ကြပေသည်။ အိန္ဒိယယပြည်မြောက်ပိုင်းမှ စစ်ရှုံးသဖြင့် မြန်မာပြည်သို့ ထွက်ပြေးလာသော အဘိရာဇာအမည်ရှိ သာကီဝင်မင်းမျိုးသည် တကောင်းခေတ်ကို တည်ထောင်သည်ဟု မြန်မာ့သမိုင်းကဆိုသည်။

ဒုတိယအကြိမ် ဝင်ရောက်လာသော ဓဇရာဇာလက်ထက်တွင် မြတ်စွာဘုရားသက်တော်ထင်ရှားရှိနေပြီ၊ ဂေါတမမြတ်စွာဘုရားသည် ခရစ်မပေါ်မီ ၅၄၄ ခုနှစ်က စော၍ပွင့်ခဲ့၏။ ထိုအချိန်ကာလသည် အဘိရာဇာ၏ အဆက်အနွယ်ဖြစ်သော မိဖုရားနာဂဆိန်နှင့် ဓဇရာဇာသည် သာကီဝင်မျိုးနွယ်တို့၏ ထုံးတမ်းစဉ်လာအရ တွေ့ဆုံခဲ့ပြီး ဒုတိယတကောင်းကို တည်ပြန်သည်။

တကောင်းပျက်သုဉ်းပြီး သရေခေတ္တရာထွန်းကားခဲ့သည်။ ပျူနှင့်မွန်လူမျိုးများ တိုးတက်လာသည်ဆို၏။ အလယ်နှင့်အထက်ပိုင်းဒေသတွင် ပျူတို့ ပျံ့နှံ့လျက်ရှိပြီး မြန်မာအောက်ပိုင်းဒေသမွန်များက ပျံ့နှံ့တန်ခိုးထွားလျက်ရှိသည်။ ပုဂံခေတ်သို့ရောက်ရှိလာသောအခါ ပျူလူမျိုးများ ကွယ်ပျောက်ခဲ့ပြီး "မြန်မာလူမျိုး"အဖြစ် ရှေးကထက် ထင်ပေါ်၍လာလေသည်။ ပုဂံကျောက်စာများတွင် "ပန်တျာ"ဟူသော စကားကို မကြာခဏသုံးစွဲခြင်းဖြင့်၊ အနုပညာဖြင့် အသက်မွေးဝမ်းကြောင်းပြုသူများ ပေါ်ပေါက်ခဲ့ပြီဟု ခန့်မှန်းနိုင်သည်။

အနော်ရထာမတိုင်မီ ပုဂံပြည်သည် နတ်ကိုးကွယ်မှုများလှသဖြင့် နတ်ကတော်အကများပင်ပေါ်ပေါက်ခဲ့ခြင်း ဖြစ်လေမလားစဉ်းစားရမိသည်။

ဤသို့ဖြင့် ဗုဒ္ဓဘာသာဝင်စစ်စစ်တွင် နတ်ကတော်ကိုးကွယ်မှု၊

ဗုဒ္ဓသာသနာစစ်စစ်ထွန်းကားစေလိုမှု အကြောင်းအရာများကို အဖြေရှာရန်လိုအပ်လှပေသည်။ ဗုဒ္ဓသာသနာတွင် ဗုဒ္ဓဘာသာ အမည်ခံ၍၊ ဘာသာ၊ သာသနာနှင့် ဆန့်ကျင်သောလုပ်ရပ်များ၏ အခြေခံဖြစ်သော၊ သီလဆောက်တည်၊ ပရိယတ်၊ ပဋိပတ် စသဖြင့် သာသနာအစစ်၊ သိမ်ကဖြစ်တည်မှုများကို အဓိက လိုအပ်ချက်ပင်ဖြစ်သည်။

## ဗုဒ္ဓခေတ်မတိုင်မီ မြန်မာနိုင်ငံ

ဗုဒ္ဓဘာသာဝင်အချို့သည် ပရိယတ္တိမရှိက ပဋိပတ္တိမဖြစ်နိုင်ဟု ယူဆကြသည်။ ထိုသို့ယူဆကြခြင်းမှာ ပါဠိမှ မြန်မာစာပေသို့ ခိုင်ခိုင်မာမာကူးပြောင်းခဲ့သော ကာလဒေသတစ်ခုမှ ထွက်ရှိခဲ့သော အဖြေတစ်ခုသာ ဖြစ်သည်။ မြန်မာစာပေထက် စောသော မြန်မာဟုဖြစ်လာသော ခေတ်မတိုင်မီကာလများ၌ မြန်မာလူမျိုးများအစ မြစ်ဖျားခံလာသည့် လူမျိုးစုများ နေထိုင်လာခဲ့ကြသည်။

၎င်းတွင် လူအမျိုးမျိုး၊ ဘာသာအမျိုးမျိုး ကိုးကွယ်ယုံကြည်မှု အမျိုးမျိုးစတင်ခဲ့ပေသည်။ မည်သည့်လူမျိုးတစ်မျိုး၊ မည်သည့်ခေတ်တစ်ခေတ်တွင်မဆို စစ်မှန်သောအယူဝါဒများ ထွန်းကားမှုမရှိခဲ့လျှင် နေနတ်သား၊ လနတ်သား၊ ရေစောင့်နတ်၊ မြေစောင့်နတ်၊ ညောင်ပင်စောင့်နတ် အစရှိသည့် ကိုးကွယ်မှု၊ ပူဇော်တင်မြှောက်ပသမှုများ ရှိခဲ့ကြပေသည်။

မြန်မာနိုင်ငံတွင် ဗုဒ္ဓသာသနာမထွန်းကားမီ ကာလများတွင် နတ်၊ နဂါး ကိုးကွယ်ယုံကြည်မှုများ စတင်ခဲ့သည်မှာ ပုဂံရာဇဝင်၌ တောင်သူကြီးမင်းမှ စတင်ခဲ့သည်ဟုဆိုသည်။ တောင်သူကြီးမင်းသည် တောင်ယာလုပ်ကိုင်စားသောက်သော ဘဝကပင် နတ်နဂါးများကို ကိုးကွယ်ခဲ့ဟန်တူသည်။ ၎င်းသို့ဖြင့် တောင်သူကြီးမင်းသည် မင်းဖြစ်လာသောအခါ သခွါးယာခင်းကို ဥယျာဉ်ပြုလုပ်စေပြီး နဂါးရုပ်ထုကြီးကို

ထုလုပ်ကိုးကွယ်သည်။ မြန်မာအစ တကောင်းကဟု ဆိုစမှတ်ပြုကြသဖြင့် တကောင်းပြည်မောင်ပေါက်ကျိုင်းမှ ဆင်းသက်လာဟန်ရှိသည်။

သာသနာသက္ကရာဇ် ၄၅၀ (ဘီစီနှစ်ရာစု) တွင် စတုတ္ထသင်္ဂါယနာတင်ပြီးနောက် ထေရဝါဒနှင့် မဟာယာန ဗုဒ္ဓဘာသာဟူ၍ ဘာသာရေးဂိုဏ်းကြီးနှစ်ခု ကွဲသွားခဲ့သည်။ ထိုစဉ်က အိန္ဒိယနိုင်ငံတွင်လည်း တောင်ပိုင်းဒေသ ထေရဝါဒဗုဒ္ဓဘာသာနှင့် မြောက်ပိုင်းဒေသ မဟာယာနဗုဒ္ဓဘာသာ (ဗောဓိသတ္တဂိုဏ်း) ဟူ၍ ကွဲပြားခဲ့ရာ ထေရဝါဒဗုဒ္ဓဘာသာကို သရေခေတ္တရာ၊ သထုံ၊ ပုဂံတို့တွင် ယုံကြည်လက်ခံခဲ့ကြသည်။

ပုဂံရောက် ရှင်အရဟံသည် ဗုဒ္ဓသာသနာထွန်းကားပြန့်ပွားရေးကြိုးပမ်းဆောင်ရွက်ရာတွင် ရဟန်းရှိမှုဖြစ်မည်။ ထိုစဉ်က အနော်ရထာမင်းလက်ထက်၊ အနော်ရထာအနားတွင်ရှိကြသော အရည်းကြီးအချို့ပင် ရဟန်းများဝတ်ပြီး၊ ရဟန်းရှိက သိမ်ရှိမှုဖြစ်တော့မည်ဟူ၍ သိမ်များဆောက်တည်ခဲ့ကြသည်။ အရှင်အရဟံနှင့် အနော်ရထာမင်းတို့သည် ရှေးဦးစွာဆောက်တည်ခဲ့သော သိမ်၌ပင် ပါဠိစာပေများကို မြန်မာစာသို့ပြောင်းလဲပြီး ပရိယတ္တိလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ကြသည်။

## သိမ်စတင်ခြင်း

သိမ်မပေါ်ပေါက်မီ ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရမင်း လျှောက်ထားတောင်းပန်ချက်အရ ဘုရားရှင်မိန့်တော်မူသည်မှာ -

၁။ "ရဟန်းတို့ တစ်ဆယ့်လေးရက်၌လည်းကောင်း၊ တစ်ဆယ့်ငါးရက်၌လည်းကောင်း၊ လဆန်းရှစ်ရက် လဆုပ်ရှစ်ရက်၌လည်းကောင်း စည်းဝေးစိမ့်ငှာခွင့်ပြု၏ . . ."

၂။ "ရဟန်းတို့ တစ်ဆယ့်လေးရက်၌လည်းကောင်း၊ တစ်ဆယ့်ငါးရက်၌လည်းကောင်း၊ လဆန်းရှစ်ရက် လဆုပ်ရှစ်ရက်၌လည်းကောင်း စည်း

ဗုဒ္ဓသာသနာ ရေး ဌာန ၆၄

းငှာခွင့်ပြု၏ . . . ”

သို့ကပ်လျက် တိတ်ဆိတ်စွာနေသော ငါ့အား

ပညတ်ထားအပ်သော သိက္ခာပုဒ်တို့ကို ရဟန်း

စေခြင်းငှာ ခွင့်ပြုရမှုကောင်းလေရာ၏။ ထို ပါတိ

သည်း ရဟန်းတို့အား ဥပုသ်ကံမည်သည်ဖြစ်လတ္တံ့

. . .

၄။ ချစ်သား ပ္ပိန မကောင်းမှုမှအပပြုပြီးသော သင်တို့သည် အကယ်၍ ဥပုသ်ကို အရိုအသေမပြုကုန်အံ့၊ အလေးအမြတ်မပြုကုန်အံ့၊ မပူဇော်ကုန်အံ့၊ သို့ဖြစ်လျှင် အဘယ်သူသည် ဥပုသ်ကို အရိုအသေပြုလတ္တံ့နည်း၊ မကောင်းမှုမှအပပြုပြီးတဲ့ ချစ်သားကပ္ပိန သင်သည် ကောင်းမှုပြုရာသို့သွားလော့၊ သံဃာ့ကံပြုရာသို့သွားလော့၊ မသွားဘဲမနေလင့် . . . ”

၅။ “ရဟန်းတို့ . . . သိမ်ကိုသမုတ်ခြင်းငှာ ခွင့်ပြု၏။ ရဟန်းတို့၊ဤသို့သမုတ်ရမည်။ ရှေးဦးစွာ နိမိတ်တို့ကိုကြားရမည်။ တောင်နိမိတ်၊ ကျောက်နိမိတ်၊ တောနိမိတ်၊ ခရီးနိမိတ်၊ မြေနိမိတ်၊ ရေနိမိတ်တို့ကို ကြားရမည်။ နိမိတ်တို့ကိုပြောကြားပြီးနောက် ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသောရဟန်းသည် သံဃာကိုသိစေရမည် . . . ”

၆။ “ရဟန်းတို့ . . . ၄-၅-၆ ယူဇနာရှိတဲ့ အလွန်ကြီးတဲ့သိမ်တို့ကို မသမုတ်အပ်။ ရဟန်းတို့အလွန်ဆုံး သုံးယူဇနာရှိသော သိမ်ကိုသမုတ်ခြင်းငှာ ခွင့်ပြု၏ . . . ”

၇။ “ရဟန်းတို့ . . . မြစ်တစ်ဘက်ကမ်း၌ သိမ်သမုတ်အပ်၊ ရဟန်းတို့ . . . အမြဲထားသောသောလှေ၊ အမြဲခင်းသောတံတားရှိသော မြစ်တစ်ဘက်ကမ်းသိမ်ကို သမုတ်ခြင်းငှာခွင့်ပြု၏။

“ရဟန်းတို့ . . . ပရိဝုဏ်အစဉ်လိုက် ပါတိမောက်ပြရာအရပ်ကို မချိန်းချက်ဘဲ ပါတိမောက်မပြအပ်၊ ရဟန်းတို့ . . . သံဃာအလိုရှိသော နှစ်ဘက်စောင်းမိုးကျောင်း၊ တစ်ဘက်စောင်းမိုးကျောင်းပြသာဒ် ပြသာဒ်ဦးပြည်းဂူတို့ကို ဥပုသ်အိမ်သမုတ်၍ ဥပုသ်ပြုခြင်းငှာခွင့်ပြု၏။

၈။ ရဟန်းတို့ . . . ဥပုသ်အိမ်သမုတ်အပ်သောမြေ၌ဖြစ်စေ၊ မသမုတ်အပ်သော မြေ၌ဖြစ်စေနေသောရဟန်းတို့သည် ပါတိမောက်ကိုကြားနာလျှင် ဥပုသ်ပြုသည်ပင်မည်၏။ ရဟန်းတို့ . . . သို့ဖြစ်လျှင် သံဃာသည် အလိုရှိသလောက်ကြီးသော ဥပုသ်အိမ်ဥပစာကို သမုတ်လော့"

၉။ ရဟန်းတို့ . . . ဤသို့သမုတ်ရမည်။ ရှေးဦးစွာ နိမိတ်တို့ကိုကြားရမည်။ နိမိတ်တို့ကိုကြားရပြီးနောက် ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသောရဟန်းသည် သံဃာကိုသိစေရမည်။

၁၀။ ရဟန်းတို့ သို့ဖြစ်လျှင် အလုံးစုံသောရဟန်းတို့သည် တစ်ပေါင်းသောစည်းဝေးပြီးလျှင် ဥပုသ်ပြုရမည်။ သို့မဟုတ် ထေရ်ကြီးဖြစ်သော ရဟန်းနေသည့်ကျောင်း၌ စည်းဝေးပြီးလျှင် ဥပုသ်ပြုရမည်။ ဝဂ်ဖြစ်သောအစုကွဲသောသံဃာသည် ဥပုသ်မပြုအပ်သည်သာတည်း။ ပြုသောရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏။

၁၁။ ရဟန်းတို့ . . . သံဃာသည် အတူနေအတူဥပုသ်ပြုရာဖြစ်သောသိမ်ကိုသမုတ်အပ်ပြီ။ သံဃာသည် ထိုသိမ်ကို သင်္ကန်းသုံးထည်နှင့်ကင်း၍ နေနိုင်သောသိမ်ဖြစ်အောင် သမုတ်လော့။

၁၂။ ရဟန်းတို့ . . . သံဃာသည် အတူနေ အတူဥပုသ်ပြုရာဖြစ်သောသိမ်ကိုသမုတ်အပ်ပြီ၊ သံဃာသည်ထိုသိမ်ကို သင်္ကန်းသုံးထည်နှင့်ကင်း၍နေနိုင်သော "အဝိပ္ပဝါသသိမ်" ဖြစ်အောင် ရွာကိုလည်းကောင်း၊ ရွာ၏ဥပစာကိုလည်းကောင်းချန်၍ သမုတ်လော့ . . .။

၁၃။ ရဟန်းတို့ . . . သိမ်သမုတ်လိုသော ရဟန်းသည် ရှေးဦးစွာ အတူနေရာ "သမာနသံဝါသသိမ်" ကို သမုတ်ရမည်။ နောက်မှ သင်္ကန်းသုံးထည်နှင့် ကင်း၍နေနိုင်သော "အဝိပ္ပဝါသသိမ်" ကို နုတ်ရမည်။ နောက်မှ "သမာနသံဝါသသိမ်" ကို နုတ်ရမည်။

၁၄။ ရဟန်းတို့ သိမ်မသမုတ်ဘဲ အပိုင်းအခြားမရှိဘဲ ရွာနိဂုံးကို အမှီပြု၍နေ၏။ ထိုရွာ၏ ရွာအပိုင်းအခြား၊ ထိုနိဂုံး၏ နိဂုံးအပိုင်းအခြားသည် ထိုရွာနိဂုံး၌ အတူနေအတူပြုရာဖြစ်သော "သမာနသံဝါသသိမ်" မည်၏။

၁၅။ ရဟန်းတို့ ရွာမဟုတ်သောတော၌ဖြစ်မူ ထက်ဝန်းကျင်မှ တစ်အဗ္ဘန္တရ လျှင် ၂၈ တောင်ပမာဏရှိသော အဗ္ဘန္တရ ခုနှစ်ခုအပိုင်းအခြားရှိသော အရပ်သည် အတူနေအတူဥပုသ်ပြုရာဖြစ်သော "သမာနသံဝါသသိမ်" မည်၏။

ရဟန်းတို့ . . . မြစ်တစ်ခုလုံးသည် သိမ်မဟုတ် ရဟန်းတို့ . . . သမုဒ္ဒရာတစ်စင်းလုံးသည် သိမ်မဟုတ်။ ရဟန်းတို့ . . . ထိုမြစ် သမုဒ္ဒရာထုံးအိုင်တို့၌ အားအလယ်အလတ်ရှိသော ယောကျ်ား၏ ထက် ဝန်းကျင်မှ အားကုန်ပက်ကြဲသော ရေတကျဖြင့် ၍ပိုင်းခြားရာအရပ် သည် အတူနေအတူဥပုသ်ပြုရာဖြစ်သော "သမာနသံဝါသသိမ်" မည်၏။

ရဟန်းတို့ . . . အကြင်ရဟန်းတို့၏သိမ်သည် ရှေးဦးစွာသ မုတ်ထား၏။ ထိုရဟန်းတို့၏ ထိုရှေးဦးစွာသမုတ်သောကံသည် တရား နှင့်လျော်၏။ မပျက်စီးအကြောင်းအားထိုက်၏။

ရဟန်းတို့ အကြင်ရဟန်းတို့၏ သိမ်သည်နောက်မှ သမုတ်၏ ထိုရဟန်းတို့၏ ထိုနောက်မှ သမုတ်သော ကံသည် တရားနှင့်မလျော်၊ ပျက်စီး၏၊ အကြောင်းအားမထိုက်။ ရဟန်းတို့ သိမ်အချင်းချင်းစပ်၍ မဖွဲ့အပ်၊ စပ်၍ဖွဲ့သောရဟန်းအား ဒုက္ကဋ်ပတ်သင့်၏။

ရဟန်းတို့ အကြင်ရဟန်းတို့သိမ်သည် ရှေးဦးစွာ သမုတ်ထား ၏။ ထိုရဟန်းတို့၏ ရှေးဦးစွာသမုတ်ထားသောကံသည် တရားနှင့်လျော် ၏။ မပျက်စီးအကြောင်းအားထိုက်၏။

ရဟန်းတို့၊ သိမ်အချင်းချင်းလွှမ်းမိုး၍မဖွဲ့အပ်။ လွှမ်းမိုး၍ ဖွဲ့သောရဟန်းအား "ဒုက္ကဋ်အာပတ်"သင့်၏။

ရဟန်းတို့ သိမ်သမုတ်လိုသောရဟန်းသည် သိမ်တို့၏ နယ်ခြား "သီမန္တရိတ်"ကို ချန်ထား၍ သမုတ်ခြင်းငှာခွင့်ပြု၏။

ဘုရားရှင်လက်ထက်သိမ်နှင့် ပတ်သက်၍မိန့်တော်မူခဲ့ခြင်း ဖြစ်သည်။ သဒ္ဒါမှာ လိင်၊ ဝိနည်းမှာ သိမ်ဟု ဗုဒ္ဓကျမ်းစာပေများတွင် တွေ့ရှိခဲ့ရပြီး၊ ဗုဒ္ဓသာသနာတော်အတွက် အရေးကြီးဆုံးဖြစ်ပါ၏။ သိမ် ကိုဆောက်လုပ်လှူဒါန်းခြင်းမှာ အကျိုးကြီးသည့်အပြင် သိမ်သမုတ်ပြီး

ပါက အာဏာစက်နှင့်ပြန်မဖျက်သမျှကာလပတ်လုံး သာသနာတော် တည်သမျှတည်သည့် မပျက်သောအလှူဖြစ်သည်။

ထို့ကြောင့် ကျောင်းဒကာဖြစ်ဖို့ လွယ်ကူပေမယ့် သိမ်ကျောင်းမှာ တစ်ကျောင်းတိုက်သာလှူခွင့်ရသဖြင့်၊ ခက်ခဲနက်နဲသော သိမ်ကျောင်းဆောက်လုပ်လှူဒါန်းခြင်းကား အကျိုးကြီးလှပါပေ၏။ ဤကား သိမ်သမိုင်း၏အစသာလျှင်တည်း။

ဗုဒ္ဓသာသနာတော်၌ သိမ်ကျောင်းမှာ အရေးကြီးလှသော ကျယ်ပြန့်ခက်ခဲသော အလုပ်တစ်ခုဖြစ်ပါသည်။ ထိုသို့ကျယ်ပြန့်ခက်ခဲသောအလုပ်တစ်ခုကို သိမ်နှင့်တွဲ၍ "သဒ္ဒါမှာလိင်"ဟူ၍ ဆိုရိုးပြန်ကြပါ၏။ သဒ္ဒါကိုနားလည်ပါလျှင် အခြားသော အခက်အခဲများမရှိနိုင် ဝိနည်းအရာ၌ သိမ်အကြောင်းနားလည်ပါက အခြားသော အခက်အခဲများမရှိနိုင်ချေ။ ဝိနည်းမှာ သိမ်၊ သဒ္ဒါမှာ လိင်ဟူသော စကားရပ်သည် အခက်အခဲနှင့် ပတ်သက်၍ဆိုသော စကားရပ်ဖြစ်ပြီး၊ အကျိုးနှင့်ပတ်သက်၍ဆိုသော စကားမှာ ကျောင်းမှာ သိမ်စသဖြင့်

ဝိနည်းမှာ သိမ်၊

သဒ္ဒါမှာ လိင်၊

ကျောင်းမှာ သိမ်၊

သက်န်းမှာ ကထိန်၊ ဆွမ်းမှာ ပိကဟူ၍ ဆိုရိုးပြုကြခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ကျောင်းအမျိုးမျိုးရှိသည့်အနက် သိမ်ကျောင်းသည် အကျိုးအကြီးမာဆုံး၊ အမြင့်မြတ်ဆုံးဖြစ်သည်။

သိမ်ကျောင်းသည် သာသနာတော်၏ အသက်ဖြစ်ပါ၏။ သာသနာတော်ရှိ ရဟန်းသံဃာများသည် သိမ်ကျောင်းမှ ဖွားမြင်ထွက်ပေါ်လာကြသည်။ ထိုရဟန်းတို့၏ အပြစ်များကို ဆေးလျှော်ရာ၌လည်းကောင်း၊ လူအများနှင့် မဆက်ဆံပဲ သီးခြားအမှုများကိုလည်း ယင်းသိမ်ကျောင်းမှာပင် ပြုရသည်။ တစ်ညီတစ်ညွတ်တည်း၊ တစ်စုတစ်ဝေးတည်း စုပေါင်း၍ ကံကြီးကံငယ်ပြုနိုင်ဖို့ရာ သီးခြားသတ်သတ်ထား

သော အရပ်တစ်ခုနယ်ပယ်တစ်ခုဖြစ်သည်။

ဝိနည်းနှင့်လျော်ညီသော သိမ်အစစ်မဖြစ်ခြင်းကြောင့် ဟံသာဝတီတစ်နိုင်ငံလုံးရဟန်းအစစ်များ မဖြစ်ကြပေ။ ထိုခေတ် ထိုအချိန်က ထိုနိုင်ငံ၏ သိမ်များတွင် ရဟန်းပြုပြီး ရဟန်းတရားကိုကျင့်ကြံအားထုတ်သော ပုဂ္ဂိုလ်တို့သည်၊ သဒ္ဓါလည်းအားကောင်း၊ အကျင့်လည်းအားကောင်း၊ စိတ်ဓာတ်အင်မတန်ကောင်းသော ပုဂ္ဂိုလ်ကောင်းများပေါ်ထွန်းပါလျက် သိမ်မပီသသောကြောင့် ထိုပုဂ္ဂိုလ်တို့မှာ ရဟန်းအဖြစ်သို့ မရောက်ကြပေ။

ရာဇဓိရာဇ်သည် ရှင်ဘုရင်မဖြစ်မီ အထက်ဗမာပြည် အင်းဝတွင် ပညာသင်ဘူးခဲ့ရာ၊ ရှင်ဘုရင်ဖြစ်လာချိန်တွင် သိမ်များကိုလေ့လာခဲ့သည့်ဆို၏၊ ထိုသို့လေ့လာရာတွင် ဟံသာဝတီတစ်နိုင်ငံလုံးရှိ သိမ်များသည် ဝိနည်းတော်နှင့်ညီသော သိမ်များတစ်လုံးမျှ မရှိ၍ရဟန်းအစစ်များဖြစ်မလာခဲ့ပေ။ ဤသို့ဖြင့် သီဟိုဠ်နိုင်ငံသို့သွားရောက်၍ သာသနာတော်ဆက်ရသည့် အခြေအနေသို့ရောက်ရှိခဲ့လေသည်။ ထိုအချိန်က အောက်မြန်မာပြည်တွင် စစ်မက်များကရာဇဓိရာဇ်အထိ မင်း ၃ ဆက်တိုင် မြန်မာများနှင့် နှစ်စဉ်နှင့်အမျှ တိုက်ခိုက်နေရခြင်းကြောင့် ပရိယတ္တိကျွမ်းကျင်မှုအားထုတ်သော ဆရာတော်များနည်းပါးခဲ့လေရာ သာသနာမှာ တဖြည်းဖြည်းဆုတ်ယုတ်လာခဲ့ပြီး ပရိယတ္တိ ကျွမ်းကျင်သော ဆရာတော်များ၊ ရာဇဓိရာဇ်လက်ထက်အဆက်ပြတ်မွေးခဲ့လေသည်။

## ဗုဒ္ဓဘာသာ စာပေမှတ်တိုင်

ဘုရားမြတ်စွာ ပရိနိဗ္ဗာန်စံလွန်တော်မူပြီးသောအခါ ရဟန်းရှင်လူအပေါင်း နှမြောတသယူကြုံးမရဖြစ်ကြစဉ် "သုဘဒ္ဒ"အမည်ရှိတောထွက်ရဟန်းကြီးက -

"ငါ့ရှင်တို့ မပူဆွေးကြပါလေနှင့် ရှင်ကြီးဂေါတမ သက်တော်ထင်ရှားရှိစဉ်က ဤအရာကို သင်တို့လုပ်ထိုက်သည်၊ ဤအရာကို သင်တို့နှင့် မလုပ်ထိုက်၊ ဤကဲ့သို့ ငါတို့အားတားမြစ်ပိတ်ပင်လေ့ရှိ၏။ အမျိုးမျိုးချုပ်ချယ်ခဲ့၏။ ယခုမူ လွတ်လပ်ပြီ၊ လုပ်ချင်ရာလုပ်နိုင်ကြပြီ"

သုဘဒ္ဒရဟန်းကြီး၏ စကားကို အရှင်မဟာကဿပမထေရ် ကြားတော်မူသောအခါ စိုးရိမ်ထိတ်လန့်လျက် ဓမ္မသံဝေဂရတော်မူသည်။ အရှင်မဟာကဿပမထေရ်သည် -

သူတော်ကောင်းတရားနှင့် ဝိနည်းတရားမကွယ်အမီ၊ မသူတော်တရားနှင့် ဝိနည်းမဟုတ်သော တရား မထွန်းကားမီ၊ ဓမ္မဝါဒီ ပုဂ္ဂိုလ်အားမနည်းပဲ အဓမ္မဝါဒီပုဂ္ဂိုလ်တို့အား မရှိမီ၊ ဝိနယဝါဒီ အားမယုတ်ပဲ အဝိနယဝါဒီပုဂ္ဂိုလ်တို့အား မရှိမီ၊ ဓမ္မနှင့် ဝိနယကို အဆောတလျှင် သင်္ဂါယနာတင်မှ သင့်မည်ကို ဆင်ခြင်မိကာ သင်္ဂါယနာ(စုပေါင်းရွတ်ခြင်း)တင်ရန် ရဟန္တာငါးရာကို ရွေးကောက်တော်မူသည်။ ဗုဒ္ဓထံ၌ ဓမ္မဝိနယကို အမြဲလိုက်ပါသင်ယူခဲ့သော အရှင်အာနန္ဒာကိုပါ သင်္ဂါယနာတင်ပွဲတွင် ပါဝင်ဆင်နွှဲရန် ရွေးကောက်တော်မူ၏။

သုံးလခန့်အကြာ အရှင်မဟာကဿပမထေရ်မြတ်ကို အမှူးထား၍ အရှင်ဥပါလိ အရှင်အာနန္ဒာအစရှိသော တေဝိဇ္ဇာဆဋ္ဌာဘိညပဋိသမ္ဘိဒါပတ္တရဟန္တာမထေရ် ငါးရာတို့သည် ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်အဇာတသတ်ကို အမှီပြု၍ ဝေဘာရတောင်ရံစရည်းပင်ရောက်ရာ "သတ္တပဏ္ဏိ"မည်သော လိုဏ်ဂူတွင်း၌ ခုနှစ်လတိုင်တိုင် ပထမသံဂါယနာ(နှုတ်တက်အက္ခရာ)တင်တော်မူခဲ့ကြသည်။

## ဒုတိယသံဂါယနာတင်ပွဲတော်

သာသနာတော်သက္ကရာဇ် (၁၀၀) မြောက်တွင် အရှင်မဟာယသမထေရ်မြတ်ကို အမှူးပြုလျက် အရှင်ရေဝတ၊ အရှင်သဗ္ဗကာမိအစရှိသော ရာပေါင်းများစွာသော ရဟန္တာအရှင်မြတ်တို့သည် ဝေသာလီပြည် ကာဠာသောက ဘုရင်ကို ဒါယကာပြုကာ "ဝါလိကာရုံ"မည်

သော ကျောင်းတော်ကြီး၌ ရှစ်လတိုင်တိုင် ဒုတိယသင်္ဂါယနာ (ရှုတ်တက်အက္ခရာ) တင်တော်မူခဲ့ကြသည်။

**တတိယသံဂါယနာတင်ပွဲတော်**

သာသနာတော်သက္ကရာဇ် ၂၃၅ ခုနှစ်ရောက်သောအခါ အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်မြတ်ကို အမှူးထားပြီးသော် ရဟန္တာပေါင်း တစ်ထောင်တို့သည် ပါဋလိပုတ်ပြည် အသောကဘုရင်ကို အမှီပြုလျက် "အသောကမည်သော ကျောင်းတော်ကြီး၌ ကိုးလတိုင်တိုင်တတိယသံဂါယနာ(ရှုတ်တတ် အက္ခရာ)တင်တော်မူခဲ့ကြလေသည်။

စတုတ္ထသံဂါယနာတင်ပွဲတော်

သာသနာတော် သက္ကရာဇ် ၄၅၀ ခုနှစ် သိတင်းသုံးတော်မူနေကြသည့် ပိဋကတ်အာဂုံဆောင် ရဟန္တာအရှင်သူမြတ်တို့သည် အနာဂတ်ကာလ၌ သတ္တဝါတို့သည် သတိပညာဆုတ်ယုတ်ကုန်လတ္တံ့သည်ကို မြင်တော်မူသဖြင့် သာသနာတော်၏ အသက် မပျောက်မပျက်တည်ရှိနိုင်စေရန် အရှင်မဟာမဓမ္မရက္ခိတ မထေရ်မြတ်ကို အမှူးထား၍ ငါးရာသောရဟန္တာ အရှင်သူမြတ်တို့သည် သီဟိုဠ်ဘုရင် အဘယဝဋ္ဋဂါမဏိအား ဒါယကာပြုစေပြီး မလယဇနပုဒ် "အာလောက"မည်သော လိုဏ်ဂူတွင်း၌ စတုတ္ထသံဂါယနာ(ပေထက်အက္ခရာ)တင်တော်မူခဲ့ကြသည်။

မည်သည့်လူမျိုး၊ တိုင်းပြည်မဆို စာပေပညာသည် လွန်စွာမှအရေးအကြီးဆုံးဖြစ်သည်။ မြန်မာနိုင်ငံတွင်စာပေနှင့်ပတ်သက်၍ "စာပေတင့်မှ လူမျိုးမြင့်မည်"ဟူ၍ မြန်မာစာပေသင်ကြားရာနေရာတိုင်း တွေ့မြင်ရသည်၊ စာမတတ်သော သူသည် "အကန်း"နှင့်တူ၏၊ စာမတတ်သောသူ "အသိ ပညာမရရှိနိုင်၊ အကောင်းအဆိုးဝေဖန်ပိုင်ခြား မသိနိုင်သဖြင့် မျက်ကန်းမိတ်ဆွေလွန်စွာမှ ခဲယဉ်းလှပါ၏။ ထို့ကြောင့် ဥစ္စာစီးပွားများရှာ

ဖွေရာ၌ ပင်ပမ်းကြီးစွာ ကြိုးပမ်းဆောင်ရွက်ရသည်။

စာပေလောကကိုကြည့်ပါလျှင် တတိယသင်္ဂါယနာတင်ပွဲသည် အထူးအရေးကြီးကြောင်း လေ့လာတွေ့ရှိရပါသည်။ ခရစ်မတိုင်မီ (တတိယရာစုနှစ် ဘုရားမြတ်စွာ ပရိနိဗ္ဗာန်ပြုပြီးနောက်၊ နှစ်ပေါင်း ၂၃၆ နှစ်အကြာ ပါဠိလိပုတ်ပြည်၌ ဗုဒ္ဓဘာသာသံဃာဂိုဏ်းတော်ကြီး ၁၈ ဂိုဏ်းကွဲပြားလျက်ရှိသည်။

ထိုသို့ ကွဲပြားလျက်ရှိသော ဂိုဏ်းများအနက် ရှေးအကျဆုံးနှင့် မူရင်းဂိုဏ်းဖြစ်သော ထေရဝါဒဂိုဏ်း(သို့) ဝိဘဇ္ဇဝါဒဂိုဏ်းကြီးအတွက် ထိုအချိန်က အုပ်ချုပ်နေသော အသောကဘုရင်ကိုယ်တိုင် သက်ဝင်ယုံကြည်ရှိုင်းပင်းကူညီအားပေးခဲ့သည်။ ဂိုဏ်းဂဏများ ကွဲပြားစဉ်က ရဟန်းတု၊ ရဟန်းယောင်၊ ရဟန်းဆိုးညစ်တို့နှင့် ကင်းဝေးရန် ဂင်္ဂါမြစ်အထက်၊ အဟောဂင်္ဂါတောင်တစ်ခုသော ဆိတ်သုဉ်းအရပ်၌ (၇) နှစ်တိုင်တိုင် ခိုအောင်းပုန်းသျှိုး၍နေခဲ့သော အရှင်မဟာမောဂ္ဂလိပုတ္တတိဿကို နာယကတင်မြှောက်ကာ တတိယသင်္ဂါယနာတင်ပွဲ ကျင်းပကြသည်။

သင်္ဂါယနာတင်ပွဲအပြီးတွင် အရှင်မောဂ္ဂလိ ပုတ္တတိဿမထေရ်မြတ်သည် အိန္ဒိယနှင့် အိန္ဒိယနိုင်ငံပြင်ပသို့ စေလွှတ်ရာ ဘုရင်အသောကဏ်၏သားတော် မဟိန္ဒနှင့် သမီးတော် သင်္ဃမိတ္တာတို့လည်း ပါဝင်ခဲ့သည်။ သာသနာပြုများအနက် ရှင်သောဏနှင့် ရှင်ဥတ္တရ ရဟန်းနှစ်ပါးလည်း သုဝဏ္ဏဘူမိ (ယခု သထုံ)သို့ ကြွချီလာသည်ဟု မြန်မာပြည်သမိုင်းများ အဆိုရှိသည်။

ယခုလက်ကိုင်ပြုလျက်ရှိသော ပိဋကတ်တော်မူသည် ပါဠိလိပုတ်ပြည်၌ပြုစုသော မူဖြစ်သည်။ ပိဋကတ်ကျမ်းများကို ယခုကဲ့သို့ပုံနေပုံထားဖြစ်အောင် တစ်ချိန်တည်း၌အပြီးသတ်စုဆောင်းသည်မဟုတ် တစ်ဖြည်းဖြည်းတစ်စတစ်စ သင်္ဂါယနာတင်ပွဲများကျင်းပကာ စုဆောင်းခြင်းသာဖြစ်သည်။ ဘုရင်အာသောကဏ်၏သားတော် ရှင်မဟိန္ဒသည် တတိယသင်္ဂါယနာတင်ပွဲအပြီးတွင် အညီအညွတ်ရွတ်ဖတ်အတည်ပြုသော ပိဋကတ်တော်မူကို သီဟိုဠ်ရဟန်းပဏ္ဍိတ်များအား တစ်ဆင့်နှုတ်

တက် အာဂုံကမ်းလှမ်းတော်မူခဲ့လေသည်။ သင်္ဂါယနာတင်ပွဲများအနက် ပါဋ္ဌလိပုတ်သင်္ဂါယနာတင်ပွဲသည် အထူးအရေးကြီးဆုံးသော သင်္ဂါယနာပွဲဖြစ်လေသည်။

ထိုသို့ သင်္ဂါယနာတင်စဉ် ရှင်မဟာမဟိန္ဒသည် ၁၂ ဝါရ၍ တန်ခိုးအဘိညာဉ်ရ ရဟန္တာအရှင်မြတ်ကြီးတစ်ဆူဖြစ်တော်မူနေပေပြီ

## ပညာမဲ့သောအမတ်ကြောင့်ရဟန်းများ ခေါင်းဖြတ်ခံရခြင်း

အသောကဘုရင် ဘုန်းသမ္ဘာန်ရှိန်လောက် ထွန်းတောက်သည့်အခါ ဘုရင်ကိုယ်တိုင်က ထေရဝါဒကို ရိုင်းပင်းကူညီသောဂိုဏ်းကြီးဖြစ်လာခဲ့သည်။ တစ်နေ့တစ်ခြားဒီရေအလား တိုးပွားလာသည့်ဂိုဏ်းဖြစ်၍ အခြားဂိုဏ်းများဆုတ်ယုတ်လာခဲ့သည်။ အခြားဂိုဏ်းများတန်းခိုးတေဇာဆုတ်ယုတ်ကာ အသက်မွေးဝမ်းကြောင်းဖို့ပင် အခက်အခဲများဖြစ်လာကြသည်။

အချို့သောဂိုဏ်းသားတို့သည် မိမိတို့ဂိုဏ်းမှ ထေရဝါဒဂိုဏ်းသို့ အမြောက်အများ ကူးပြောင်းခိုဝင်လာကြသည်။ ထေရဝါဒအရေခြုံပြီး အယူဝါဒများကို သူတို့၏ အယူဝါဒများအဖြစ် ဝါဒဖြန့်ကြသည်။ ထေရဝါဒအယူဝါဒ၏ မူရင်းမူမှန်ဘာဝမှ အုတ်အရောရောကျောက်အရောရောဖြစ်ကာ မူမမှန်သောအခြားဂိုဏ်းတို့၏ အနှောက်အယှက်ပယောဂတို့ကြောင့် ညိုးမှိန်ညစ်နွမ်းရမည့် အန္တရာယ်မကင်းဖြစ်လာခဲ့သည်။ ထိုအခါ ရဟန်းအတု၊ ရဟန်းအယောင်ဆောင်များလည်းများစွာ ပေါ်ပေါက်လာခဲ့ရလေသည်။

တိတ္ထိအလဇ္ဇီဂိုဏ်းသားတို့သည် ဝိနည်းတော်စူဠဝဂ်တွင် ဖော်ပြထားသော အဝိနယဝတ္ထုဆယ်ပါးကို ကျင့်ကြံကြကုန်၏။ ထိုဆယ်ပါးသည်-

၁။ သားချိုဖြင့်ဆားကိုထည့်၍ ဆားမရှိသောအခါ ယာဝကာလိကဘော

ဇဉ်နှင့် ရောစားခြင်း။
၂။ နေမွန်းတည့်၍ အရိပ်လက်နှစ်သစ်လွန်မှ ယာဝကာလိက ဘောဇဉ်ကိုစားခြင်း။
၃။ တန်ပြီဟုမြင်မိသောဘောဇဉ်ကို အတိရိတ်ဝိနည်းကန်မပြုပဲ ရွာတစ်ပါးသို့ သွားအံ့ဟု နှလုံးပြု၍စားခြင်း။
၄။ သိမ်တစ်ခုတည်းတွင် အထူးထူးသောနေရာ၌နေ၍ အသီးသီးကံဆောင်ခြင်း။
၅။ မရောက်လာသော ရဟန်းတို့၏ အလိုဆန္ဒသဘောတူချက်ကိုယူ၍ကံဆောင်ခြင်း။
၆။ ဆရာ ဥပဇ္ဈယ်တို့၏ အယူအလေ့ဟူသရွေ့ထားရှိခြင်း။
၇။ နို့ရည်အဖြစ်ကိုလည်း မစွန့်သေး၊ နို့ဓမ်းအဖြစ်သို့လည်း မရောက်သေးသော နို့ရည်ကို ပဝါရိုက်သင့်သော ရဟန်းသည် အတိရိတ်ဝိနည်းကံမပြုပဲ စားခြင်း၊ သောက်ခြင်း။
၈။ သေနုကိုသောက်ခြင်း။
၉။ အဆာမရှိသော နိသီဒိုင်သည် ရဟန်းတို့အားအပ်ခြင်း။
၁၀။ ရွှေ - ငွေကို အလှူခံခြင်းသည် ရဟန်းတို့အားအပ်ခြင်း။

ဝိနည်းတော်စူဠဝဂ်တွင် အထက်ပါအဝိနယ (၁၀) ပါးကို ဝဇ္ဇီတိုင်းသားရဟန်းအချို့ ကျင့်ကြံခဲ့လေရာ ရှေးရဟန်းပဏ္ဍိတ်ကြီးများအမြင်တွင် ဝိနည်းတော်နှင့်မလျော်ညီ ချိုးဖောက်သည်မည်၏။ အရှင်ယသကလည်း ရဟန်းသိက္ခာပျက်ပြားသည် ဝိနည်းတော်နှင့်မညီ ဆန့်ကျင်သည်ဖြစ်ကြောင်း "ရှင်သိလူကြား" ကြေညာသည်။

ဝဇ္ဇီရဟန်းတို့ဘက်မှလည်း အရှင်ယသသာလျှင် အမှားကြီးမှားနေကြောင်း "တန်ပြန်"ကြေညာယုံမျှမက အရှင်ယသ ပြောမှား၊ ဆိုမှားပြစ်မှားမိကြောင်း ဝန်ခံတောင်းပန်ရန် (ပဋိသာရဏီယကံ)ပြုကြကုန်၏။

အရှင်ယသကလည်း လုံးဝအလျှော့မပေး၊ အညံ့မခံပဲ ဝေသာလီလူထုထံသို့ မိမိယူဆချက်သဘောရေးရာများ တင်ပြခဲ့သည်။

ဝေသာလီလူထုသည် အရှင်ယသကို တခဲနက် အညီအညွှတ်ထောက်ခံ အားပေးကြသည်။

ဒေါသကို မချုပ်တီးနိုင်သော ဝဇ္ဇီရဟန်းတို့သည် အရှင်ယသ ကို သံဃအဖွဲ့အစည်းမှ ထုတ်ပယ်လိုက်ကြကာ (ဥက္ခေပနီယကံ)ပြုကြ ကုန်၏။ အရှင်ယသသည်ကိုသို့ ထုတ်ပယ်ခြင်းခံရသည်နှင့် တပြိုင်နက် ကောသမ္ဗီပြည်သို့ ကောင်းကင်ခရီးဖြင့် ကြွမြန်း၍ ပါဝါပြည်သား ရဟန်းများထံသို့လည်းကောင်း၊ အဝန္တိဒက္ခိဏာပတတိုင်းသား ရဟန်းတို့ ထံသို့လည်းကောင်း၊ တမန်စေလွှတ်တော်မူသည်။ ထိုတမန်တွင် "အဓမ္မ ဝါဒီ ပုဂ္ဂိုလ်တို့အားမရှိကုန်မီ၊ ဝိနည်းမဟုတ်သော တရားများမထွန်း ကားမီ လာကုန်လော့"ဟူ၍ ဖြစ်သည်။

မထေရ် ရဟန်းကြီးတို့သည် အဓိကရုဏ်းဖြစ်နေမှုများကို ဥဗ္ဗာ ဟိက-ကမ္မဝါစာဖြင့် ငြိမ်းအံ့ဟု

- အရှင်သဗ္ဗသာမီ
- အရှင်သာဠ္ဌ
- အရှင်ဥဇ္ဇသောဘိတ
- အရှင်ဝါသဗ္ဗကာမီ တို့ပါဝင်သော ပါစိနပြည်သားရဟန်းလေးပါး တို့ကိုလည်းကောင်း၊
- အရှင်ရေဝတ
- အရှင်သာဏသမ္ဘူတ
- အရှင်ယသ
- အရှင်သုမန တို့ပါဝင်သော ပါဝါပြည်သားရဟန်းလေးပါးတို့ကိုလည်း ကောင်း၊ ကော်မတီအဖြစ်ရွေးကောက်၍ နာယကအဖြစ် အရှင်သဗ္ဗ သာမီကို နာယကအဖြစ်တင်မြှောက်ကြသည်။

ကော်မတီက ဝတ္ထု ၁၀ ပါးကို တစ်ပါးစီစီစစ်၍ ဝိနည်းနှင့် ဆန့်ကျင်ကြောင်း ကြေညာသည်၊ ဆက်လက်၍သံဃာအများပါဝင်သော အစည်းအဝေးတွင် ဒုတိယအကြိမ် ဆွေးနွေးစိစစ်ပြီး ဝိနည်းတော်နှင့် ဆန့်ကျင့်ကြောင်း ရှုံ့ချပယ်ဖျက်ပစ်ကြသည်။

သံဃာထု၏ ထောက်ခံမှုမရသော ဝဇ္ဇီရဟန်းတို့က ဝေသာလီဘုရင် အသောက၏ ချီးမြှောက်မှုကို ရယူရန် အစွမ်းကုန်ကြိုးပမ်းကြသည်။ ဘုရင်က ဝဇ္ဇီရဟန်းမှအပ ကျန်ရဟန်းများက ဂန္ဓကုဋိတိုက်ကို အကြမ်းနည်းနှင့်တိုက်ခိုက်သိမ်းပိုက်မည်ဟု ပထမယိုးမှားခဲ့သည်။ နောက်ပိုင်းတွင် ဝဇ္ဇီရဟန်းတို့၏ မမှန်မကန်ညာဏ်ဆင်မှုကို အမှန်အတိုင်းသိမြင်ခဲ့ရာ အရှင်ယသအပါအဝင် ကျန်ရဟန်းထုကို တခဲနက်ထောက်ခံကူညီတော့သည်။

သို့ဖြင့် ဝေသာလီဘုရင် ကာလာသောက ဒါယကာအဖြစ်နှင့် အရှင်သဗ္ဗကာမီ ခေါင်းဆောင်သော ရဟန်းခုနှစ်ပါးတို့သည် အဝိနယ ဝတ္ထု ၁၀ ပါးကို တွန်းလှန်၍ ဒုတိယအကြိမ်မြောက် သင်္ဂါယနာ(နှုတ်တတ်အက္ခရာ)တင်ကြသည်။ ဤဝိနယသင်္ဂါယနာတင်ရာ၌ အလျော့အပိုအလွန်မရှိကုန်သော ရဟန်းခုနစ်ရာတို့သည်ဖြစ်ခြင်းကြောင့် ဤဝိနယသင်္ဂါယနာကို "သတ္တသတိကသင်္ဂါယနာ"ဟုဆိုအပ်၏။

ယင်းရဟန်းဆိုးရဟန်းညစ်တို့သည် ကျောင်းတိုက်အသီးသီးတို့၌ လူတို့လှူဒါန်းသော ပစ္စည်းလေးပါးဖြင့် အကြီးအကျယ်စည်းစိမ်ယစ်မူးလျက် ဗုဒ္ဓ၏ဝိနည်းတော်များကို လုံးဝအရေးမထား၊ ဂရုမပြုတော့ပေ။ ယင်းတို့ ဗရုတ်သုတ်ခဖြစ်နေချိန်များတွင် ရဟန်းကောင်းရဟန်းစစ်တို့က ဥပုသ်ပဝါရဏာကောင်းစွာ မထိန်းသိမ်း မတည်ဆောက်နိုင်ပုံတို့ကို အသောကမင်းကြီးကြားသိလတ်သော် စိတ်နှလုံးထိခိုက်လှသဖြင့် မှူးမတ်တစ်ယောက်ကို စေလွှတ်ကာ ရဟန်းများအားဥပုသ်သဝါရဏာကိစ္စများ ဆောက်တည်နိုင်ရန် နိုးဆော်စေခဲ့သည်။ သို့သော် တမန်အရာ၌ ကျွမ်းကျင်လိမ္မာမှုမရှိသော အမတ်သည် ဥပုသ်ပြုရန် ငြင်းဆိုသောရဟန်းများကို ခေါင်းဖြတ်အဆုံးသတ်စီရင်လေတော့သည်။

သတင်းကိုကြားရသော ဘုရင်သည် ကြိမ်မီးအုံးသော နှလုံးယူကျုံးမရ ပြင်းပြသောသံဝေဂဖြင့် သွေးထွက်သံယိုဖြစ်ရသော ကိစ္စတွင် မိမိ၏ ပယောဂမပါဝင်ကြောင်း၊ ရဟန်းတို့ကျေနပ်မည့် မည်သည့်

ကိစ္စမျိုးမဆို မိမိအနေဖြင့် ဆောင်ရွက်ရန် ရဟန်းများအားတောင်းပန်လျှောက်ထားရာ၊ ရဟန်းတို့က ဂင်္ဂါမြစ်အထက်၊ အဟောဂင်္ဂါတောင်ရှိ အရှင်မောဂ္ဂလိ ပုတ္တတိဿထံ မဆိုင်းမတွသွားရောက်ဖူးမျှော်ပြီး အမတ်မိုက်ကြောင့် မိမိသည် သံဃဃာတကကံ(သံဃာကိုသတ်ခြင်း) သင့်မသင့်မေးမြန်း၏။

မှားယွင်းသောအကြံ၊ ယုတ်မာသောစေတနာမပါသောကြောင့် သံဃဃာတကကံ မထိုက်ကြောင်း၊ ဘုရင်ကိုနှစ်သိမ့်ပြီး ရက်သတ္တတစ်ပတ်မျှကြာမြင့်သည်အထိ တရားရေအေးတိုက်ကျွေးတော်မူ၏။ ထို့နောက် သံဃာထုအစည်းအဝေးခေါ် ယူကာ ရဟန်းဆိုး၊ ရဟန်းညစ်၊ ရဟန်းအတုအယောင်များကို ဖယ်ရှားတိုက်ထုတ်ခဲ့ပေသည်။ ထို့နောက် ဥပုသ်ပဝါရဏာနာပြုနိုင်သောအခါ အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်ကို နာယကတင်မြှောက်၊ တတိယသင်္ဂါယနာတင်တော်မူပြီး ကိုးလပတ်လုံး ရဟန်းတစ်ထောင်ပါဝင်သော ကော်မတီက ပိဋကတ်သုံးပုံကို အကြိမ်ကြိမ်စိစစ်ကြပြီး သင်္ဂါယနာတင်သောနေ့၌ပင် အရှင်မောဂ္ဂလိပုတ္တတိဿက ကထာဝတ္ထုကျမ်းကို တင်ပြကာ မိစ္ဆာဓမ္မများကို အမြစ်မကျန်သုတ်သင်ပစ်စေသည်။

ထို့နောက် အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်မြတ်သည် အိန္ဒိယ(ပြည်တွင်း၊ ပြည်ပ)သို့ သာသနာပြုစေလွှတ်ရာ၊ ထိုသာသနာပြုများတွင် ဘုရင်အသောက၏ သားတော် မဟိန္ဒနှင့်သမီးတော် သင်္ဃမိတ္တာတို့ပါဝင်ကြပြီး၊ ဘုရင်အသောက သာသနာပြုအဖြစ် ရှင်သောဏနှင့် ရှင်ဥတ္တရရဟန်းနှစ်ပါးကိုလည်း သုဝဏ္ဏဘူမိ(သထုံ)သို့ ကြွချီစေခဲ့သည်။

## သီဟိုဠ် မြန်မာသာသနာ

ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်ပြုပြီးနောက် သီဟိုဠ်သည် ဗုဒ္ဓသာသနာရှေးဦးစွာ အထွန်းတောက်ဆုံးဖြစ်ခဲ့သည်။ တတိယသင်္ဂါယနာတင်စဉ်

ရှင်မဟာမဟိန္ဒသည် ၁၂ ဝါရ၍ တန်ခိုးအဘိညာဉ်ရ ရဟန္တာမြတ်တစ်ဆူဖြစ်တော်မူနေပြီဖြစ်၏။ ရှင်မဟိန္ဒပေးခဲ့သော သာသနာပြုသင်ခန်းစာ အကျဉ်းချုပ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁။ သာသနာပြုပုဂ္ဂိုလ်သည် သီလ၊ သမာဓိ၊ ပညာပြည့်သော အရိယတပည့်တော်ဖြစ်ရုံမျှမက တန်ခိုးဣဒ္ဓိပါဒ်များပါ ပြည့်စုံမှ ပို၍ခရီးရောက်အောင်မြင်ခြင်း၊ ဝါ . . . ပဋိပတ္တိနည်းဖြင့် ဦးစွာသာသနာပြုမှ အောင်မြင်ခြင်း။

၂။ အတန်အသင့် ပဋိပတ္တိ အရည်အသွေးများပြည့်စုံလာလျှင် (သီဟိုဠ်သာသနာ၌ကဲ့သို့) ပရိယတ္တိကိုပါ ပူးတွဲကျင့်ဆောင်ရ၏။ ပရိယတ္တိဆိုရာတွင်လည်း ဘာသာစာပေတစ်ရပ်သဘောမျှလောက် လေ့လာရုံမျိုးကို မဆိုထားဘိ၊ သာမန်စာသင်စာချခြင်းမျိုးနှင့်လည်း မလုံလောက်စင်စစ် ဝိနည်းအဓိက ပရိယတ္တိကို ထူထောင်ရပေလိမ့်မည်။

ရှင်မဟာမဟိန္ဒမထေရ်ပေးခဲ့သော သာသနာနယ်ပယ်သစ်တိုးချဲ့တည်ဆောက်ခြင်း၊ သင်ခန်းစာက လေးနက်လှပေ၏။ ယင်းသို့သာသနာနယ်ပယ်သစ်ဖွင့်ရာမဆိုထားဘိ လက်ရှိသာသနာတည်ဆဲဒေသများတွင်လည်း ပရိယတ်၊ ပဋိပတ် မူရ တာဝန်နှစ်ရပ်စလုံး မထမ်းဆောင်နိုင်ပါက ရေရှည်တည်တံ့ရန်မဖြစ်နိုင်ချေ။ ဗုဒ္ဓဘာသာဝင်တစ်ဦးချင်း၏သန္တာန်တွင်လည်း ဤအရည်အချင်းနှစ်မျိုး (တန်သလောက်) မပြည့်စုံလျှင် ဖြန့်ချိနိုင်သောအင်အား၊ ရပ်တည်နိုင်သောအင်အားများ ချိနဲ့လျက်ရှိနေပေမည်။

ဤနေရာ၌ အထူးမှတ်သားခွင့်ရသည်မှာ-

လူမျိုးတစ်မျိုးက အခြားလူမျိုးတစ်မျိုးထံ သာသနာ့အမွေ လွှဲပြောင်းဖြန့်ချိကြရာ၌ ပေါင်းကူးပေးရုံမျှသာတတ်နိုင်၏။ ဆက်လက်တည်တံ့ပြန့်ပွားရာမှာ ဒေသခံလူမျိုးထဲကပင် ခူရနှစ်ဖြာ စာပေနှင့်လက်တွေ့ပြည့်စုံအောင် ဆည်းပူးကာ ကိုယ့်အမျိုးကိုယ်ပြုနိုင်မှသာလျှင်ဝေါဟာရဓလေ့ ထုံးတမ်းကအစ ကျွမ်းကျင်ပြီးဖြစ်၍ ခရီးပေါက်နိုင်လေသည်။

(သာသနာ - ၂၈၃) တွင် အရှင်မဟာမဟိန္ဒထေရ်မြတ်ဆည်း သက်တော် (၇၀)၊ ဝါတော် (၆၀) အရ၊ မိဿကစေတီယတောင် (မဟိန္ဒလေ့ တောင်) ၌ ဝါကပ်တော်မူရင်း သီတင်းကျွတ်လဆန်း ၈ ရက်နေ့ အရုဏ် နှင့်အတူ ပရိနိဗ္ဗာန်ပြုတော်မူသည်။

သီဟိုဠ်ကျွန်း၌ အရှင်မဟာမဟိန္ဒထေရ်ကြီးကို ထောက်ထား ၍ ဒုတိယမြောက်သာသနာပြုသူမှာ အရှင်မဟာဗုဒ္ဓဃောသဟုပင် ဂုဏ်ယူကြကုန်၏။

သင်္ဂါယနာသုံးတန်ပြီးသော ဘုရားဟောဒေသနာတော်များ နှင့် အရှင်သာရိပုတ္တရာစသော သံဂါယနာတင်မထေရ်ကြီး အဆက်ဆက် တို့၏ ဒေသနာအစီအစဉ်တို့နှင့် အနက်အဓိပ္ပါယ်ဖွင့်ချက် (အဋ္ဌကထာ) များအားလုံးကို အရှင်မဟာမိန္ဒမထေရ်က ဤနိုင်ငံမှ သီဟိုဠ်ကျွန်းသို့ ယူဆောင်သွားသည်။ သီဟိုဠ်ကျွန်းသို့ ရောက်သောအခါ ကျွန်းသား တို့နားလည်စေရန် သီဟိုဠ်ဘာသာဖြင့် စီရင်ရေးသားထားရာ သန့်ရှင်း စင်ကြယ်သည့် "သီဟိုဠ်အဋ္ဌကထာများ" သီဟိုဠ်ကျွန်း၌ဖြစ်ပေါ်နေ ပေပြီ . . .။

"ငါ့ရှင် . . . ဃောသက . . . သင်သည် သီဟိုဠ်ကျွန်းသို့ ကူးသွားပြီးနောက် ထိုသီဟိုဠ်အဋ္ဌကထာများကို "မာဂဓဘာသာ" (ပါဠိ) ဖြင့် ပြန်ဆိုချေပါ။ ထိုသို့ပြန်ဆိုနိုင်လျှင် ငါ့ရှင်၏ မာဂဓဘာသာပြန် အဋ္ဌကထာကျမ်းများသည် တစ်လောကလုံးအတွက် အကျိုးသက်ရောက် ဖြစ်ထွန်းရန်ရှိပေသည်။

ထိုသို့ အရှင်ဗုဒ္ဓဃောသအား ဥပဇ္ဈာယ်ဆရာ၏ တိုက်တွန်း ချက်အရ သီဟိုဠ်မဟာနာမမင်းလက်ထက် (သာသနာ ၉၅၃ - ၉၇၅) တွင် အိန္ဒိယမှ သီဟိုဠ်သို့ကြွတော်မူခဲ့သည်။ သီဟိုဠ်သို့ရောက်သောအခါ ထေရဝါဒမထေရ်မြတ်များ သီတင်းသုံးရာ မဟာဝိဟာရကျောင်းတော် ကြီး၏ တောင်ဘက် မဟာပဓာနာယတခေါ် ကမ္ဘဋ္ဌာန်းကျောင်းတိုက် ကြီး၏ နာယက အရှင်သံဃပါလစသော မထေရ်ကြီးများအထံတော်၌ ထေရဝါဒပါဠိတော်များနှင့် (မဟာအဋ္ဌကထာ၊ မဟာပစ္စရီအဋ္ဌကထာ၊

ကုရုန္ဒီအဋ္ဌကထာ ဟူသော) သီဟိုဠ်အဋ္ဌကထာကြီး (၃) စောင်ကို သင်ယူ၏။ ထိုသို့ ကြားနာသင်ယူပြီးနောက် -

"ဤသည်သာလျှင် မြတ်စွာဘုရားရှင်၏ အလိုတော်ဖြစ်သည်" ဟု အားရကျေနပ်စွာ ဆုံးဖြတ်ချက်ချလေသည်။ မဟာဝိဟာရကျောင်းတိုက်ကြီးအတွင်း သံဃာတော်များကို စည်းဝေးစေတော်မူပြီး -

"ကျေးဇူးတော်ရှင် အရှင်မြတ်များဘုရား၊ သီဟိုဠ်အဋ္ဌကထာများကို မာဂဓဘာသာပြန်ဆိုရေးသားနိုင်ရန် တပည့်တော်အား ပိဋကပေစာများ ငှားရမ်းမစ၊ ကြည့်ရှုခွင့်ပေးတော်မူကြပါ" ဟု လျှောက်ထားချက်အရ သံဃာတော်များက အရှင်ဃောသ၏ ဉာဏ်ရည်ကို စမ်းသပ်တော်မူကြသည်။

"သီလေ ပတိဋ္ဌာယ နရော သပညော" စသော ဂါထာနှစ်ပုဒ်ကို ပေးပြီး-

"ငါ့ရှင်ဗုဒ္ဓဃောသ . . .၊ ဤဂါထာပါဠိတော်နှစ်ပုဒ်တို့၌ သင်၏ စွမ်းရည်ကို ပြဦးလော့၊ ထို . . . သင်၏ရေးသားချက် စွမ်းရည်ကို ကြည့်ဦး ပြီးမှသာလျှင် ပိဋကတ်ပေစာအားလုံးကို သင့်အားပေးကြသည်။" ဟု ပြန်လည်မိန့်တော်မူကြသည်။

အရှင်ဃောသလည်း သံဃာတော်တို့၏ အမိန့်အရ အဋ္ဌကထာနှင့်တကွ ပိဋကသုံးပုံလုံး၏ အနှစ်သာရမှန်သမျှကို ထိုဂါထာနှစ်ပုဒ်အတွင်းသို့ အကျဉ်းထည့်သွင်း၍ "ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာ"အမည်တပ်ကာ ပထမဆုံးသော အဋ္ဌကထာကို စီရင်တော်မူသည်။

အဋ္ဌကထာနှင့်တကွ ပိဋကတ်သုံးပုံသည် စာသင်သားတစ်ထောင်လျှင်တစ်ဦး ကျမ်းပေါက်သင်ယူနိုင်သူမရှိသလောက်ဖြစ်လေရာ "ဝိသုဒ္ဓိမဂ်"ကို ဦးစွာသင်ယူပို့ချနိုင်ကြပါလျှင် ထေရဝါဒသာသနာတော်သည် ပို၍ခိုင်မာကျစ်လျစ်ကာ အနှစ်သာရပြည့်ပြည့်ရပ်တည်နိုင်ရန် အကြောင်းများစွာရှိလေသည်။

သီဟိုဠ်ကျွန်း အရှင်မဟိန္ဒထေရ်မြတ်ပြုစုပျိုးထောင်တော်မူ သော ထေရဝါဒပင်မ ဗုဒ္ဓသာသနာနှင့်ဆက်လက်ရှင်သန်အောင်

ဆောင်ရွက်သော အရှင်ယောသ(ဝဋ္ဋဂါမိမင်းလက်ထက်အထိ)နှစ်ပေါင်း ၂၀၀ ကျော်တိုင်အောင် တရှိန်တည်းဖွံ့ဖြိုးတိုးတက်ခဲ့သည်။

ဝဋ္ဋဂါမိမင်းသည် စတုတ္ထသံဂါယနာတင်၍ ထင်ရှားခြင်းဖြစ်ပြီး မဟာဝိဟာရသံဃာတော်များကို ကြည်ညိုအားပေးသူမဟုတ်ချေ။ ထို့ကြောင့် အရှင်ဒဿသမထေရ်မြတ်၏ ခေတ်နှောင်းပိုင်းတွင် သာသနာအနှစ် ၁၀၀ မတိုင်မီ ထေရဝါဒမှဖဲကြဉ်ထားသော ရဟန်းများ၊ တတိယသင်္ဂါယနာတင်အံ့ဆဲဆဲ အလဇ္ဇီ၊ ဒုဿီလရဟန်းများစု စည်းမိကြပြီး ယောဂါစာရဂိုဏ်းကြီးတည်ထောင်ကြတော့သည်။

ထိုဂိုဏ်းသည် တန္တရ၊ မန္တရမှ ဝဇီရယာနတိုင်အောင် သမာဓိအာရုံနိမိတ်ကို အခြေခံရာမှ

ဂါထာ
မန္တန်
အင်းအိုင်
ခါးလှည့်
လက်ဖွဲ့
မှော်သိဒ္ဓိ
အဂ္ဂိရတ်
ဓာတ်လုံး

စုန်း၊ နတ်၊ ကဝေ၊ ပယောဂပညာအထိ လျှို့ဝှက်တန်ခိုးများကို အသုံးပြုကြသည်။ ထိုအခါ ဘုန်းကြီးနတ်ကတော်၊ မှော်ဆရာများ ပေါ်ပေါက်ဖြစ်ထွန်းလာခြင်းကြောင့် သဗ္ဗတ္ထိဝါဒစသော သဘောတရားသမားများသည် ခုခံနိုင်စွမ်းမရှိတော့ပဲ။ သဗ္ဗတ္ထိပိဋကများလည်း စုမတြ၊ ဂျားဘားကျွန်းများကိုကျော်ဖြတ်ကာ ဗာရှုတ်ပြည်၊ ဂျပန်ပြည်ဘက်သို့ နယ်သစ်ဖွင့်ခဲ့ကြသည်။

အိန္ဒိယတစ်နိုင်ငံလုံးလည်း ဝါးအစည်းပြေကာ မင်းစဉ်မင်းဆက်၊ ဆက်စပ်၍ မရအောင်ဖြစ်ပြီး ဘုန်းကြီးနတ်ကတော်၊ ဘုန်းကြီးမှော်ဆရာ၊ ဓာတ်လုံးဆရာ၊ အင်းဆရာများကို အားကိုးကြတော့သည်။

မဟာယန၊ ဟိနယနဟူသော ဝေါဟာရသည် ထေရဝါဒသာသနာ မည်သည့်ကျမ်းစာများမှာမှ ထွက်ပေါ်လာခြင်းမရှိပဲ ဒုတိယသံဂါယနာတင်မှစ၍ ဂိုဏ်းအချင်းချင်းတိုးစစ်ခံစစ်ပြုလုပ်ကြရာမှ ထွက်လာသော ဝေါဟာရဖြစ်သည်။ အချို့သမိုင်းရေးဆရာတို့သည် သဗ္ဗတ္ထိဝါဒ စသော ဂိုဏ်းများကို ထေရဝါဒနှင့်အတူတူဟုယူဆကာ ထေရဝါဒကို လည်း ဟိနယာနဟု မှားယွင်းစွာဖော်ပြမိနေကြသည်။

အိန္ဒိယနိုင်ငံသည်လည်း မည်မျှနိုင်ငံရေးရှုပ်ထွေးနေသည်နှင့် အမျှ မဟာယာနတို့ကလည်း တစ်နိုင်ငံလုံးလွှမ်းမိုးနိုင်ခဲ့ဟန်တူသည်။ သို့သော် ထေရဝါဒအမာခံဖြစ်သော သီဟိုဠ်နှင့်မြန်မာနိုင်ငံကိုမူ နိုင်ငံတော်ဘာသာအဖြစ်သို့ ရောက်ရှိအောင် မလွှမ်းမိုးနိုင်ခဲ့ပေ။

အေဒီ ၇၀၀၊ ၈၀၀ ရာစုတွင် တိဗက်နှင့်အရှေ့တောင်အာရှ တို့တွင် မဟာယာနများ လွှမ်းမိုးနေခဲ့ရာ၊ သီဟိုဠ်နှင့်မြန်မာတို့က ခုခံနေကြရ၏။ မည်မျှအချိန်ကြာမြင့်စွာခုခံခဲ့ကြရသနည်းဟု ဆန်းစစ်ကြည့်ရပါမူ မြန်မာနိုင်ငံအနေဖြင့် အေဒီ ၁၁ ရာစု (သာသနာ ၁၅၉၉ ခန့်၊ အနော်ရထာ သထုံသိမ်းစဉ်)အထိ အလူးအလဲခံခဲ့ကြရသည်။

## ၂။ မြန်မာသာသနာခေတ်ဦး

မှန်းနန်းရာဇဝင်မပေါ်မီ "မင်းတရားရွှေထီးချောင်း"စသော ချောင်းဟောင်းများ ရာဇဝင်သမိုင်းဟောင်းများတွင်လည်းကောင်း၊ ကာသိတိုင်း သီရိအမတဆရာက သက္ကတဘာသာဖြင့်ရေးသော "ပဗောဓစန္ဒြောဒယ"မည်သော ဂေါတမဘုရား၏ ကျမ်းစာတို့၌လည်းကောင်း ယင်းတို့ကို ထောက်ရှုခြင်းအားဖြင့် မြန်မာတို့သည် သကျသာကီဝင်မင်းမျိုးများဖြစ်ကြောင်း ခိုင်မာစွာသိရှိရမည်ဖြစ်သည်။

တကောင်း အဘိရာဇမှစ၍ ပထမ၊ ဒုတိယမင်းဆက် ၅၀ အုပ်စိုးခဲ့သည်ဆို၏။ ပြူ - ပျူလူမျိုးတို့သည် တကောင်းခေတ်မတိုင်မီ ကပင် မင်းဆက်ပေါင်း ၁၃၉၃ ဆက်အထိ ရှိပြီးဖြစ်ကြောင်း ရာဇဝင်

တော်ကြီးများ၌အတိအလင်းဖော်ပြပါရှိလေရာ တကောင်းသည် ခရစ်မပေါ်မီ အနှစ် ၆၀၀ ရာစု ဗုဒ္ဓလက်ထက်တော်က မြို့တော်ဖြစ်ကြောင်း ယူဆကြလေသည်။ ထို့ကြောင့် "မြန်မာအစ၊ တကောင်းက"ဟုဆိုသင့်ကြသော်လည်း "လူသားအစ မြန်မာက"ဟု ဂုဏ်ယူမှတ်တမ်းပြုရမည်သာဖြစ်ကြောင်း ဒေါက်တာသက်လွင် "သမိုင်းကပြောသော ပုဂံ ပုံက ပြောသောသမိုင်းစာအုပ်တွင် ၂၀၀၅ ခု ဒီဇင်ဘာ ၂၆ ရက်ထုတ် မြန်မာတိုင်း(အင်္ဂလိပ်စာစောင်)ပါ နှစ်ပေါင်း ၃၇သန်းမှ ကျောက်ဖြစ်ရုပ်ကြွင်းတွေ့ရှိခြင်း ခေါင်းစဉ်ပါသတင်းတစ်ပုဒ်ကို ကိုးကားဖော်ပြထားသည်။

စံတော်ဝင်အရိယာများစာအုပ်တွင်

မြဟ္မဒေသ = ဗရဟာမဒေ့ရ် = ဗရမာ(မွန်အခေါ်) ပရမ်း = (ကမ္ဘောဒီးယားအခေါ်၊ ပြူ = ပြူဂါမ = ပုဂါမ = ပုဂံ)

ဖြုံ = ဖြုဟ္မာ = ဗမာဖြစ်သည်

ဖြုံ = ပြု = ပြူ

မြဟ္မာ = ဗရမ္မာ = ဘရမာ = ဘမာဖြစ်သည် ဟုလည်းဆိုသည်။

"ပြူစောထီး" ဆိုသော ဝေါဟာရ၊ အနော်ရထာစစ်ချီရာ "ပြူကိုးသောင်းနှင့် ပြူမင်းလာသည်" လက်ျာမင်းနန် (မဟာဗောဓိကျောက်စာ အေဒီ ၁၂ ရာစု)က "ပြူစာသိန်းမင်း"စသဖြင့် အထောက်အထားများတွေ့ရှိရသည့်အပြင် ရာဇကုမာရကျောက်စာရေးထိုးချိန် (မြန်မာ-၄၇၅၊ အေဒီ ၁၁၆၃ ခန့်) အထိတည်ရှိနေဆဲသော ပြူလူမျိုးများအစုလိုက်အပြုံလိုက်ပျောက်ခြင်းမလှပျောက်ဆုံးသွားခဲ့သည်။ အစုလိုက်ပျောက်ကွယ်သွားသော ပျူလူမျိုးများကို ထည့်သွင်းစဉ်းစားရာ၌ ပြူဟူသည် မြန်မာများပင်ဖြစ်သည်"ဟု ပုဂံကျောက်စာအချို့တွင် မြန်မာ(ဝါ)ဗြမ္မာလူမျိုးအမည်ကို ရေးထိုးဖော်ပြမှုလည်းရှိသည်။ ၆၆၁ ခုနှစ် မလတ်ကြီးစွာ သိမ်ကျောင်း၊ ကျောက်စာတွင် "ဗြုံမှာလဲ ၂၀၊ တန်လိုင်မှာလဲ ၅၀"ဟု ရေးထိုးထားသည်။ ဗြုံမှာလဲ ဆိုသည်မှာ ဗမာမိုင် လယ်

၂၀၊ တန်လိုင်လဲ ၅၀ ဆိုသည်မှာ တလိုင်းလူမျိုးပိုင် လယ် ၅၀ ကို ဆိုလိုသည်။ သရေခေတ္တရာမြို့ပျက်သောအခါ၊ ယင်း၏ နောက်ဆုံးမင်းဖြစ်သော သုပညာနာဂရဆန္ဒ၏ တူတော်စပ်သူ သုမဒ္ဒရာဇ်မင်းက ပျူလူမျိုးများ၏ ဒေသ(ပျူဂါမ)ဒေသရောက်ရှိ မင်းဆက်တည်ထောင်သည်။

သမုဒ္ဒရာဇ်မင်းကား ပုဂံ ၁၉ ရွာကိုတည်တောင်ပြီး ထိုမင်းသည် ပျူစကားပြော၊ ပျူစာများရေးသားကာ ပုဂံသို့ ဗုဒ္ဓဘာသာအမြင်အခြားဂိုဏ်းပေါင်းစုံရောယှက်ကာ ဘာသာပေါင်းစုံဖြင့် အေဒီ ၁၀၇ နှစ် သရေခေတ္တရာမှ ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်သည်။

ပျူစာပေနှင့် မြန်မာစာပေတို့မှ ခွဲခြား၍မရနိုင်ပါ မြန်မာစာပေသည် ပျူစာပေမှ အများဆုံးဆင်းသက်လာသည်။ ပုဂံ ရာဇကုမာရကျောက်စာတွင် ပျူစာပေတစ်မျက်နှာ၊ မြန်မာစာပေ တစ်မျက်နှာပါဝင်သည်။

ထိုစာပေကို လက်ရှိ ပျူစာပေ၊ မွန်စာပေ၊ သက္ကတစာပေ၊ ပါဠိစာပေများနှင့် ပိုမိုကောင်းမွန်အောင် အနော်ရထာက တီထွင်ခဲ့ခြင်းလေလောဟု ဒေါက်တာသက်လွင်က ပုဂံကပြောသောသမိုင်းတွင် စာရေးသူကိုယ်တိုင် ထင်မြင်ယူဆချက်ကိုဖော်ပြထားသည်။

ဤနေရာတွင် စဉ်းစားမိရာ၌ သမုဒ္ဒရာဇ်မင်းသည် ထေရဝါဒ ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်ကြောင်း၊ သရေခေတ္တရာမြို့ဟောင်းတူးဖော်မှုများက မည်မျှပင်သက်သေပြနေပါမူ ထိုခေတ်ထိုအချိန်သာမက ဘုရားရှင်လက်ထက်ကာစ ဂိုဏ်းဂဏပေါင်းစုံတို့က ထေရဝါဒကို နည်းမျိုးစုံတိုးဝှေ့တိုက်ခိုက်မှုခံနေရခြင်းပင် မဟုတ်ပါလော။

ပုဂံမင်းဆက်များတွင် သမုဒ္ဒရာဇ်မင်းမှ အနော်ရထာအထိ မင်းဆက် (၄၂) ဆက်၊ ထိုမင်း၏နောက်မှ (၁၃) ဆက်၊ စုစုပေါင်း (၅၅) ဆက်စိုးစံခဲ့လေရာ အနော်ရထာနန်းဆက်အရှည်ဆုံးဖြစ်သည်။ အနော်ရထာမတိုင်မီမင်းများသည် သက္ကတနှင့် ပါဠိစာပေအများဆုံး သုံးစွဲခဲ့ကြသည်။

ယင်းသို့သုံးစွဲခဲ့ရာ အနော်ရထာခေတ်ကျမှသာ ထေရဝါဒဗုဒ္ဓ

ဘာသာ အထွန်းတောက်ဆုံးဖြစ်ခဲ့ခြင်းသည် အနော်ရထာမည်ကဲ့သို့ ဆောင်ရွက်ခဲ့သနည်း။ မည်ကဲ့သို့လုပ်ဆောင်ခဲ့ပါသနည်း။ ဤသို့ဖြင့် ပုဂံခေတ်ဦးမှ စတင်ကြရပေလိမ့်မည်။

## ပုဂံရှာဖွေခြင်း



ပျူတို့နေထိုင်ရာ တကောင်းမြို့အနီးတွင် ပျူဂါမဒေသ (ပုဂံ) တစ်ခုရှိသည်။ တကောင်း၊ ပုဂံ၊ သရေခေတ္တရာတို့သည် ဧရာဝတီမြစ်ဘေးတွင် တည်ရှိသည်။ မြို့များ၏ ရေလမ်း၊ ကုန်းလမ်းများ တည်ရှိသောကြောင့် တကောင်းမြို့အနီးမှ (ပုဂံ)၊ သရေခေတ္တရာ - ပျူဂါမ ပုဂံသို့ ကူးလူးဆက်သွယ်ခဲ့ကြသည်။

သမုဒ္ဒရာဇ်မင်းမှာ သရေခေတ္တရာ မင်းမျိုးသရေခေတ္တရာ မင်းဆက်ဟု ရာဇဝင်တွင်အတိအကျရေးသားခဲ့ကြသည်။ ပုဂံရာမသို့ မရောက်မီ သာသနာသက္ကရာဇ် (၁၀) ခုတွင် ဒွတ္တတောင် စတင်တည်

ထောင်ခဲ့သော သရေခေတ္တရာနိုင်ငံတော်သည် နှစ်ပေါင်း (၅၂၇) နှစ် အကြာ မင်းဆက် (၂၅) ဆက်ဖြင့် သာသနာသက္ကရာဇ် ၆၃၈ ခုနှစ် တွင်ပျက်စီးခဲ့သည်။

သရေခေတ္တရာကို "ကျက်သရေရှိသောယာမြေ" ဟု အဓိပ္ပါယ် ဖွင့်ဆိုကြသည်။ ရှေးဟောင်းသုတေသနက သရေခေတ္တရာမြို့ဟောင်း ကို တူးဖော်ခဲ့ရာ မြို့ရိုးအရှည် ၈ မိုင် ၅ ဖာလုံ၊ အနောက်ခြမ်းမြို့ရိုး အချေရဲ့နေရာအမြင့် ၁၆ ပေရှိပြီး ကျုံးနေရာသည် ယခုလယ်ကွင်းများ ဖြင့် မြောက်လတ္တီတွဒ် ၁၈˚ ၅၀' နှင့် လောင်ဂျီတွဒ် ၉၅˚ ၂၀' တွက် တည်ရှိခဲ့သည်။

လူတွင် "အမျိုး" ဟု ဆိုရိုးရှိခဲ့ကြသည်။ ဆွေ (၇) ဆက်၊ မျိုး (၇) ဆက်စသဖြင့် ဘိုးဘွား၊ ဘီဘင်၊ သားသမီး၊ မြေး၊ မြစ်၊ တီတွတ်၊ ကျွတ်ဆပ်ဟု ခေါ်ဆိုခဲ့ကြရာ ဤနေရာတွင် ပုဂံသည် မြေး၊ သရေ ခေတ္တရာသည် သား၊ တကောင်းသည် အဘိုးဖြစ်သည်။

တကောင်းကို စတင်သော ဒွတ္တဘောင်မင်းကြီးမှစ၍ -

| | | |
|---|---|---|
| ၁။ | ဒွတ္တဘောင်မင်းကြီး | |
| ၂။ | သား | ဒွတ္တရန် |
| ၃။ | သား | ရန်ဘောင် |
| ၄။ | သား | ရန်မန် |
| ၅။ | သား | ရက္ခနဲ |
| ၆။ | သား | ခဲလောင်း |
| ၇။ | သား | လကျိုင် |
| ၈။ | သား | သီရိခွန် |
| ၉။ | သား | သီရိရာဇ် လက်ထက်မှ စ၍ |

တကောင်းမင်း မျိုးပြတ်ခဲ့သည်။

| | | |
|---|---|---|
| ၁၀။ | ရသေ့မြို့သား | ငတပါး(မင်းမျိုးမဟုတ်သူ) |
| ၁၁။ | သား | ပါပိရန် |
| ၁၂။ | သား | ရန်မုက္ခ |

| | | |
|---|---|---|
| ၁၃။ | သား | ရန်သိခ် |
| ၁၄။ | သား | ရန်မုဠလိန္ဒ |
| ၁၅။ | ညီ | ဘေရိန္ဒ |
| ၁၆။ | သား | မုဠ |
| ၁၇။ | သား | ပုဏ္ဏ |
| ၁၈။ | ညီ | သာခ |
| ၁၉။ | သား | သာသိ |
| ၂၀။ | ညီ | ကန္ဒ |
| ၂၁။ | နောင်တော် | ကန်တက် |
| ၂၂။ | ညီ | ဘဇ္ဇ |
| ၂၃။ | တကောင်းမင်းမျိုးအနွယ် | သုမုန္ဒြီ |
| ၂၄။ | သား | အတိတျာ |
| ၂၅။ | ညီ | သုပညာဂရဆိန္ဒလ |

မင်းများစိုးစံခဲ့ရာ ဇေတပါးမင်းမျိုး (၁၃) ဆက်တွင် မင်းဆက်ပြတ်၍ သာသနာတော် (၆၁၇) ခုတွင် တကောင်းမင်းရိုးဖြစ်သော သုမုန္ဒြီမင်း မင်းဖြစ်၏။ ၄င်းသား အတိတျာ၊ ၄င်းညီ သုပညာနာဂရဆိန္ဒ။ ဤမင်း တွင် မြို့ပျက်လေသည်။ မင်းပေါင်း (၂၅) ဆက်တည်းဟု (၁၃၂၁ ခု၊ မန္တလေးမြို့ ရတနာဒီပံ ပိဋကတ်ပုံနှိပ်တိုက်ထုတ် စွယ်စုံကျော်ထင်ကျမ်း ပဌမအုပ် စာမျက်နှာ ၁၀၂ ပါ ကျည်းကန်ရှင်ကြီး၏ အမေးပုစ္ဆာ ၉၇ တွင် ဇိနတ္ထပကာသနီကျမ်းပြု ကျီးသဲလေးထပ်ဆရာတော်ကြီးက ဖြေ ဆိုထားသည်။)

တကောင်းမင်းရိုး သုမုန္ဒြီ၏ညီ သုပညာနာဂရမင်းလက်ထက် တွင် သရေခေတ္တရာနိုင်ငံတော် ပျက်စီးခဲ့၏။ ထိုသို့ပျက်စီးသောအခါ ပျူလူမျိုးများက ဧရာဝတီမြစ်ကိုဖြတ်ခါ ပန်းတောင်းအမည်ရှိ မြို့ကို တည်စေပြီး ယင်းမှတစ်ဆင့် အေဒီ ၁၀၇ တွင် ပုဂံစတင်ခဲ့သည်။

သရေခေတ္တရာမြို့ပျက်သည်တွင် ပြူ၊ ကမ်းယံ၊ မြန်မာသုံးစုကွဲ ၍ တစ်ခုကို ကျပင်းသူကြီး၊ တစ်ခုကိုသက်၊ တစ်ခုကိုကား နဂရဆိန္ဒမင်း

၏ တူတော် သမုဒ္ဒရာဇ်မင်းယူ၍ တောင်ညိုတွင် ၃ နှစ်၊ ပန်းတောင်း မြို့တွင် ၆ နှစ်၊ မင်းတုန်းမြို့တွင် ၃ နှစ်နေပြီးမှ ဖြိုကြွင်းသက္ကရာဇ် ၂၉ ခုရောက်သောအခါ၊ ညောင်ဦးနဂါးဘိုစသော ၁၉ ရွာကို ခြံပြီးလျှင် ယုန်လွှတ်ကျွန်း၌ အရိမဒ္ဒနာ ပေါက္ကာရာမဟု သမိုက်၍ ၄၅ နှစ်မင်းပြု ၏။

ငင်းနောက် ရသေ့ကြောင်မင်း ၁၅ နှစ်၊ ပြူမင်းထီး ၇၅ နှစ်၊ ထီးမင်းယဉ် ၅၇ နှစ်၊ ယဉ်မင်းပိုက် ၂၅ နှစ်၊ ပိုက်သေးမင်းလည်မင်း ၂၀ နှစ်၊ ဤအရိမဒ္ဒနာမြို့၌ မင်း ၆ ဆက်၊ နှစ်ပေါင်း ၂၃၇ နှစ်။

သာသနာတော် ကာနှစ်၊ သက္ကရာဇ် ၂၆၆ ခုနှစ်တွင် သေဉ် လည်ကြောင်မင်းဖြစ်၏။ ထိုအခါတည်ရင်း ၁၉ ရွာကို ဖျက်၍ လောက နန္ဒာအရပ် သီရိပစ္စယာမည်သော မြို့ကိုတည်ထောင်၍နေ၏။ ရတနာ မိုးသုံးကြိမ်ရွာ၏၊ မဟာဂီရိနတ်မောင်နှမရောက်၍ ပုပ္ပါးတောင်တွင် ထားလေ၏။ မင်းစည်းစိမ် ၄၄ နှစ်၊ ထို့နောက်ကြောင်ဒူရစ်မင်း ၂၅ နှစ်၊ သည်ထန်မင်း ၂၆ နှစ် မုက္ခမာန်မင်း ၃ လ၊ သူရဲမင်း ၅၅ နှစ်၊ သာရမွန်မင်း ၁၇ နှစ် သီရိပစ္စယာမြို့တွင် မင်း ၆ ဆက်၊ မြို့သက် ၁၆၇ နှစ်) စွယ်စုံကျော်ထင်၊ တွဲ ၁၊ စာ ၄၉

## ပုဂံအစ (၁၉)ရွာက

| စဉ် | မှန်နန်းရာဇဝင် | ဦးကုလားရာဇဝင် | ယခုအခေါ်အဝေါ် |
|---|---|---|---|
| ၁။ | ညောင်ဦး | ညောင်ဦး | |
| ၂။ | နဂါးဘို | နဂါးစိုး | |
| ၃။ | နဂါးကြစ် | နဂါးကျစ် | |
| ၄။ | မန်ကျည်းကြီး | မကျည်းကျီ | |
| ၅။ | တူးတည် | ထူတည် | စကယ် |
| ၆။ | ကောက်စကား | ကျောက်စကား | |
| ၇။ | ကုတ်ကဲသိမ် | အုတ်ထဲသိမ် | |

| | | | |
|---|---|---|---|
| ၈။ | ညောင်ဝန်း | ညောင်ဝန်း | |
| ၉။ | အဘိုရာစ | အဒုရာဝ | မြင်းကပါ |
| ၁၀။ | တန်းဆောင်းကွန်း | တန်းဆောင်းကွန် | တဆောင်ကွန်း (မြင်းခြံနယ်) |
| ၁၁။ | ရွာမုန်း | ရွာမုံ | လက်ပံခြေပေါ် |
| ၁၂။ | ကြွင်လို | ကြွင်လို | |
| ၁၃။ | ကုက္ကို | ကုက္ကို | |
| ၁၄။ | တောက်ပ | တောက်ပ | တောင်သာ |
| ၁၅။ | မြေခွဲတွင်း | မြေခဲတွင်း | မြေသင်းကွင်း |
| ၁၆။ | သရက်ရ | သရက်ရ | သရက်ရ |
| ၁၇။ | အုံးမျှား | စဥ့်ကူး | အုံမျှား |
| ၁၈။ | ယုံလွှတ် | ယုန်လွှတ် | ယုန်လွှတ်ကျွန်း |
| ၁၉။ | ရွာစိုက် | ရွာစိုက် | ဖွားစော |

ပုဂံ (၁၉)ရွာတွင်၊ ပုဂံအမည်မပါဝင်ပါ၊ သို့သော် ဒေသတစ်ခု၏ နာမည်ဟုသာ မှတ်သားရမည်ဖြစ်သည်။ တိုရွာများတွင် ပျူများနေထိုင်ရာ ဈေးရှိသောအရပ်ဟု ဆိုသည်။

လူမျိုးတိုင်းသည် ဘာသာ၊ သာသနာ၊ စာပေ၊ ယဥ်ကျေးမှုရှိစမြဲဖြစ်သည်။ ဤသို့ဆိုလျှင် အေဒီ ၁၀၇ ခု ပုဂံ(၁၉)ရွာကို စုစည်းတည်ထောင်သော သမုဒ္ဒရာဓိမင်းသည် ပျူစာကိုရေးသည်။ ပျူစကားပြောမည်၊ ထို့ကြောင့် ဗုဒ္ဓဘာသာကို ပုဂံသို့ ဦးစွာပြန့်ပွားစေသူမှာ အနော်ရထာမဟုတ်နိုင် သမုဒ္ဒရာဓိမင်းနှင့် ပျူစောထီးတို့သာဖြစ်ပေမည်ဟု "သမိုင်းကပြောသော ပုဂံ"စာအုပ်တွင် ဒေါက်တာသက်လွင်ကရေးသားဖော်ပြထားသည်။ ဆက်လက်၍ ပျူစာပေကိုကြည့်ခြင်းအားဖြင့် မြန်မာစာပေသည် ပျူစာပေမှ အများဆုံးဆင်းသက်လာသည်။ ဤသို့ဆိုလျှင် မြန်မာနှင့်ပျူတို့သည် သီးခြားလားဟု စဥ်းစားစရာဖြစ်နေပြန်သည်။

## ပုဂံစာပေ ဘယ်ကလာ

မြန်မာစာပေသည် ပျူနှင့်ပါဠိစာပေမှ အများဆုံးဆင်းသက်လာသည်။ ပုဂံ-ကူနီဘုရားအလှူတော်စာရင်းကျောက်စာတွင် (ကြိယ်ကြာကြီ ၁) သုတေသနပြုသူများက (ကြေးကရားကြီးတစ်)ဟု ပြန်ဆိုကြသည်။ ပါဠိစာပေ၊ သက္ကတစာပေများ သရေခေတ္တရာမှ စတင်အသုံးပြုလာကြရာ ယင်းမှ ပြေးလာသောမင်းသည်လည်း သက္ကတ၊ ပါဠိစာပေများကို ပုဂံတွင် ဆက်လက်အသုံးပြုမည်ဖြစ်သည်။

အနော်ရထာမတိုင်မီ သုဝဏ္ဏဘူမိ(သထုံ)သည် ယဥ်ကျေးမှုထွန်းကားနေသော နိုင်ငံဖြစ်ပြီး သီဟိုဠ်ကျွန်းမှ ရှင်ဗုဒ္ဓဃောသ အရှင်မြတ်က ပိဋကတ်သုံးပုံကို သီဟဠဘာသာမှ မာဂဓဘာသာသို့ရေးသားယူဆောင်ခဲ့ကြောင်း ထို့ကြောင့် သာသနာနှစ် ၉၃၀ လောက်တွင် သထုံ၌ (မာဂဓဘာသာ)ပါဠိဘာသာ အရေးအသားတို့မှာ အမြစ်တွယ်နေပြီဖြစ်သည်။ ဤသည်မှစ၍ သထုံပြည်၏ အရေးအသားအက္ခရာများလည်း ပုဂံနေပြည်တော်တွင် အသုံးဝင်လာတော့သည်။

(ပုဂံရာဇဝင်တွင် ထွန်လတ်မင်းနန်းစံ၊ ၁၄ နှစ်မြောက်မှ ကွမ်းဆော်မင်းနန်းမတက်မီ ၂ နှစ်ကာလအတွင်း) ရခိုင်၊ ပဏ္ဍပူရ၊ အာသံတို့မှ အင်းအိုင်လဲ့၊ လက်ဖွဲ့မန္တာန်အခြေခံသော၊ တန္တရဘာသာ (TANTRISM) ကို မြန်မာပြည်သို့ ကူးစက်လာသည်။ ယင်းဘာသာဝန်ထမ်းရဟန်းများကို "အရည်း"ဟုခေါ်သည်။ ယင်းတို့သည် နဂါးများကိုးကွယ်မှုကို အားပေးကြပြီး ဂွတ်ပတားခေတ်သုံး အက္ခရာကိုလည်းကောင်း၊ အိန္ဒိယပါလာမင်းသုံး အက္ခရာကိုလည်းကောင်း အသုံးပြုကြသည်။

(ပုဂံရာဇဝင် တောင်သူကြီးမင်းလက်ထက် တပြည်လုံး အရည်းကြီးသာသနာကို ကိုးကွယ်လာကြသည်။ တောင်သူကြီးမင်း နတ်နဂါးကိုးကွယ်မှုသည်လည်း တကောင်းပြည်မောင်ပေါက်ကျိုင်းမှ ဆင်းသက်လာဟန်ရှိသည်။)

သွားပါများခရီးရောက်
မအိပ်မနေ အသက်ရှည်
မေးပါများစကားရ။

ထို့အပြင် -

ထောင်ပေးလို့ဆုပ်
ရာပေးလို့ချုပ်

ချစ်တဲ့သူအရိုး ဆံထိုးလုပ်ဟူသော မင်းသမီး၏ အမေးကို ပေါက်ကျိုင်း၏ဖခင်က လမ်းခရီး၌ ကျေးငှက်တို့စကားမှ အဖြေရရှိ၍ သားဖြစ်သူထံ လာရောက်ပြောဆိုသော ဗွီဒီယိုဇာတ်လမ်းကို သာကြည့်မိသည်။ အထက်၌ ဖော်ပြခဲ့သော "မေးပါများစကားလုံး"များသည် ယနေ့တိုင် လူတို့ပြောဆိုနေကြမြဲ ဖြစ်သည်။

၅ ရာစုနှစ် ဂုတ်ပတားခေတ်သုံး အက္ခရာကို အခြေခံ၍ ၁၀ ရာစုနှစ်တွင် အိန္ဒိယတောင်ပိုင်းခေတ်ဦး ချလုကျန်အရှေ့ပိုင်းနယ်သုံး အက္ခရာများတို့က အသင့်အတင့်ပြုပြင်လိုက်သော မြန်မာအက္ခရာသည်၊ အိန္ဒိယမြောက်ပိုင်းမှရသော သာသနာနှင့်အတူပါလာသည့် အရိယန်စနစ်၊ အိန္ဒိယတောင်ပိုင်းမှရသော ဒရာဗိဒီယံစနစ်တို့ဖြင့် ရောစပ်မွှေနှောက်ပြီးမှ အတည်တကျဖြစ်ထွန်းပေါ်ပေါက် ခိုင်မြဲလာရသောအက္ခရာဖြစ်ကြောင်းဆိုသည်။

၁၉၅၄ ခုနှစ်အတွင်း ယဉ်ကျေးမှုဝန်ကြီးဌာနမှ ထုတ်ဝေသော "မြန်မာနိုင်ငံရှိ အက္ခရာသမိုင်း"စာတန်းငယ်တွင် အောက်ပါအတိုင်း ဖော်ပြပါရှိသည်။

"မြန်မာနိုင်ငံသမိုင်းတွင် ကျန်စစ်သား၏ မွန်ဘာသာစကားဖြင့် ရေးသားထားသော ကျောက်စာများသည် ရှေးအကျဆုံးဖြစ်ကြ၏။ ထိုအခါ၌ မြန်မာတို့သည် မွန်တို့အရေးအသားကို မြန်မာဘာသာစကားနှင့် ဆီလျော်အောင် ရေးသားကြ၍ မွန်တို့ထံမှ တစ်ဆင့်ရသောအရေးအသားနှင့် မြန်မာဘာသာဖြင့် ကျောက်စာများကို ကျွန်ုပ်တို့ရကြ၏။ မြန်မာ့သမိုင်းတွင် အထင်အရှားဆုံးစာ အမှတ်အသားတစ်ရပ်

သည် ပါဠိ၊ ပြူ - ရှေးကျသော မွန်နှင့် မြန်မာ(၄)ဘာသာဖြင့်ရေးသား ထားသော မြစေတီကျောက်စာ ဖြစ်ပါသည်။"

မြန်မာအက္ခရာ အရေးအသားသည် မွန်တို့ထံမှ ရ၍ ကျောက်စာတွင် မြန်မာလိုရေးနိုင်လာသည်။ တဖန်ဆရာကြီးဦးမေ မောင်တင်က ရွှေစည်းခုံ မွန်ကျောက်စာ၊ စာအုပ်နိဒါန်းတွင် -

"ပုဂံမွန်ကျောက်စာများထက် ရှေးကျသော(မွန်)ကျောက်စာ များကို ယိုးဒယားနိုင်ငံ၌တွေ့ရ၏။ ယင်းမှ မြန်မာပြည် မွန်နှင့်မြန်မာ အက္ခရာများ ပေါ်ပေါက်လာကြ၏"ဟု ရေးသားထားရှိပြီး၊ ဆရာကြီး ဦးမေမောင်တင်မှ မွန်အက္ခရာကို အမှီပြု၍ မြန်မာအက္ခရာပေါ်ပေါက် လာရသည်ဟုကား တထစ်ချထုတ်ဖော်ဝန်ခံခြင်း မပြုပေ။

ရန်ကုန်တက္ကသိုလ် ပါဠိအသင်းမဂ္ဂဇင်း (၁၉၅၄-၅၅)ခုနှစ် ထုတ်ဝေသော ရှေးဟောင်းသုတေသနဌာနကြားရေးဝန် ဦးလူဖေဝင်း ၏ ပါဠိဘာသာနှင့် မြန်မာနိုင်ငံဆောင်းပါးအမှတ် (၁) တွင် -

"အနော်ရထာမင်းသည် မိမိကိုယ်တိုင် ရွှေလက်တော်ဖြင့် ရွှံကို သွန်းလုပ်အပ်သော အုတ်ခွက်ဘုရား နံကပ်ဆင်းတု၏ အောက်ခြေတို့ ၌ နာဂရီအက္ခရာဖြင့်လည်းကောင်း၊ မွန်မြန်မာအက္ခရာဖြင့်လည်းကောင်း အောက်ပါ ပါဠိဘာသာ၊ ရစနာဂါထာများကို ဖွဲ့ဆိုရေးသားကြေညာခဲ့ လေသည်။" ဟူ၍ ဖော်ပြထားသောကြောင့် -

မြန်မာအက္ခရာအရေးအသားသည် ကျန်စစ်သားမင်း၏ ခမည်းတော်လက်ထက်တော်ကပင် ရှိနှင့်နေပြီဖြစ်ကြောင်း ထင်ရှားလှ ပေသည်။ အကယ်၍ ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းရေးပညာရှင်များ အယူအဆမှန်ကန်ပါသည်ဟုဆိုလျှင် အနော်ရထာ သထုံကိုသွားရောက် မသိမ်းပိုက်မီကပင် မြန်မာအက္ခရာ အရေးအသားရှိနှင့်ပြီဖြစ်ပါ၏။ ဤသို့ဆိုလျှင် တိကျစွာရေးသားခဲ့သော မှန်နန်းရာဇဝင်စာအုပ်ကြီးကို လည်းကောင်း၊ မြစေတီကျောက်စာထက်စောသော မြန်မာအက္ခရာရေး လက်သဲရှည်ကျောက်စာကိုလည်းကောင်း၊ ကျောက်စာဝန် ဦးလူဖေဝင်း ၏ အထက်ပါရေးသားချက်များကို လေ့လာဖတ်ရှုရသဖြင့် ကျွန်ုပ်တို့

ဆန်းစစ်တွေးတောကြရပေဦးမည်သာ။

ကိုလိုနီခေတ် သမိုင်းဆရာကြီးများ၏ သမိုင်းစစ်၊ သမိုင်းမှန်ဖြစ်သော လွန်ခဲ့သော အနှစ် (၃၀၀) ခန့်နှင့် မှန်နန်းမြန်မာရာဇဝင်တော်ကြီး အေဒီ ၁၈၃၇ တို့တွင် အထင်အရှားမှတ်တမ်းရေးသားထားခဲ့ကြပါ၏။ မည်သူမှန်သည်မှားသည်ကို စာဖတ်သူများ မျှဝေခံစား မှတ်သားကြည့်စေချင်ပါသည်။ မြစေတီကျောက်စာကိုလည်း ယခုခေတ်အက္ခရာဖြင့် ဖော်ပြလိုက်ပါသည်။

၁။ ဂြိ။ နမောဗုဒ္ဓါယ၊ ပုရားအရှင် သာသနာတော်အနှစ် တ
၂။ စ်ထောင်ခြောက်ရာ နှစ်ဆယ်ရှစ်နှစ်လွန်
၃။ လေပြီးရကား၊ ဤအရိမဒ္ဒနပုရ်မည်သောပြည်
၄။ နိုက်အားဂြိ တြိဘုဝနာဒိတျဓမ္မရာဇ်မည်သော မ
၅။ င်းဖြစ်၏၊ ထိုဝ်မင်း၏ ပါယ်မယား - တ
၆။ စ်ယောက်သော်ကား တြိလောကဝဋံ သကာဒေဝီ
၇။ မည်၏။ ထိုဝ် အပါယ်မယားသားတမူလည်း ရာဇ
၈။ ကုမာမည်၏။ ထိုမင်းကား ကျွန်းသုံးရွာ
၉။ တည်း ပါယ်မယားအားပေး၏။ ထိုပါယ်မ-
၁၀။ ယားသေခဲ့ရကား၊ ထိုဝ်ပါယ်မယားတန်ဆန်နှင့် ထို-
၁၁။ ဝ် ကျွန်းသုံးရွာသောနှင့်တည်း ထိုဝ်ပါယ်မယား
၁၂။ သား အသားရာဇကုမာရ် မည်သောအား မင်းပေးတုံ
၁၃။ ၏။ ထိုဝ်မင်း အနှစ်နှစ်ဆယ်ရှစ်နှစ် မင်းမူပြီး၍-
၁၄။ ၏. ဧသခမူနာ သရော်နိုက်တည်း ထိုဝ်ရာဇကု-
၁၅။ မာရ်မည်သော ပါယ်မယားသား မိမိကိုဝ်မွေးသော မင်း-
၁၆။ ကြီးကျေးဇူးအောက်မေ့ရကား ရွှေအတိသော ပုရှားသခင်အ-
၁၇။ အဆင်းပြု၍. ။နှပ်လေသရှောင်တည်း ဤသို့
၁၈။ မိန့်၏။ ဤရွှေပုရှားကား ငါ့သခင်အဖို့ အတို့
၁၉။ ကျွန်ပြုသောတည်း။ ကျွန်သုံးရွာအတို့ ကျွ
၂၀။ န် ငါ့သခင်ပေးသောသည်ကား ဤရွှေပုရှားအား အတို့ကျွ

၂၁။ န်ပေယေ့။ ထိုင်ရှော်တည်း မင်းနှစ်ကြိုက်ရကားကောင်း
၂၂။ လှင့်တည်းကောင်းလှင့်တည်းမိန့်၍၏သင်ကြီး
၂၃။ မဟာထေရ်သင်ကြီး မုဂ္ဂလိ ပုတ္တာတိဿတ္ထေရ်သင်ကြီးသု-
၂၄။ မေပဏ္ဍိတ်။ သင်ကြီးဖြဟ္မပါလ၊ သင်ကြီးဖြဟ္မဒေဝ
၂၅။ သင်ကြီးသောန သင်ကြီး သဃ်သေနဝရပဏ္ဍိ
၂၆။ တ်။ ထိုဝ်သခင်တို့ အမှောက်တည်း မင်းရေသွန်း၏။
၂၇။ ထိုဝ်ပြီးရကား။ ထိုဝ်ရာဇကုမာရ်မည်သော ပါယ်မယားအသား
၂၈။ ထိုဝ်ရွှေပုရှားထာပဉာ၍၏။ ဤရွှေအတွက်မူသော
၂၉။ ကူပြု၏။ ပြုပြီးရကား ဤကူပုရှားလွှတ်
၃၀။ သောရှော်နှိုက်တည်း၊ သက်မုနလွန်တစ်ရွာ၊ ရပါ-
၃၁။ ယ်တစ်ရွာ၊ ဖေဟန်ဗိုင်တစ်ရွာ၊ ဤကျွန်
၃၂။ သုံးရွာရော၍၏၊ ထိုဝ်ရာဇကုမာရ်မည်သောပါယ်
၃၃။ မယားသား ဤကူပူရှားအား ရေသွား၍. ၏. ဤ သို့
၃၄။ မိန့်၏။ ဤငါအမှုကား သဗ္ဗညုတညာ-
၃၅။ ဏ် ပညာရအံ့သော အကြောင်းစေ့တည်။ ငါ့
၃၆။ နောင်အား ငါ့သားလည်းကောင်း၊ ငါ့မြေးလည်းကောင်း ငါ့အဆွေ
၃၇။ လည်းကောင်း၊ သူတစ်ထူးလည်းကောင်း၊ ဤပုရှား
၃၈။ အား ငါလှူခဲ့သော ကျွန်အနှိုပ်အစက်တည်းမူမု
၃၉။ ကား အရိမိတ္တိယာ ပုရှားသခင်အဖူးရစေ။


ဗြိ(သတ္တဋ္ဌ)-သိရီ(ပါဠိ)ကျက်သရေ
ပုရှား-ဘုရား
မောတ်-ရှစ်
ပါယ်- ချစ်အပ်သောပီယ(ပါဠိ)
ကျောန်သုံရွှာဟ်-ကျွန်သုံးရွာ
သိယ်ခမူနာ-သေခါနီး
သုရှောဝ်နှိုက်-အခါနှိုက်

ကျဋ္ဌာ-ကျေးဖူး
ညြက်မိ-အောင်းမေ့
နှပ်လိယ်သုရှောဝ်-ဆက်ကပ်ပေးကမ်းလာသောအခါ
ကောင်းလှေင်တေတ်-ကောင်းလေလျှင်တည်း ကောင်းလေစွ
သင်ဂြိ-သင်္ဃာထေကြီး
အမှောက်-မျက်မှောက်
ပြညာ(သက္ကဋ)-ပညာ(ပါဠိ)
လှော့တ်-လွှတ်-လှူသည်
နှောင်အာ-နှောင်အခါ
မူမုကာ-ပြုမူကား
အဖူးရစေ-မဖူးရစေသတည်း။

မြစေတီကျောက်စာကို ဘုရားဖူးလာရောက်ကြသူများမြင်တွေ့နိုင်ပြီး ပုဂံ၊ မြင်းကပါအရပ်၌ တည်ရှိသည် ဤသို့ဆိုလျှင် မြင်းကပါသည် ပုဂံ၏ အချက်အခြာကျသော နေရာဒေသဖြစ်သည်။

အနော်ရထာမတိုင်မီကာလတွင် အယူဝါဒအမျိုးမျိုး၊ ဂိုဏ်းဂဏပေါင်းစုံတို့ဖြင့် ရှုပ်ထွေးနေခဲ့ယုံမျှမက မြန်မာအက္ခရာ အမျိုးမျိုး၊ မြန်မာစာပေမျိုးစုံတို့ဖြင့် မိမိတို့နားလည်သလိုရေးမှတ်ကြသည်ဟု ယူဆရပေသည်။ မြင်းကပါ၌ရှိသော ကျောက်စာတစ်ခုတွင်လည်း-

"စရီကုလဆေခရ၏တပည့်၊ မလိမန် ဒလမ်နယ်၊ မဂေါဒယာပတ္တနမြို့နေ၊ အိုင်ရာယီရန်စီရီယန်အမည်ရှိသော ဗိသနိုးကိုးကွယ်သူ၊ သူတော်စင်တစ်ဦးသည် အရိမတ္တနမူရမ်ခေါ်၊ ပုကမ်မြို့၌၊ နာနာဒေစီ ဗွင်နာဂရ အလဝါဘုရားကျောင်းတွင် မဒန်ပတခု တည်ဆောက်၍ တံခါးတပေါက်လှူကြောင်း"၊ အရိမတ္တနမူရမ်သည် အရိမဒ္ဒနပူရဖြစ်ပြီး "နာနာဒေစီ ဗွင်နာဂရအလဝါ"မှ နိုင်ငံအမျိုးမျိုးမှ လာကြသူတို့၏၊ ဗိသနိုးနတ်ဘုရားကျောင်းဟု ပညာရှိတို့ ဖွင့်ဆိုထားသည်။ ထို့ကြောင့် ပုဂံ "နတ်လှောင်ကျောင်းသည် ရှေးနှစ်များစွာက အိန္ဒိယကျွန်းဆွယ်ရှိဒေသအသီးသီးမှ ပုဂံသို့လာရောက်နေထိုင်ကြသော



ဗိဿနိုးကို ကိုးကွယ်သူတို့၏ ဆည်းကမ်ရာဌာနဖြစ်ကြောင်းဟု ဆိုနိုင်ပေသည်။ ထိုကျောက်စာကို တမယ်ဘာသာဖြင့်ရေးသည်ဆို၏။

ထို့နောက် မွန်အက္ခရာဖြင့် ရေးသားသော ရွှေစည်းခုံကျောက်စာ၌ -

"သရေခေတ္တရာပြည်ကို ဗိဿနိုးကူညီတည်ဆောက်ပြီးသောအခါ အရိမဒ္ဒနပူရပြည်တွင် သီရိတြိဘဝနာဒိတျဓမ္မရာဇ ဘုရင်ဖြစ်လာလိမ့်မည်"စဖြင့် မြတ်စွာဘုရားက ရှင်အာနန္ဒာထေရ်အား မိန့်ကြားတော်မူပုံများပါရှိသည်။

သရေခေတ္တရာတည်ဆောက်ရာ၌ ရသေ့၊ သိကြား၊ ဂဠုန်၊ ဂဝံပတေ့၊ စန္ဒီ၊ ပရမီသွာ၊ နဂါး ဟူသော သူတော်စင် ၇ ဦးတို့ ကြပ်မတ်တည်ခင်းဆောက်ကြောင်း မြန်မာရာဇဝင်တော်ကြီးတွင် ဖော်ပြထားသည်။ ဤ၌ ရသေ့မှာ ရွှေစည်းခုံကျောက်စာအရ ဗိဿနိုးပင်ဖြစ်ကြောင်း ထင်ရှားသည့်အပြင် အားလုံးသောသူတောင်စင် ၇ ပါးမှာ မြတ်စွာဘုရားမပွင့်မီက ရှိနှင့်သော ဟိန္ဒူဘာသာဆိုင်ရာ ဘာသာရေးလေ့လာဖူးသူတိုင်း သိနားလည်ပြီးပင် ဖြစ်သည်။

တစ်ဖန် မြန်မာ၊ နန်းတော်အိမ်တော်များ၌ လက်ထပ်မင်္ဂလာ၊ ဦးခေါင်းဆေးမင်္ဂလာ၊ နေလပြမင်္ဂလာ၊ မွေးပြီးစကလေး မြေနင်းမင်္ဂလာ၊ ဘိသိက်မင်္ဂလာမှစ၍ ဗြာဟ္မဏတို့သာလျှင် အမျိုးမျိုးသော မင်္ဂလာအခမ်းအနားကျင့်ထုံးများကို ဦးစီးဆောင်ရွက်ခဲ့ကြသဖြင့် ဗုဒ္ဓဘာသာဝင် မြန်မာဘုရင်များသည် ဗြာဟ္မဏဟိန္ဒူတို့၏ ယဉ်ကျေးမှုအရိပ်အာဝါသအောက်တွင် လိုလိုချင်ချင် ခိုလှုံခဲ့ကြောင်း သိသာလွယ်ပေသည်။

တမယ်ဘာသာအက္ခရာဖြင့် ရေးသောကျောက်စာကို ခန့်မှန်းသက်တမ်းတွက်ချက်ယူနိုင်သော ပညာရပ်အရ အဆိုပါ ကျောက်စာသည်။ ၁၃ ရာစုနှစ်က ရေးထိုးစိုက်ထူခဲ့သော ကျောက်စာဖြစ်ကြောင်း HULTZSCH အမည်ရှိ ပညာရှင်ကြီးက ခရစ် ၁၉၀၂-၀၃ ခုနှစ်ထုတ် မြန်မာပြည် ကမ္ပည်းကျောက်စာဆိုင်ရာ အစီရင်ခံစာတွင် ဖော်ပြခဲ့သည်။

## အမှတ်မမှားဖို့ သက္ကရာဇ်ကိုလေ့လာစို့

ဘုရားသာသနာသည် အနှစ် ၅၀၀၀ တည်ရမည်ဟုထားခဲ့ရာ ဘုရားပရိနိဗ္ဗာန်ပြုသည် ၁၄၈ ခုကို ပြု၍ ထိုနှစ်မှ အစပြုကာ သာသနာတစ်နှစ်ဟု အရှင်မဟာကဿပမထေရ်နှင့် အဇာတသတ်မင်းတို့က သတ်မှတ်ခဲ့ကြသည်။ ထို့နောက် တကောင်းပြည်တွင်လည်း အိန္ဒိယမှ အဇာတသတ်မင်းသတ်မှတ်လိုက်သော သာသနာသက္ကရာဇ်ကို ဆက်လက်အသုံးပြုသည်။ သာသနာသက္ကရာဇ် ၁၀၁ ခု၌ ဒွတ္တဘောင်မင်းက သရေခေတ္တရာမြို့ကို တည်ထောင်ပြန်သည်။

မင်း ၉ ဆက်မြောက် သိရိရာဇ်မင်းကြီးနန်းတက်ခဲ့ရာ၊ မင်းကျင့်တရားနှင့်အညီ အုပ်ချုပ်ပြီး သက္ကရာဇ် ၄၄၃ ကို ဖြိုသည် သို့သော် သက္ကရာဇ် မပြိုဟုဆိုသည်။ ထိုမင်းသားသည် အသက် ၁၁ နှစ်တွင် ထီးနန်းရပြီး နန်းစံ ၁၀ နှစ် သက်တော် ၂၀ ငယ်ရွယ်စဉ်မှာပင် သေဆုံးခဲ့သည်ဟု လေ့လာမှတ်သားမိခဲ့သည်။ ထို့နောက် တကောင်း

မင်းမျိုးမဟုတ်သော ပျူလူမျိုးရှင် ဘုရင် "ငတပါးမင်း"ဟုခေါ်ပြီး သာသနာသက္ကရာဇ်ကို မူရင်းအတိုင်းဆက်သုံးသည်။

သာသနာသက္ကရာဇ် ၆၁၇ သို့ရောက်သောအခါ သုမုန္ဒရီမင်း နန်းတက်သည်၊ သာသနာသက္ကရာဇ် ၆၂၂ ကိုပြိုပြီး၊ သက္ကရာဇ်တို ၂ မှ စတင်မှတ်သားစေသည်။ အသက် ၁၇ နှစ်တွင် နန်းတက်ပြီး နန်းစံ ၇ နှစ်၊ သက်တော် ၂၄ နှစ် သက္ကရာဇ်ပြိုပြီး နှစ်မှာပင် ကံတော်ကုန်သည်၊ ဆက်လက်၍ ထိုမင်း၏သားတော် အတိတျာမင်းနန်းတက်သည် ၃ နှစ် မျှခံရပြီး အနိစ္စရောက်သည်။ ထို့နောက် ထိုမင်း၏ညီတော် သုပညာ နာဂအိန္ဒမင်းဆက်လက်စိုးစံသည်။ မင်းဆက် နှစ်ဆက်လုံး အရည် အချင်းညံ့ဖျင်းမှုကြောင့် တိုင်းပြည်အတွင်း ကောလဟာလများ၊ ပြည် တွင်းမငြိမ်မသက်ဖြစ်ခါ သရေခေတ္တရာပျက်စီးရသည်။

ထို့နောက် သရေခေတ္တရာ၏ နောက်ဆုံးမင်းဖြစ်သော သုပညာ နာဂဆိန္ဒ၏တူ သမုဒ္ဒရာဇ်မင်းသည် ရွာပေါင်း ၁၉ ရွာကို စုစည်းကာ အရိမဒ္ဒနာမည်သော တိုင်းပြည်ကို သက္ကရာဇ်တို ၂၉ ခုနှစ်တွင် မြို့ပြ တည်ထောင်လိုက်ကြသည်။

သုမုန္ဒရီပြိုသော သက္ကရာဇ် ၆၂၂၊ သက္ကရာဇ်တို ၂ ကို သိကြား မင်းက ပုဏ္ဏားအယောင်ဆောင်ပြီး ကျောက်စာတွင်ရေးမှတ်စေကြောင်း (ဦးကုလား/မှန်နန်းရာဇဝင်ကြီး)တွင် ရေးသားဖော်ပြထားပေသည်။

သမုဒ္ဒရာဇ်မင်းတည်သော အရိမဒ္ဒနာ(ရန်သူကိုချေမှုန်းသော မြို့)တွင် သက္ကရာဇ်တို ၂၉ ခု၊ (အေဒီ ၁၀၇)မှ စတင်၍ ပုဂံမင်းဆက် များက ထိုသက္ကရာဇ်တိုသုံးစွဲခဲ့ကြရာ၊ ပုဂံမင်းဆက် ၂၀ မြောက် ပုပ္ပါး စောရဟန်း(သဃ်ရာဇ်)မင်းလက်ထက် ၅၆၀ နှစ်ကိုဖြို၍ သက္ကရာဇ် ၂ မှ စတင်မှတ်ယူစေပြန်သည်။

သက္ကရာဇ် ၆၂၂
သက္ကရာဇ် ၅၆၀ ၁၁၈၂ ခု

သာသနာသက္ကရာဇ်သိလိုလျှင် ယခုသုံးစွဲသက္ကရာဇ်ကို ၁၁၈၂

ပေါင်းပေးရမည်။

- ၁၃၇၆ ခု
(+) ၆၃၈
၂၀၁၄

## မြန်မာအက္ခရာစာပေခရီး

အနော်ရထာမတိုင်မီကထဲကပင် သရေခေတ္တရာ၌ ပိဋကတ်စာပေအရေးအသားပြုရာတွင် မဟာယနဂိုဏ်းသုံးစာပေသည် သသ်ကရိုက်၊ ထေရဝါဒစာပေသည် ပါဠိဖြစ်ကြောင်း အထက်တွင်ရေးသားဖော်ပြပြီးဖြစ်ရာ မြန်မာအက္ခရာများသည် ပါဠိမှဆင်းသက်လာခြင်းဖြစ်ပြီး အနော်ရထာခေတ်တွင် ပုံစံတစ်မျိုးပြောင်းခဲ့ခြင်းဖြစ်ကြောင်း ယူဆနိုင်လေသည်။

ပုပ္ပါးစောရဟန်းမင်းမှစတင်၍ မြန်မာတစ်ပြည်လုံး ကိုးကွယ်သည့်ဘာသာ၊ သာသနာ၊ စာပေယဉ်ကျေးမှု ဗရမ်းဗတာ စတင်ခဲ့သည်ဟုဆိုက မှားအံ့မထင် အဘယ့်ကြောင့်ဆိုသော် နယ်ချဲ့လက်သစ် အဓမ္မဝါဒီများ၏ လူမျိုးဘာသာသာသနာအပေါ် လိမ္မာပါးနပ်၍ တိုက်ရိုက်တစ်မျိုး၊ သွယ်ဝိုက်၍တစ်မျိုး ထိုးနက်ချက်များသည် ထိုမင်းလက်ထက်က နည်းစနစ်ပုံစံပြောင်းလဲလာခဲ့သည်ဟု ဆိုနိုင်သည်။

တရုပ်ယူနန်ပြည်နယ်သည် တွန်မြူနစ်နိုင်ငံဖြစ်ပြီး COUNTY "ကောင်တီ" ခေါ် ဒိစတြိတ်မြို့နယ်များ ခွဲခြားထားရှိရာ နယ်တစ်ခုဖြစ်သည်။ ယူနန်သည် နန်ချိုဟူသော ရှမ်းလူမျိုးတို့၏မြို့တော်ဖြစ်ခဲ့သည်။ အန္တိယ၊ တရုပ်၊ မြန်မာတို့ ကူးလူးဆက်ဆံသွားလာနေထိုင်ခဲ့ရာမှ တရုပ်မှလာသော မဟာယာနဂိုဏ်း၊ တိဗက်လာမာဝါဒ၊ အိန္ဒိယမှ ဗြဟ္မဝါဒ (ထိုစဉ်ကတိဗက်လာမာဝါဒကို မြန်မာတွင်ပြုစုနေဆဲ) ဂိုဏ်းပေါင်းစုံတို့က ပါဠိစာပေများကို ဝါးမျိုခြင်းခံရတော့သည်။

ထိုစဉ်က မြန်မာနိုင်ငံသို့ရောက်ရှိလာကြသော တိဗက်ဘုန်း

တော်ကြီးများသည် မြန်မာစာပေအရေးအသားတွင် ဩဇာလွှမ်းမိုးမှု မရှိခဲ့သော်လည်း အက္ခရာထားသိုမှု အစီအစဉ်နှင့် အသံကိုချိန်ဆ၍ ထားသိုခဲ့ကြောင်း ထင်မြင်ယူဆရသည်။

ဒီစကြိတ်ဟူသော အသုံးနှုန်းသည် လွန်ခဲ့သောနှစ်တစ်ရာကျော် အထိ သုံးစွဲခဲ့သည်။ အမိန့်ကြော်ငြာတစ်ခုကိုလေ့လာနိုင်ပါသည်။ ထို စဉ်က ဘုရားကျောင်း၊ စေတီပုထိုးများ ထုံးသုပ်ရာနံရံများ၌ မီးသွေးခဲ များ၊ အုတ်နီခဲအကျိုးအကျေများဖြင့် မည်သည့်ရွာ မည်သူ မည်သည့် ခုနှစ် လ ရက်ကရောက်သည်။ ထို့အပြင် ဘုရား၏ဝတ္ထုပစ္စည်းများ ခိုးယူခြင်း၊ ခိုးယူသူအား ဖမ်းဆီးရမိခြင်း အမိန့်ကြော်ညာတစ်ခု နောက် ဆုံးအပိုဒ်၌-

"မကြာမီကာလက နိုင်ငံခြားသားများ ပုဂံမြို့သို့လာရောက်-ဆေးရေးရုပ် အမွှန်းအပြောက်စသည့်ဝတ္ထုများကို ရွှေ့ပြောင်းယူဆောင် ကြောင်း ထောက်လှမ်းကြားသိရသည်နှင့် ၎င်းတို့ဝန်စလယ်ကို ဖမ်းဆီး ရှာဖွေရာ ခိုးထုပ်နှင့်တကွရမိရ၍ ခိုးရာပါပစ္စည်းများကိုသိမ်းယူပြီးလျှင် ၎င်းနိုင်ငံခြားသားတို့ကို မြန်မာနိုင်ငံတော်မှအပ နှင်ထုတ်လိုက်သည်။

မြင်းခြံမြို့ L.M.PARETT.ICS

၁၉၀၁ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့၊ အရေးပိုင်မင်း၊ မြင်းခြံဒီစကြိတ်

အထက်ပါအတိုင်း "မြင်းခြံဒီစကြိတ်" ဟု သုံးစွဲထားသည်။ ရှေးဟောင်းသမိုင်းစာအုပ်တစ်အုပ်၌ ဖတ်ရှုလေ့လာသိရှိရသည်။

ထိုအချိန်မတိုင်မီ အထက်တွင်ဖော်ပြပါရှိခဲ့သော ဂိုဏ်းဂဏ မည်မျှရောယှက်လာသည်ကို အောက်ပါရှမ်းစာပေနှင့် အသံထွက်မျိုး ကို လေ့လာသိရှိနိုင်ပါသည်။

| | | |
|---|---|---|
| မြန်မာ (သံဃာ) | ရှမ်း | (ဆံဃာ) |
| မြန်မာ (သပြေပန်း) | ရှမ်း | (ဆပ်ပြေပန်း) |
| မြန်မာ (သူကြီး) | ရှမ်း | (ပူကျယ်) |
| မြန်မာ သရဏံ | ဗြမ္မာ | ဆရဏံ |

"ရှေးနှစ်များစွာကတဲက ကိုယ်ပိုင်ယဉ်ကျေးမှု၊ စာပေ၊ နိုင်ငံနဲ့

နေထိုင်ခဲ့သူတွေဖြစ်တယ်။ ရှမ်းအချင်းချင်းကတော့ "တိုင်း" (Tai) လို့ ခေါ်ကြတယ်။

ရှေးမြန်မာကျောက်စာများမှာ "သျှမ်" "သျှံ" "သျှာမ်း"၊ ရှေးမြန်မာပါဠိပညာရှင်များက-

"သာမိက္ကသရိယတိသာမိ . . ."

သာမိ - အရှင်သခင်အဖြစ်ဖြင့် က္ကသရိယတိအစိုးရတတ်၏။ တရုပ်ပြည် "ဟိရ" (Hia) မင်းဆက်ကိုဖြိုခဲ့သော ကုခြသည်များဟု အဓိပ္ပါယ်ဖွင့်ဆိုသည်။ အလယ်ပိုင်းတရုပ် "ဆန်" (Tchang) လူမျိုးနှင့် ရှမ်းလူမျိုးတို့ ဆက်သွယ်ကြောင်း၊ "ဆိုင်" (Salng) "ရှင်" (Sheng) စီရင် (Sien) အမည်များတွေ့ကြောင်း မစ္စတာတီရိရန် ဒီလာကိုပီရီ (Mr. Tersiende Lacouperle) က (Cradle of the Shen Race) စာအုပ်တွင် ဖော်ပြထားသည်။

ပန်လူမျိုးဆိုသည်မှာ ရှမ်းလူမျိုးဖြစ်ပြီး (စူအင်ပါယာထဲပါဝင်ကာ ဘီစီ ၁၂၃၁ တွင် တရုတ်လက်အောက်ကို ရှေးဦးစွာကျရောက်ခဲ့သည့် "ရှမ်းလူမျိုးတို့ နိုင်ငံတော်"ဖြစ်သည်။)

**(ရှမ်းပြည်နယ်မြောက် ပိုင်း၊ နောင်ချိုမဂ္ဂဇင်း အမှတ် ၁)**

## သီဟိုဠ်၌ သံဃာဂိုဏ်းကွဲများကို မှန်းဆကြည့်ခြင်း

"သျှာမ်း"ဝေါဟာရသည် သီဟိုဠ်ကျွန်းကို အင်္ဂလိပ်တို့ မသိမ်းပိုက်မီ (မြန်မာ ၁၁၆၉ ခုနှစ်) သီဟိုဠ် အာယသီမာမင်း၏ညီ ဘောဂမာတိဿမထေရ်နှင့် မထေရ်ငါးပါးကို မောင်းထောင်သာသနာပိုင်ထံ ပဋ္ဌင်းခံကြ၏။

သိမ်နုတ်၊ သိမ်သမုတ်နည်းအချုပ်ကို တောင်းခံ၍ "အာစရိယမုဋ္ဌိ နယပ္ပကာသနီ"မည်သော "သီမဗန္ဓနကထာ=သိမ်အဆုံးအဖြတ်" ကို ပါဠိဘာသာဖြင့် ရေးသားချီးမြှင့်တော်မူသည်။ ထို့အပြင် သီလက္ခန်

ငှိုကာသစ်ကျမ်းကြီးကိုလည်း သီဟိုဠ်သို့ယူဆောင်သွားကြပြီး သီဟိုဠ်သာသနာသန့်ရှင်းထွန်းလင်းစေရေး ဆောင်ရွက်ကြရာ နှစ်တစ်ရာခန့်အကြာ သျှမ်းဂိုဏ်းမှ ၃ ဂိုဏ်း၊ အမရပူရ ၇ ဂိုဏ်း ကွဲကြရာ ဝိနည်းနှင့်စပ်၍ ငြင်းခုန်မှုဖြစ်ပွားကြသည်ဆို၏။ ထို့ကြောင့် "သျှမ်း"ဝေါဟာရစတင်သည်ဟု ယူဆကြရမည်သာ သျှာမ်းဂိုဏ်းသည် မြန်မာကဲ့သို့သက်နိုးဝတ်သဖြင့် အရုဏ်ဂိုဏ်းဖြစ်ပြီး၊ အတင်ဂိုဏ်း ၂ မျိုးကွဲဖြစ်သည်။

မျက်ခုံးမွေးရိတ်ဂိုဏ်းမှာ သံဃာဦးရေ ၈၀၀၀ ရှိသည်၊ ဥစ္စာပေါမျှားချမ်းသာကုန်၏။ ယင်းတို့၏ စာသင်တိုက်ကြီးများ၌ ဆွမ်းခံလေ့မရှိ၊ လခငွေကြေးပေးနိုင်သူကိုမှ နေခွင့်ပြုလေ့ရှိ၏။

မြန်မာအမရပူရဂိုဏ်း၌ သံဃာ ၃၂၈၀ ရှိ၍ ဒုတိယလိုက်၏၊ ရာမညဂိုဏ်း၌ သံဃာ ၁၂၀၀ မျှရှိ၍ ဂိုဏ်းအုပ်တစ်ပါးတည်းဖြင့် ညီညွတ်လျက်ရှိသည်။ ထို့နောက် -

ကလျာဏီဂိုဏ်း

ဝဇီရာ ရာမဂိုဏ်း၊ ဂိုဏ်းအမျိုးကွဲကြပြီး ၄၈ ဂိုဏ်းအထိရှိကြောင်း နာဂရိ၊ ဗင်္ဂလီ၊ ဗာဟီရ သက္ကတစာများကိုသာ လေ့လာသင်ကြားခြင်း ဝိနည်းမမှုနှင့်စပ်၍ များစွာငြင်းခုန်ကာ ဝိနည်းတော်နှင့်မအပ်မရာ သာသနာကျဆင်းလျက်ရှိကြောင်း။ (၁၂၆၉ ခုထုတ်၊ ကြည့်မြင်တိုင် လေးကျွန်းသီရိန်ပုံနှိပ်တိုက် ပိဋကတ်ဆရာ ဦးဘိုးခက သီဟိုဠ်ရှိ မြန်မာဘုန်းတော်ကြီး ဦးရာဇိန္ဒထံမှ သိမဗန္ဓနကထာနိဿယျနိဂုံး၌ ဖတ်ရှုရသည်။ ထိုနိဿယသည် စကုမြို့သက်တော်ရှည်တိုက် "ပဏ္ဍာဝိလင်္ကာရဘိဓေဇထံသို့ ပေးသောစာဖြစ်ကြောင်း ဓမ္မစရိယဦးဒွေးလှိုင်က သီဟိုဠ်ခေတ် စံတော်ဝင်အရိယာများ စာအုပ်တွင် ဖော်ပြထားသည်။

၁၉၄၈ ခုနှစ်တွင် သီဟိုဠ်သည် လွတ်လပ်ရေးရရှိခဲ့၏ ဒုတိယကမ္ဘာစစ်မတိုင်မီ အင်္ဂလိပ်လက်အောက် ထေရဝါဒသီဟိုဠ်သာသနာအခြေအနေကို သီဟိုဠ်၌နှစ်ပေါင်းများစွာ နေထိုင်ခဲ့သော ပုလောမြို့ဘိက္ခုယောသဓမ္မ၏ နိုင်ငံခြားဗဟုသုတစာအုပ်၊ ၉၅-၉၉ ၌ အောက်ပါ

အတိုင်း တွေ့ရှိနိုင်ပေသည်။

"ခရစ် ၁၉၃၅ ခုနှစ် စရင်းအရ သီဟိုဠ်ကျွန်း၌ သံဃာတော် တစ်သောင်းနှစ်ထောင်လေးရာကျော်မျှသာ ရှိပေသည်။

မြန်မာပြည်ကဲ့သို့ သံဃာဂိုဏ်းကွဲများကုန်၏။

ဇာတ်ယုတ်၊ ဇာတ်မြတ်ခွဲခြားလျက် ရဟန်းတော်များဖြစ်လာ သည့်အတိုင် မစွန့်သဖြင့် ဂိုဏ်းကွဲကုန်၏။

သာသနာနှစ်တစ်ထောင်ကျော်၌ သီဟိုဠ်ရာဇသီဟမင်းသည် ခမည်းတော်ကို သတ်၍ နန်းတက်၏၊ ဘုရင်ဖြစ်လာသောအခါ သံဃာ များကိုစည်းဝေးစေ၍ (အဖသတ်မိသော ကံ)ကြီးကို ပြေပျောက်အောင် ကုစားပေးပါရန် လျှောက်သောအခါ ကုစား၍မရနိုင်ကြောင်း သံဃာ တော်တို့က မိန့်ကြား၏၊ ထိုမိန့်ကြားချက်ကို ရာဇသီဟမင်း၊ မကြိုက်၊ မနှစ်သက်။ စိတ်၌ မကျေနပ်မှုများစွာဖြင့် ဟိန္ဒူ ဆာဒူး ဒမ္ဗိလစသော ဘုန်းကြီးတို့အား တဖန်လျှောက်ထားပြန်ရာ ပြေပျောက်နိုင်ကြောင်း ပြော၍ ဆင်၊ မြင်း၊ ကျွဲ၊ နွားတစ်ရာစီသတ်၊ ယဇ်နတ်ပူဇော်၏။

မင်းကြီးသည် ဗုဒ္ဓဘာသာရဟန်းတို့အား လူထွက်စေပြီး အချို့ ကို လူထွက်စေလျက် သာသနာတော်ကို ဖျက်ဆီး၏။ ပိဋကတ်တိုက်ကို မီးရှို့သည်။

အဖသတ်မင်းလက်ထက်၌ သီဟိုဠ်သာသနာပျက်စီးတိမ်ကော သဖြင့် ဝိဇယမင်းနန်းတက်သောအခါ မိတ္တာတို့အားနှိမ်နင်း၍ ဗုဒ္ဓ သာသနာပြုအဖွဲ့ကို မြန်မာပြည်သို့စေလွှတ်၏၊ လမ်းလွှဲသဖြင့် ယိုးဒယား သို့ရောက်ရှိကာ (မျက်ခုံးမွေးရိတ် အတင်ဂိုဏ်းသာသနာ)ကို နည်းယူ ပြီး အချို့ရဟန်းပြု၏။ ထိုအချိန်စ၍ သီဟိုဠ်၌ ဆိုင်ယင်းမျက်ခုံးမွေး ရိတ် အတင်ဂိုဏ်းစတင်လာသည်။ ထိုဂိုဏ်းသည် (သျှာမ်းဂိုဏ်း)ဖြစ် သတည်း။

## ပုဂံမင်းဆက်များ

(သမိုင်းဝင်စေတီပုထိုးများစာအုပ်မှ)

| စဉ် | အမည်(ရွှေစကားစဉ်အရ) | ဆွေမျိုးတော်စပ်ပုံ | ခေတ်ပိုင်းအခြား AD | နန်းစံ |
|---|---|---|---|---|
| ၁။ | သမုဒ္ဒရာဇ်မင်း | | ၁၀၇-၁၀၂ | ၄၅ |
| ၂။ | ရသေ့ကြောင်မင်း | ပျူစောထီး | ၁၅၂-၁၆၇ | ၁၅ |
| ၃။ | ပျူစောထီးမင်း၏သားမက် | | ၁၆၇-၂၄၂ | ၇၅ |
| ၄။ | ထီးမင်းယဉ် | ယင်း၏သား | ၂၄၂-၂၉၉ | ၅၇ |
| ၅။ | ယဉ်မင်းပိုက် | သား | ၂၉၉-၃၂၄ | ၂၅ |
| ၆။ | ပိုက်သေဉ်လည် | သား | ၃၂၄-၃၄၄ | ၂၀ |
| ၇။ | သေဉ်လည်ကြောင် သီရိပစ္စယာမြို့တည် | သား | ၃၄၄-၃၈၇ | ၄၃ |
| ၈။ | ကြောင်ဒူရစ် | သား | ၃၈၇-၄၁၂ | ၂၅ |
| ၉။ | သည်းထန်မင်း | သား | ၄၁၂-၄၃၉ | ၂၇ |
| ၁၀။ | သူရဲမင်း | ထီးနန်းလုယူခံစား | ၄၃၉-၄၉၄ | ၅၅ |
| ၁၁။ | သရမွန်ဖျား | သည်းထန်၏မြေး | ၄၉၄-၅၁၆ | ၂၂ |
| ၁၂။ | သိုက်တိုင်မင်း (တမ္ပဝတီမြို့တော်) | သား | ၅၁၆-၅၂၃ | ၇ |
| ၁၃။ | သေဉ်လည်ကြောင်ငယ် | သား | ၅၂၃-၅၃၂ | ၉ |
| ၁၄။ | သေဉ်လည်ပိုက် | ညီ | ၅၃၂-၅၄၇ | ၁၅ |
| ၁၅။ | ခန်းလောင်းမင်း | ညီ | ၅၄၇-၅၅၇ | ၁၀ |

| | | | |
|---|---|---|---|
| ၁၆။ ခန်းလတ်မင်း | ညီ | ၅၅၇-၅၆၉ | ၁၂ |
| ၁၇။ ထွန်တိုက်မင်း | သား | ၅၆၉-၅၈၂ | ၁၃ |
| ၁၈။ ထွန်ပစ်မင်း | သား | ၅၈၂-၅၉၈ | ၁၆ |
| ၁၉။ ထွန်ချစ်မင်း | သား | ၅၉၈-၆၁၃ | ၁၂ |
| ၂၀။ ပုပ္ပါးစောရဟန်းမင်း (သက္ကရာဇ်၅၆၂) ကိုဖြို | ထီးနန်းလုယူ ခံစားသူ | ၆၁၃-၆၄၀ | ၂၇ |
| ၂၁။ ရွှေအုန်းသီးမင်း | သမက် | ၆၄၀-၆၅၂ | ၁၂ |
| ၂၂။ ပိတ်သုံမင်း | ညီ | ၆၅၂-၆၆၀ | ၈ |
| ၂၃။ ပိတ်တောင်မင်း | သား | ၆၆၀-၇၁၀ | ၅၀ |
| ၂၄။ မင်းခွေး | ညီ | ၇၁၀-၇၁၆ | ၆ |
| ၂၅။ မြင်းကျွေးမင်း | ထီးနန်းလုယူ ခံစားသူ | ၇၁၆-၇၂၆ | ၁၀ |
| ၂၆။ သိခ်မင်း | ပုဂံမင်းရိုး | ၇၂၆-၇၃၄ | ၈ |
| ၂၇။ သိန်းခွန်မင်း | သား | ၇၃၄-၇၄၄ | ၁၀ |
| ၂၈။ ရွှေလောင်းမင်း | သား | ၇၄၄-၇၅၃ | ၉ |
| ၂၉။ ထွန်ထွင်းမင်း | သား | ၇၅၃-၇၆၂ | ၉ |
| ၃၀။ ရွှေမှောက်မင်း | သား | ၇၆၂-၇၈၅ | ၂၃ |
| ၃၁။ ထွန်လတ်မင်း | ညီ | ၇၈၅-၈၀၂ | ၁၇ |
| ၃၂။ စောခင်နစ်မင်း | သား | ၈၀၂-၈၂၉ | ၂၇ |
| ၃၃။ ခံလူးမင်း | သား | ၈၂၉-၈၄၆ | ၁၇ |
| ၃၄။ ပျဉ်းပြားမင်း (လက်ရှိပုဂံမြို့ရိုး တည်သူ | ညီ | ၈၄၆-၈၇၈ | ၃၂ |
| ၃၅။ တန်နက်မင်း | သား | ၈၇၈-၉၀၆ | ၁၈ |
| ၃၆။ စလေငခွေးမင်း | ထီးနန်းလုယူ ခံစားသူ | ၉၀၆-၉၁၅ | ၉ |

| | | | | |
|---|---|---|---|---|
| ၃၇။ | သိန်းခိုမင်း | သား | ၉၁၅-၉၃၀ | ၁၆ |
| ၃၈။ | တောင်သူကြီးမင်း | ထီးနန်းလုယူ ခံစားသူ | ၉၃၀-၉၆၄ | ၃၄ |
| ၃၉။ | ကွမ်းဆော်ကြောင်ဖြူမင်း | တန်နတ်၏သား | ၉၆၄-၉၈၆ | ၂၂ |
| ၄၀။ | ကျည်စိုးမင်း | တောင်သူကြီး၏သား | ၉၈၆-၉၉၂ | ၆ |
| ၄၁။ | စုက္ကတေးမင်း | ညီ | ၉၉၂-၁၀၁၇ | ၂၅ |
| ၄၂။ | အနော်ရထာမင်း | ကြောင်ဖြူ၏သား | ၁၀၁၇-၁၀၇၇ ၁၀၄၄-၁၀၇၇ | (မွန်နန်း) ၆၀နှစ် |
| ၄၃။ | စောလူးမင်း | သား | ၁၀၇၇-၁၀၈၄ | ၇ |
| ၄၄။ | ကျန်စစ်သားမင်း | ညီ | ၁၀၈၄-၁၁၁၃ | ၂၉ |
| ၄၅။ | အလောင်းစည်သူ | မြေး | ၁၁၁၃-၆၇ | ၅၄ |
| ၄၆။ | နရသူ | သား | ၁၁၆၇-၁၁၇၀ | ၃ |
| ၄၇။ | နရသိခ်မင်း | သား | ၁၁၇၀-၇၃ | ၃ |
| ၄၈။ | နရပတိစည်သူမင်း | ညီ | ၁၁၇၄-၁၂၀၀ | ၃၇ |
| ၄၉။ | ဇေယျသိခ်မင်း | သား | ၁၂၁၁-၃၄ | ၅၅ |
| ၅၀။ | ကျစွာမင်း | သား | ၁၂၃၄-၅၀ | ၆ |
| ၅၁။ | ဥဇနာမင်း | သား | ၁၂၅၀-၅၅ | ၅ |
| ၅၂။ | နရသီဟပတေ့မင်း | သား | ၁၂၅၅-၈၇ | ၃၂ |
| ၅၃။ | ကျော်စွာမင်း | သား | ၁၂၈၇-၉၈ | ၁၂ |
| ၅၄။ | စောနစ်မင်း | သား | ၁၂၈-၁၃၂၅ | ၇ |
| ၅၅။ | စောမွန်နစ်မင်း | သား | ၁၃၂၅-၆၉ | ၄၄ |



## သမိုင်းတွင်ရစ်နေသည့် ပုဂံနေပြည်တော်

အနော်ရထာမတိုင်မီ မင်းပေါင်း ၄၁ ဆက်ရှိသော်လည်းအယူလွဲသော မင်းအချို့ကို ဖော်ပြမည်ဖြစ်ပါသည်။

သမုဒ္ဒရာဇ်မင်းကား သရေခေတ္တရာ၏ နောက်ဆုံးမင်းဆက်ဖြစ်သည်။ သရေခေတ္တရာပျက်ပြီးနောက် မြန်မာပြည်အလယ်ပိုင်း ပျူဒေသသို့ရောက်သည်။ ၁၉ ရွာကို သူကြီးလုပ်ကာ အုပ်ချုပ်သည်။ ဇမ္ဗူဒီပဆောင်ကျမ်းတွင် -

"သမုဒရာဇမင်းကား ၁၉ ရွာကို စုရုံး၍ သူကြီးနှင့်လောကနန္ဒာတွင် စု၍နေသည်။ သီရိပစ္စယာမြို့မည်၏"ဟု ဖော်ပြသည်။ စေတီယကထာချုပ်တွင် ဒုတိယမုံရွေးဆရာတော်က -

"သက္ကရာဇ် ၂၉ ခု၊ သမုဒ္ဒရာဇ်မင်းကြီးသည် ယုန်လွတ်ကျွန်းတူးရှင်းတောင်ခြေတွင် ၁၉ ရွာသားတို့ကို ရုံးစု၍ မင်းပြု၏။ ၁၉ ရွာအမည်ကား၊ ညောင်ဦး၊ နဂါးဘို၊ နဂါးကြွပ်၊ မန်ကျည်းကြီး၊ တူးတည်ကျောက်စကား၊ ကုတ်ကဲသိမ်၊ ညောင်ဝန်း၊ အနုရာဓ၊ တန်ဆောင်းကျွန်း၊ ရွာမုန်း၊ ကြင်လို၊ ကုက္ကို၊ တောင်ပလစ်၊ မြေခွဲတွင်း၊ သရက်ရ၊ အုန်မှုား၊ ယုန်လွတ်၊ ရွာစိုက်။ ဤကား ၁၉ ရွာတည်း၊ လောကနန္ဒာ ကျောက်

စကားတွင် နန်းနေ၏။ ထိုအခါ သတ္တဝါတို့က အလျောက်ကျားထီး တစ်ခု ပြည်ရွာကိုဖျက်ဆီးလာ၏။ ထိုကျားကိုသတ်ဝံ့သောသူမရှိ၊ လူသူ ကျွဲ နွားတို့ကိုများစွာ စား၏။

ယခုအခါ ရှေးဟောင်းသုတေသနဌာနက ယုန်လွှတ်ကျွန်း၌ ရှေးပျူခေတ်မြို့ရိုးဟောင်းကို ဖော်ထုတ်ထားပြီးဖြစ်သည်။ ထိုမင်းသည် ကျောင်း၊ ဘုရား၊ ဆင်းတု၊ စေတီများကို တည်ထားကိုးကွယ်ပြီး ထေရဝါဒ ဗုဒ္ဓဘာသာဝင်ဖြစ်ကြောင်း၊ စေတီအများစုမှာ နဂါးစိုး၊ ကျောက်စကား နဂါးကျစ်၊ အာနုရာမဒေသတွင်ဖြစ်ကြောင်း၊ အနုရာမသည် ယခုမြင်းကပါရွာကို ပုဂံ ၁၉ ရွာ စာရင်းတွင် အနုရာမဟု ပါဠိအမည် ဖြစ်သောကြောင့်၊ ပုဂံဒေသ၌ ပါဠိစာပေ၊ ပါဠိစကားထွန်းကားနေပြီ ဖြစ်ကြောင်း သမိုင်းဆရာများ၏ စာတမ်း၌ရေးသားဖော်ပြထားပေသည်။

သမုဒ္ဒရာဇ်မင်းကို (အေဒီ ၁၀၇-၁၅၂) သရေခေတ္တရာ၏ နောက်ဆုံးမင်းဆက်ဟု ဖော်ပြခဲ့ရာ သရေခေတ္တရာပျက်စီးရပုံကို အနည်းငယ်ရှင်းလင်းတင်ပြလိုပါသည်။ (သမုဒ္ဒရာဇ်မင်းကို မှန်နန်းရာဇဝင်တွင် "သမုဒ္ဒရာဇ်"ရေးသည်၊ သမုတိရာဇာဟူသော သဒ္ဒါကို လိုက်၍ သမုတိရာဇ်ဟုရေးသားလျှင် သင့်တော်မည်ဟု ယူဆရပါသည်။ သမုတိသာသနာ ပိုင်ဆိုင်သကဲ့သို့ မှတ်ရာ၏။ တြိမုတိ - စုပေါင်းတည် ရှိသည့် ကိုးကွယ်ရာ (၃) ခုကိုဆိုလိုသည်။ ဗုဒ္ဓဘာသာတွင် ဘုရား၊ တရား၊ သံဃာကို ကိုးကွယ်ရာ ရတနာသုံးပါးထားရှိသည်။

ခရစ်ယာန်ဘာသာတွင် ၁- ကောင်းကင်ဘုံ၌တည်ရှိတော်မူသော အဖဘုရားသခင်။ ၂- သားတော်သခင်ယေရှု။ ၃- ဝိညာဉ်တော်ဟူ၍ စုပေါင်းတည်ရှိသည့် ကိုးကွယ်ရာသုံးပါးစုကို (TRINITY) တြိနတီ။

ဟိန္ဒူဘာသာတွင် ၁-ဗြဟ္မာ၊ ၂- ဗိဿနိုး၊ ၃- သီဝ၊ ကိုးကွယ်ရာနတ်ဘုရားသုံးပါးစု (တြိမုတိ- RTIMUTI)

သရေခေတ္တရာဟုခေါ်သော (ပြည်မြို့) အနီးပတ်ဝန်းကျင်

များတွင် ရှေးနှစ်များစွာက ကရင်လူမျိုးများနေထိုင်သည်ဟုဆိုသည်။ "စကောကရင်" ဝေါဟာရရှိသည်။ ငါ့စကောဟူသောစကားသည် ရာဇဝင်ထွက်စကားဖြစ်သည်။ ကရင်လူမျိုးများလည်း ယနေ့တိုင်မြင်တွေ့နေရသော ဆန်စပါးပြာသော စကောတစ်ချပ်ကြောင့် တိုင်းပြည်ပျက်နိုင်စရာအကြောင်း ပေါ်ပေါက်ခြင်းမှာ ယုတ္တိမတန်ရာဟု ယူဆရပေမည်။

တစ်နေ့သ၌ . . . စကောတစ်ချပ် လေဗွေဝှေ့ယမ်း၍ လေ၌လွင့်ပါလေရာနောက်သို့ စကောပိုင်ရှင်မိန်းမက အူယားဖားယားဖြင့် ငါ့စကော ငါ့စကောဟု အော်ဟစ်ပြေးလွှားရာ မြင်ကြရသူများက ငါ့စကောတပ်ကြီးမြို့တွင်းဝင်လာပြီဟုထင်မှတ်ခါ တစ်ယောက်ပြီးတစ်ယောက်လိုက်လံပြေးအလွှားလုပ်ကြရာမှ သရေခေတ္တရာ ပျက်စီးရလေသည်ဟု ရာဇဝင်ဆရာများက ရေးသားခဲ့ကြသည်။ အမှန်မှာ ယင်းသရေခေတ္တရာအနီး၌ ကရင်တပ်၊ ကရင်ဘုရင်ရှိတန်ရာ၏။ ရန်သူစစ်တပ်ရှိနေပြီဖြစ်ကြောင်း မြို့သူမြို့သားများ သိရှိထားဟန်တူပြီး ကရင်ဘုရင်၊ စကောဘုရင်တပ်က နေ့လား၊ ညလား အချိန်မတော်ဝင်ရောက်နှောက်ယှက်နိုင်မည်ဖြစ်ကြောင်းလည်း ကောလဟာလဖြစ်ပေါ်နေချိန်၊ ပြည်သူပြည်သားတို့၏အထိတ်တလန့် ခြောက်ခြားနေချိန်မျိုးတွင် စကောကလေထဲလွင့်ပါသည့်အချိန်နှင့် တိုက်ဆိုင်ခဲ့ခြင်းဖြစ်တန်ရာ၏။

သရေခေတ္တရာပျက်ချိန်၊ ရန်အနှောက်အယှက်အန္တရာယ်အမျိုးမျိုးတို့ ရှောင်ကွင်း၍ တောကြီးမျက်မည်း ယုန်လွှတ်ကျွန်းဒေသိုရောက်ရှိခဲ့သည်။ ယုန်လွှတ်ကျွန်းဟုဆိုရာ၌ (ကျွန်း) သည် ပေါရာဏကထာစကား ဖြစ်သည်။ (တော) ကိုခေါ်သည်။ ယုန်နှင့်သားရဲတိရစ္ဆာန်အလွန်ပေါသောတောဟု ဆိုလိုပါသည်။

ယုန်လွှတ်ကျွန်းတွင် နှစ်အတန်ငယ်ကြာသောအခါ ပတ်ဝန်းကျင်ရွာ (၁၉) ရွာသူကြီးများက ဝိုင်း၍အကြီးအကဲတင်မြှောက်ကြသည်။ ထို့ကြောင့် သမုတ်ရာဇ်အမည်ဖြင့် မင်းလုပ်အုပ်ချုပ်ရသော်လည်း အန္တရာယ်ကာ ကင်းကွာခဲ့သည် မဟုတ်ချေ။ တိုင်းပြည်ပျက်စက လူသုံးစု

ကွဲကြ၍ လူမျိုးစုတို့တစ်မျိုးပေါ် တစ်မျိုး ကြီးစိုးလိုမှုအတွက် တိုက်ခိုက်ကြသည်။ ပြူကအားသာသောအခါ ကမ်းယံတို့ တိမ်းရှောင်ရလေ၏။ အားသာအနိုင်ရသောပြူတို့သည် မိမိတို့အချင်းချင်း တိုက်ပွဲဆင်နွှဲကြသောကြောင့် သုံးစုကွဲကြပြန်သည်။

သမုတိရာဇ်မင်းအစုသည် တောင်ညိုဘက်သို့ထွက်ခွါရှောင်တိမ်းသွားရာ တလိုင်း (မွန်)တို့က လိုက်လံတိုက်ခိုက်သောကြောင့် သက်သာပန်းတောင်းဘက် ပြောင်းရွှေ့နေကြသော်လည်း သက်သာရာမရပဲ ကမ်းယံတို့က လိုက်တိုက်ပြန်ရကား မင်းထုံးသို့ပြောင်းရွှေ့ကြရပြန်သည်။ ဤတွင်လည်း အေးချမ်းမှုမရရှိပြန်၊ ရခိုင်ရန်ကကြီးလွန်းသဖြင့် တိုက်ပွဲတွင် တပ်လှန်အရေးနိမ့်ကာ ခပ်ဝေးဝေးတောတောင်ထူထပ်ရာ တုရင်တောင်တန်းအနီး ယုန်လွတ်ကျွန်း (တောကြီး) သို့ ရွှေ့ပြောင်းရှောင်ခွါနေကြရသည်။ (၁၉) ရွာနှင့် ပူးပေါင်းမိပြီး ရပ်တန့်နိုင်စေကာမူ ငြိမ်းချမ်းမှုကားမရရှိသေးချေ။ ဤသို့ဖြင့် အချိန်ကာလအားဖြင့် တစ်ဆယ့်နှစ်နှစ်ကုန်လွန်သွားလေသည်။

သမုတိအား (၁၉) ရွာက သစ်တပ်တည်ဆောက် စုပေါင်းညီညွတ်စွာ မင်းမြှောက်ခုခံကြသော်လည်း အလူးအလဲခံနေရပေသေးသည်။ ဤတွင် တကောင်းနယ်မြေဒေသမှ လူစွမ်းကောင်းတစ်ဦးပေါ်ပေါက်လာသည်။ လူစွမ်းကောင်းသူရဲကောင်းဆိုသူသည် (၁၉) ရွာအား လူသူအချို့ကို အကူအညီတောင်းပြီး လေးအတတ်ကို ကျွမ်းကျင်တက်မြောက်စွာ သင်ကြားပေးပြီးလျှင် (၁၉) ရွာအား အနိုင်ကျင့်ဗိုလ်ကျစိုးမိုးနေကြသော ဗိုလ်ဝက်ကြီးဦးဆောင်သော တပ်သား (၅၀၀) ကိုလည်းကောင်း၊ ဗိုလ်ထီးလိုင်ကာဦးဆောင်သော တပ်သား (၅၀၀) ကိုလည်းကောင်း၊ ဗိုလ်ကျား၊ ဗိုလ်ရှုးပျံတို့လည်း တပ်သား (၅၀၀) စီကိုလည်းကောင်း အရပ်လေးမျက်နှာများမှ ရှုပ်ရှုပ်ချွံချွံပြန်လည်ခုခံတိုက်ခိုက်အောင်မြင်စွာနှိမ်နင်းခဲ့သည်။

ယခင်အခါ သမုတိရာဇ်မင်းက လက်ဆောင်တိုး၍ အလိမ္မာဖက်နေရသောအချိန်မှ ယခုအောင်မြင်ရသော အချိန်အထိ (၁၂) တာ

ကာလ ကြာမြင့်သည်ဆို၏။ ပြူလူမျိုးတို့၏ အန္တရာယ်အပေါင်းမှ ငြိမ်းချမ်းစွာ နေထိုင်နိုင်ရန် ဆောင်ရွက်ပေးခဲ့သဖြင့် ပြူစောထီးဟု ပြည်သူအပေါင်းမှ မြှောက်စားခြင်းခံရသည်။

အချို့သောရှေးဟောင်းစာများ၌ သမုတိရာဇ်မင်းမှ လက်ဆောင်များပေးရာတွင် ဝက်ကြီးအားတစ်နေ့လျှင် ထမင်းလုံး (၆၀)၊ ဖယုံသီးလှည်း (၉) စီးနှင့် ဖွဲလည်းဤကဲ့သို့ပေးရသည်။ ငှက်ကြီးကိုလည်း တစ်နေ့လျှင် သမီးကညာတစ်ယောက် ဆက်သရသည် . . . စသဖြင့် ရေးသားကြရာ၌ အာဏာစက်မပျံ့နှံ့နိုင်သေးသော သမုတိရာဇ်သည် ထမင်း၊ ဖယုံသီး၊ ဖွဲများ မည်သည့်နေရာမှရရှိပါမည်နည်း။ မိမိပင်လျှင် တောထူထပ်သဖြင့် အနိုင်နိုင်နေထိုင်ခဲ့ရာ တစ်နေ့လျှင် သမီးကညာတစ်ယောက်၊ (၁၂) နှစ်တွင် သမီးကညာပေါင်း (၄၃၈၀) ကုန်ဆုံးမည်ဖြစ်ရာ ရွာပေါင်း (၁၉) ရွာတွင် အမျိုးသမီးဦးရေ မည်မျှကျန်ရှိပါမည်နည်း။ ကျားနှင့် ရှူးပျံတို့ကိုလည်း ထိုနည်းတူပင်ဖြစ်သည်ဟု ဆိုထားရာ ယုတ္တိမရှိနိုင်သကဲ့သို့ လူသားနှင့်တိရစ္ဆာန်တို့ မည်ကဲ့သို့ အပေးအယူ၊ လက်ဆောင်၊ လာဘ်တိုးနေရခြင်းကား ဖြစ်နိုင်ဖွယ်မရှိနိုင်ဟု သုံးသပ်ရပါသည်။

တိုင်းပြည်သာယာရေး၊ လယ်ယာမြေစိုက်ပျိုးရေးအတွက် တောများခုတ်ထွင်ရှင်းရာ ဗူးခါးပင်သည် နွယ်ပင်မျိုးနွယ်ဖြစ်၍၊ ဧရာဝတီမှ ယုန်လွှတ်ကျွန်းအထိ ၇ မိုင်မျှဝေးသော နေရာအတွက် တစ်လတစ်ကြိမ်ရှင်းသည်ပဲထားဦး၊ ရှေ့ကရှင်းလျှင် နွယ်ပင်တို့မည်သည် နောက်မှဆက်လက်ပေါက်မြဲပေါက်တတ်သော ဗူးခါးပင်များကို အကြောင်းပြု၍ ဗူးဘုရားတည်ခြင်းကား ပြူစောထီး၏ နိုင်ငံတော်သာယာရေးအတွက် လုပ်ငန်းစဉ်များကို ဂုဏ်ပြုချီးကျူးရပေမည်။

ဗူးဘုရားစသော စေတီပုထိုးများစွာ တည်ထားကိုးကွယ်တော်မူခဲ့သော ဘာသာ၊ သာသနာကို အားပေးချီးမြှောက်ခဲ့သော ပြူစောထီးမင်းကိုယ်စားပြု ၁၉ ရွာအမည်ကို "အရိမဒ္ဒနာပြည်" (ရန်သူကို နှိမ်နင်းသောပြည်)တွင် ၇၅ နှစ်အကြာ အုပ်ချုပ်စိုးစိုးစံခဲ့သည်။

## ရှေးတကောင်းက အချစ်များအကြောင်း

ရှေးပဝေသဏီက တကောင်းမင်းနေပြည်တော်၌ ဖြစ်သည်။ တကောင်းလူစွမ်းကောင်းမျိုးရိုးမှ ငတင်တော်၏သား ငတင့်တယ်မှာ တကောင်းမင်းမျိုးရိုးဖြစ်ပြီး ယောက်ျားတို့တတ်အပ်သော အဋ္ဌာရသ တစ်ဆယ့်ရှစ်ရပ်သော အတတ်ပညာမှ တစ်ခုဖြစ်သော ပန်းပဲထု အတတ်ပညာတစ်ဖက်ကမ်းခတ်တတ်မြောက်သည့်အပြင် မည်သူမျှ နိုင်းယှဉ်၍ မရအောင်ထူးချွန်၏။

ငတင့်တယ်တွင် မိဘများမျက်ကွယ်ပြုပြီးသော နှမ မမမြတ် လှနှင့်သာ ကျန်ရစ်သည်။ အခါမလပ်ပန်းပဲအတတ်ဖြင့် လှံ၊ ဓါး အစရှိ သည်များ တပည့်တပန်းများနှင့်လုပ်ကိုင်စားသောက်နေထိုင်ရာ ထူးချွန် သော ငတင့်တယ်ကို တကောင်းဘုရင်က ကြားသိရပြီး မိမိအားပုန် ကန်ခြားနားမည်ကို စိုးရိမ်လေ၏။ ဤသို့ဖြင့် ငတင့်တယ်ကို ဖမ်းဆီး ရန်ကြံစီလေသည်။

တစ်နေ့သော် . . .

တကောင်းဘုရင်၏ ညီလာခံတွင်ဖြစ်သည်။ "ငတင့်တယ်ကား မား၊ လှံ အစရှိတဲ့ စစ်လက်နက်တွေပါ လုပ်ကိုင်ထုတ်လုပ်နေခြင်းဟာ ငါဘုရင်မင်းမြတ်အား၊ မထိမဲ့မြင် သရော်မော်ကား အန်တုပြိုင်ဘက် လုပ်၊ သိမ်းပိုက်စော်ကားရန် ကြံစီနေတယ်လို့ ယုံကြည်နှလုံးသွင်းတော် မူသဖြင့် အသင်ငတင့်တယ်အား လက်ရဖမ်းစေဗျား"

တကောင်းဘုရင်မင်းမြတ်၏ တစ်ချက်လွှတ်အမိန့်ကို တင်ကြို ၍သိနှင့်သော တကောင်းပြည်သား ငတင့်တယ်မှာ ထွက်ပြေးတိမ်း ရှောင်နေလေရာ နှမတော်ရှင်မြတ်လှကို မိဖုရားအဖြစ် သိမ်းပိုက်တော့ သည်။ နှစ်အတန်ကြာသည်နှင့် အကြံနှင့်နေသော တကောင်းဘုရင် မင်းတော်သည်။ "မိဘုရား၏ မောင်ကိုခေါ်ယူပါ၊ မြို့ကွပ်ခန့်မည်"ဟု မိန့်တော်မူရာ ငတင့်တယ်ကို ဖမ်းဆီးမိတော့သည်။

ငတင့်တယ်အား စကားပင်ခြေရင်း၌ ဖိုကျင်ထိုး၍သတ်လေ

သော်၊ မီးလောင်ကျွမ်းခံရရှာသည့်မောင်တော်ကို ချစ်ရှာသော နှမတော် မိဖုရားမမြတ်လှက မီးပုံအတွင်းသို့ ခုန်ချလိုက်တော့သည်။ ဘုရင်မင်းမြတ်လည်း မိဖုရားအားလက်ရဖမ်းဆွဲရာ ဦးခေါင်းပိုင်းသာ ပါလာသဖြင့် အကောင်းမရလိုက်တော့ပေ။

ငတင့်နှင့် နှမတော်ရှင်မြတ်လှတို့ ထိုစကားပင်၌ နတ်ဖြစ်သွားကြလေသည်။ စကားပင်ခြေရင်းသို့ရောက်ရှိလာကြသော လူသူကျွဲနွားတိရစ္ဆာန်များကို ဒုက္ခပေးသည်၊ လူတို့သည် နှစ်စဉ် ကျွဲနွားများ သတ်ဖြတ်၍ ယစ်ပူဇော်ကြသည်။

တကောင်းဘုရင်က အချိန်နှစ်ကြာလျှင် တိုးပြည်တွင် ကျွဲနွားများ ရှားပါးလိမ့်မည်ဟုဆိုကာ စကားပင်ကို အမြစ်မှတူး၍ ဧရာဝတီ၌ မျှောလေ၏။ ငတင့်တယ်တို့ နတ်မောင်နှမလည်း စကားပင်နှင့်အတူ ပါလေရာ ပုဂံမြစ်ဆိပ်တွင် စုန်၍ မရတော့ပဲ ထိုစဉ်က ပုဂံတွင် စိုးစံနေသော သေဦလည်ကြောင်မင်း (အေဒီ ၃၄၄ - ၃၇၈၊ ပုဂံ ၇ ဆက်မြောက်) လက်ထက်တွင် အိမ်မက်ပေးပြီး နတ်ကွန်းတောင်းသည်။

သေဦလည်ကြောင်မင်းလည်း စကားပင်ကိုဆယ်ယူပြီး နတ်ရုပ်ထုလုပ်ကိုးကွယ်သည်။ ရှေးမြန်မာတို့က မီးလောင်ခံရလျှင် အုန်းရည်သောက်သုံးကြသည်။ အပူဒဏ်ခံနိုင်ရန်ဖြစ်၏။ မင်းကစတင်ကိုးကွယ်သော နတ်ဖြစ်၍ ပုဂံပြည်သူများက အိမ်ရှေ့မျက်နှာစာ၊ လမ်းဆုံလမ်းခွများ၊ အရိပ်ရသစ်ပင်များတွင် နတ်ကွန်း၊ နတ်နန်းများဆောက်လုပ်ကိုးကွယ်ကြသည်။ အုန်းရည်သောက်သုံးသဖြင့် အုန်းသီးကိုဆက်သသည်။

တကောင်းငတင့်တယ် (ဝါ) မောင်တင့်တယ်ဇာတ်လမ်းများသည် ငယ်စဉ်ကလေးဘဝဇာတ်ပွဲများကြည့်ရင်း ရှေ့ပိုင်းအော်ပဒါ၊ နောက်ပြဇာတ်၊ နောက်နှစ်ပါးသွားအပြီး ခေတ္တအားလပ်ချိန်ပေးပြီး ဇာတ်ထုပ်၊ ထိုဇာတ်ထုပ်ကို ခမ္ဘဇာတ်ဟုပြောကြပြီး ပြည်ဖုံးကားရှေ့သို့ ဝန်မင်းများထွက်ကြသည်။ ဇာတ်ထုပ်အကျဉ်းချုပ်ပြောပြရာ၌ ဇာတ်ပန္နက်ရိုက်သည်ဟုပြောသည်။

တစ်နှစ်မှတစ်ကြိမ် နွားလှည်းဖြင့်သွားကြည့်ရသည်မို့ ကြားကာလ တစ်နှစ်ပတ်လုံး မနှစ်က ကခဲ့သော တေင့်တယ်ဇာတ်လမ်းက အိပ်ယာဝင်အမေပြောပြ၍မဆုံးနိုင်တော့ ငယ်စဉ်ကလေးဘဝမို့ ပုံပြင်သဖွယ်ဖြစ်ခဲ့သည်။ အခုတော့ ဤနယ်မဟုတ်တော့။

ရှေးဟောင်းယဉ်ကျေးမှုဌာနမှ တကောင်းမြို့ဟောင်းကို တူးဖော်ရာ မောင်တင့်တယ်နေရာများတွင် သံဖိုပေါင်း (၃၀) ကျော်တွေ့သည်ဆိုသည်။ ပန်းပဲမောင်တင့်တယ် အမှန်တကယ်ရှိသည်ဟု ယုံကြည်မိသည်။ ထို့အပြင် လက်စင်းရာပါ ပျူအုတ်ချပ်များပါရှိပြီး ဘီစီ ၁-၂ ရာစုဟုခန့်မှန်းကြသည်။ ပျူပုတီးစေ့များ၊ မြေခွက်များနှင့် မြေအိုးအရွယ်မျိုးစုံ ၁၀၀ ခန့်တွေ့ရှိခဲ့သည်။

သံပစ္စည်း (၄) မျိုးခန့်၊ ကြေးပစ္စည်း (၅) မျိုး၊ ရွှေငွေပစ္စည်း (၂) မျိုး၊ ကျောက်လက်နက်များပါ တွေ့ရှိရသည်။ ဂေါတမမြတ်စွာဘုရားမပွင့်မီ တကောင်းခေတ်ကြီးဖြစ်သဖြင့် ဗုဒ္ဓနှင့်ဆိုင်သောအထောက်အထား မတွေ့ရှိရဟုဆိုသည်။

ဂေါတမမြတ်စွာဘုရားပွင့်တော်မူပြီး တည်ဆောက်ကြသော သရေခေတ္တရာမြို့ဟောင်းတွင် ဗုဒ္ဓနှင့်ဆိုင်သော ဘုရားဆင်းတု၊ စေတီ၊ စာပေများကို တွေ့ရှိသည်။ တကောင်းသည် စာပေမပေါ်ပေါက်မီက မြို့ဟောင်းဖြစ်၍ စာပေအထောက်အထားမတွေ့ရှိရပေ။ ယင်းတကောင်းမြို့ကြီးသည် စာပေမပေါ်ပေါက်သေးသော်လည်း ကျောက်လက်နက်၊ မြေပုတီး၊ ရွှေ၊ ငွေ၊ သံ၊ ကြေး၊ ကျောက် လက်ကောက်ဝတ်ဆင်ပြီး အလှပြင် စသည်တို့ပြုမူဆောင်ရွက်ကြသော ယဉ်ကျေးမှုရှိသောလူမျိုးများနေထိုင်ကြောင်း သိသာလှပါသည်။ ထိုတကောင်းပြည်ကြီးကား သာသနာသက္ကရာဇ် (၁၀၀) မတိုင်မီက ပျက်စီးခဲ့သည်။

အနော်ရထာနန်းတက်သောအခါ တေင့်တယ်တို့နတ်မောင်နှမကို ပုပ္ပါးတောင်ထိပ်သို့ပို့လိုက်သည်။ (မင်းမဟာဂီရိတောင်ထိပ်တွင် အမြင့်ဆုံးနေသည့်နတ်) ဟု အမိပ္ပါယ်ရသည်။ ပါဠိတွင် အာဝေဏိက ပြိတ္တာဟုခေါ် ဆိုကြောင်း စာရေးဆရာဆင်ဖြူကျွန်းအောင်သိန်း၏ စာ

ပေဗိမာန်ထုတ် နတ်သမိုင်းစာအုပ်တွင် ဖော်ပြထားသည်။ ကျန်ရှိနေသေးသော ပုဂံဒေသအတွင်း၌ နတ်ကွန်း၊ နတ်စင်၊ နတ်နန်းများကို ဘုရင်နော်ရထာက ဆင်သွား၊ မြင်းသွားလမ်းများဖြင့် ရှုပ်နေ၍ နတ်စင်များကို ပျက်စေရာ၊ အိမ်တွင်း၌ ကိုးကွယ်ကြရသဖြင့် အိမ်တွင်းနတ်များ ယနေ့တိုင်ဆက်လက်ရှင်သန်နေဆဲဖြစ်ပါသည်။ တကောင်း၊ သရေခေတ္တရာခေတ်များမဆိုဘိ၊ သေဉ်လည်ကြောင်မင်းခေတ်မှဆိုလျှင် နှစ်ပေါင်း ၁၆၅၀ ကျော်ခဲ့ပြီဖြစ်သည်။ ထိုမင်းသည် ယုန်လွှတ်ကျွန်းနှင့် ကျောက်စကားအရပ်ရှိ နန်းတော်ဟောင်းကိုစွန့်ပြီး၊ လောကနန္ဒာအရပ်တွင် သီရိပစ္စယာမြို့သစ်ကိုတည်ထောင်သည်၊ ထို့နောက် နတ်နန်းများပေးခြင်းသည် ယင်းမင်း၏ ထူးခြားချက်ပင်ဖြစ်သည်။

နတ်မောင်နှမတွင် နှမဖြစ်သူအား သေဉ်လည်ကြောင်မင်းက မျက်နှာတော်အား ရွှေချလိုက်သည်ဆိုသဖြင့် ယခုအခါ အုန်းဦးများပင် နတ်ပွဲများ၌ ရွှေချခြင်း၊ ရွှေရောင်သုပ်လိမ်းခြင်းများ ပြုလုပ်ကြသည်။

အချိန်ကာလသည် သက်ဦးဆံပိုင်ဘုရင်ခေတ်ဖြစ်၍ သက်ဦးဆံပိုင်ဘုရင်တို့၏ အရည်အချင်းညံ့ဖျင်းပါက အမျိုးဘာသာ၊ သာသနာ၊ စာပေ၊ ယဉ်ကျေးမှုများ ကျဆင်းမှေးမှိန်ယုံမျှမက ပျက်စီးဆုံးရှုံးနိုင်သည့် အခြေအနေကို ရောက်ရှိသွားတတ်၏။ ဘာသာရေးများ ကျဆင်းခြင်းသည်လည်း ထိုသက်ဦးဆံပိုင်ဘုရင်တို့ အုပ်ချုပ်နေသော နိုင်ငံတစ်ခုလုံး၏ "စာပေ"ဟူသော ရေသောက်မြစ်နှင့် သက်ဆိုင်လေသည်။

သက်ဦးဆံပိုင်ဘုရင်များခေတ်၏ စာပေကျဆင်းခဲ့ခြင်းကြောင့် ဘာသာရေး၊ အယူဝါဒများ ကွဲပြားခဲ့ရ၍ သက်ဦးဆံပိုင်ဘုရင်ခေတ်မဟုတ်သော ကာလများ၌ ယင်း၏ ပျော့ကွက်ဟာကွက်၊ အားနည်းချက်များကို သင်ခန်းစာယူကြရမည်သာ။

ပုဂံသေဉ်လည်ကြောင်မင်းသည် အိပ်မက်ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ထိုနတ်များရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ မင်းတစ်ပါး၏ အယူဝါဒကြောင့် ထိုဝါဒတစ်ခုမှ ဆက်လက်ပေါက်ဖွားလာသည့်

လွှဲမှားသော အယူဝါဒများ များစွာပေါ်ပေါက်ခဲ့ပါ၏။

ထို့ကြောင့် သေဥ်လည်ကြောင်မင်းလက်ထက်မှ စတင်ခဲ့သော နတ်မောင်နှမဇာတ်လမ်းသည် ရှိခဲ့သော်လည်း နောင်မင်းအဆက်ဆက် များတွင် ပြည်သူပြည်သားတို့က အတုအယောင်အယူဝါဒ နတ်ကတော် အတုအယောင်များ၊ ဘာသာရေးဖက်ရဟန်းသံဃာ အတုအယောင်များ ကွဲပြားလာခဲ့ရသည်။

နတ်အစစ်ရှိလျှင် နတ်ဆရာရှိလာမည် နတ်ဆရာအစစ်ရှိလာလျှင် အတုရှိလာမည်။ ရဟန်းအစစ်ရှိမည်။ ထေရဝါဒ ဗုဒ္ဓဘာသာ အစစ်ရဟန်းရှိလျှင် ရဟန်းအတုယောင်ရှိမည်။ မဟာယာန၊ ဟိနယာန၊ ဗြဟ္မဏဝါဒစသည် ဂိုဏ်းအမျိုးမျိုးကွဲခဲ့ကြသည်။ ထိုဂိုဏ်းပေါင်းစုံတို့၏ ထိုးနက်ချက်ကို ဗုဒ္ဓဘာသာဝင်များအဖို့ အလူးအလဲခံနေခဲ့ရသည်။ ဗုဒ္ဓဘာသာဝင် အစစ်များဟု အမည်ခံကြသော်လည်း အချို့သော ဘာသာဝင်များသည် အခြားသောဂိုဏ်းဂဏများ၏ အယူဝါဒများကို နှစ်ပရိစ္ဆေဒကြာမြင့်ခဲ့သော်လည်း အသုံးပြုကြကြောင်းကို ကျမ်းများ၊ သမိုင်းစာပေများ၌သာမက ခေတ်အဆက်ဆက် တွေ့ကြုံနေရသည်။ အထက်ပါနတ်မောင်နှမဖြစ်ရသည် နောက်ပိုင်းတွင် အိန္ဒိယဗြဟ္မဏအယူဝါဒများနှင့် ရောနှောလာကြတော့သည်။

(သီလက္ခန္ဓ၌ ဗြဟ္မဇာလသုတ်သည် အဦးဆုံးသုတ်ဖြစ်၏။ ထိုသုတ်ကို ဘာသာရေးသမိုင်းဘက်ကနေ၍ ကြည့်ပါမူ အထူးအရေးကြီးလေသည်။ ဗုဒ္ဓဘာသာရဟန်းတို့ ကျင့်ကြံလိုက်နာရမည့် စည်းကမ်းများ၊ ဗုဒ္ဓဘာသာရဟန်းတို့၏ ရှောင်ကြဉ်အပ်သည့် အလုပ်အကိုင်အမျိုးမျိုး၊ အသက်မွေးဝမ်းကျောင်းအမျိုးမျိုး ထိုခေတ်ထိုအခါက သမဏဗြဟ္မဏတို့၏ အယူဝါဒအမျိုးမျိုးကို ဘုရားမြတ်စွာသည် စုံလင်စွာပေါင်းစုဟောကြားထားခဲ့ပေသည်။ "သသာတဝါဒ" "ဥစ္ဆေဒဝါဒ" စသော ထိုခေတ်ထိုအချိန် အိန္ဒိယပြည်၌ ထွန်းကားခေတ်စားလျက်ရှိသည့် ၆၂ ပါးသော အဘိဓမ္မာများအကြောင်းကိုလည်း ဤသုတ်၌ပင်

ဘုရားမြတ်စွာသည် ဆွေးနွေးဖော်ပြထားခဲ့ပေ၏။
အထူးသဖြင့် သီလနှင့်ပတ်သက်သော အခဏ်းတွင် လူအမျိုးမျိုးတို့၏ အခြေအနေ၊ အနုပညာအမျိုးမျိုး၊ လက်မှုပညာအမျိုးမျိုး၊ လူတို့၏ အလုပ်အကိုင်အမျိုးမျိုး၊ ယဇ်ပူဇော်နည်းအမျိုးမျိုး၊ ကစားခုန်စားနည်းအမျိုးမျိုး၊ ပျော်ပါးမှုအမျိုးမျိုး၊ စာရင်းကိုင်ပညာ၊ နိုင်ငံရေး၊ ဆေးပညာ၊ ခွဲစိပ်ကုသနည်း၊ ဗိသုကာအတတ်၊ လက္ခဏာဖတ်နည်း၊ အမှတ်အသားအရိပ်အခြေကိုကြည့်၍ နိမိတ်ဖတ်နည်း၊ အင်္ဂဝိဇ္ဇာဟောနည်း၊ အိပ်မက်ဖတ်နည်း၊ ဂါထာမန္တရားရွတ်ဆိုကာ ကိုယ်ဝန်စောင့်ထိန်းနည်း၊ နတ်တို့နှင့် ပတ်သက်သော အယူအဆအမျိုးမျိုးကို ဘုရားမြတ်စွာသည် ဤသုတ်၌ အသေးစိတ်ရှင်းပြတော်မူခဲ့၏။
ဤဗြဟ္မဇာလသုတ်ကို ဟောပြောရခြင်း၏ အကြောင်းရင်းကား သမဏဂိုဏ်းဝင် "သုပ္ပိယ"၏ တပည့်ဖြစ်သူ "ဗြဟ္မဒတ္တ"သည် ဘုရားမြတ်စွာ၏ ဂုဏ်ကျေးဇူးတော်ကို ချီးကျူးပြောဆိုသောအခါ "သုပ္ပိယ"သည် ဘုရားမြတ်စွာ၏ အကြောင်းမကောင်းပြောသောကြောင့်တည်း။
ကျွမ်းကျင်လိမ္မာသော တံငါသည်သည်ကြီးငယ်မရွေး ငါးဟူသမျှကို သူ၏ ကွန်ရက်ဖြင့် ဖမ်းဆီးနိုင်သကဲ့သို့ ဘုရားမြတ်စွာသည်လည်း မိမိ၏မှန်မြတ်သိမ်မွေ့လှသော တရားကွန်ရက်တွင် အဘိဓမ္မာဆရာကြီးများနှင့် ဂိုဏ်းဆရာကြီးများအား သိမ်းသွင်းနိုင်ခြင်းကြောင့် ဤသုတ်သည် ဗြဟ္မဇာလသုတ်ဟူ၍ ထင်ရှားလေသည်။
ဗြဟ္မဇာနှင့်အခြားဂိုဏ်းဝင် သာမဏတို့ သက်ဝင်ယုံကြည်ကြသော အယူဝါဒတို့သည် နိဗ္ဗာန်သို့ ပို့ဆောင်နိုင်စွမ်း မရှိချေ။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့သည် "အတ္တ"က တနည်းတလမ်းအားဖြင့် အစစ်အမှန်ကဲ့သို့ ယူဆထင်မှတ်နေသောကြောင့်တည်း၊ အတ္တကို လုံးဝမပယ်ဖျောက် မဖျက်ဆီးပဲ နိဗ္ဗာန်

သို့ မရောက်နိုင်ရာ။

ဤသုတ်တွင် ဘုရားမြတ်စွာသည် “စံထားရာ ကျင့်ဝတ်စောင့်ထိန်းသူ ပုဂ္ဂိုလ်ထူးကြီး”အဖြစ်ဖြင့်သာမက ထိုခေတ်ထိုအချိန်အခါ၌ ပေါ်ပေါက်ထွန်းကားကြသော ခေတ်ပြိုင်အဘိဓမ္မာဆရာကြီးတို့ထက် အဆပေါင်းများစွာ ထူးကဲသာလွန်သည့် အဘိဓမ္မာဆရာကြီးအဖြစ်ဖြင့်လည်း ပေါ်လွင်ထင်ရှားဘိ၏။ ဘုရားမြတ်စွာသည် ကျင့်ဝတ်သီလများကို သူမတူအောင် အစွမ်းဆုံးစောင့်ထိန်းနိုင်ခဲ့ရုံမျှမက တုဘက်ကင်းသောအဘိဓမ္မာဆရာကြီးအဖြစ်လည်း “ဒိဋ္ဌိအယူဝါဒ အားလုံး” တို့ကို သုတ်သင်ရှင်းလင်းတော်မူခဲ့လေသည်။

အတ္တကို ပယ်ဖျက်မှသာလျှင် နိဗ္ဗာန်ကိုရနိုင်မည်ဖြစ်ကြောင်း မည်သို့သောနည်းနှင့်ဖြစ်ဖြစ် အတ္တကို သုတ်သင်ရမည်ဖြစ်ကြောင်း ဘုရားမြတ်စွာက ဤဗြဟ္မဇာလသုတ်တွင် အတိအလင်းကြေညာတော်မူခဲ့၏။

(ပါဠိစာပေသမိုင်း - စာ ၃၆)

ရာစုနှစ်ပေါင်းများစွာကြာမြင့်ခဲ့ပြီဖြစ်သော လွှဲမှားသောအယူဝါဒများ၏ ထိုခေတ်အချိန်ကာလ တိုင်းပြည်နိုင်ငံများသာမက ပုဂံခေတ် (လက်ရှိပုဂံမြို့ရိုးတည်သူ) ပျဉ်ပြားမင်းအထိ အရိပ်မမာကပ်ငြိလာခဲ့သည်။

ပျဉ်ပြားမင်းသည် (အေဒီ ၈၄၆-၈၇၈)အတွင်း ၃၂ နှစ်တိုင်တိုင် ထီးနန်းစိုးစံခဲ့သည့်မင်းဖြစ်သည်။ ပျဉ်ပြားမင်းမတိုင်မီ သေဉ်လည်ကြောင်မင်းသည် သီရိပစ္စယာမြို့တည်ခဲ့သည်။

## ပုဂံမြို့တည်ခြင်းနှင့် အေးချမ်းသာယာခြင်းများ

- ယုံလွတ်ကျွန်းသည် ပထမမြို့ဖြစ်သည်
- ဒုတိယ အရိမဒ္ဒနာသည် ဒုတိယမြို့ဖြစ်သည်။

- တတိယမြို့ကား သေဥ်လည်ကြောင်မင်း
- စတုတ္ထမြို့ကား ယခုလက်ရှိ လူအများသိနေသော ကျုံးမြို့ရိုးနှင့် ပုဂံမြို့ပင်ဖြစ်သည်။ ပုဂံမင်း ၃၄ ဆက်မြောက် ပျဉ်ပြားမင်းက သက္ကရာဇ် ၂၁၁ စတင်တည်ထောင်သည်။

"သက္ကရာဇ် ၂၀၈ နှစ်ရာရှစ်ခုသော် ထိုမင်း(ခဲလူးမင်း)ညီတော် ပျဉ်ပြားမင်းဖြစ်တော်မူသည်။ မင်းသားငယ်လက်ထက် ပျဉ်ပြားရွာကို စားရသောကြောင့် ပျဉ်ပြားမင်းဟုတွင်၏။ အိမ်နိမ့် ၄၅ နှစ်၊ စည်းစိမ်သုံးဆယ့်နှစ်နှစ်၊ သက်တော် ခုနှစ်ခုနစ်နှစ်သော် (၇၇) အနိစ္စရောက်တော်မူသည်။ ပုဂံကိုတည်တော်မူ၏။ တည့်သည့်သက္ကရာဇ်ကား နှစ်ရာတစ်ဆယ့်တစ်ခုတည်း၊ နှစ်ရာနှစ်ဆယ့်ကိုးတွင် တောင်တွင်းမြို့ကိုလည်း ရမ္မဝတီသမုတ်၍ မြို့တည်၏။ (မှန်နန်း)

ရှေးဟောင်းစာပေ တစ်ခုတွင် ထွန်ချစ်မင်း၏ မိဖုရား၊ မိဖုရား၏ ဆရာဖြစ်သော ပိဋကတ်ဗေဒင်ကျော် သံဃာရာဇအား ပူပွါးစေရဟန်းအမည်ဖြင့် မင်းမြောက်ခြင်းခံရသော မင်းသည် ကိန်းခန်းအလျောက် ၅၆၀ သက္ကရာဇ်ပြို၍ အတို ၂ ခုထားခဲ့သည်မှာ သက္ကရာဇ် ၂၁၁ ခုနှစ် ပြာသိုလဆန်း ၆ ရက် ကြာသပတေးနေ့ ၂ ချက်တီးကျော်၊



၈ ဘဝါးအချိန်တွင် ဘူမိနက်သန် မြေကြန်မင်္ဂလာရှိသော၊ ယခုပုဂံမြို့တည်ရာအရပ်၌ မြို့ရွာတည်စနစ်၍ ပန္နက်ရိုက်ပြီး ရဟန်းပညာရှိလေးပါး အမတ်ပညာရှိလေးယောက်တို့ကို စီရင်ခန့်ရန်စေကာ အဝန်း ၇ တောင်တာ ၁၁၄၂ တာရှိသောမြို့ကို တံခါး ၁၂ ပေါက်၊ နတ် ၁၃ ယောက်စောင့်စေရန်။

ပုဂံပြည်တွင် အစမှာ တစုတရုံးတည်းပေါ်ပေါက်လာကြောင်း တွေ့ရသည်။ ထိုမတိုင်မီ သေဥ်လည်ကြောင်မင်းလက်ထက် မင်းမဟာဂီရိနတ်မောင်နှမတို့ကို ပုဂံပြည်သူပြည်သားတို့စတင်ဆည်းကပ်နေကြပြီဖြစ်သည်ကိုလည်း သတိပြုရန်ဖြစ်သည်။ အဆိုပါ တံခါး ၁၂ ပေါက်တွင် နတ် ၁၃ ယောက်စောင့်ရန် စီမံရာ၌ သရပါတံခါးတွင် နတ် ၂ ယောက်စောင့်၍ အခြားအပေါက်များတွင် တစ်ယောက်စီစောင့်ရှောက်ရန်။

ရာဇဝံသဇလိနီကျမ်းတွင် -

၁။ သရပေတံခါးမှာ ရွှေပင်သင်နတ်
၂။ သာရပါမှာ နတ်မောင်နှမ
၃။ သာရပါမှာ ဖက်သန်းပင်နတ်
၄။ သာတန်းမှာ ဇမ္ဗူတန်ဆောင်နတ်
၅။ ငါးမြီးခက်မှာ ကုဝေရနတ်
၆။ ညောင်ဖြူမှာ ဇမ္ဗူသပြေနတ်
၇။ သာစည်မှာ ဇမ္ဗူတမွတ်နတ်
၈။ မင်္ဂလာတံဆိပ်မှာ ဝိရူပက္ခနတ်
၉။ မကြည်သာမှာ မြင်းဖြူရှင်နတ်
၁၀။ ဝင်မနားမှာ (နွဲ့သင်တ်၊ ပေါင်းတံခါး ၁၂ ရပ်၊ နတ် ၁၃ ယောက်ဖြစ်သည်။ (နတ် ၁၁ ယောက်သာရှိသည်)

မြတောင်ဆရာတော် ပုရပိုက်တစ်ဆူတွင်တော့ -

အရှေ့ ၁- သာယာပတ်တံခါး - မျက်သာကျင်နတ်
၂- သပ္ပသိန်- နတ်မောင်နှမ
၃- သာယာပေး-ရွှေမသင်နတ်

အနောက် ၄- မကြည်သာ - ငတုန်းသင်နတ်
၅- မဂ်လာ-ဇမ္ဗူတန်မြတ်နတ်
၆- သာကုန်း-ဇမ္ဗူတန်ဆာင်နတ်
တောင် ၇- သာတန်း- ဇမ္ဗူတန်ဆောင်နတ်
၈- ငါးမည်ရပ် ကလဝေနတ်
၉- စံနန်း-ဇမ္ဗူသပြေနတ်
မြောက် ၁၀- ကလေး၀-ငဘဲသင်နတ်
၁၁- ဝင်မဥ္စာ- ဝိရူပက္ခနတ်
၁၂- မတောင့်တ - ငန္ဒဲသင်နတ်၊ အသီးသီးစောင့်ကြသည်။ တဇတ္တဒီပနီကျမ်းတွင် လှေသင်းအတွင်းဝန်က သရပါတံခါးစောင့်သော ငတပါးသင်နတ်ဟု ဖော်ပြထားရှိရာ ယနေ့ မျက်မြင်အခြေအနေတွင် နတ်ကွန်း ၂ ဆောင်၊ နတ် ၂ ယောက်(ကျား+မ)ရှိနေခြင်းဖြင့်၊ ထိုခေတ်က ပုံနှိပ်တိုက်များသည် မျက်မှောက်ခေတ် ကွန်ပျူတာများထက် သတ်ပုံသတ်ညွှန်းမှန်ကန်တိကျလေရာ၊ မည်သည့်နေရာက မှားနေမည်ဖြစ်ကြောင်း စဉ်းစားမိလိုက်သည်တော့ အမှန်ပင်ဖြစ်၏။

တံခါးပေါက်များ ၁၂ ပေါက်ရှိသည်မှာ၊ သရေခေတ္တရာမြို့ပျက်မှ တိမ်းရှောက်လာကြသော မင်းနှင့်ပြည်သူများအဖို့ ယင်းအားအတုယူခြင်းဖြစ်နိုင်၏။ ထို့အပြင် မြန်မာမင်းများနောက်ဆုံးနေပြည်တော် ရတနာပုံ(မန္တလေး)မြို့တံခါးတို့မှာလည်း ၁၂ ပေါက်သာရှိခြင်းအားဖြင့် ရှေးအစဉ်အလာပင်ဖြစ်မည်ဟု ယူဆကြရပေမည်။

ရှေးနှစ်များစွာက စာရေးဆရာကြီး၊ သမိုင်းဝင်ကျမ်းပြုဆရာကြီးများ၏ ရေးသားထားရှိမှုအပေါ် အခြေခံ၍ တိုးတက်သောခေတ်စနစ်နှင့်လိုက်လျောညီစွာ စာဖတ်သူများ၊ သမိုင်းကြောင်းများကို စိတ်အားထက်သန်သူများ၊ သမိုင်းကြောင်း တိကျမှန်ကန်မှုနှင့် ထပ်မံရေးဖော်တွေ့ရှိချက်များအပေါ် ကျွန်ုပ်တို့အနေဖြင့် များစွာစူးစမ်းလေ့လာ၊ ဖော်ထုတ်ရေးသားတင်ပြရပါသည်။ အနီးစပ်ဆုံးနှင့်တိကျမှန်ကန်ဖို့ ရှေ့ရှုရပေမည်။

အများအားဖြင့် သမိုင်းကြောင်းများ၊ ရာဇဝင်ကြောင်းများရေး သားကြရာ၌ အလွန်အမင်းတင်စားကြသည်။ သက်ဦးဆံပိုင်ဘုရင် ခေတ်တွင် ဘုရင်အားချီးမြှင့်မြောက်စားသော အရေးအသားများ၊ ပရိယာယ်သုံး၍ ရေးနည်းရေးဟန်များသည် ထိုခေတ်အခါများတွင် လွန် စွာမှ ဖတ်ကောင်းလှသည်။ သမိုင်းကြောင်းများတင်စား ပရိယာယ်သုံး ၍လည်း ဖတ်ရှုထားမိသော အကြောင်းများကိုသာ သားသမီးမြေးမြစ် များအထိ ပြောပြကြရာ၊ နာထောင်ခဲ့ဘူးသော နားဖြင့်တစ်ဆင့်စကား တဆင့်ကြား၊ သက်ကြီးစကား သည်ငယ်ကြားဖြင့် ပုံပြင်/ဒဏ္ဍာရီ/ ဂမ္ဘီရစသဖြင့် ကြားနာရသူမှာ ယုံကြည်ပြီး ဖြစ်ရပ်မှန်များပင် မှန် ကန်မှုမရှိတော့ပဲ တွေ့ကရာပြောသူနှုတ်ဖျားမှ ထွက်စကားသည် တကယ် အမှန်ဟုပင် ထင်မှတ်ကြသည်။ သို့ဆိုလျှင် မြန်မာရာဇဝင်၊ ပုဂံရာဇ ဝင်ကြီးသည်လည်း ရှည်လျားပါဘိခြင်း၊ သမိုင်းကြောင်းမခိုင်လုံသဖြင့် တုတ်ထမ်း၊ ဓါးထမ်းပြောဆိုရခြင်းများ ပါဝင်ခဲ့လေသည်။

ပြူစောထီးမင်းအကြောင်းရေးသော ရှေးစာဟောင်းများ၌ နေ နတ်သားနှင့် နဂါးမသင့်မြတ်၍ ပဋိသန္ဓေစွဲကပ်ကြောင်း နေနတ်သား က နဂါးမကို ပစ်သွားသောကြောင့် စိတ်နာ၍ မွေးဖွားသော ဥကို နဂါးမ သည် ရေတွင်မျှောလိုက်ရာ ညောင်ဦးဆိပ်ကမ်းတွင် ပျူအိုလင်မယား ဆယ်ယူထားရာမှ ပြူစောထီးကို ပေါက်ဖွားကြောင်း ဒဏ္ဍာရီဆန်စွာ ရေးထားသည်။

မှန်နန်းရာဇဝင်တွင် ဝိဋူဍူပဘေးကြောင့် မြန်မာမြောက်ပိုင်း သို့ထွက်ပြေးလာရသော ဓဇရာဇာမည်သော သာကီဝင်မင်းသည် နာဂ ဆိန်မိဖုရားနှင့်စုန်ဖက်၍ ဒုတိယတကောင်းပြည်ကို တည်ထောင်သည်။ ထိုမင်းမှ ၁၇ ဆက်မြောက်သတိုးမဟာရာဇာမင်းပြုသည်၊ ထိုမင်း၏ အနွယ် သတိုးအာဒိစ္စရာဇာမင်းသည် ပြည်ရွာ မငြိမ်သက်၍ ဆင်းရဲ သားအသွင် ဥယျာဉ်လုပ်ကိုင်အသက်မွေးဝမ်းကြောင်းပြုသည့်ကာလ အတွင်း မိဖုရားမှ ပြူစောထီးကို ဖွားရာ ၇ နှစ်အရွယ်ရောက်လျှင် ဆရာရသေ့ထံ အပ်နှံ၍ လေးအတတ်ကိုသင်စေသည်။

မင်းဖြစ်အံ့ဟုကြဲလက္ခဏာမြင်၍ ပြူစောထီးဟုအမည်ပြောင်းလဲခေါ်ကာ ၁၆ နှစ်အရွယ်ရောက်လျှင် ပုဂံနေပြည်တော် ပြူအိုလင်မယားကို အမှီပြုနေထိုင်စဉ်၊ ရန်သူကိုနှိမ်နင်းသင့်ဖြစ် သမုတိရက်မင်းသမီးတော် စန္ဒာဒေဝီနှင့် ထိမ်းမြား၊ အိမ်ရှေ့အရာအပ်နှင်းသည်။

မြန်မာပညာရှိဦးဘော၏ မှတ်တမ်းတွင် -

"ပြူစောထီး၏ ဖခင်ကား မုဆိုးတည်း၊ မယ်တော်ကား တံငါသည်၏သမီးတည်း။ နေနတ်သားနှင့်နဂါးမဆိုသည့်အလိုမှာ နေဟူသည် ယုဂန္ဓိုရ်တောင်ထိပ်၌ လှည့်လှည်သည် မုဆိုးလည်းတောင်ထိပ်၌ လှည့်လည်သည်ဖြစ်ရာ မုဆိုးကို နေနတ်သားဟူ၍ ဥပစာဆိုသည်၊ နဂါးဟူသည် ရေ၌နေလေ့ရှိသည်။ တံငါသည်လည်း ရေ၌နေလေ့ရှိသည်ဖြစ်၍ တံငါကို နဂါးမဟု ဥပစာဆိုသည်" ရှေးလူကြီးများ၏ ပရိယာယ်စုံပုံ အရေးအသားကို တစ်မျိုးတစ်ဖုံထင်ရှားစေသည်။

ဤသို့ဖြင့် ပုဂံနေပြည်တော်တည်ဆောက်ထားရှိမှုဟန်များသည် မင်းနေပြည်တို့၏ အစဉ်အလာဖြင့် တည်ဆောက်ခြင်းသာဖြစ်ပေတော့သည်။ နတ်များကို ကိုးကွယ်ခြင်းနှင့်အခြားသော ဂိုဏ်းဂဏများသည် ထိုနတ်ကိုးကွယ်ခြင်းနည်းတူ ဖြစ်ပေါ်လာရခြင်းဖြစ်သည်သာ။ သို့ဆိုရပါလျှင် ယင်းတို့၏ ကိုးကွယ်မှုဆိုင်ရာ အယူဝါဒများသည် တိုင်းပြည်အေးချမ်းငြိမ်သက်မှုရှိသည်ဆိုသော်လည်း ဗုဒ္ဓအယူဝါဒ၊ ဗုဒ္ဓဘာသာဝင်များအဖို့ ဆူးပြောင့်ခလုပ်သဖွယ်(သို့မဟုတ်)အရိပ်မည်းကြီးပမာ ကပ်ငြိလိုက်နေခြင်းသာဖြစ်သည်ဟု ယူဆကြရမည်ဖြစ်သည်။

## ပုဂံပြည်မှ မြွေနဂါးကြီးများ

နဂါးသည် မြွေအမျိုးအစားတွင်ပါဝင်သည်ဟု အများကလက်ခံခဲ့ကြသည်။ နှစ်များစွာက ပုဂံသည် သစ်တောပေါင်း ထူထပ်လွန်းသည်ဖြစ်၏။ ဤသို့သစ်များပေါများခြင်းကြောင့် သစ်တပ်တည်ဆောက်

ခံသော မင်းများရှိ၏။ ဤသို့သစ်တောများ ထူထပ်ခြင်း၊ ကြီးမားသော သစ်ပင်များ အမြဲစိမ်းသစ်တော်သဖွယ်ရှိနေခဲ့၍ တောရဲတိရစ္ဆာန်များ လွန်စွာပေါများဟန်ရှိသည်။

သစ်တောသစ်ပင်ထူထပ်ခြင်းများစွာဖြင့် ကြီးမားသော မြွေကြီးများ၊ ကြောက်မက်ဖွယ်သတ္တဝါများရှိနေမည်မျှ သေချာလှပါ၏။ ယနေ့တိုင်ပူပြင်းသော ရာသီဥတုကာလများ၌ တမာနှင့်ကန္တရပန်းများ သာရှိသောနေရာများ၌ ယုန်သတ္တဝါများ ကျက်စားလျက်ရှိသည်။

အေဒီ ၉၃၀ တွင်ကင် ပုဂံရှင်ဘုရင်သိန်းခိုမင်းသည် တစ်ဦးတည်းတောကစားထွက်ရာ၌ သခွါးသီးစိုက်ပျိုးထားသော ယာခင်း အတွင်းသို့ရောက်ရှိလေရာ ယာခင်းရှင်တောင်သူကြီးထံ ခွင့်မပန်ဘဲ ဝင်ရောက်စားသောက်သဖြင့် ယာခင်းရှင်မှ တူရွင်းဖြင့်ရိုက်သတ်လိုက်သည်ဆို၏။ ဘုရင်၏မြင်းထိန်းလုပ်သူက နောက်ထပ်ချပ်မခွါလိုက်လာရာ မြင်းထိန်းနှင့်တောင်သူကြီးတို့ အငြင်းအခုန်ဖြစ်ကြသည်။

"ဟယ် . . တောင်သူကြီး အကျွန်တို့အရှင်ဘုရင်မင်းမြတ်ကို ဘာကြောင့်ရိုတ်ပုတ်သတ်ဘိ"

"နင်တို့ အရှင်မင်းကား ငါ၏ ငြေုပ်သခွါးကို ပိုင်ရှင်အတို့ထံ ခွင့်မပန်ချေသော် မပုတ်ဘိတုံတကား"

"ဟယ် . . . တောင်သူကြီး၊ အအုပ်အချုပ်မင်းကိုသတ်ဘိမူကား သတ်သူအား မင်းပြုလတ္တံ့ရှေးအစဉ်ရှိဘိတောင်း"

"ငါ မင်းမပြုလို၊ ဘဇကြောင့်ဆိုစေ၊ ငါ့ငြေုပ်သခွါးတို့ ခွေးငယ်နို့စို့ပမာ သီးသည်တမုံ့"

(ဦးကုလားရာဇဝင်ပါ စကားကို အနည်းငယ်ပြုပြင်ရေးသားပါသည်။)

အေဒီ ၉၃၁-၉၆၄ တွင် တောင်သူကြီး မင်းနန်းတက်သည်။ ဘုရင်ဖြစ်ပြီးနောက် သခွါးယာခင်းကို ချွဲ့ထွင်ကာ နဂါးရုပ်ကြီးကို ထုလုပ် ကိုးကွယ်ခဲ့သည်။ မြွေဆိုးကြီးများ၊ ကြီးစားသောမြွေကြီးများရှိသဖြင့် ယင်းတို့ထက်ကြီးမားသော မြွေနဂါးရုပ်ထုရှိခြင်းအားဖြင့်

မြွေအန္တရာယ်မှ ကာကွယ်ရန်လည်း ဖြစ်တန်ရာ၏။

ထိုခေတ်ကာလအချိန်ကား လမ်းပန်းဆက်သွယ်ရေး အရာ၌ "Silk Route"ခေါ် 'ပိုးကြီးကုန်သည်'လမ်းသည် အရှေ့တောင်အာရှကိုဖြတ်သွားရာတွင် လောကနန္ဒဆိပ်ကမ်းသည် မှတ်တိုင်သဖွယ်ဖြစ်၏။ ဆိပ်ကမ်းသို့ အိန္ဒိယ၊ သီဟိုဠ်၊ ရခိုင်၊ မွန်တို့၏ ဆက်ဆံရေးအချက်အချာနေရာဖြစ်နေခြင်းကြောင့် စရိုက်အမျိုးမျိုး၊ ယဉ်ကျေးမှုအယူဝါဒများကွဲပြားခြားနားလျက်ရှိသည်။

သခွါးသီးတောင်ယာစိုက်ပျိုးသူက ဘုရင်အားရိုက်သတ်ပြီး မင်းဖြစ်လေရာ အရည်းအချင်း၊ အရည်အသွေးပြည့်ဝသော မင်းမဟုတ်၍ ကိုးကွယ်ယုံကြည်မှုဘာသာ၊ သာသနာများသည် ရှုပ်ထွေးလာကြကား၊ အိန္ဒိယမြောက်ပိုင်းမှလာသော အယူဝါဒဂိုဏ်း(သို့မဟုတ်) အရည်းကြီးဂိုဏ်းသည် ပုဂံနေပြည်တော်ကို နဂါးမြွေကြီးမဟာ ရစ်ပတ်နှောင်ဖွဲ့ လွှမ်းမိုးလိုက်ကြတော့သည်။

## ပုဂံ၌ လွှမ်းမိုးသော အရည်းအယူဝါဒ

ပထမမြန်မာနိုင်ငံဟုစတင်တည်ထောင်ခဲ့သည့် အနော်ရထာမင်းလက်ထက်အထိ "အရည်းအယူဝါဒ"ပုဂံနေပြည်တော်တစ်ခုလုံး ကျင့်သုံးလာခဲ့ကြသည်။ တိုးပြည်အုပ်ချုပ်ထိန်းနန်းစိုးစံခဲ့သော သက်ဦးဆံပိုင်ဘုရင်တို့၏ ကျင့်သုံးသော ဘာသာအပေါ် အခြေခံ၍ ပြည်သူပြည်သားများက လိုက်လံကျင့်သုံးလာသည်။ ဘုရင်က နတ်ကိုးကွယ်လျှင် ပြည်သူများကလည်း ဘုရင်ကိုးကွယ်နတ်ကို ဆက်လက်ကိုးကွယ်သည်။ အုပ်ချုပ်သော ဘုရင်က အင်းအိုင်၊ သက်ဖွဲ့၊ ခန့်၊ "ဥုံဖွ"အယူဝါဒများကို ယုံကြည်ကိုးစားသူဖြစ်က တိုင်းသူပြည်သားများလည်း ထိုနည်းအတူဖြစ်သည်။

တောင်သူကြီးမင်းက တိုင်းပြည်အုပ်ချုပ်ရှင်ဘုရင်ဖြစ်လာသော ခေတ်ကြီးတွင် သာသနာ(ထေရဝါဒ ဗုဒ္ဓသာသနာ)ထွန်းကား

နိုင်ရန် နည်းလမ်းမရှိတော့သည့်အပြင် စစ်မှန်သော ထေရဝါဒဗုဒ္ဓဘာသာဝင်များပင် မိမိယုံကြည်ကိုးကွယ်သော ဘာသာအယူဝါဒများကို မျက်ကွယ်ပြု၍ နတ်များကိုးကွယ်ခြင်း၊ ဗုဒ္ဓ၏ ဂုဏ်တော်အချို့ကိုပင် ယင်းတို့ ဂါထာအဖြစ်ဖြင့် အသုံးပြုသော အင်းအိုင်၊ ဂါထာအဖြစ်သက်ဝင်ယုံကြည်လာရအောင် (မဟာယနဂိုဏ်း၊ မဟာယာနဘာသာ)က လွှမ်းမိုးလာကာ တိုင်းပြည်တစ်ခုလုံး ကျင့်သုံးလာခဲ့သည်။

မဟာယနဗုဒ္ဓဘာသာ အမည်ခံယူရင်း ရဟန်းဝတ်ကြသည်၊ အချို့ဆံပင်ရှည်များထားကြပြီး ဒေါက်ချာဟုခေါ် သောဦးခေါင်း၌ ဆောင်းသော ဦးထုပ်(ခမောက်အမည်တစ်မျိုး)ဆောင်းသော ဂိုဏ်းများတည်ထောင်ကြသည်။ မိန်းမယူသည်၊ ရှင်ဘုရင်ကဲ့သို့ မိန်းမပေါင်းများစွာယူသည်။ ဆေးဝါးများဖော်စပ်ကြသည်။

မျက်မှောက်ခေတ်အသုံးအနှုန်းဖြင့် ဖော်ပြနေလျှင် သင်္ကန်းရောင်ဝတ် လူတစ်မျိုးဟုသာ ပြောဆိုရမည်။ ဂိုဏ်းဂဏတည်ထောင်ခြင်းပြုလုပ်သည်။ ယင်းတို့ဂိုဏ်းဂဏများကို သေချာစွာလေ့လာကြည့်ပါလျှင် ဂိုဏ်းဆရာများ ကွယ်လွန်ခဲ့ပြီဖြစ်ကြောင်း၊ ထိုဂိုဏ်းဆရာကြီးများ၏ အယူဝါဒနိဿျများကို ထပ်မံ၍ရှာဖွေပြန်ကလည်း ဗုဒ္ဓဘာသာဝင်များ၏ အယူဝါဒများနှင့် ဆန့်ကျင်ဘက်များရှိနေတတ်သည်။ ဤသို့ဖြင့် မဟာယနဂိုဏ်းမှ ခွဲထွက်လာသော အောက်ဂိုဏ်း၊ အထက်ဂိုဏ်းများပေါ်ပေါက်ကာ၊ ထိုဂိုဏ်း ၂ ဂိုဏ်းစလုံးဟု ယူဆ၍မရသည့် အယူဝါဒများလည်းရှိခဲ့သည်၊ ရေတွက်၍ မပြီးဆုံးနိုင်သည့် ဂိုဏ်းဂဏအမျိုးမျိုးတို့က တောင်သူကြီးမင်းလက်ထက်တွင် ပိုမိုအင်အားကြီးစွာဖြင့် ပင်စည်မှတစ်ဆင့် အကိုင်းအခက် အညွန့်များသို့လူနှင့် ဖူးပွင့်ကြကုန်သည်ဖြစ်၏။

## သင်္ကန်းရောင်ဝတ် လူတစ်မျိုးတို့၏အယူဝါဒများ

ဂိုဏ်း၏ ဆရာကြီးတစ်ဦးလျှင် တပည့် ၂၀၀ ရှိသည်ဆို၏။ ထိုအချိန်က ဆရာပေါင်း ၃၀ ကျော်ရှိသည်ဟု ရှေးဟောင်းစာပေများတွင်တွေ့ရသည်။ ထို့အပြင် အရည်းတို့သည် သမာဓိကောင်းလာစေရန် အင်္ဂရတ်ထိုးသည် အောင်မြင်သည်ဟုလည်း ရှေးရာဇဝင်များ၌ ကြားဘူးနား၀၊ လေ့လာမှတ်သားရခဲ့၏။ ဆေးဝါးဖော်စပ်ခြင်း၊ မြင်းစီးခြင်း၊ လက်ဝှေ့ထိုးခြင်း၊ ဆံပင်အရှည်ထားသည်၊ မုတ်ဆိတ်မွေးထားသည်၊ စုန်း၊ နတ်၊ ကဝေတို့ကို မြွေ၊ နဂါးများကိုပင် ဖိတ်ခေါ်နိုင်သည်၊ ကိုးကွယ်ခြင်းလည်းပြုကြသည်။

သမား၊ ဟူးရားအတတ်များလည်း တတ်မြောက်ကြသည်။ ညစာစားသည်၊ မိန်းမယူသည်၊ အရည်းဆရာ တစ်ဦးလျှင် မိန်းမ ၁၇ ဦးရှိသည်ဆို၏။ ဂုဏ်တော်တို့ကို မန်းမှုတ်ခြင်း၊ ပါဠိစာပေ ဂါထာ၊ မန္တရားတို့၌လည်း ဦးခံ၍ မန်းမှုတ်ခြင်း၊ အစိမ်းသေ၊ တစ္ဆေ၊ သူရဲ၊ မြေဖုတ်ဘီလူးများကို နှိမ်နင်းခြင်းများ ပြုလုပ်ကြသည်ဆိုသည်။

နီညိုရောင်ဝတ်စုံဝတ်၍ လှည့်လည်အလှူခံခြင်းများ၊ တရားဟောခြင်းများပြုလုပ်ကြပြီး ဦးခေါင်း၌ ဒေါက်ချာဟူသော ခေါင်းဆောင်းဦးထုပ်တစ်မျိုးဆောင်းကြသည်။ အရည်းတပည့်အချို့မှာ နက်ပြာရောင်ဝတ်ဆင်ပြီး နက်ပြာရောင်ဦးထုပ်ဆောင်းကြသည်ဆို၏၊ သေရည်ယမကာများခေါင်းဆောင် အချင်းချင်းဆုံဆည်းမိချိန်တွင် စတုဒီသာအဖြစ် ညစဉ်(သို့)ရံခါမှီဝဲကြသည်ဖြစ်၏။

ဤမျှ အင်အားကြီးမားလှသည့် အရည်းဂိုဏ်းကြီးတို့ သခွါးသီးလောက် ဩဇာ၊ အာဏာစက်ရှင်ဘုရင်က ဖြိုခွင်းဖျက်ဆီးသုတ်သင်ပစ်ရန် နေနေသာသာ၊ ယင်းတို့ကိုပင် ဆရာတင်၍ "မင်းတိုင်ပင်"ကဲ့သို့ သဘောထား ဆက်ဆံနေကြရသည်မှာ အနော်ရထာလက်ထက်အထိဖြစ်သည်။ အနော်ရထာထီးနန်းစိုးစံသည့် အချိန်ကာလစတင်သည့်အချိန်အထိ နန်းတွင်း၌ အဂ္ဂယဆရာကြီးများ၊ ဂိုဏ်းဆရာများ

အမြဲရှိနေပြီဖြစ်ကြောင်းလည်း သမိုင်းပညာရှင်အချို့ရေးသားခဲ့ကြသည်။

နန်းတက်ပြီးသော အနော်ရထာသည် အရည်းဂိုဏ်းကြီး၏ လုပ်ရပ်များကို မဟုတ်မှန်းသိလျက် အလိုက်အထိုက်မသိကျိုးကျွံပြုနေပုံရသည်။ အမြစ်ပါမကျန်တွန်းလှန်ပစ်ရန်လည်း တဖက်ကအင်အားကို ချင့်ချိန်နေဟန်ရှိသည်။ အနော်ရထာ၏ ငယ်စဉ်ဘဝတွင်လည်း ဖခင်ဘုန်းကြီး၏ ကျောင်းတွင်ကြီးပျင်းခဲ့သဖြင့် ဗုဒ္ဓအဆုံးအမများကို ခံခဲ့ရပြီး ဖြစ်သည်။

အနော်ရထာနန်းတက်ချိန်တွင် ပုဂံနိုင်ငံ၌ ဗုဒ္ဓဘာသာကျဆင်းပြီး မဟာယန(အရည်းဂိုဏ်း၊ ဗြဟ္မဝါဒဂိုဏ်း၊ ထေရဝါဒ ဟိနယာနဂိုဏ်းစသည့် ဂိုဏ်းကြီးများက အားပြိုင်လွှမ်းနေခြင်းပဲ ဖြစ်သည်။ သမိုင်းဆရာဒေါက်တာသန်းထွန်းက "ခေတ်ဟောင်းမြန်မာရာဇဝင်နိဒါန်း"တွင် ပုဂံရာဇဝင်တို့ကို ကျောက်စာအားကိုဖြင့် ပြန်၍ ဖော်ထုတ်လေ့လာလျှင် -

၁။ အရည်းကြီးဂိုဏ်းသည် ပြောသလောက်မဆိုး။

၂။ အရည်းကြီးကို ဘယ်သောအခါမှ မင်းမိန့်နှင့် မနှိပ်ကွပ်။

၃။ ပုဂံခေတ်တစ်လျှောက်လုံးမှာ အရည်းကြီးဂိုဏ်းသည်။ အမျိုးသားဂိုဏ်း (မြန်မာဂိုဏ်း)ဖြစ်၍ သူတို့ကို ဆန့်ကျင်သောဂိုဏ်းမှာ နိုင်ငံခြားဂိုဏ်း(သီဟိုဠ်ဂိုဏ်း)သာဖြစ်ရကား သီဟုဠ်ဆန်သော ဆရာတော်များသည် ဝိနည်းကို အလွန်အကျူး ရှိသေသည်ကို ကျေနပ်သော်လည်း အမျိုးသားဂိုဏ်း အရည်းကြီးတို့ကိုလည်း မကဲ့ရဲ့၊ မရှုတ်ချပေ။

၄။ ဓမ္မစေတီခေါ် ရာဇဓိပတိလက်ထက် အေဒီ ၁၄၈၀ တွင်မှ မင်းအားပေးလွန်းသဖြင့် သီဟိုဠ်ဂိုဏ်းက အနိုင်ရသွားခြင်းဖြစ်ရာ "၁၆ ရာစုတွင် ရာဇဝင်ကိုရေးကြရာ အရည်းကြီးတို့ကို အလွန်ဆိုးလေဟန်ရေးကြခြင်းဖြစ်သည်။

၅။ ပန်းဦးလွှတ်ခြင်းကို အကျယ်ချဲ့ရေးသော်လည်း၊ ယင်း

အကျင့်မျိုးရှိဖူးကြောင်း သက်သေအထောက်အထား မရှိချေ ဟုရေးသားထားသည်ကို လေ့လာဖတ်ရှုရပါသည်။

"အရည်း" ဆရာကြီးတို့သည် ရှေးဘဝ ၆၀ နှင့် နောက်ဘဝ ခြောက်ဆယ်ကို ပြောပြနိုင်သည်ဆို၏၊ အရည်းဂိုဏ်းသည် ဆေးဝါးများ ဖော်စပ်သည်ဟု သမိုင်းစာပေများ၌ ဖော်ပြလေရာ မျက်မှောက်ခေတ် ကာလတိုင်ထွက်ရှိနေသော ဆေးကျမ်းများသည် မည်သည့်နေရာက ပေါက်ဖွားလာရသနည်း၊ ရှင်နာဂသိန်ဆေးကျမ်း၊ ဥတုဘောဇနသင်္ဂဟ ကျမ်းတို့သည် မည်သည့်နေရာမှ စတင်ခဲ့သည် စသဖြင့် ကျမ်းပြုမှုလ အစကို လေ့လာစရာများစွာ ကျန်ရှိနေပေသေးသည် လောဟု ယူဆရ မည်သာ။

"ဧကံစင်စစ် ဘုရားဖြစ်သည်"ဟု ဟောကိန်းထုတ်ပြီး မိဂဒါ ဝိုဏ်မှ တင်ကြို၍ သွားရောက်စောင့်နေသော အတပ္ပဏာပေဒင်ဆရာ ကြီး၏ ဟောကိန်းကားမည်သည့်နေရာက ရရှိခဲ့သနည်း၊ သုဒ္ဓေါဓန ကား သားဖြစ်သူကို "စကြာဝတေးမင်း"ဖြစ်စေလို၍ ငယ်စဉ်ကတဲက လောကစည်းစိမ်အမျိုးမျိုးဖြင့် ထားရှိလာရာ ပျော်ပိုက် နှစ်ခြိုက်မှုမရှိ တော့ပဲ ဘုရားအဖြစ်သို့ရောက်ရှိ ပရိနိဗ္ဗာန်သို့ ပြုရာ၏။

အချို့မှာ လောကီနှင့်လောကုတ္တရာလမ်းကြောင်းနှစ်ခု သွား လေရာ၊ ဗုဒ္ဓရာဇဝင်တော်ကြီး၊ သမိုင်းစာပေကျမ်းဂန်များကို သေချာ စွာ ဖတ်ရှုလေ့လာရကောင်းမှန်းမသိဖြင့် သိလိုသည့်အကြောင်းအရာ များ တော်လော်ကန့်လန့်ဖြစ်ဖွယ်မေးခွန်းများ အမေးခံရသူတို့ဘေး ကြပ်ဖြစ်စေမည့် ဆွေးနွေးတိုင်ပင်ရာ မရောက်သည့် စကားလုံးများ ဖြင့် နေရာမဟုတ်ပဲ ပြောဆိုသံများကြားသိ မြင်တွေ့နေရသည်။

ဘုရားရှင်လက်ထက်တော်က တိတ္ထိဆရာကြီး ၆ ဦးရှိသည့် အနက် အဇိတကေသကမ္ဗလဆိုသော တိတ္ထိဆရာကြီးရှိခဲ့ဘူးသည်။ ဆံပင်နှင့်ယက်လုပ်ထားသော ခြုံထည်ကိုဝတ်ရုံလေ့ရှိသောကြောင့် "ကေသကမ္ဗလ"ဟု အမည်တွင်သည်။ သူ၏ ညီဟောက်နံစော်သော ဝတ်ရုံကြောင့် သူ့အနားသို့ လူများမကပ်လိုကြ။ ရုပ်ဝါဒီ သမားသက်

သက်ဖြစ်ပြီး ကံ၏အကျိုးဝိပါက်ကို မယုံကြည်။ မရှိဟုဆို၏။

ဤလောကသည်. . . မရှိ

အမိအဖသည်. . . မရှိ၊ သေ၍တဖန်ဖြစ်သော သူတို့မရှိကုန်။ ဤလောကကိုလည်းကောင်း၊ တစ်ပါးသောလောကကိုလည်းကောင်း၊ ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုလျက် ဟောကြားနိုင်ကုန်သော ဖြောင့်မှန်သော အရိယာမဂ်ကိုရောက်ကုန်သော၊ ကောင်းသော အကျင့်ရှိကုန်သော သမဏဗြဟ္မဏတို့သည်လောက၌ မရှိကုန်။

ဤသတ္တဝါသည် မဟာဘုတ်လေးပါးအစုအဝေးဖြစ်၏။ သေသောအခါ မြေဓာတ်သည် မြေဓာတ်အစုသို့ ဆိုက်၏။ ရေဓါတ်သည် ရေဓါတ်အစုသို့ ဆိုက်၏၊ လေဓါတ်သည် လေဓါတ်အစုသို့ဆိုက်၏၊ မီးဓါတ်အစုသို့ဆိုက်၏။ နာမ်က္ခန္ဓတို့သည်ကောင်းကင်သို့ပြောင်းရွှေ့ကုန်၏။

ညောင်စောင်းလျှင် ငါးခုမြောက်ဖြစ်သော ယောကျ်ားတို့သည် သူသေကောင်ကို ယူ၍ သွားကုန်၏။ သင်္ချိုင်းတိုင်အောင်သူ သေကောင်တို့သည် ထင်ကုန်၏ အရိုးတို့သည် ခိုအဆင်းကဲ့သို့ ဖြစ်ကုန်၏။ အလှူတို့သည် ပြာအဆင်းကဲ့သို့ရှိကုန်၏။ အလှူပေးခြင်းတို့ကို လူမိုက်တို့က ပညတ်ထား၏။ အချို့သူတို့သည်(ပေးလှူခြင်း)စသည်ရှိ၏ဟူသော ဝါဒကို ပြောကုန်၏။ ထိုသူတို့၏ စကားသည် မှားယွင်း၏။ အချည်းနှီးဖြစ်၏။ ယောင်ယမ်းပြောဆိုသော စကားဖြစ်၏။ လူမိုက်ဖြစ်စေ၊ ပညာရှိဖြစ်စေ ခန္ဓာကိုယ်ပျက်စီးလျှင် ပြတ်စဲကုန်၏။ ပျက်စီးကုန်၏ သေသည်မှ နောက်၌မရှိ။

"ဒိဋ္ဌိအယူဝါဒ"ကျင့်သုံးနေကြသော "တိတ္ထိကြီး ၆ ဦးအနက် တစ်ဦး၏ အယူဝါဒကိုသာဖော်ပြပါသည်။ ထိုအယူဝါဒကျင့်သုံးနေသော တိတ္ထိကြီးများအား အဇာတသတ်မင်းသည် ခမည်းတော်အား လုပ်ကြံပြီးနောက် နောင်တများစွာဖြင့် လိုက်လံမေးမြန်းရာမှ တိတ္ထိဆရာများက တိုက်ရိုက်မဖြေကြားဘဲ ယင်းတို့၏ သက်ဝင်ယုံကြည်ကြသော ဝါဒအသီးသီးကိုသာလျှင် ရှင်းလင်းပြောကြားကြသဖြင့် စိတ်

မကျေမချမ်းဖြစ်ရကား ဇီဝကဥယျာဉ်တွင် စံပယ်လျက်နေတော်မူသော ဘုရားမြတ်ထံသို့ ဖူးလျှော့က်ကန်တော့ခြင်းဖြစ်၏။

ဘုရင်အဇာတသတ်သည် ဘုရားမြတ်စွာအား တောထွက်ရဟန်းပြုခြင်း၏ အကျိုးကျေးဇူးကို မေးမြန်းလျှောက်ထား၏။ ဘုရားမြတ်စွာက ဂုဏ်ပြဿနာများနှင့်ပတ်သက်၍ မိမိမှအပ အခြားတစ်ပါးသော အဘိဓမ္မာဆရာကြီးတို့အား စူးစမ်းမေးမြန်းပြီး မပြီး ဘုရင်ကို ပြန်၍ စစ်ဆေးမေးမြန်း၏။ အဇာတသတ်လည်း အထက်ပါအတိုင်း ကျေနပ်မှုမရရှိ၍ လာခဲ့ရကြောင်း ပြန်လည်လျှောက်ထား၏။

ထိုအခါ ဘုရားမြတ်စွာက ပြန်ကြားရာဝယ် သာမန်ပုထုဇဉ်လူသားများ မည်သည့်အခါမျှ ရရှိနိုင်လိမ့်မည်ဟု မမျှော်မှန်းနိုင်သော အကျိုးထူးများကို ရဟန်းတို့ ရရှိနိုင်ကြောင်း၊ ဥပမာပြုသော် ဘုရင့်အမှုထမ်းတစ်ယောက်သည် ရဟန်းပြုကာ ဘုရင့်ထံကြွလာပါလျှင် ဘုရင်သည် ထိုရဟန်းကို ခရီးဦးကြိုပြုရန် ဝန်မလေးမည့်ပြင် မင်းမှုထမ်းအနေဖြင့် မည်သည့်အခါမျှ ရရှိလိမ့်မည်မဟုတ်သော ရိုသေခြင်း၊ လေးစားခြင်း၊ ဝတ်ကြီးဝတ်ငယ်ပြုခြင်းစသော အကျိုးတို့ကို ထိုရဟန်းသည် မုချရရှိရာ၏။ ထိုဖော်ပြပါအကျိုးကား အပရိကသာမန်အကျိုးမျှသာလျှင် ဖြစ်ချေသေး၏။ စိတ်ကိုလေ့ကျင့်ခြင်းနှင့် စာရိတ္တကို ပြုပြင်ခြင်းတို့ဖြင့် ရရှိအပ်သော အဇ္ဈတ္တအကျိုးထူးတို့ကား ရဟန်းတို့အဖို့ နှိုင်းရာကင်းလေဘိသည်။

ရဟန်းပြုခြင်းဖြင့် အာသဝေါကုန်ခန်း ကာမဂ်ဖိုလ်ပေါက်ရာသည်။ ရဟန်းတို့၏ ဘဝလမ်းစဉ်တွင် မဂ်ဖိုလ်ပေါက်ရခြင်းထက် ထူးကဲမွန်မြတ်သော အကျိုးထူးမရှိတော့ပြီဟု ဖြေကြားတော်မူလေသည်။

"အစ္စယော မံ ဘန္တေ အစ္စဂမာ ယထာဗာလံ
ယထာမဠှံ ယထာ အကုသလံ၊ ယောဟံပိတရံ
ဓမ္မိကံ ဓမ္မရာဇာနံ ဣဿရိယ ကာရဏာဇီဝိတာ
ဝေါရောပေသိ၊ တဿ မေ ဘန္တေ ဘဂဝါ

အစ္စယံ အစ္စယတော ပဋိဂ္ဂဏှာတု အယာတိံ
သံဝရာယ။

အရှင်ဘုရား. . . .

မိုက်သည့်အလျောက်၊ တွေဝေသည့်အလျောက်၊ မလိမ္မာသည့် အလျောက် တပည့်တော်ကို ကျူးကျော်စော်ကားပြစ်မှားမှုက ဖြတ်ကျော် လွှမ်းမိုးခဲ့ပါပြီ(အပြစ်သင့်ရောက်ခဲ့ပါပြီ)။ တရားရှင်ဖြစ်သော ဓမ္မာရာဇ် ခေါင်ဖျား ဘ-ခမည်းတော်ဘုရားကို အာဏာမက်သဖြင့် အသက်သေ အောင်သတ်မိခဲ့သော တပည့်တော်၏ အပြစ်ကို ရှုမှတ်သိမ်းပိုက်တော် မူပါ(အသိ အမှတ်ပြုတော်မူပါ)ဘုရား။

တဂ္ဃ တွံ(တံ) မဟာရာဇ အစ္စယော အစ္စဂမာ
ယထာဗာလံ ယထာမူဠံ ယထာအကုသလံ၊
ယံ တွံ ပိတရံ ဓမ္မကံ ဓမ္မရာဇာနံ ဇီဝိတာ
ဝေါရောပေသိ၊ ယတော စ ခေါ တွံ မဟာရာဇ
အစ္စယံ အစ္စယတော ဒိတွာ ယထာဓမ္မံ
ပဋိကရောသိ၊ တံ တေ မယံ ပဋိဂ္ဂဏှာမ၊
ဝုဒ္ဓိဟေသာ မဟာရာဇ အရိယဿ ဝိနယေ၊
ယော အစ္စယံ အစ္စယေတော ဒိတွာ ယထာဓမ္မံ
ပဋိကရောတိ အယတိံ သံဝရံ အာပဇ္ဇတိ။

မင်းကြီး. . . .

မိုက်သည့်အလျောက်၊ တွေဝေသည့်အလျောက်၊ မလိမ္မာသည့် အလျောက် တပည့်တော်ကို ကျူးကျော်စော်ကားပြစ်မှားမှုက ဖြတ်ကျော် လွှမ်းမိုးခဲ့ပါပြီ(အပြစ်သင့်ရောက်ခဲ့ပါပြီ)။

သင်မင်းကြီးသည် တရားရှင်ဖြစ်သော ဓမ္မရာဇ်ခေါင်မဖျား ဘ-ခမည်းတော် ဘုရားကို အသေသတ်မိပြီ၊ သို့ သတ်မိသဖြင့် သင့် ရောက်သော အပြစ်ကို အပြစ်ဟုရှုမြင်၍ တရားနှင့်အလျော် သင်မင်း ကြီးကုစားခဲ့ပြီ။ ဤသို့ သင်မင်းကြီး၏ အပြစ်ကို အပြစ်ဟုရှုမှု(ဝန်ချ ကန်တော့မှု)ကို ငါတို့က သိမ်းပိုက်၏(အသိအမှတ်ပြု၏)။ မင်းကြီး

သူတော်သူမြတ်မှန်သမျှ၏ ယဉ်ကျေးမှုနယ်ပယ်တွင် အပြစ်ကို အပြစ်ဟု(အမှန်အတိုင်း)ရှုမြင်၍ တရားနှင့်အလျော်ကုစားခြင်း၊ နောင်တဖန် မပြုမလုပ် ထိန်းချုပ်စောင့်စည်းခြင်းကား(ပစ္စုပ် တမလွန် နှစ်တန်အကျိုး)ပွားတိုးစည်ပင်ကြောင်း ကောင်းလေစွ ကောင်းလေစွ။

ဘုရားရှင်လက်ထက်တော်ကပင် ဤသို့တိတ္ထိဆရာကြီးများ၊ အရည်းဝါဒများကို သုတ်သင်ရှင်းလင်းခဲ့ရသည်။ သို့သော်လည်း အတ္တကြီးမားကြသော ပုဂ္ဂိုလ်အချို့ကြောင့် အနော်ရထာခေတ်ဦးအထိ ဗုဒ္ဓဘာသာ "အနိမ့်ကျဆုံး"အခြေအနေသို့ရောက်ရှိခဲ့သည်။

အနော်ရထာခေတ်ဦးပိုင်းတွင်လည်း အထက်ပါကဲ့သို့ ဂိုဏ်းဂဏာပေါင်းစုံတို့၏ လောင်းရိပ်အောက်တွင် ရှိနေခဲ့သည်။ အနော်ရထာမင်းနှင့် အရှင်အရဟံတို့သည် ပုဂံပြည်တွင် ထေရဝါဒဗုဒ္ဓဘာသာကို "စတင်ထူထောင်ခဲ့သူများဖြစ်သည်"ဟူသော ရှေးဟောင်းအယူအဆ မမှန်ကန်တော့ကြောင်း ယနေ့ခေတ် သုတေသီ ပညာရှင်များက ဖော်ထုတ်ပြသနိုင်ခဲ့ကြပြီဖြစ်သည်ဟု ပုဂံသမိုင်းစာအုပ်အချို့တွင် ဖော်ပြခဲ့သည်။

အနော်ရထာမင်းနှင့် ရှင်အရဟံတို့သည် ပုဂံနှင့်ထေရဝါဒ ဗုဒ္ဓဘာသာ စတင်၍ ထူထောင်သူများသည် မိမိတို့သာလျှင်ဖြစ်ကြောင်း ကာယကံရှင်တို့ကလည်း မည်သို့မျှမပြောပါ။ ပုဂံသမိုင်းကြောင်းတစ်လျှောက်လုံး ထေရဝါဒဗုဒ္ဓဘာသာအမည်ခံ သက်သက်ဖြစ်နေပြီး ထေရဝါဒနှင့်ဆန်ကျင့်သော၊ ပြဟ္မတာဝါဒ၊ မဟာယန၊ နန်းနတ်ကဝေ၊ မှော်အတတ်၊ အထက်လမ်း၊ အောက်. . . စသည့် တိတ္ထိအယူဝါဒများကို ကျူပင်ခုတ် ကျူငုတ်မကျန် အမြစ်မှ တွန်းလှန်ဖြိုဖျက်ပြီး ထေရဝါဒ ဗုဒ္ဓဘာသာနိုင်ငံတော်အစစ်ဖြစ်ကြောင်း၊ ကြွေးကြော်ခဲ့သည့် ရှင်ဘုရင်များ (ပုဂံရာဇဝင်မင်းဆက်ပေါင်း ၅၅)သော မင်းဆက်များအနက် မည်သည့် မင်းက အနော်ရထာကဲ့သို့ တိုင်းပြည်၏ ဘာသာရေး၊ နိုင်ငံရေး၊ စီးပွားရေးလူမှုရေးများ စွန့်စွန့်စားစားလုပ်ဆောင်ခဲ့ပါသနည်း။

## ပထမမြန်မာနိုင်ငံ

အနော်ရထာမင်းသည် "ပထမမြန်မာနိုင်ငံကို ပြောဆိုတည်ထောင်ခဲ့သည်။ မျက်မှောက်ခေတ်တွင် အသုံးပြုနေကြသော ဆရာ၊ ဒကာဆက်ဆံရေးနယ်ပယ်တွင် ဆရာလုပ်သူက ဓမ္မစက်၊ ဒကာဖြစ်သူက အာဏာစက်ဖြင့် အသုံးပြုခဲ့ခြင်းကြောင့်သာလျှင် ပထမမြန်မာနိုင်ငံ"ဟု ကြွေးကြော်ခဲ့သည်။

မည်သူက ကြွေးကြော်ခဲ့သနည်း "သမိုင်းက ပြောလာခြင်းဖြစ်သည်။ ဤသို့ဖြင့် ပထမမြန်မာနိုင်ငံကို တည်ထောင်သော အနော်ရထာအကြောင်းကို သမိုင်းတွင်ရှာဖွေကြည့်ရာ ပုဂံမင်း ၅၅ ဆက်တွင် ၄၂ ဆက်မြောက်မင်းဖြစ်သည်။ အနော်ရထာ၏ ဖခမည်းတော်သည် ကွမ်းခေတ်ကြောင်းဖြူမင်းဖြစ်သည်။ ကွမ်းခေတ်ကြောင်းဖြူ၏ ဖခမည်းတော်မှာ (အနော်ရထာ၏အဘိုး) တန်နက်မင်းကြီးဖြစ်သည်။

စလေငခွေးမင်းက တန်နက်မင်းကို လုပ်ကြံသတ်ဖြတ်ပြီး၊ ထီးနန်းကို (အေဒီ ၉၀၆-၉၁၅)တွင် ထီးနန်းကို လုယူခံစားသည်။ တန်နက်မင်း၏ မိဖုရားက မိမိအားလုပ်ကြံသတ်ဖြတ်မည်စိုးရိမ်သဖြင့် ကိုယ်ဝန်အရင့်အမာကြီးနှင့် ထွက်ပြေးတိမ်းရှောင်ပုန်းအောင်းနေရသည်။

စလေငခွေးမင်းက ထီးနန်းကို ၉ နှစ်အကြာလုယူခံစားပြီးသားဖြစ်သူ သိန်းခိုမင်းနန်းတက်သည်။ ထိုမင်းနှစ်ပါးအကြားတွင် ထွက်ပြေးတိမ်းရှောင်နေသော တန်နက်မင်း၏ မိဖုရားက ကွမ်းခေတ်ကို မွေးဖွားသည်။

သိန်းခိုမင်းသည် (အေဒီ ၉၁၅-၉၃၁)အတွင်း ထီးနန်းခံစားရာမှ သခွါးသီးသွားရောက်ခိုးစားသဖြင့် တောင်သူကြီးသတ်ဖြတ်လိုက်ရာမှ တောင်သူကြီးမင်း (အေဒီ ၉၃၁-၉၆၄)အတွင်း ထီးနန်းစံစားသည်။

တန်နက်မင်း၏ မိဖုရားကိုယ်ဝန်အရင့်အမာဖြင့် ထွက်ပြေးတိမ်းရှောင်၍ မွေးဖွားသော ကွမ်းခေတ်ကို သိန်းခိုမင်းနှင့်တောင်သူ

ကြီးမင်းတို့ထံ မင်းမှုထမ်းစေသည်။ ကွမ်းခေတ်၏ ရာထူးမှာ "လယ်ယာမြေ အခွန်ကောက်ခြင်း"ဖြစ်သည်။ ထိုခေတ်အချိန်က သခွါးသီးစိုက်တောင်သူမင်း၊ မင်းပြုသည်ဆိုရာ၌ တောင်သူစိုက်ပျိုးသူများ လွန်စွာမှများပြားလာနေပြီဖြစ်ကြောင်းနှင့် ပျဉ်ပြားမင်းစတင်တည်ထောင်သော ပုဂံနေပြည်တော်နှင့် လောကနန္ဒာဆိပ်ကမ်းသည်လည်း နိုင်ငံတကာအဆင့်မီ မြို့ပြနိုင်ငံပီပြင်လာသည့် အနေအထားတွင်ရှိမည်ဟုဆိုမှန်းရသည်။

ပုဂံနေပြည်တော်နှင့် အနီးတစ်ဝိုက် ပတ်ဝန်းကျင်ရှိအချို့သော ပုဂ္ဂိုလ်တို့သည် စကားအသုံးအနှုန်းမှာ ထိုစဉ်ကပင် သုံးစွဲနေသည်မဟုတ် ယနေ့တိုင်သုံးစွဲနေဆဲဖြစ်ပါ၏။ ဥပမာ -

ကွမ်းယာစားဦးမလား

"ကွင်းယာစားဦးမလား"ကွမ်းတောင်ကိုင် "ကွင်းနောင်ကိုင်" ကွင်းထဲသွားရအောင်

"ကွန်းထဲသွားရအောင်"

ရေတွင်း(ရေဒွန်း)၊ တွန်းလှည်း(တွင်းလှည်း) လွှင့်ပစ်လိုက်(လွှန့်ပလိုက်)၊ မြို့တက်တော့ စကားတွေ ဘာတွေ ဝဲလာတာပေါ့(စကားတွေ ဘာတွေ ဝီးလာတာပေါ့)စသဖြင့် ရေးသလို အသံမထွက်ပဲဖြစ်နေခြင်းများကြောင့် လယ်ကွင်းအခွန်အတုပ်များ တောင်းခံကောက်ယူသူ၊ အခွန်ပေးဆောင်ရန် လိုက်လံနှိုးဆော်သူကို ကွင်းဆော်ဟု ခေါ်ဆိုရာမှာ ကွင်းဆော်အသံထွက်ကို ကွမ်းဆော်ဟု ရေးသားဟန်တူသည်။

စလေငခွေး၏ လက်ချက်ကြောင့် တန်နက်မင်းမှာ နတ်ရွာစံပြီး တိမ်းရှောင်ထွက်ပြေးရသော မိဖုရားဖြစ်သူမှာ ရင့်မာသောကိုယ်ဝန်ဖြစ် ၍ မကြာမီအတွင်း မွေးဖွားပြီး၊ အရွယ်ရောင်လျှင် တန်နက်မင်းနှင့် တောင်သူကြီးမင်းထံ အခစားဝင်ပြီး ကွမ်းဆော်အဖြစ် မင်းမှုထမ်းစေခဲ့ သည်။ ထိုလုလင်ကွမ်းဆော်သည် နေပြည်တော်အတွင်း လယ်ခွန်ယာခွန်မြေခွန်များလိုက်လံကောက်ယူရင်း ယခု ကြေးနီ၊ သွေးနီ(သွေးနီ၊

သွေးနက်)ကျေးရွာများအရှေ့ဘက်မှအမြဲတမ်း သွားလာနေသည်ဟုဆို သည်။ (သွေးနက်ရွာ အရှေ့ဘက်ဘုရားသမိုင်းစာအုပ်မှ)

ထိုကျေးရွာ၏ အရှေ့မြောက်ယွန်းယွန်းမှ ပုဂံသို့နေစဉ် သွား လာနေရာ ဇောင်ချမ်းပင်အောက်သို့ ရောက်တိုင်းထမင်းထုပ်ဖြေ၍စား သည်ဟု ဆိုသည်၊ ထိုသို့စားသောက်ခြင်းမပြုမီ ထမင်းဟင်းအချို့ကို အလျှင်ဦးစွာ ထိုအပင်စောင့်သောနတ် (သို့မဟုတ်) ရုက္ခစိုးကို ရှေးဦး စွာတင်မြောက်ပြီးမှ စားသည်ဟု သမိုင်းဆရာများက ရေးကြသည်။

မည်သို့ပင်ဆိုစေထိုသို့ ပ သတင်မြောက်ရာတွင် သိကြားမင်း၊ ဗြဟ္မမင်းတို့၏ လိုလားအပ်သော၊ မိမိကိုယ်တိုင်လည်း ကျင့်ကြံ၍အလွန် နာကြားကြည်ညိုလိုသော မြတ်စွာဘုရား၏ဂုဏ်တော်တစ်ခုခုကို ရွတ်ဆို တင်မြောက်ခြင်းဖြစ်တန်ရာ၏။ ဤသို့ဖြင့် သာသနာဘာသာမှေးမှိန်နေ သော ပုဂံနေပြည်တော်တစ်ဝိုက်၌ "မင်းကောင်းမင်းမြတ်"ပေါ်ပေါက် နိုင်ရန် ကွမ်းဆော်လုလင်ကိုယ်စောင့်နတ်အပါအဝင်၊ ဆိုင်ရာနတ်၊ သိကြားတို့က ကြိုတင်၍နှိုးဆော်ထားရှိဟန်တူသည်ဟု ရှေးဟောင်း စာပေတို့၌ ဖော်ပြထားသည်။

တိုင်းသူပြည်သားများကလည်း မင်းလောင်းကိုမျှော်လင့်နေ ကြပြီး အရပ်တကာ၊ ရွာတကာနေရာအနှံ့မင်းလောင်းပေါ်မည်ဟု ကောလဟလပြောဆိုနေကြချိန်ဖြစ်သည်။ ထိုစဉ်က ခေတ်ရေစီးကြောင်း သည် နေ့ကောင်းနေ့မြတ်၊ လထူးလမြတ်၊ အတိတ်တဘောင် နိမိတ် ဆောင်ခြင်း၊ နတ်,သိကြားများ မ,စခြင်း၊ အသက်မွေးမှုပညာများကို တစိုက်မတ်မတ်ဆောင်ရွက်ကာ ရိုးသားကြိုးစားကြခြင်း၊ ဘုရားဟော နှင့်အညီ နေထိုင်ကြသော်လည်း ရုံဖန်ရံခါ အရည်းကြီးဝါဒ၏ လောင်းရိပ် များ လွှမ်းမိုးနေခြင်းကြုံတွေ့နေရသော အချိန်ဖြစ်သည်။

ရွာသူကြီးဆိုသူများကလည်း မင်းမိန့်အောက်တွင်သာရှိပြီး အခြားဘာမျှပြောရေးဆိုခွင့်ရှိသူမဟုတ်။ ထိုသူကြီးမင်း၏ ဩဇာသည် သာ ရပ်ရွာအပေါ်မှာကြီး စိုးနေခြင်းသာဖြစ်သည်။

ကွမ်းဆော်လုလင်က ဆော်ဩနေရသူပီပီ ထိုသတင်းထူးများ

ကို မကြာခဏကြားနေရသူဖြစ်သည်။ မျက်မှောက်ခေတ်တွင် မြန်မာ့အလင်းသတင်းစာ အယ်ဒီတာတစ်ဦးပြုစုသော ကြာနီကန်ဆရာတော်ဦးဇဋိလ၏ ထေရုပ္ပတ္တိကို ၁၉၈၅ ခုနှစ် ဝန်းကျင်ကထွက်ရှိလာရာ။ ဆရာတော်ပျံလွန်တော်မမူမီ ရက်ပိုင်းများ၌ "ဆရာတော် ပျံတော်မူပြီ" ဆိုသော သတင်းများမကြာခဏဆိုသလိုကြားမိသည်၊ ထိုသတင်းသည် ခိုင်လုံမှုရှိ၊ မရှိမေးမြန်းကြည့်သော်လည်း၊ သတင်းစာတိုက်သို့ တရားဝင်စာ/ကြေးနန်းများလည်း ပေးပို့ထားခြင်းမရှိသည့်အတွက် ခိုင်လုံမှုမရှိချေ၊ နောက်နေ့များတွင် ကြာနီဆရာတော်ပျံလွန်တော်မူသည့်သတင်းပေးပို့လာခဲ့သည်။ ကြာနီကန်ဆရာတော်သည် တရားပွဲများမှအပြန် မိမိကျောင်းတော်သို့ ပြန်လည်ရောက်ရှိသည့်အခါတိုင်း၊ စပီကာများ၊ ဆောင်းဘောက်များ၊ အသံချဲ့စက်နှင့် တရားဟောခြင်း၊ တရားတိတ်ခွေဖွင့်ခြင်းများ ပြုလုပ်လေ့ရှိသည်ဆို၏။ ကျောင်းနှင့်မလှမ်းမကမ်းတွင် ကြာနီကန်၏မယ်တော်ကြီး နေထိုင်လျက်ရှိရာ၊ ဆရာတော်ပျံလွန်တော်မူသည့် ညတွင်ကားတစ်စီးဝင်ရောက်လာသံကို ကြားလိုက်မိပြီး တရားသံများပါ ထပ်ဆင့်ကြားရသည်။ နံနက်မိုးလင်းသောအခါ သားဖြစ်သူဆရာတော်ဦးဇဋိလ ပြန်ရောက်၍ ကျောင်းတိုက်သို့သွားရာ သော့တန်းလန်းဖြစ်နေသည်ကို မြင်တွေ့ရသည်။ နာရီဝက်ခန့်ကြာမြင့်တော့မှ ဆရာတော်ပျံလွန်တော်မူသွားပြီဖြစ်ကြောင်း လာရောက်သတင်းပေးပို့သည့် ဂျစ်ကားကိုတွေ့ရှိရသည်ဟု ရေးသားထားသည်။

ယခုလည်း ထိုအချိန်က ပုဂံတွင် မင်းလောင်းပေါ်မည်။ မည်သည့်နေရက်ပိုင်းတွင် မည်သည့်နေရာမှ ထွက်ပေါ်လာမည်။ ပေါ်ပေါက်လာသည့် မင်းလောင်းသည် အသက်ငယ်ရွယ်သူဖြစ်ပြီး ကောင်းကင်မှ နတ်သားတစ်ပါးပမာ ကြွရောက်လာမည်။ အချို့လည်း မင်းသားဝတ်စုံဖြင့်ရောက်ရှိလာမည် သည်ပုဂံပြည်သူပြည်သားများ၊ မိန်းမအမျိုးသမီးများကလည်း ရွာတွင်းလှည့်လည်၍ လက်တို့ဖြစ်စေ၊ တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်မျိုးဖြင့် ပြောဆိုနေချိန်ဖြစ်သည်။

ပုဂံနေပြည်တော်တွင် အမှန်တကယ်မင်းလောင်းပေါ်မည်ဟု

နေ့ရက်တွင် ကွမ်းဆော်လုလင်သည် သူ၏နိစ္စဓူဝသွားနေလာနေကြ လမ်းကြောင်းအတိုင်း ဆောလျင်စွာထွက်ခဲ့သည်။ သွေးနီ၊ သွေးနက်ရှာ အရှေ့ဘက်(ယခုမြင်တွေ့နေရသောစေတီ)မှ မြောက်ဘက်သို့ ဆက်လက်ဆင်းခဲ့သည်။ ဇောင်ချမ်းပင်အရောက်တွင်လည်း သူ၏ ထုံးစံအတိုင်း လုပ်ကိုင်အပြီး နေပြည်တော်သို့ ဆက်လက်ထွက်ခွာခဲ့သည်။

## မြည်းတစ်ကောင်နှင့်ခရီးသည်

တောအုပ်တစ်ခုအလွန်တွင် အမှတ်မထင်မြင်ကွင်းတစ်ခုကြောင့် ကွမ်းဆော်လုလင်အံ့ဩမိ၏။ ထိတ်ထိတ်ပျာပျာလည်းဖြစ်ဘိ၏။ နှလုံးခုန်သံကား တဒိတ်ဒိတ်။ ထီးထီးပင်ကြီးအောက်မှ ဝတ်ဖြူဖြူနှင့် အဘိုးနှင့်မြည်းတစ်ကောင်မြင်တွေ့ရကား ကွမ်းဆော်လုလင်ငယ်ကို စောင့်ကြိုလင့်ဟန်မူယာပေကိုး။ အဘိုးအိုစကားစတင်ဆိုချေဘိသည်ကား -

"အို. . . လုလင်ပျို၊ ဤနေ့ပင်နေပြည်တော်၌ မင်းလောင်းပေါ်မည်ကား အဘိုးကြားသိဘိ၏၊ လုလင်ပျို အဘိုးလက်တွင် ကိုင်အပ်သည့် ဝတ်စားဆင်းတန်ဆာများကို ဝတ်ဆင်ဘိ၊ ဥသျှောင်ကိုလည်း ဆောင်းလေ၊ ဟောဒီ ပတ္တမြားလက်စွပ်ကိုလည်း လုလင်ပျိုဝတ်ဆင်ပြီးခါး၊ လှံတို့ကို ယူငင်ကာ၊ မြည်းကိုစိုင်းလျက် နန်းတော်သို့တည့်မတ်စွာ ဖြောင့်ဖြောင့်ခရီးနှင်လေ. . .။

ကွမ်းဆော်လုပ်လင်ပျိုသည် ကံဇာတာကြောင့် ဤသို့ဖြစ်ရသည် မှတ်ယူသော်၊ နှလုံးစိတ်ဝမ်းချမ်းတော်မူသည်၊ မြည်းပေါ်သို့ ပြေးလွှားခုန်တက်ပြီး နေပြည်တော်သို့ ခရီးနှင်လေ၏။ အရှေ့နေရောင်သည်ကား ထီးကဲ့သို့ကြီးမားသော သစ်ပင်သစ်တောများ အပျောက်အကြားလင်းရောင်သာရသည်။

ကွမ်းဆော်လုလင်ကား အဘိုးအိုမှာ တမ်းကဲ့သို့ နန်းတော်အတွင်းဝင်လေသော် တောင်သူကြီးမင်းရှင်ဘုရင်ကား -

"ငါကဲ့သို့သော ရှင်ဘုရင် ရှိနေပါလျက် အဘယ်ကမင်းလောင်း လာဝံ့သည်ရှိပါအံ့"

မြူထကာလ ရွက်ဝါပမာ အိုမင်းရင့်ရော် အသားမရှိ ရိုးတံပြိုင်းသော တောင်သူကြီးသီးမင်းကား ဒေါသမီးဟုန်းကြိမ်မီးအုံးသို့ ချောင်းချောင်းအမျက်ဒေါ်ထွက်လျက်၊ နန်းဝတံခါးထွက်အကြည့်တွင် ခြေချော်လဲကျ နတ်ရွာလားသတည်း။

အသင့်ရောက်လာသော ကွမ်းဆော်လုလင်ကို ရှင်ဘုရင်အဖြစ် တင်မြှောက်လိုက်ကြသည်။

ကွမ်းဆော်လုလင်မှ ကွမ်းဆော်ကြောင်ဖြူမင်း(အေဒီ ၉၆၄-၉၈၆)မင်း ဖြစ်လာသည်။ မင်းသည် တောင်သူကြီးမင်း နတ်ရွာစံသော အခါ မိဖုရား ၃ ဦးကျန်ရစ်သည်၊ မိဖုရား ၃ ဦးသည် ညီမအရင်းများ ဖြစ်ကြသည်။ ထိုညီမ ၃ ဦး မိဖုရားကို ကွမ်းဆော်ကြောင်ဖြူမင်းက မိဖုရားဆက်မြှောက်သည်။

အကြီးကို တောင်ပြင်သည်၊ အလတ်ကို အလည်ပြင်သည်၊ အငယ်ကို မြောက်ပြင်သည်များအဖြစ် ထားရှိနန်းစံသည်။ အကြီး တောင်ပြင်သည်မှာ တောင်သူကြီးမင်းနှင့်ကိုယ်ဝန် ၉ လ၊ အလယ်ပြင်သည်မှာ တောင်သူကြီးမင်းနှင့် ကိုယ်ဝန် ၆ လ ကျန်ရစ်ပြီး မကြာမီသား ယောကျ်ားလေးများ မွေးဖွားရာ၊ တောင်ပြင်သည်၏ သားကို ကျည်းစိုး၊ အလယ်ပြင်သည်၏သားကို စုက္ကတေးဟု အမည်ပေးခဲ့ကြသည်။

ကွမ်းဆော် ကြောင်ဖြူမင်းသည် အငယ်ဆုံးမြောက်ပြင်သည် မိဖုရားကို ပိုမိုချစ်ခင်စုံမက်သဖြင့် သားယောကျ်ားလေးတစ်ဦးမွေးဖွားသည်။

ကွမ်းဆော်ကြောင်ဖြူမင်းနှင့် မြောက်ပြင်သည် မိဖုရားတို့ ပေါင်းသင်း၍ရသော သားယောကျ်ားလေးသည်၊ မကြာမီနှစ်ပိုင်းများ၌ ပထမမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်မည့် "အနော်ရထာမင်းစော"ပင်တည်း။

## ရာဇဝင်မှကျောင်းတစ်ဆောင်နှင့်ရဟန်းတစ်ပါး

ကွမ်းဆော်ကြောင်ဖြူမင်းသည် တောင်ပြင်သည်နှင့်အလယ်ပြင်သည်တို့မှ ကျည်းစိုးနှင့်စုက္ကတေးဟူသော သားနှစ်ယောက်မှာ သားအရင်းများမဟုတ်ကြပဲ၊ ထိုသားများသည် တောင်သူကြီးမင်းနှင့် ရရှိထားသော သားများဖြစ်ကြသည်။ သူတို့သည် အသက်အရွယ် (၂၀) နှစ်ဝန်းကျင်သို့ရောက်သောအခါ ရှေ့ခရီးအတွက် စဉ်းစားမှုပြုလာကြသည်။ ကွမ်းဆော်ကြောင်မင်းနတ်ရွာလားသည်ရှိသော် သားအရင်း အနော်ရထာကိုသာ ရှင်ဘုရင်ဖြစ်လိမ့်မည်။ ယခုပင် ကွမ်းဆော်ကြောင်ဖြူ၏ သက်တော်မှာ ၈၀ ပင်ရောက်၍ နေပေပြီ။

ကျည်းစိုးနှင့်စုက္ကတေးတို့သည် ဤသို့စဉ်းစားမိကြပြီး နန်းကိုသိမ်းပိုက်ရန်ကြံစီကြလေသည်။ ညီအစ်ကိုနှစ်ယောက်သည် ကျောင်းကြီးတစ်ဆောင်ဆောက်လုပ်သည်။ ဆောလျင်စွာပြီးစီးခဲ့သော ကျောင်းကြီးအတွက် သာဓုခေါ်ရန် ကွမ်းဆော်ကြောင်ဖြူမင်းကို ဖိတ်သည်။ ကြွရောက်သောအခါ ခေါင်းရိတ်ပြီး ရဟန်းပြုစေသည်။

အေဒီ ၉၈၆ တွင် ကျည်းစိုးမင်းနန်းတက်သည်။ မင်းဖြစ်လာသောအခါ ချင်းတွင်းမြစ်၏ အနောက်ဘက် (ယာယီတဲနန်း)ဆောက်လုပ်၍ ဗန့်ကျီ ၁၀ ရွာတိုက်သို့ ဝါသနာအလျောက်သမင်ကစားလေရာ၊ တစ်နေ့တွင် တောပစ်မုဆိုးသည် သမင်ရေသောက်ဆင်းတတ်ရာနေရာစောင့်သည့်အခိုက်၊ ကျည်းစိုးမင်းးလည်း မုဆိုးချိန်ရွယ်ထားရှိမှန်းမသိပဲရောက်လေရာ ထိုမင်းကိုလန့်၍ သမင်များပြေးလွှားကုန်ကြသည်။ မုဆိုးလည်း ဒေါသကို မထိန်းနိုင်တော့ပဲ ကျည်းစိုးမင်းကို လေးနှင့်ခွင်းလိုက်သည်။ ကျည်းစိုးမင်းအနိစ္စရောက်ရသည်။

အစ်ကိုဖြစ်သူ နတ်ရွာစံပြီးညီတော် စုက္ကတေးမင်းပြုသည်။ အနောက်ရထာလည်း နန်းတွင်းသို့ အမြဲတမ်းအခစားဝင်သည်။ မယ်တော်မှာ ကွမ်းဆော်ကြောင်ဖြူမင်းအား အလုပ်အကျွေးပြုရန် ကျောင်း

တော်၌ သားအမိ ၃ ယောက် နေထိုင်သည်။

ကွမ်းဆော်ကြောင်ဖြူမင်းသည် "သိမ်"ဝင်ရဟန်းမဟုတ်၍ မဟာယာန ဗုဒ္ဓဘာသာဟုဆိုရမည်ဖြစ်သည်။

တဖန် မြင်းကပါဘုရားကြီး၏ ကျောက်စာ၌ ကောဇာသက္ကရာဇ် (၃၈၇) ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက်နေ့၌ ကျောင်းတည်သည်၊ ခမည်းတော်ကိုလည်း မင်းမြောက်တန်ဆာငါးပါးနှင့်တကွ မင်းဆောင် မင်းယောင်၊ မင်းခမ်းမင်းနား အကုန်ကျင်းပစေ၍ ရဟန်းမင်းပြုစေ၏။ ထိုမင်းသည် မောင်းမမိဿံနှင့်တကွ ကျောင်းတွင် ရဟန်းမင်းအဖြစ် ကိုခံ၏ဟု ပါရှိလေသည်။

## ပြောမှားဆိုမှား စကားတစ်ခွန်း

တစ်နေ့သ၌ . . .

စုက္ကတေးမင်းည် အနောရထာအား နန်းရင်ပြင်၌ "ညီသား နောင်မယ်"ဟုခေါ်လိုက်သည်။ ထိုစကား၏အဓိပ္ပာယ်ကို အဖန်ဖန် စဉ်းစားသည်၊ မည်သို့မျှ အဓိပ္ပာယ်ဖွင့်ဆို၍မရသည့်အဆုံး ဖခမည်း တော် (ကွမ်းဆော်ရဟန်းအိုကြီး)အား မေးမြန်းရတော့သည်။

"ညီသားနောင်မယ်"ဆိုတာ စုက္ကတေးမင်းက ညီလည်းတော် စပ်သည်၊ သားလည်းတော်စပ်သည်ဟုဆိုလိုသည်၊ မယ်တော်မြောက် ပြင်သည်ကို သိမ်းယူမည်ဟု ပြောဆိုလိုက်ခြင်းပင် ဖြစ်သည်။

ဖခင်ရှင်းပြသောစကားကို အနော်ရထာကြားလိုက်သည်တွင် ကြီးစွာသောဒေါသဖြစ်မိ၏။ မယ်တော်သည် အသက် ၅၀ ကျော်ပြီ ငါ၏ အသက် ၃၃ သို့ ချဉ်းလေပြီ၊ ငါ့မယ်တော်သည် စုက္ကတေးမင်းမယ် တော်သည် ညီမဖြစ်၍ သူ့အဒေါ်တော်စပ်သည်။

စုက္ကတေးကားရိုင်းလေစွ ငါ၏ ခမည်းတော်ကိုလည်းစော်ကား သည်။ မယ်တော်ကိုပါ တစ်ဆင့်စော်ကားပြန်သည် ဤသို့စော်ကားခံရ ခြင်းကား ငါ့အဖို့ရက်ဖယ်ပင်တကားဟု အချိန်နှင့်အမျှ ထွက်နေသော

ဒေါသကိုမျိုသိပ်၍မရမည့်အဆုံး စုက္ကတေးကို သတ်ဖြတ်ရန်ကြံစီစိတ်ကူးလေသည်။

ဤသို့ဖြင့် အနော်ရထာသည် ဖခင်ကြောင်ဖြူမင်းသိမ်းဆည်းထားသော အရိန္ဒမာလှံ၊ သီလဝံသခါး၊ ပတ္တမြားလက်စွပ်နှင့် ဥဿျှောင်အပါအဝင် မြင်းကိုတောင်းခံလေသည်။ ကွမ်းဆော်ကြောင်ဖြူသည် မိမိနန်းကျချိန်မှ မြင်းကိုလွှတ်ထားခဲ့ပြီး ပတ္တမြားလက်စွပ်ပြမှသာ ထိုမြင်းကိုဖမ်း၍ရသည်ဟုဆိုသည်။ လှံကိုလည်း နန်းတော်၏ နောက်ကျော၌ ပေါင်းနွမ်းသောလှံကို ရွေးယူရန်မှာကြားသည်။ ထို့နောက် စုက္ကတေးမင်းချက်ခြင်း မကြံစီသေးပဲ ပုပ္ပါးအရပ်သို့သွားကာ စစ်ရေး၊ ခားရေး၊ လှံရေးတို့ကိုလေ့ကျင့်ပြီး လူသူအင်အား၊ စစ်သည်အင်အားများစုဆောင်းရန် ထိုအရာအားလုံးပြီးပြည့်စုံမှသာ စုက္ကတေးကို ကြံစီတော်လှန်ရန်မှာ ကြားလိုက်သည်။

ထိုသို့ ကြံစီစိတ်ကူးခြင်းမတိုင်မီ အနော်ရထာသည် အနောရဓ္ဒဒေဝရွာကို စားရသောကြောင့် ရွာကိုအစွဲပြု၍ အနောရဓ္ဒ၊ အနုရုဒ္ဓဒေဝဟုလည်း ခေါ်သည်။

ရာဇဓိ ရာဇနုရုဒ္ဓ။
ဒေဝေါ စိက္ကိတရာဇဝ။
သိရိံ နုဘောန္တောလုဒ္ဒေနာ။
ဒါယာဘတ ထေရသေဌံ။
ပုဇ္ဈေဝံ အရဟန္တ နာမကံ။

(စူဠဝံသကျမ်း)

ရာဇာဓိရာဇာမင်းတို့ အပေါင်းထိပ်ဆောင်းမကိုဋ်ဦးထိပ်အပ်သော မင်းဖြစ်သော၊ အနုရုဒ္ဓါဒေဝ ငယ်စဉ်မင်းသားဘဝဖြစ်စဉ်အခါက အနုရုဒ္ဓရွာစားဖြစ်၍ ထင်ရှားမသုတ် အနုရုဒ္ဓမင်းသည်(ဝါ) အနုရုဒ္ဓဒေဝမည်သော အနော်ရထာမင်းသည်၊ စက္ကိတရာဇာဝ လေးကျွန်းသဘင်နင်း စက္ကဝတ်မင်းကဲ့သို့၊ သီရိ ထူးထူးထွေထွေမင်း၏ စည်းစိမ်ကျက်သရေကို အနုဘောန္တောခံစားစဉ်။ အရဟန္တနာမကံ၊ အရဟန္တဟု နာမ

ထင်ပေါ်တိုင်းလုံးကျော်သော။ လုဒ္ဒေန မုဆိုးသည်၊ အာဒါယသိကြား ညွှန်ပြတွေ့မြင်ရသဖြင့် တောအရပ်ကယူခဲ့၍၊ အာဘာတထေရသေဒ္ဓ လူထူးအယောင်ယူဆောင်ဆက်သ အပ်သောထေရ်မြတ်ကို ဇဝံ ဤသို့ အပ္ပဋ္ဌိ မေးလျှောက်ပြီ။

(သီရိဇေယျသူမိုင်းခိုင်းမြို့စား နန်းမတော်ဝန်အတွင်းဝန် စီရင် အပ်သော ပိဋကတ်သမိုင်း မေမင်္ဂသမိုင်းစာတမ်း -မှ)

၁။ ဇသော လောကနာထော မဟာရာ

၂။ ဇ သီရိ အနိရုဒ္ဓ ဒေဝေန ကတော

၃။ ဝိမုတ္တတ္တံ သဟတ္တော နေဝါတိ

(ရေစကြိုမြို့နယ်၊ ကန်သစ်ရွာသူကြီး ဦးဘတင်ရရှိသော မြေ (အုပ်ခွက်ဘုရား) နောက်ကျောမှ အနော်ရထာကိုယ်တိုင်ရေးပါဠိစာ)

ဒီလောကနာထ ဘုရားလောင်းရုပ်ပွားတော်ကို သီရိအာနိရုဒ္ဓ မင်းကြီး သံသာရက လွတ်ချင်လို့ ကိုယ်တိုင်လုပ်သည်ဟု တွေ့သဖြင့် အနော်ရထာသည် မိမိအမည်ကို သီရိအနုရုဒ္ဓဟုရေးခဲ့သည်။ သီရိ၊ အနုရုဒ္ဓတို့မှာ ပါဠိစကား ပါဠိစာဖြစ်သည်။ (ဒေါက်တာသက်လွင် - သမိုင်းကပြောသော ပုဂံ စာ - ၁၃၂)

## ထီးနန်းအပ်မလား၊ စစ်တိုက်ကြမလား

အနော်ရထာသည် ဖခင်ကွမ်းဆော်ကြောင်ဖြူမင်းမှာကြား သည့်အတိုင်း ပုပ္ပါးအရပ်မှ စစ်ရေးလေ့ကျင့်၊ စစ်အင်အားစုဆောင်းပြီး ပုဂံသို့ ချီတက်လာသည်။ တူရွင်းတောင်အရှေ့ကတွင် သံတမန်နှင့် စာကို စေလိုက်သည်။ ထိုစာတွင် -

"နောင်တော် ထီးနန်းကိုအပ်မည်လော. . . စစ်ကိုပြုမည် လော"ဟု ပါရှိလေရာ နောင်တော်က စုက္ကတေးက စာကိုဖတ်ပြီး မခံ မရပ်နိုင်ဖြစ်ခါ ဒေါသမီးတော်ကလောင်တော့သည်။

"ခံတွင်းက နို့နံမစင်သေးတဲ့ သူငယ်က ငါလိုမင်းကြီးမှ ရာရာ

စစ အံ့တုဖက်ပြိုင်စစ်တိုက်လိုသည့် . . . ပ။ ကိုင်း . . . ရှိစေဗျာ . . .၊ ဒါလောက်တောင်ဖြစ်နေရကား မြင်းတစ်စီးချင်း အသာတိုက်ခိုက်လိုက်ယုံပ၊ စစ်သည်ဗိုလ်ပါများလည်း ဝင်မပါရ မကူညီဘိနှင့်၊ နဘေး ကသာကြည့်ကြစေ . . . မလောက်လေးမလောက်စားသူငယ်၏ တမန်ကိုလည်း မြင်းတစ်စီးချင်းတိုက်မည်ဖြစ်ကြောင်း ပြန်ကြားစေ"

နောင်တော်စုက္ကတေး၏ မှာကြားသောစကားကို အနော်ရထာကြားလျှင် ဝမ်းမြောက်သည်ဖြစ်၍ ချိန်းဆိုသောနေ့ရက်ကို ရောက်ရှိလာသည်။ ခမည်းတော်နတ်မြင်းနှင့်တကွ အရိန္ဒမာလှံ၊ သီလဝံသဓားတို့ကို ယူဆောင်ပြီးသော် တူရွင်းတောင်အနောက်ဘက် သမထီးချောင်းသို့ ရောက်ရှိခဲ့၏။

စုက္ကတေးမင်းကားဆီးကြိုနှင့်၏။ အရပ်မျက်နှာများတွင်လည်း သူ့ဘက်ကိုယ့်ဘက်ဝိုင်းရံ ကြည့်ရှုကြသဖြင့်နေရာလပ်မရှိနိုင်။ ထောင်သောင်းရှိ ပရိသတ်တို့၏ အော် ဟစ်ဆူညံသံများ ဘဝင်ညံသည့်တိုင် ကွင်းလယ်မြင်းနှစ်ကောင်သည်လည်း ငွါးငွါးစွင့်စွင့် ပြေးလွှားနေကြသည်။ ပြိုးပြိုးပြောင်ပြောင်မင်းဝတ်တန်ဆာနှင့် လှံဝင့်ချက်များသည် နေရောင်ဖြင့် တလက်လက်ရှိ၏။

အတိုက်အခံအော်ဟစ်ဆူညံများ အကြားသို့မြင်းဟီသံများက တစ်ချက်တစ်ချက် ထိုးဖောက်လိုက်သေး၏။

"အသင်သည် ငါ့ထက်အသက်ကြီးသော နောင်တော်ဖြစ်၍ စစ်ကို ငါ့အားဦးစွာပြုလော့ . . ."

အနော်ရထာ အော်ပြောလိုက်သော စကားအဆုံးတွင် စုက္ကတေးမင်း၏ လက်တွင်း၌လည်နေသော လှံမှာသံလိုက်အိမ်မြောက်နှယ် ညာလက်အတွင်းမှ ရပ်တန်းတော့သည်။ မြင်းများ ဥဒ်ဟိုပြေးလွှားဆဲ။ ရုတ်ချည်းဆိုသလို စုက္ကတေးလက်မှလှံသည် အမှတ်မထင်အနော်ရထာရင်ဝသို့ ချိန်ရွယ်ထိုးလိုက်သည်။

အနော်ရထာက လှံကိုစုံကိုင်ပြီး မြင်းဇက်ဆောင့်အဆွဲတွင် မြင်းအခုန်နှင့်စုက္ကတေး၏ ထိုးချက်ကိုကာကွယ်လိုက်သည်။ နောက်

တစ်ချက်ဝင်ရောက်လာသည်။ နောက်တစ်ချက်ဆက်လက်ကာကွယ်သည်။ တစ်ဖက်ကထိုးချက်သည် လျင်မြန်လာသည်၊ အနော်ရထာလက်မှ အရိန္ဒမာလှံ၏ ခုံခံကာကွယ်မှုသည်လည်း စကြာပမာလျင်မြန်လှပါ၏။ ထိုစဉ် အမှတ်မထင်စုက္ကတေး၏ ပစ်လွှတ်လိုက်သောလှံမှာ အနော်ရထာ၏မြင်းက ကုန်းသားရေခုံသို့သာထိုးမိပြီး စုက္ကတေးမှာ လှံပစ်လိုက်သော အရှိန်ကြောင့်ခန္ဓာကိုယ်မှာအနည်းငယ်ယိုင်ထိုးသွား၏ ခံရတော့မည်ကို စုက္ကတေးသိရှိဟန်တူသည်။ ကြောက်စိတ်ဝင်လာ၏။

"နောင်တော် အလှည့်ကုန်ပြီ ခံနိုင်အောင်သာခံပေတော့" အနော်ရထာထိုသို့ပြောဆိုပြီးပြီးချင်း အရိန္ဒမာလှံဖြင့် ထိုးချလိုက်ရာ စုက္ကတေး၏ နောက်ကျောကို ထုတ်ချည်းထိုးဖောက်သွားသည်။

"ညီသားနောင်မယ်"ဟူသော ပြောမှားဆိုမှားတစ်ခွန်းစကားကြောင့် စုက္ကတေးမင်းသည် (စည်းစိမ် ၂၅ နှစ်၊ သက်တော် ၅၃ နှစ်) တွင် ကံတော်ကုန်ရလေသည်။ စင်စစ်ထိုစကားတစ်ခွန်းသည် ပထမမြန်မာနိုင်ငံတော် သမိုင်းသစ် စာမျက်နှာစတင်ဖွင့်လှစ်လိုက်ခြင်းပင်ဖြစ်သည်။

## ကြမ်းတန်းသော ခရောင်းလမ်းပေါ်မှ

လူတို့သည် ခေတ်စနစ်ကို အခြေခံ၍ အသိဉာဏ်များဖွံ့ဖြိုးတိုးတက်လာကြသည်။ အနော်ရထာခေတ်ရောက်သောအခါ ယင်း၏ မိခင်ကို မိဖုရားမြှောက်ရန်စိတ်ကူးခဲ့သော ညီအစ်ကိုတော်စပ်သူ၏ လုပ်ရပ်နှင့်အကြံအစီများကို လက်မခံနိုင်တော့သည့် အခြေအနေသို့ ရောက်ရှိခဲ့၍ သတ်ဖြတ်အဆုံးစီရင်ကြသည်။ ညီအစ်ကိုဖြစ်သူ(နောင်တော်) စုက္ကတေးမင်းရင်မှကျောသို့ ထုတ်ချင်းဖောက်သည့် ဒဏ်ချက်ဖြင့် ရောဝတီမြစ်ရေသို့ စီးဝင်ခဲ့ရသည်။ ဤသည်ကို အစွဲပြု၍ "စုက္ကတေးရေဆိပ်" ဟု ခေါ်ဝေါ်ကြသည်။ မြင်းကပါရွာ အနောက်ဘက်တွင်ရှိသည်။

စုတ္တတေး၏ "မြင်းကပါ"(မြင်းပေါ်သို့စီးနင်းလိုက်ပါရန် တပ်ဆင်ထားသော အဆန်းတန်ဆာ) အပါအဝင် မြစ်ထဲပါသွားသည်ဆိုသဖြင့် "မြင်းကပါ"၊ အချို့လည်း "မြင်းကပါ"သာ ကျန်ရှိသည့်အတွက် "မြင်းကပါရွာ"ဟု ယခုအမည်ခေါ်တွင်ခဲ့သည်။ မည်သို့ပင်ဆိုစေ မြန်မာ့သမိုင်းတွင် ထေရဝါဒဗုဒ္ဓဘာသာစစ်စစ်ကို စတင်တည်ထောင်နိုင်ခဲ့သည့် သမိုင်းဝင်ဘူမိနက်သန် "မြင်းကပါရွာ"ဖြစ်သည်။

မြန်မာသက္ကရာဇ် ၁၃၄၀ ပြည့်နှစ် ဝန်းကျင်အထိ စာရေးသူတို့နေထိုင်ရာ ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ်တောင်ဘက်ခြမ်း "ဓနုတိုင်းရင်းသား"တို့၏ ကျေးရွာများတွင် နွားလှည်းများအသုံးပြုကြရာ နွားနှင့်လှည်းတတ်ဆင်ရာ၌ "လှည်းက"သည်ဟု ခေါ်ဝေါ်သုံးစွဲခဲ့သည်ကို ထောက်ရှု၍ "ဓနုတိုင်းရင်းသား"တို့သည်၊ အနော်ရထာကင်းမြိုက ၄၃ မြို့တည်ဆောက်ရာ၌ ပါဝင်ခဲ့ကြသော၊ ရှေးမြန်မာကြီးများသည် နောင်တွင် မူရင်းဒေသသို့ မပြန်တော့ပဲ ရေကြည်ရာ၊ မြက်နုရာရှာဖွေနေထိုင်ရင်း ရှမ်းပြည်နယ်တောင်ပိုင်းဒေသများသို့ ဆက်လက်နေထိုင်ခဲ့သည်။ ဓနုတိုင်းရင်းသားတို့သည် ရှေးမြန်မာကြီးများမှ ဆင်းသက်ပေါက်ဖွားခဲ့ကြသည်ဟု (ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲခရိုင် မြို့နယ်လုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မတီ နောင်ချိုမြို့နယ်ဖြစ်စဉ်မှတ်တမ်း)၌ ရေးသားထားရှိသည်။ (စကားချပ်)

အနော်ရထာသည် နောင်တော်စုတ္တတေးမင်းအား လုပ်ကြံပြီးနောက် ပုဂံဒေသ(ယခုသမိုင်းဝင်မြင်းကပါရွာ)ဝန်းကျင်တစ်ဝိုက်တွင် သတင်းများပျံ့နှံ့လျက်ရှိရာ အနော်ရထာ၏ မိခင်(မြောက်ပြင်သည်)က နန်းတော်မှ ပြေးဆင်းလာပြီး "ပုတ္တလင်. . . ပုတ္တလင်" အဓိပ္ပာယ်မှာ "သား. . . သား"ဟု ဟစ်အော်သည်။ ယခု ပုတ္တလင်ဘုရားနေရာတွင် ဖြစ်သည်။

အနော်ရထာမှာ ခမည်းတော်ရဟန်းပြုရာသို့ သွားပြီး "မင်းပြုပါ"ဟု တောင်းပန်လေ၏၊ ခမည်းတော်က "သားတော် ငါသည် အရွယ်ကြီးရင့်ပြီဖြစ်၍ သားတော်သာလျှင် မင်းပြုပါလေ"ဟု ပြောကြား

လေသည်။

ရာဇဝင်တွင် ပုဂံမြို့ရိုးတည်ထောင်သူမှာ ပျူပြားမင်းဖြစ်၏။ ပျူပြားမင်းမှာ သားတော် တန်နက်မင်းမွေးဖွား၏။ တန်နက်မင်းကို စလေငခွေးလုပ်ကြံသည်၊ တန်နက်မင်းလုပ်ကြံခံရချိန်တွင် မိဖုရားတစ်ပါးကထွက်ပြေးတိမ်းရှောင်ရင်း အနော်ရထာအဖေ ကွမ်းဆော်ကြောင်ဖြူမင်းကို မွေးဖွားသည်။ ကွမ်းဆော်ကြောင်ဖြူမင်း၏မိခင် အရည်အချင်း အရည်အသွေးရှိသော မိဖုရားဖြစ်မည်။

မင်းအဆက်အဆက်တို့သည် များသောအားဖြင့် ဘုရင်တစ်ပါး၏ မြှောက်စားထားပြီးသော မိဖုရားများအား ဆက်လက်၍မိဖုရားအရာရာဆက်ခံလေ့ရှိသည်။ မည်သည့်ရည်ရွယ်ချက်ဖြစ်မည်ကိုတော့ မသိနိုင်ချေ။ ဤတွင် ကွမ်းဆော်ကြော်ဖြူမိခင်ဖြစ်သူက ကိုယ်ဝန်ဖြင့် ထွက်ပြေးတိမ်းရှောင်ကာ ကွမ်းဆော်ကိုအရွယ်ရောက်သည်အထိ မွေးဖွားခဲ့သည်။

အရွယ်ရောက်သည်နှင့် သိန်းခိုနှင့်တောင်သူကြီးမင်းအထံ မင်းမှုထမ်းစေခဲ့သည်။ ကွမ်းဆော်မင်းအဖြစ်ရောက်စဉ်၊ တောင်သူကြီးမင်းမှ ကျစ်ရစ်သော တောင်၊ အလယ်၊ မြောက် စသည့်မိဖရားကို ဆက်လက်မိဖုရားမြှောက်ကာ မြောက်ပြင်သည်မိဖုရားနှင့် အနော်ရထာကို မွေးဖွားသည်။ ဖအေဆုံမအေကွဲသော ညီအစ်ကိုများဖြစ်၍တစ်မျိုး၊ အရွယ်နှင့်အားမမျှ၍ သည်းခံနေထိုင်လာခဲ့ရာ မိဘနှစ်ပါးအပေါ် ပိုမိုရက်စက်ယုတ်မာရန် ကြံရှိလာသဖြင့် အနော်ရထာခုခံတိုက်ခိုက်ရခြင်းဖြစ်၏။

အနော်ရထာမတိုင်မီ မင်းအဆက်ဆက်တို့၌လည်း အနော်ရထာအဖြစ်မျိုး တွေ့ကြုံကောင်း၊ တွေ့ကြုံရပေလိမ့်မည်။ သို့သော် တစ်စ၊ တစ်စ လူဦးရေများပြားလာခြင်း၊ နိုင်ငံတကာများနှင့် ကူးလူးဆက်ဆံရာ၌ လူမှုဘဝဖွံ့ဖြိုးလာခဲ့ရာမှ အတွေးအခေါ် အသိအမြင်များလည်း များစွာ တိုးတက်လာခဲ့ရကား၊ အနော်ရထာ၏ ကြံစည်စိတ်ကူးသမျှသည် မျက်မှောက်ခေတ်လူသားများ၏ တွေးခေါ်မျှော်မြင်မှုနှင့် တစ်သား

တည်းဖြစ်ပေါ်နေသည်ဟု ယူဆကြရမည်သာ။

မြောက်ပြင်သည်၏ ကျောက်စာတွင် -

"သက္ကရာဇ်သုံးရာခုနစ်ဆယ့်ကိုးခု သရဝဏ်နှစ်၊ ပြာသိုလပြည့်ကျော်ရှစ်ရက်၊ တနင်္လာနေ့ အနော်ရထာမင်းစော၊ မင်းဖြစ်တော်မူလျှင် မင်းသား၊ မိဖုရား၊ မှူးမတ်၊ ကလန်၊ သံပျင်တိုရနှင့် ပြည်သူပြည်သားတို့ကို တရားသဖြင့် အုပ်ချုပ်စီရင်တော်မူသည်ဟု ရာဇဝင်တွင် ဖော်ပြပါရှိသည်။

အနော်ရထာမင်းဖြစ်ပြီး "ပထမမြန်မာနိုင်ငံတော်ကိုတည်ထောင်သည်"ဟု သမိုင်းတွင်ရစ်သည်၊ သို့သော် လွယ်လွယ်ကူကူနှင့် ပထမမြန်မာနိုင်ငံဖြစ်လာခဲ့ခြင်းမဟုတ်ပေ၊ ထေရဝါဒ ဗုဒ္ဓဘာသာစစ်စစ်ထွန်းကားခဲ့သည်ဆိုရာ၌လည်း ပုဂံဒေသို့ "ရှင်မဟာအရဟံ"မည်တွင်သော "အရှင်အရဟံ"ကြွရောက်လာတော့မှ ထေရဝါဒပိုမိုထွန်းကားခဲ့ခြင်းဖြစ်လာသည်။ ဤသည်လည်း လွယ်ကူလှသည်မဟုတ်၊ အနော်ရထာ နန်းစံ ၉ နှစ်ပြည့်မှ ရောက်လာသည်။ ဆရာဒကာတွေ့ဆုံပြီးနောက်၌လည်း သာမဏေများ၊ ရဟန်းများမွေးထုတ်ပြီး ရဟန်းရှိကသိမ်ရှိမှဖြစ်မည်၊ သိမ်စစ်လျှင် ရဟန်းစစ်မည်ဖြစ်၍ သိမ်သမုတ်ခဲ့ကြသည်။

ထေရဝါဒကို စတင်တည်ထောင်သူဟု ဆိုသော်လည်း အနော်ရထာမင်းတစ်ဦးတည်းဖြစ်ပါက လုပ်ကိုင်တည်ထောင်၍ မရသလို ရှင်မဟာအရဟံတစ်ပါးတည်းနှင့်လည်း စည်ပင်ပျံ့ပွားမှု နှေးကွေးကြံ့ကြာပေလိမ့်မည်၊ ဤနေရာတွင် ဆရာနှင့်အကလက်ဆွဲဆိုခြင်းနှင့်သာ သက်ဆိုင်ပေသည်။ အရှင်မဟာအရဟံမရောက်ရှိမီ ၉ နှစ်တာကာလခရီးသည် အရည်းဝါဒများနှင့်သာ အနော်ရထာ နေ့ထိုင်ခဲ့ရခြင်းဖြစ်သည်။

ထေရဝါဒဗုဒ္ဓဘာသာအစစ်အမှန်ကို အနော်ရထာကြိုးပမ်းရာတွင် ဗုဒ္ဓဘာသာဝင်တို့က သထုံမှပိဋကတ်သွားရောက်ပင့်ဆောင်ရာမှ စတင်ခဲ့ခြင်းဖြစ်ကြောင်း အပေါ်ယံတွေးခေါ်မျှော်မြင်မှုသာလျှင် သိရှိသည်။

## ထေရဝါဒဗုဒ္ဓဘာသာကို လွှမ်းမိုးကဲ့သောအရည်းဂိုဏ်း

သေဉ်လည်ကြောင်မင်းသည် အိပ်မက်ပေးသည်ဆို၍ နတ်ကိုးကွယ်မှုစတင်လာသည်။ အနော်ရထာအထိဖြစ်သည်။ သေဉ်လည်ကြောင် မင်းနောက် ပုပ္ပါးစောရဟန်း(ပုဂံ - မင်းဆက် ၂၀၊ အေဒီ ၆၁၃-၆၄၀)သည်၊ သက္ကရာဇ်ပြိုသောမင်းဖြစ်သည်။ ထိုမင်းသည် နက္ခတာ ယာ၊ ဗေဒင်၊ ဟူးရား၊ တန္တရ၊ မန္တရ၊ ဗြဟ္မဏဝါဒ၊ မဟာယန စသည့် အယူဝါဒအမျိုးမျိုး ရောသမ္မွန်းဝါဒများ ကျင့်သုံးခဲ့သည်။

တိုင်းပြည်အုပ်ချုပ်ထိန်းစိုးစံသော မင်းဖြစ်သူ၏ အယူဝါဒအတိုင်း ပြည်သူများကလည်း လိုက်လံကျင့်သုံးကြသည်။ သို့သော်ထိုမင်းသည် ဗုဒ္ဓဘာသာကိုလည်း သက်ဝင်ယုံကြည် ကိုးကွယ်မှုပြုသည်။

"ထိုမင်းသည် အင်္ဂါသားတည်း၊ ပိဋကတ်၊ ဗေဒင်ကိုလည်း အလွတ်တတ်လှစွာ၏၊ အဆင်းလည်းအလွန်လှ၏၊ သဒ္ဓါ၊ သီလနှင့်လည်း ပြည့်စုံတော်မူပါ၏။ ထွန်းချစ်မင်းမရှိလျှင် မိဖုရားတို့နှင့်ညှိ၍ မင်းမြှောက်သတည်း"

ရာဇဝင်တွင် ဤသို့ရေး၏၊ အမှန်မှာ ထွန်းချစ်မင်းသေဆုံးပြီး မိဖုရားနှင့်ပေါင်းသင်းကာ ရှင်ဘုရင်ပြုလုပ်ခြင်းပင် ဖြစ်၏။ ထွန်းချစ်မင်းလက်ထက်က တိုင်းရေးပြည်ရေးအခါတော်ပေးသည့် ပုပ္ပါးစောရဟန်းမင်းကား "နတ်ရေးတဲ့ ရွှေစာ"ဖြစ်သတည်း။

လောကနန္ဒသမိုင်းတွင် "တောင်ထက်ဘက်၌ အနော်ရထာမင်းကြီးတည်ထားခဲ့သော ဘုရင်စွယ်တော်ရှင်ရှစေတီတော်မှာလည်း အဆက်ဆက်သောလူများက အသစ်ပြုပြင်ခဲ့သဖြင့် တန့်ကြည်စွယ်တော်ရှင်စေတီကဲ့သို့ အသစ်ဖြစ်၍နေပေသည်။ စေတီ၏မြောက်ဘက်၌ ပုပ္ပါးစောရဟန်းသိမ်ပျက်နေသည်ကို မြင်ရကြောင်း သက္ကရာဇ် ၅၇၄ ခုနှစ် ထိုးကျောက်စာတိုင်လည်း ရှိနေပါသည်။"(ကျောက်စာအချက်အလက်များကို ဖော်ပြထားသည်မတွေ့ရပဲ ကျောက်စာတိုင်ဟုသာ

ဖော်ပြပါသည်။)

ဆက်လက်၍ ပုပ္ပါးစောရဟန်းမင်းသည် ရဟန်းလူထွက်ဖြစ်သည်။ ထို့ကြောင့်ထေရဝါဒတွင် သိမ်သည် မည်မျှအရေးကြီးကြောင်း ရဟန်းလူထွက်ဘုရင်ကြီးကသိသည်။ သိမ်ကိုဆောက်၍ လှူဒါန်းခဲ့သည်။ သိမ်သည် -

- ထေရဝါဒဗုဒ္ဓဘာသာဝင်ရဟန်းတို့ မွေးဖွားပေးရာ မိခင်ကြီးဖြစ်သည်။
- အခြားမည်သည့် ဘာသာတွင်မျှ သိမ်ဆိုတာ မရှိပေ။သိမ်ရှိသည်ဆိုသည့်အကြောင်းအရာတစ်ခုတည်းနှင့်ပင် အနော်ရထာမင်းမတိုင်မီနှစ်ပေါင်း ၄၀၀ ကျော်ကပင် ထေရဝါဒသည် ပုဂံမြေမှာ ထွန်းကားခဲ့ပြီးဖြစ်သည်။ သို့သော် ဗုဒ္ဓဘာသာ၏ အခြေအနေသည် အားပေး သောရှင်ဘုရင်များ၏ လက်ထက်တွင် ထွန်းကားသည်၊ စိတ်မဝင်စားသောရှင်ဘုရင်များ၏ လက်ထက်တွင်ထွန်းကားသည်။ စိတ်မဝင်စားသောရှင်ဘုရင်များ၏ လက်ထက်တွင် မှေးမှိန်သည်ဟု သမိုင်းကပြောသောပုဂံစာအုပ်တွင် ရေးသားဖော်ပြထားသည်။

ကျစွာမင်း၏ဆရာတစ်ဆူဖြစ်သော အသျှင်အရဟံသာမိသည် တုရင်တောင်အရပ်၌ သီတင်းသုံးတော်မူစဉ် "အာဒိပ္ပကကျမ်းကို စီရင်တော်မူသည်။ ကျမ်းနိဂုံး၌ -

စောရဟန်သိမ်ကျောက်စာ၌ တုရင်တောင်ထက် စစ်ရဟန်သိမ်ပျက်ခဲ့ရကားဟူ၍လည်းကောင်း၊ အနော်ရထာမင်းစောသထုံကပင့်ဆောင်ခဲ့သော သဃ်ာတော်သုံးထောင်အနက် ငါးရာကို တုရင်တောင်အရပ်၌ထားကြောင်း ဇာက်ပစ်တောင်သမိုင်းမှာဆိုသည်။

ဇမ္ဗူဒိပ္ပကျွန်းထက်တောက်သော နေ[illegible]ကဲ့သို့တောက်ပစွာထသော နတ်နှင့်တူသော စည်သူမင်းကြီးသည်ကား အရှေ့တုရင်းတောင်သို့ ထွက်တော်မူသောအခါ၌ဟူ၍လည်းကောင်း၊ တုရင်းတောင်ပေါ်ရှိ စွယ်တော်ဘုရားကျောက်စာ၌ တုရင်းတောင်ထက် ငစိုက်သင်ပုထိုးတလုံး၊ ဂူတလုံးလှူသော ယာ ၄ ပယ်ဟူ၍လည်းကောင်း စသဖြင့်ရေးသားထားရှိရာ ထိုသမိုင်းများ၌ "အရည်း"ဝါဒနှင့်မကင်းကြောင်း

ပေါ်လွင်သော အချက်များစွာရှိလေသည်။ လောကီကိုစိတ်ရှုတ်ရှုံ့ရှာ၍ လောကုတ္တရာနယ်သို့ ကူးပြောင်းခဲ့သောရဟန်း။ ရဟန်းသည် သိမ်ဝင်ရဟန်းဟုတ် မဟုတ်။ "စစ်ရဟန်းသိမ်ပျက်ခဲ့ရကား"ဟု ပါရှိလေရာ၊ မိမိကိုယ်၌ရဟန်းဖြစ်စဉ်က အရည်းကြီးရဟန်းသာဖြစ်သည်။ ရဟန်းဝတ်ဖြင့်လည်း ပြဟ္မဏဝါဒရေးရာများကျင့်သုံးသည်။ ထိုသူသည် ရှင်ဘုရင်ဖြစ်လာသည်။ စင်စစ်လောကီကို သံဝေဂမရနိုင်သော ပုဂ္ဂိုလ်တစ်ဦးသာလျှင်တည်း။

"တောင်သူကြီးမင်းလက်ထက်၌ ဘုရားရှင်ပရိယတ္တိသာသနာတော်၊ မရောက်မတည်ဆောက်ချေသောကြောင့် မင်းအဆက်ဆက်တို့လက်ထည်လည်း၊ ပဋိပတ္တိသာသနာတော် မဖြစ်နိုင်ရှိချေသည်၊ သမထီးအရည်းကြီးတို့ အယူကိုသာ တပြည်လုံးယူကြကုန်၏" ဦးကုလား မဟာရာဇဝင်တော်ကြီးတွင် အတိအလင်းရေးသားပါရှိသည်ဖြစ်ရာ ပုဂံတည်စ သမုတိရာဇ်မင်းလက်ထက်ကစ၍ အရည်းသာသနာကိုသာ ကိုးကွယ်သည်မှာ တွေးတောစဉ်းစားစရာဖြစ်မိသည်တော့ အမှန်ပင်။

တဖန် -

"ပုဂံပြည်၌ သမုတိရဇ်မင်းကစ၍ အနော်ရထာမင်းတိုင်အောင်သာ မင်းအဆက်ဆက်တို့သည် သမထီးအရပ်၌ နေစမှတ်ပြုသော အရည်းကြီးသုံးကျိပ်နှင့်တပည့် အရည်းခြောက်သောင်းတို့၊ အဆုံးအမကိုခံ၍ ယူမှားကြကုန်၏"ဟူ၍ မဟာဓမ္မသင်္ကြန်က သာသနာ့လင်္ကာရစာတမ်းတွင် ရေးသားထားသည်။

ဤသို့ သမုတိရာဇ်မင်းနှင့် အနော်ရထာအထိနှစ်ပေါင်း ရေတွက်ကြည့်ရာတွင် ပုဂံကိုစတင်တည်ထောင်သော သမုတိရာဇ်မင်းသည် သာသနာသက္ကရာဇ် ၆၅၁ တွင် နန်းတက်ပြီး သာသနာသက္ကရာဇ် ၁၅၅၈ တွင် အနော်ရထာမင်းနန်းတက်ရာ နှစ်ပေါင်းကိုးရာကျော် (၉၀၇) အချိန်ကာလသည် ပုဂံ၏ တည်ဆဲသာသနာအခြေအနေကို အတိအကျပြဆိုလိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် ထေရဝါဒ ဗုဒ္ဓသာသနာသည် အနော်ရထာမင်းကြီး ထီးနန်းစိုးစံ အချိန်တိုင်အောင်ပင် အရည်းသာသနာသာလျှင် လွှမ်းမိုးခြယ်လှယ်မှုပြုခဲ့ပြီး ထေရဝါဒဗုဒ္ဓဘာသာ

မေးမှိန်ခဲ့ရသည်။

## တည်ထွင်ထားသော အရည်းသာသနာ

ရွှေတိဂုံစောင်းတန်း တက်လိုက်သည်နှင့် မြန်မာ့ယဉ်ကျေးမှုနှင့်ဆန့်ကျင်သော အမျိုးသမီးအဝတ်အစားများ လဲလှယ်ရန်စာတမ်းကို မြင်တွေ့ရသည့်အခါတိုင်း ပုဂံဘုရားနံရံအချို့မှ "ကချေသည်" ပုံတို့သည် ချက်ပေါ်အဝတ်အစား ဝတ်ဆင်ပုံကို မြင်ယောင်မိပါစ ရှေးပုဂံတွင်နေထိုင်ကြသော အမျိုးသမီးများသည် ထိုသို့ဝတ်စားဆင်ယင်ကြလိမ့်မည်မဟုတ်ကြောင်းလည်း ယုံကြည်မိ၏။ ဟီရိဩတ္တပ္ပသည် မြန်မာအမျိုးသားများထက် အမျိုးသမီးများ ပို၍ရှိတတ်ကြသည်ဖြစ်ရာ ရှေးနှစ်များစွာက လုံချိဝတ်သည်ပင် ခြေမျက်စေ့ဖုံးအောင် ဝတ်စားဆင်ယင်မှုပြုကြသည်။

မြန်မာမှုနှင့်ဆန့်ကျင်သော ဆေးရေးပန်းချီဖြစ်စေ၊ ထွင်းထုထားသောရုပ်လုံးများဖြစ်စေ၊ ပုဂံတွင် "ချက်" ဖော်ထားရှိမှုသည် အိန္ဒိယပညာရှင်များ၏လက်ရာများသာဖြစ်ကြောင်း တထစ်ချပြောဆိုနိုင်သည်။ အဘယ့်ကြောင့်ဆိုသော် ဟိန္ဒူနတ်ဘုရားကျောင်းရှိသည်။ အချို့က (နတ်လှောင်ကျောင်း)ဟုခေါ်သည်။ ထို့ကြောင့် အယူဝါဒတွင် ဟိန္ဒူသာသနာများ ရောယှက်လာသည်။

ဗုဒ္ဓဘာသာဝင်ဆိုသူများကလည်း တရားနှင့်ဆန့်ကျင်သော မဟာယနခေါ် မြောက်ပိုင်းဗုဒ္ဓဘာသာယောင်ယောင်၊ ဟိန္ဒူသာသနာယောင်ယောင်၊ မျက်မှောက်ခေတ်နိုင်ငံရေးပါတီများ များပြားသကဲ့သို့ ဟိုပါတီဝင်ယောင်ယောင် သည်ပါတီဝင်ယောင်ယောင်ဖြစ်ကြပြီး ဓမ္မစစ်ကိုလိုက်ကြည့်သောအခါ တီထွင်ထားသော သာသနာဖြစ်သည်ဟု ဆိုကြလိမ့်မည်။

ထိုအချိန်က ရဟန်းအချို့သည်ပင် ဝိနည်းကိုရိုးမယ်ဖွဲ့၍ (သို့မဟုတ်) အကာအကွယ်ယူ၍ ကိုယ်ကျိုးရှာမှုများကြောင့် ပဋိပက္ခမှုများစွာ ပေါ်ပေါက်ခဲ့ကြသည်။

အာနန္ဒာစေတီအတွင်းရှိ ကျန်စစ်သားနှင့် ရှင်အရဟံရုပ်လုံးများကိုကြည့်လျှင် မြန်မာ့လက်ရာကောင်းများတွေ့နိုင်၏။ မြန်မာ့ဝတ်စားဆင်ယင်ပုံပေါ်လွင်လှ၏။ ထိုင်မသိမ်းအကျီ နှင့် ပုဆိုးဆင်မြန်းထားသော ကျန်စစ်သားသည် အမိအိန္ဒိယနိုင်ငံသူ မင်းသမီးတစ်ပါးမှ ဖွားမြင်သောဘုရင်ဖြစ်ရာ နှာတံပေါ်ခြင်း၊ နဖူးကျယ်ခြင်း၊ စူးစူးရှရှ မျက်လုံးတော်နှင့် မျက်ဝန်းကောင်းခြင်းတို့မှာ ကျက်သရေရှိလှပါသည်။

မြန်မာ့ယဉ်ကျေးမှုနှင့်ဆန့်ကျင်သော အယူဝါဒရှိနေခြင်းပင်၊ ထိုအယူဝါဒသည် မိမိတို့ကိုးကွယ်ယုံကြည်အားထားရာ ဘာသာသာသနာကို ဥပါယ်တစ်မည်ဖြင့် လွှမ်းမိုးခြင်းဖြစ်တန်ရာ၏။ လူ့လောက၏ ကောင်းကျိုးချမ်းသာခြင်းနှင့် သတ္တဝါတို့အား ကယ်တင်နိုင်ရေးအတွက် လိုအပ်သောအခါ အချိန်ကာလအားလျော်စွာ ဗိသနိုးနတ်ဘုရားသည် လူ့ပြည်လောကသို့ အသွင်အမျိုးမျိုးဖြင့် သက်ဆင်းလေ့ရှိရာ လူဝင်စားဖြစ်လာသောသူတို့အား အဝတာရဟု ခေါ်ဆိုလေသည်။

အဓိကဖြစ်သော အဝတာရများသည် ဟိန္ဒူဘာသာပေါ်စကယနေ့တိုင် (၁၀) ဦးရှိနေရာ ယင်းတို့အနက် (နဝမမြောက်) မှာ ဗုဒ္ဓအဝတာရဖြစ်သည်။ ဗုဒ္ဓအဝတာရကား သိဒ္ဓတ္ထမင်းသားဘဝက ဘုရားဖြစ်လာသော ဂေါတမဗုဒ္ဓပင်ဖြစ်သည်။ (ဒသမ-မြောက်) အဝတာရကား လူ့ပြည်လောကသို့ မရောက်လာသေးကြောင်း ဟိန္ဒူကျမ်းဂန်စာပေများကဆိုသည်။

မြန်မာ့ရာဇဝင်ကြီးတို့၌ သရေခေတ္တရာပြည်တည်ထောင်သောအခါ ရသေ့၊ သိကြား၊ နဂါး၊ ဂဠုန်၊ ဂဝံပတေ့၊ စန္ဒီ၊ ပရမီသွာ သူတော်စင်ခုနှစ်ဦးတို့ ကြပ်မတ်တည်ဆောက်ကြောင်း ရသေ့မှာ ရွှေစည်းခုံကျောက်စာအရ ဗိသနိုးပင်ဖြစ်ကြောင်း ထင်ရှားသည့်အပြင် အားလုံးသော သူတော်စင်ခုနှစ်ပါးမှာလည်း ဂေါတမဗုဒ္ဓဘုရားမပွင့်မီကရှိနှင့်သော၊ ဟိန္ဒူဘာသာဆိုင်ရာ ဟိန္ဒူနတ်ဘုရားများချည်းသာလျှင်ဖြစ်ကြောင်း၊ ဗြဟ္မာဏဘာသာရေးလေ့လာသူများ အသိဆုံးပင်ဖြစ်သည်။

မွန်အက္ခရာရေးကျောက်စာ၌ -

သရေခေတ္တရာပြည်ကို ဗိသနိုးကူညီတည်ဆောက်ပြီးသောအခါ အရိမဒ္ဒနပူရပြည်တွင် သီရိတြိဘဝနာဒိတျဓမ္မရာဇာဘုရင် ဖြစ်လိမ့်မည် . . .။

"မြတ်စွာဘုရားက အနန္တာထေရ်အရှင်အား မိန့်ကြားတော်မူပုံ" များပါရှိလေရာ သရေခေတ္တရာပျက်၍ ပြန်လည်တူးဖော်ခဲ့ပြီးဖြစ်ပေသည်။

ဗုဒ္ဓဘာသာ အထွတ်အထိပ်ရောက်ခဲ့သော ပုဂံပြည်ကြီးတွင် စေတီပုထိုးများ အမျိုးမျိုးအကြား၌ ဗြဟ္မဏဟိန္ဒူတို့ ကိုးကွယ်ဆည်းကပ်ရာ နတ်ဘုရားနှင့်တကွ ဗိသနိုးနတ်ဘုရားကျောင်းကို ဟိန္ဒူအမျိုးသားတို့အတွက် တည်ဆောက်ကုသိုလ်ပြုခြင်း၊ တည်ဆောက်ခွင့်ပေးခြင်းသည် ဗုဒ္ဓဘာသာဝင်မြန်မာဘုရင်များ၏ အစွမ်းကုန်လွတ်လပ်ခွင့်ပေးခြင်း၏ သာဓကပင်ဖြစ်သည်။

စာရေးသူလေ့လာခွင့်ရသမျှ သိနားလည်သည်မှာ ဟိန္ဒူသာသနာရေး၌ အနန္တတန်ခိုးရှင်ကြီးများမှ ပွားထုတ်အပ်သော နတ်ဘုရားပွားသုံးပါးက တာဝန်အသီးသီးယူကြသည်တွင် BRAHNIA, the God of Creation ဗြဟ္မာ၊ (ဖန်ဆင်းသူ) VISHNU, the God of Preservation ဗစ်သျှနူ (ထိမ်းသိမ်းသူ) CIVA, the God of Destruotion ဆီဗ (ဖျက်ဆီးသူ) ဟူ၍ရှိသည်။ ထိုနတ်ဘုရားပွားသုံးပါးစုပေါင်းလျှင် အဓိက အနန္တတန်ခိုးရှင်ဖြစ်ရာ ထိုအဓိက ထာဝရဘုရားကို BRAHMAN (ဗရဟမန်-ဗြဟ္မန်) ဟုခေါ်သည်။ BRAHMA ဗြဟ္မ (မြန်မာအခေါ်- ဗြဟ္မာ)နှင့် BRAHMAN ဗြဟ္မန်သည် မတူကွဲပြားခြားနားသည်။

ပုဂံရှိဟိန္ဒူနတ်ဘုရားကျောင်းကို ရှေးမြန်မာတို့က နတ်လှော်ကျောင်းဟု ခေါ်ဝေါ်သမုတ်ခဲ့ခြင်းမှာ ထိုအဆောက်အဦအတွင်းရှိ ဆီဗ (ခေါ်) သီဝဟိန္ဒူနတ်ဘုရားကို မြန်မာများက မဟာဒေဝခေါ်ခြင်းပင်ဖြစ်သည်။ ဗိသျှနုခေါ် ဗိသနိုးနတ်ရုပ် မဟာဒေဝနတ်ရုပ်စသည်ကို

ထည့်သွင်းကိုးကွယ်ကြသည့်အတွက် နတ်လှေုာင်ကျောင်းဟု သမုတ်ခြင်းမှာ စကားအသုံးရိုးလွန်းစေကာ အဓိပ္ပါယ်ပေါ်လွင်လှသဖြင့် ရာဇဝင်ပိသွားနိုင်ပဲ ခေတ်စားနေခဲ့သည်မှာ ယနေ့တိုင်ပင်ဖြစ်သည်။

ပုဂံသို့ရောက်လျှင် ဆပဒစေတီကို ဖူးတွေ့ရမည်။ ဆပဒရွှာ (ယခု- ငပုတောမြို့) သား သာမကောသည် သီဟိုဠ်သို့သွားရောက်၍ စာပေကျမ်းဂန်သင်ကြားသည်။ လေ့လာသင်ကြားတတ်မြောက်ပြီး၍ ရဟန်းဘဝဖြင့်ပြန်လည်ကြွရောက်ကာ ပုဂံသို့တက်ရောက်ကျောင်းထိုင်တော်မူသည်။ ဘုရင်မင်းမြတ်ဆောက်လုပ်လှူဒါန်းအပ်သော ထိုအရှင်မြတ်၏ ကျောင်းပရဝုဏ်အတွင်း၌ ကိုယ်တိုင်ကြပ်မတ်၍ စေတီတည်ထားတော်မူရာ သီဟိုဠ်ပုံစံပင်ဖြစ်သည်။ သီဟိုဠ်ပုံစံလွှမ်းမိုးထားသည်။

ဆပဒမထေရ်မြတ်စ်ထင်ရှားသော ဘွဲ့တော်မှာသဒ္ဓမ္မဇောတိပါလဖြစ်သည်။ ဆပဒမထေရ်နှင့်အတူ သီဟိုဠ်မှကြွလာတော်မူကြသော ကမ္ဘောဒီးယားနိုင်ငံသား စမာမင်းသား၊ ရဟန်းတော်အရှင်တာမလိဒ္ဓထေရ်သည်လည်း ပုဂံတွင် သီတင်းသုံးတော်မူသောကြောင့် (ခမာ) အရိပ်အငွေ့များသန်းသော အဆောက်အဦများလည်း ရှိနိုင်ကောင်း၏ဟုယူဆမိသည်။

ရှေးမွန်တို့၏ ဘုရားတည်မှုတွင် စေတီတော်အထက်တက်လမ်းအဖြစ်ပါရှိတတ်ရာ ခမာတို့သည်လည်း တစ်ခါက ယိုးဒယားမြောက်ပိုင်းတွင် ဩဇာလွှမ်းမိုးခဲ့ဘူးသော မွန်တို့ထံမှ အတုခိုးယူခဲ့ခြင်းဖြစ်သည်။

မွန်ခမာပင်ရင်းလူမျိုးကြီးမှ ဆင်းသက်လာကြသော မွန်နှင့်ခမာတို့၏ မူလစေတီတည်ဆောက်ရေး၌ တူညီနိုင်ခွင့်ရှိပေမည်။

ဟိန္ဒူယဉ်ကျေးမှုများစွာ လွှမ်းမိုးခြင်းခံရသော ကမ္ဘောဒီးယားပြည်၊ ခမာအမျိုးသားတို့၏ ရှေးဘုရားကျောင်းအဆောက်အဦးများ၏လက်ရာမျိုးကိုကား ပုဂံအဆောက်အဦ စေတီတို့တွင် တွေ့မြင်နိုင်သည်ဟု မဆိုလိုပါ။ မှန်းဆထင်မြင်ရသလို သုံးသပ်ဆင်ခြင်မိသည်။

ပုဂံသေဉ်လည်ကြောင်မင်းလက်ထက် ငတင့်တယ်နတ်မောင်

နှမရောက်ရှိ၍ နတ်ကိုးကွယ်မှုစတင်သည်။ ယနေ့တိုင်ဖြစ်နေသည်။ မြန်မာတစ်ပြည်လုံးနတ်များ၏အမည်များ ရေတွက်၍မရနိုင်သည်အထိ နေရာတိုင်းတွင် များပြားလာသည်။

ပုဂံလောကနန္ဒာအရပ်၌ ထူးခြားချက်တစ်ရပ်ရှိသေးသည်။ သရေခေတ္တရာ သုမုန္ဒရီမင်းလက်ထက် ဒေါ်ဒေါ်ရသကိန်းကြုံရသဖြင့် လောကနန္ဒာကျောက်စကားအရပ်၌ သိကြားမင်းသည် မဟာလ္လက ပုဏ္ဏားယောင်ဆောင်၍ ၆၆၂ ကိုဖြို့ပြီး အတိုသက္ကရာဇ် ၂ ခုဟူ၍ ကျောက်ဖျာထက် ရေးထားခဲ့ကြောင်းပင်ဖြစ်သည်။

သက္ကရာဇ်ဖြို့ခြင်းသည် ဟိန္ဒူဝါဒဖြစ်သည်။

သိကြားမင်းသည်လည်း ဗုဒ္ဓဘာသာမပေါ်မီကရှိနှင့်ပြီး ဟိန္ဒူဘာသာဆိုင်ရာ မျက်လုံးတစ်ထောင်ရှိသော နတ်မင်းတစ်ပါးပင်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ သိကြားမင်းပုဏ္ဏားယောင်ဆောင်ခြင်းကို မပြောလို။ သို့သော် ဟိန္ဒူနတ်ဘုရားများအကြောင်း မြန်မာပြန်ဆိုသည့် စာအုပ် ထုတ်ဝေပါစေဟု ဆုတောင်းမိပါ၏။ သို့မှ ဗုဒ္ဓဘာသာတွင် ပါဝင်စွက်ဖက်နေသော မသန့်ရှင်းသည့်အချက်အလက်များ ပပျောက်လွင့်စင်သွားမည်ဟု မျှော်လင့်ရသည်။

## ပုရုံခေတ်အရည်း

သုံးရာစုတွင် မြန်မာပြည်သည် SHU ရှုပြည်၏ ဩဇာခံ ပဏ္ဏာတော်ဆက်နိုင်ငံဖြစ်ခဲ့ရသည်။

တရုပ်ပြည်တွင် ထိုစဉ်ကကွဲပြားနေသော နယ်သုံးနယ်မှာ -

WE ပြည်

SHU ပြည်

WU ပြည်တို့ဖြစ်သည်။ ရှုပြည်၏မြို့တော် ဝူချန် WU CHNG ဖြစ်သည်။ ယင်းပြည်ကိုတည်ထောင်သူမှာ LIU PEI ဖြစ်သည်။ ထိုသုံးပြည်ထောင်ကိုနှိမ်နင်းသော SZEMA FAMILY မိသား

စုတို့က CHIN ချင်မင်းဆက်ကို ထူထောင်သည်။

မြန်မာရာဇဝင်တွင် ပြူစောထီးနန်းစံ (၃၃) နှစ်မှ မင်းယဉ်ပိုက်နန်းစံ (၁) နှစ်မြောက်ထိ ကြားကာလအတွင်းသည် အထက်ဖော်ပြပါ ပဏ္ဍာတော်ဆက်နိုင်ငံဘဝတွင် တည်ရှိရသော ကာလအပိုင်းအခြားနှင့် ကိုက်ညီသည်ကိုတွေ့ရသည်။ သို့သော် ပုဂံရာဇဝင်တွင် "ပဝဏ္ဏာတော်ဆက်နိုင်ငံဖြစ်ရသည်"ဆိုခြင်းကို အတိအလင်းမပါ။ နိုင်ငံတော်ကျေးဖြစ်သော ကောသမ္ဗိမြို့သို့ ကုဋေအရာမကသော တရုတ်စစ်သည်တို့ရောက်သောအခါ မင်းကြီးကိုယ်တိုင်ဆင်လုံးမြင်းရင်းအများနှင့် ချီတော်မူ၍ နှိမ်နင်းလုပ်ကြံတော်မူသော ပွဲကြီးလည်းတစ်ကြိမ်ဟူ၍ ပြူစောထီး၏ ပွဲကြီးများစာရင်းတွင် ဖော်ပြထားသည်ကို မဟာရာဇဝင်ကြီး၌ ဖတ်ရှုရသည်။

ကောသမ္ဗိမြို့သည် မင်းဘူးစီရင်စု စလင်းမြို့နယ်ဖြစ်သည်ဟု ရာဇဝင်သစ်ကဆိုသည်။ နိုင်ငံတော်စာကြည့်တိုက်ပေမူက ကူးယူ၍၊ တရုတ်မြန်မာမိတ်ဆွေဖြစ်အသင်းက ထုတ်ဝေသော၊ ရှေးရေး "တရုတ်အရပ်ရပ်ရောက်သည့်အရေး"စာတမ်းတွင် "ကောသမ္ဗိသမုတ်သော လယ်ကိုင်းသို့ တရုတ်တို့ရောက်၍"ဟု ပါရှိလေရာ လယ်ကိုင်းသည် ကောသမ္ဗိဖြစ်သည်။

ဆက်လက်၍ "သက္ကရာဇ် ၉၃ ခုနှစ် တပေါင်းလတွင် မဖြို့မဒေသို့ ချီလေသော တရုတ်စစ်သည်တို့ ဗိုလ်ကြီးမင်းလေးယောက်၊ တပ်ပေါင်းများစွာ ဆင်မြင်းအတိုင်းမသိနှင့် ကောသမ္ဗိသို့ ကျရောက်သည်ကို ပြူမင်းထီးမင်းတရားသည် မင်းမိဖုရားနှင့်တကွ ကိုယ်တိုင်သွား၍ စကားပြောဆိုလျှင်. . ."စသည် ဖြင့် ဖော်ပြခဲ့ရာ ပြူမင်းထီးလက်ထက် တရုတ်တို့အဝင်အထွက်ရှိနှင့်နေပြီဖြစ်သည်။

လေးရာစုနှစ်တွင် တရုတ်သာသနာပြုများက မြန်မာနိုင်ငံသို့ မဟာယာနဂိုဏ်း ဗုဒ္ဓသာသနာကို ပြုစုလာကြသည်တွင် တရုတ်စာပေသင်ကြားပေးသည်၊ တရုတ်အက္ခရာနှင့်ဖြစ်၏။ သို့ရာတွင် (၁၃) ရာစုနှစ် မောင်းဝွတ်၊ တရုတ်တရက်(တာတာ)တို့ ပုဂံတွင်စိုက်ထူခဲ့သော

"တရုတ်ကျောက်စာတိုင်"တွင် တရုတ်အက္ခရာ အရေးအသားတစ်ုံတရာ ကိုမျှ မတွေ့ရဟု ဆိုသည်။

တရုတ်ပြည် ချင်မင်းဆက်ကာလဖြစ်ပြီး ဗုဒ္ဓသာသနာထွန်းလင်းတောက်ပနေချိန်ဖြစ်သည်။ ပုဂံရာဇဝင်တွင် ယဥ်မင်းပိုက်နန်းဆက် (၁)နှစ်မြောက်မှ ကြောင်တူရစ်မင်းနန်းစံ (၁၃)နှစ်အတွင်းဖြစ်သည်။ ဖော်ပြပါကာလအထိ တရုတ်ပြည်သို့ ဗုဒ္ဓဘာသာရောက်ခဲ့သည်မှာ နှစ်ပေါင်း ၁၉၀၀ ကျော်၊ တစ်ထောင့်ကိုးရာကျော်ပြီဖြစ်သည်ဟု ၁၉၁၈-၅၉ ခုနှစ်အတွင်း ပီကင်းမြို့မှ ထုတ်ဝေသော DUDDHISTS IN CHINA စာအုပ်နိဒါန်းတွင် ဖော်ပြထားသည်။

ငါးရာစုနှင့်ခြောက်ရာစုနှစ်များတွင် မြောက်ဖက်မှတာတာလူမျိုးတို့နှင့် တောင်ပိုင်းတရုတ်တို့၏ ဩဇာအာဏာမှာ မြန်မာတို့အပေါ် ယုတ်လျော့သွားခဲ့သည်။ ဤတွင် အိန္ဒိယနိုင်ငံ မြောက်ပိုင်းနှင့်အရှေ့ပိုင်းတို့မှ သာသာနပြုများသည်၊ အိန္ဒိယမဟာယာနဂိုဏ်း ဗုဒ္ဓသာသနာကို သင်္ကရိုက်ဘာသာဖြင့် ပြုစုလာကြသည် ယင်းတို့သည် ဂွတ်ပတားမင်းဆက်ခေတ်သုံး စာပေကို အသုံးပြုလာကြသော စန္ဒရုတ်မင်းဖြစ်ပြီး၊ ကြောင်တူရစ်မင်းနန်းစံ ၁၃ နှစ်မှ တွန်ချစ်မင်းနန်းစံ ၂ နှစ်မြောက်အတွင်းဖြစ်သည်။

လေးရာစုနှင့်ရှစ်ရာစုအကြား(ပုဂံရာဇဝင် ပုပ္ပါးစောရဟန်းနှင့်ပိတ်တောင်မင်းနန်းစံအထိ) စရွှန်ဆန်ဂမ်ပိုကြီးမှူး၍ ဂွတ်ပတားစာပေအက္ခရာတစ်မျိုးဖြစ်သော လက်ာအက္ခရာကို အခြေခံ၍ တိဘက်အက္ခရာတည်ထွင်ပြီးနောက် သာသာပြုဝါဒဖြန့်ချိရေးတွင် အထူးရွက်ဆောင်သည်။ (စရွှန်ဆန်ဂမ်ပိုဘုရင်နှင့် မိဖုရားဝင်ချိန်ဘို့တို့၏ ကျောက်ရုပ်သည် တိဗက်ပြည်၊ လာဆာမြို့ ပိုတာလာနန်းတော်၌ ယနေ့တိုင်တည်ရှိနေသေးသည်။ PEOPLE'S CHINA NO - 10 တွင်ပါရှိသည့် ရှေးတိဗက် အနုပညာအကြောင်းစာ -မှ)

တရုတ်ပြည် COUNTY "ကောင်တီခေါ် ဒိစတြိတ်မြို့နယ်များခွဲခြားထားရှိရာ၊ ရှမ်းနိုင်ငံနန်ချိုသည် ကောင်တီအဖြစ်ပါဝင်သွား

၏။ တာလီပူးနေပြည်တော် ရှမ်းနိုင်ငံဖြစ်သော နန်ချိုမှာ ယခု ယူနန်ပြည်နယ်ဟုဆိုသည်။ (တရုတ်လက်တွင်းသို့ ရှမ်းနိုင်ငံကျရောက်ခဲ့ဘူးသည်။)

နန်းချိုနိုင်ငံသည် မြန်မာပြည်ကို သိမ်းပိုက်လိုက်သောအခါ နန်ချိုသည် တိဗက်နှင့်မြန်မာဆက်ဆံရာအချက်အချာဒေသသို့ ရောက်ရှိသွား၏။ ထိုအခါ တိဗက်သာသနာသည်လည်း ပုဂံပြည်တွင်းအထိ လေးမှလွတ်သောမျှားတစ်စင်း နှယ်ချင်းနင်းဝင်ရောက်တော့သည်။

မဟာယနဂိုဏ်းဗုဒ္ဓသာသနာကို တစ်မျိုးတစ်မည်ပြုပြင်ထားသော တိဗက်လာမဝါဒ သာသနာကို မြန်မာပြည်တွင် ပြုစုနေရာ၊ ထွန်းကားနေသော အိန္ဒိယမဟာယနဂိုဏ်းဗုဒ္ဓသာသနာအား ကျုံးသွင်းဝါးမျိုလိုက်တော့သည်။

တိဗက်ဘုန်းတော်ကြီးများသည် မြန်မာစာအရေးအသားတွင် သြဇာလွှမ်းမိုးမှု ပြုပြင်ခြင်းမရှိခဲ့သော်လည်း အက္ခရာထားသိုမှုအစီအစဉ်နှင့် အသံကိုချိန်ဆ၍ ကြည့်ရခြင်းအားဖြင့် သင်္ကရိုက်နှင့် တိဗက်အက္ခရာထားသိုပုံစနစ်မျိုးကို ရောမွှေပေါင်းစပ်ထားသကဲ့သို့ ထင်မြင်ရသည်။

ကိုးရာစုနှင့် တစ်ဆယ်ရာစုနှစ်၊ (ထွန်လတ်မင်းနန်းစံ တစ်ဆယ့်လေးနှစ်မြောက်မှ ကွမ်းဆော်မင်းနန်းမတက်မီ နှစ်နှစ်ကာလအတွင်း)ရခိုင်၊ မဏိပူရ၊ အာသံတို့မှတဆင့် အိန္ဒိယပြည်ဘက်မှ အင်းအိုင်ခလဲ့၊ လက်ဖွဲ့မန္တာန်အခြေခံသော "ဗုဒ္ဓဘာသာတစ်မျိုး"ဟု ခေါ်ဆိုနိုင်ဖွယ်ရာ တန္တရာဘာသာ TANTRISM ကို မြန်မာပြည်တွင်းသို့ သွတ်သွင်းလာသည်။ ထိုသာသနာ့ဝန်ထမ်းရဟန်းတို့ကို "အရည်း"ဟု ခေါ်သည်။

## အရည်းဝါဒ လွှမ်းမိုးခြင်း

အရည်းတို့သည် နဂါးကိုးကွယ်သည်၊ နတ်နဂါးများကိုလည်း ကိုး

ကွယ်သည်။ ပညာနည်းသော သမာဓိဉာဏ်ပညာများကို ထူထောင်ကြသည်ဆို၏ စစ်မှန်သော ထေရဝါဒပုံစံမျိုးကဲ့သို့ လုပ်ကိုင်ဆောင်ရွက်သယောင်ပြုလုပ်ပြီး ပညာနည်းသောလူများစု အပေါ်တွင် ဆရာလုပ်သည်။ ယင်းသို့ဩဇာလွှမ်းည်။ ထို့နောက် ဆရာမွေး၊ တပည့်မွေးကြပြီး ဂိုဏ်းဂဏာများထူထောင်ကြသည်။

အရည်းများသည် ဂွတ်ပတားခေတ်သုံး အက္ခရာကိုလည်းကောင်း၊ ပြည်ပါလာမင်းဆက် အက္ခရာကိုလည်းကောင်းအသုံးပြုကြသည်။ တောင်သူကြီးမင်းလက်ထက် နဂါးရုပ်ထုကြီးကို ထုလုပ်ကိုးကွယ်သည်ဟူသော ပုဂံရာဇဝင်စကားနှင့်ကိုက်ညီသည်။ ပုဂံသထီးအရပ်တွင်နေထိုင်ကြရင်း ဆေးဝါးဖော်စပ်ခြင်း၊ အင်္ဂိယထိုးခြင်း ပညာရပ်များကိုလုပ်ကိုင်ကြသည်။ ကိုယ်ပိုင်ကျောင်းများကြီးမားစွာ ဆောက်လုပ်ပြီး ဇနီးမယားသားသမီး၊ တပည့်တပန်းများဖြင့် နေထိုင်ကြသည်။

ယင်းသို့နေထိုင်ကြရာ၌ ပုဂံမင်းအဆက်ဆက်နန်းတွင်းအထိ ရှင်ဘုရင်အနားခစားသည်အထိ ရောက်ရှိကြသည်၊ အင်္ဂိယထိုးရာ၌ အမှတ်တကယ်ရွှေဖြစ်သည်ဟုလည်း ဆိုသည်။ ပုဂံမြေပေါ်၌ မည်သည့်နေရာမဆို အနည်းနှင့်အများအပေါ်ယံ မြေလွှာ၌ ရွှေရှိနေသည်။ သစ်တောကောင်းခြင်းဖြင့် မိုးလေဝသမှန်ကန်ပြီး စိုက်ပျိုးရေးဖြစ်ထွန်းကာ "မုဆိုးမပင် ဘုရားတည်(စေတီ)နိုင်ကြောင်းလေ့လာသိရှိရ၏။

ပုဂံနှင့် ပတ်သက်၍ ရာဇဝင်သမိုင်းစာအုပ်များကို လက်လမ်းမီသရွေ့ ရှာဖွေဖတ်ကြည့်လေ့လာမိရာ အရည်းတို့အယူဝါဒများသည် အနော်ရထာမင်းစိုးစံသည့် ၉ နှစ်အကြာတိုင်အောင် လွှမ်းမိုးနေခဲ့သည်ဟု မှတ်သားရပါသည်။

## ပုဂံနေပြည်တော် ရှေ့ပြေးခေတ်

မြန်မာနိုင်ငံ ရှေးဟောင်းမြို့တော်များမှ ဗိဿနိုး၊ သရေခေတ္တရာနှင့် ဟန်လင်းတို့ ဖြစ်ကြသည်။

ဗိဿနိုးမြို့ကိုတူးဖော်သောအခါ နှစ်ပေါင်း ၂၅၀၀ ထက်စောသော မြို့တော်ဖြစ်ကြောင်း အထောက်အထားတွေ့ရှိရသည်ဟုဆိုသည်။ ထိုမြို့သည် သရေခေတ္တရာနှင့်ခေတ်ပြိုင်ဟု ယူဆရသော ဆန်းကြယ်သောအခန်းများနှင့် အုတ်တံတိုင်းတွေ့ကြရ၏။ ဗိဿနိုးမြို့ကိုးကွယ်သော ဗုဒ္ဓဘာသာမှာ အိန္ဒိယတောင်ပိုင်း၊ အန္တရဒေသမှလာသော ဗုဒ္ဓဘာသာမှ အိန္ဒိယတောင်ပိုင်း အန္တရဒေသမှလာသော ဗုဒ္ဓဘာသာဖြစ်သည်။ ဆင်းတုမကိုးကွယ်ကြပါ။ ယင်းသို့ မကိုးကွယ်ခြင်းသည် အန္တရဒေသ၊ အမရဝတီနှင့်နာဂဇ္ဈုနကောဏ္ဍ(နာဂရ်ဂျူနကွန်ဍ)မြို့၌ တူးဖော်တွေ့ရှိသော ဝိဟာရများ၊ ထူပ(စေတီ)နှင့်တူညီသောကြောင့် ဖြစ်သည်။

ဗဿိနိုးနှင့်တကွ ပျူနိုင်ငံတို့၌ ထေရဝါဒရဟန်းတော်များ ထောင်ပေါင်းများစွာရှိခဲ့သည်ဟု ပြောဆိုကြသော မျက်မှောက်ခေတ်သမိုင်းပညာရှိတို့၏ အဆိုအမိန့်တို့မှာ ယုတ္တိတန်လှပါပေသည်။

(Ex-cavations at beikthation 1968) နှင့် တက္ကသိုလ်ပညာပဒေသာ စာစောင်၊ အတွဲ ၁၊ အပိုင်း ၂၊ ၁၉၆၆ ခု ဦးအောင်သော်၊ ညွန်ကြားရေးဝန်၊ ရှေးဟောင်းသုတေသန။)

အေဒီ ၃၀၀ ရာစု တရုတ်မှတ်တမ်းများ၌ မြန်မာနိုင်ငံအလယ်ပိုင်းဟု ယူဆရသောဒေသတွင် ဗုဒ္ဓဘာသာထွန်းကားသော "လင်ယန်ပြည်"ရှိကြောင်း (လင်ယဉ်သည် ဟန်လင်းဖြစ်သည်)ဟု အများယူဆကြသည်။ တရုတ်ဘုရားဖူးဆွန်ဆန် (အေဒီ ၆၄၈) အီးဆင် (၆၇၉)တို့သည် ပျူနိုင်ငံ (သရေခေတ္တရာ)ကို ဗုဒ္ဓဘာသာနိုင်ငံအဖြစ်မှတ်တမ်းတင်ကြသည်။

ဗိဿနိုး၊ သရေခေတ္တရာနှင့်ဟန်လင်ပျူတို့သည် ပုဂံနေပြည်တော်မရောက်မီ တစ်ပြည်နှင့်တစ်ပြဘည် မရှေးမနှောင်းတည်ရှိခဲ့ကြသော ရှေးဦးမြန်မာ ပျူနိုင်ငံတော်ကြီးဖြစ်ကြ၏။ ဗိဿနိုး (၅ ရာစုအထိ)၊ ဟန်လင်း (၉ ရာစုအထိ)၊ သရေခေတ္တရာ (၁၀ ရာစုအထိ) တည်ရှိခဲ့ကြောင်း သာမန်အားဖြင့်လက်ခံထားကြလေသည်။

"မဇ္ဈိမတိုင်းမှ မဟာသမ္ဘဝ၏သားတော် 'ကရဘော'မင်းသား

က စတင်တည်ထောင်၍ မင်းဆက်ပေါင်း ၇၉၉ ပါးစိုးစံခဲ့ပြီး ပြူစောထီး မင်းလက်ထက်တွင် ပြာပူမိုးရွာ၍ ထီးနန်းပျက်သုဉ်းခဲ့ရသည်။"

(ဟန်လင်းရွာစား စည်သူကျော်ထင်ဘွဲ့ခံ၊ သာချင်းဆရာ ဦးအောင်ဖြိုးရေးသားသော ဟန်လင်းသမိုင်းလင်္ကာ . . . မှ)

ဟန်လင်းနေပြည်တော် စိတ္တရာဇာ ဒိဗ္ဗညီနောင်မင်းနှစ်ပါး လက်ထက်က ရဟန္တာသာမနေကျော်တစ်ပါးထွန်းကားခဲ့သည်။ အေဒီ ၈၃၂ ခုနှစ်တွင် နန်းစောလူမျိုးများတိုက်ခိုက်၍ မြို့တော်ပျက်စီးခဲ့သည် ဟုဆိုသည်။ ခေတ်ပြိုင်ပါရှနှင့် မြောက်အာဖဂန်နစ္စတန်အထောက်အ ထားများအရ ပျူနိုင်ငံ၏အကျယ်အဝန်းမှာ အရှေ့ ကမ္ဘောဇ (ရှမ်းနိုင်ငံ တရုပ်လက်တွင်းသို့ကျရောက်ပြီးနောက် တိုင်းပြည်အုပ်ချုပ်မင်းလုပ်မည့် သူမရှိ၍ ကမ္ဘောဒီးယားကို သွားရောက်ရှာဖွေခေါ်ယူရသောကြောင့် ရှမ်းနိုင်ငံသို့ ကမ္ဘောဒီးယားရောက်ရှိ၍ ကမ္ဘောဇရှမ်းတို့ဌာနီဟုခေါ် သည်။ (အမှတ် ၁၊ နောင်ချိုမဂ္ဂဇင်း၊ စိုင်းဥက္ကာဝင်း- ခေတ္တာယိုးဒယား ဆောင်းပါးမှ) တောင်-ပင်လယ်၊ အရှေ့တောင် (ဒွါရာဝတီခေါ်ယိုးဒယား၊ အနောက်-အိန္ဒိယ၊ မြောက်-နန်းစောတို့ဖြစ်သည်။

လက်အောက်ခံ၊ ၁၈ ပြည်ထောင်စုရှိပြီး၊ လမ်းဗင်း၊ ဂျာဘား၊ သာဝတ္ထိ၊ စံပါအထိ ပျူနိုင်ငံတောင်ဘက်ဒေသများအဖြစ် ဖော်ပြထား သည်။ ခံတပ်မြို့ပေါင်း (၉) မြို့၊ တိုင်းရင်းသားလူမျိုးပေါင်း (၂၉၈) မျိုးပါဝင်သည်ဟုဆိုသည်။

(မင်းတုန်းမင်းခေတ် "ရတနာပုံနေပြည်တော်သတင်းစာ" တာဝန်ခံအယ်ဒီတာ ဘိုးဝဇီရ၏ "စက်တော်ရာမော်ကွန်းလင်္ကာ" . . မှ)

ပျူနိုင်ငံတော်တွင် တံခါး (၁၂) ပေါက်ရှိသည်။ ထောင့်လေး ထောင့်၌ စေတီများရှိ၏။ မြို့တံတိုင်းကို စဉ့်အုတ်တို့ဖြင့်စီထားရာ အချင်းလီ ၁၆၀ (တစ်နေ့ခရီး) ရှိ၏။ လူတို့အတွင်း၌နေထိုင်ကြရာ အိမ်ခြေပေါင်းသောင်းပေါင်းများစွာရှိ၏။ အမိုးများကို ခဲပြား၊ သံဖြူ ပြားများဖြင့်မိုးထားသည်။

ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းပေါင်း တစ်ရာကျော်၏။ တောက်ပသောနီဝါဆေးများချယ်လှယ်ထား၍ ကော်ဇောများအပြည့် ခင်းထားသည်။ လူများတစ်ယောက်နှင့်တစ်ယောက် လက်မောင်းကို ဆုပ်ကိုင်၍ နှုတ်ဆက်လေ့ရှိကြ၏။ ဦးခေါင်းညွတ်၍ အရိုအသေပြုကြသည်။ နက္ခတ်တာရာအတတ်ပညာတွင် လွန်စွာကျွမ်းကျင်၍ ဗုဒ္ဓတရားတော်ကို ကြည်ညိုလေးစားကြသည်။

အသက် (၇ နှစ်) ပြည့်လျှင် ယောကျ်ားကလေးများရော မိန်းကလေးများပါ ဘုန်းတော်ကြီးကျောင်း၌ ပညာသင်ကြရသည်။ ခေါင်းရိတ်ရ၏။ အသက် ၂၀ ကျော်၍မှ တရားမဖြည့်နိုင်သော် ဆံပင်ရှည်ထား၍ အိမ်မှာနေရသည်။ အသက်သတ်မှုရှောင်ကြဉ်ကြသည်၊ ပိုးချည်အဝတ်ကိုပင်မဝတ်ကြ၊ ရွှေဒဂီးသွန်းလုပ်သုံးစွဲ၏။ ဒဂီး၌လခြမ်းပုံပါသည်။

ဘုရင့်နန်းတော်တွင် ရွှေငွေခေါင်းလောင်းနှစ်လုံးထားရှိသည်၊ (နန်းတော်မုခ်ဝနှင့်မျက်နှာချင်းဆိုင်နေရာတွင်) ပေတစ်ရာဉာဏ်တော်အမြင့်ရှိသော ကျောက်သားဆင်းထုအဖြူကြီးတစ်ဆူရှိ၏။ တရားတပေါင်ဖြစ်သော အမှုသယ်တို့သည် ဆင်းထုတော်ရှေ့၌ ပုဆစ်တုပ် ဒူးချဝတ်ပြု၍ မိမိတို့အမှားအမှန်ဆင်ခြင်ပြီးမှ လိုရာသို့သွားကြသည်။ လူ့ခြေသလုံးနီးပါး ကြံပင်ကြီးများလည်းရှိကြ၏။

ပျားဖယောင်းနှင့် အမွှေးနံ့သာရော၍ မီးထွန်းသည်။ အိမ်ထောင်သည်မိန်းမတို့သည် ဆံပင်ကိုထုံးခွေ၍ ငွေနှင့်ပုလဲသွယ် အဆင်တန်ဆာများကို ဆင်မြန်းကြ၏။ အပြာရောင် လျှော်ထမိများကိုဝတ်ဆင်ကြသည်။ ပုဝါပါးပါးကို လွှမ်းခြုံကြ၏။ လမ်းလျှောက်ထွက်လျှင် ယပ်တောင်ကိုင်သည်၊ အထက်တန်းကျသူများ၌ ယပ်တောင်ကိုင်အခြံအရံအစေအပါးငါးယောက်၊ ခြောက်ယောက် ဘေးမှလိုက်ပါလာကြသည်။

အေဒီ ၈၀၀ စုအလွန် တရုတ်မှတ်တမ်း၊ တရုတ်ထန်ရာဇဝင်သစ်၌ ပျူနိုင်ငံတော်အကြောင်းများမှ ဗုဒ္ဓဘာသာနှင့်စပ်သော အချက်

အလက်အချို့ကို ကောက်နှုတ်ဖော်ပြရပါသည်။ အချိန်ကာလအားဖြင့် ပျူခေတ်ကုန်ဆုံးခါနီး ပုဂံနေပြည်တော် ရှေ့ပြေးခေတ်ဟုဆိုရပေမည်။

## အရည်းတို့ရဟန်းများ "သိမ်" ဝင်ကြသလား။

အနော်ရထာနန်းစံချိန်တွင် အရည်းသာသနာမှာ မြန်မာပြည်နေရာအနှံ့သို့ တောမီးပမာပျံ့နှံ့တောက်လောင်လျက်ရှိသည်။ ပြောတော့ ဗုဒ္ဓဘာသာဟုပြောဆိုနေကြပြီး လုပ်သည့်အလုပ်သည် ဗုဒ္ဓဘာသာနှင့် ဆန့်ကျင်သော လုပ်ရပ်များ လုပ်ကိုင်ဆောင်ရွက်ကြသည်။ ပုဂံ၏ ၁၆ ရာစုနောက်ပိုင်းတွင်လည်း ဗုဒ္ဓဘာသာထွန်းကားပျံ့ပွားသည်ဆိုရာ၌လည်း အရိပ်အမြွက်မျှသာ။

ရာဇဝင်တွင် သေဥ်လည်ကြောင်၊ ထွန်ချစ်မင်း၊ ပုပ္ပါးစောရဟန်း၊ တောင်သူကြီးမင်းတို့သည် နတ်ကိုးကွယ်မှုအဓိကထားခဲ့ကြ၏။ ဗုဒ္ဓသာသနာကို ရောသမမွှေဖြစ်အောင် လုပ်ခဲ့ကြ၏။ မျက်မှောက်ခေတ် ရုပ်ဝါဒီသမားများကြသည်။ အဆိုပါကိုးကွယ်ခဲ့သည့်နတ်များကို မမြင်ဘူးကြသဖြင့် ရှာကြံလိုကြသည်။ ပုဂံပတ်ဝန်းကျင်နှင့် မြေပြန့်ဒေသတွင် ဝက်သားစားသောက်ခြင်း မပြုကြ။

ဘာသာခြားတို့မော်တော်ယာဥ်ပေါ်သို့ ခရီးသည်များစီးနင်းလိုက်ပါကြသည့်အခါ ခြင်းထဲပါလာသည့် ဝက်သားထုပ်ကိုပင် ဝက်သားထုပ်ဟုမပြောရဲကြ။ မပြောဝံ့ကြ။ ကိုယ့်မြေကိုယ့်ရေပေါ်၌ ကိုယ့်ကိုကိုယ်၌က ရဲရဲဝံ့ဝံ့ပြတ်ပြတ်သားသား မပြောနိုင်ကြသည့်အဖြစ်၊ အချို့သောပုဂ္ဂိုလ်တို့က မလိုအပ်သောနေရာမျိုး၌ လူ့အခွင့်အရေးဟု အချင်းချင်းကား ပြောဆို၍ပင် မဆုံးရှိကြချေ၏။ သမိုင်းကြောင်း၊ ရာဇဝင်ကြောင်းများရေးသားကြသောသူများသည် မည်သည့်ပုဂ္ဂိုလ်ကမျှ လွယ်လင့်တကူမရေးသားကြ။ သမိုင်း၊ ရာဇဝင်၊ စာတမ်း၊ စာအုပ် အမျိုးမျိုးတို့ကို ရှာဖွေစုဆောင်းညှိ၍ရေးကြသည်ကများလေ၏။

စာဖတ်သူအချို့ကလည်း နိဒါန်းမှစတင်၍ စေ့စေ့စပ်စပ်မဖတ်ကြ၊ တဆင့်ပြန်ပြောပြပါက ဒဏ္ဍာရီဆန်သလို စိတ်ကူးယဉ်ပုံပြင်မျှသာဖြစ်သည်လည်းရှိ၏။ အချို့ကလည်း တင်စားပြီးရေးသားကြရာ၌ အလွန်အမင်းရေးသားကြသည်။ နှစ်ကာလကြာမြင့်သောအခါ တကယ့်ဖြစ်ရပ်ကကွယ်ပျောက်ပြီး အထင်နှင့်ရမ်း၍ ပြောသောစကားများက သုတေသနမျက်နှာဖုံးစွပ်ကာ ရှေ့တန်းရောက်လာကြသည်။

ပုပ္ပါးစောရဟန်းနှင့်ကွမ်းဆော်မင်း (အနော်ရထာခမည်းတော်) လက်ထက်ကပင် ထေရဝါဒသာသနာတည်ထောင်ရန် ကြိုးပမ်းခဲ့ကြဟန်တူလေသည်။ အဘယ့်ကြောင့်ဆိုသော် ပုပ္ပါးစောရဟန်းသည် တုရင်တောင်ထိပ်၌ "သိမ်သမုတ်ခြင်း"။ ရာဇဝင်စာ၌ စောရဟန်သိမ်တည်ဆောက်သည်၊ စောဝ်ရဟန်သိမ်ပျက်သည်ဟု တဆက်တည်းရေးသားထားသည်။ သိမ်ပျက်သွားပြီဟု ဆက်လက်ဖော်ပြထားသည်။

ဤနေရာတွင် များများစဉ်းစားရန်လိုအပ်သည် ပုပ္ပါးစောရဟန်းသည် ထွန်ချစ်မင်း၏ မိဖုရားနှင့်တိုင်ပင်ပြီး ထိုမိဖုရားနှင့် ရှင်ဘုရင်လုပ်နန်းစံသည် ထိုမင်းသည် ထွန်ချစ်မင်းသက်ရှိထင်ရှားရှိစဉ်က မင်းဆရာဖြစ်သည်။ နက္ခတ်တာရာ ကျွမ်းကျင်သည်ဟု ဆိုသည်။ နက္ခတာရာပင်မက မင်းကျင့်တရား ၁၀ ပါးနှင့်အညီ အုပ်ချုပ်စိုးစံသည်ဟု ဆိုလေသည်။ (ဤကိစ္စထားနှင့်ဦး)။

ပြူစောထီး၏ ဆရာရသေ့သည်လည်း ထိုတောင်၌နေကြောင်း ရွှေစည်းခုံသမိုင်းဟောင်း၌ဆိုသည်။ ရာဇဝင်ဟောင်းများကလည်း ဆိုသည်။ ယခု တူရွင်းတောင် (တုရင်းတောင်) ဟုခေါ်သည်။ တုရင်ဟူသောပါဠိဘာသာမှ မြန်မာတုရင်းဟုရေးသည်။ သက္ကရာဇ် ၇၀၀ ကျော်၌ သေဋ္ဌဒိသာပါမောက္ခထေရ်သည် တုရင်ဂီရိပါဒမှီဟု ဂါထာစီပြီး တရုပ်ပြေးမင်းဘုရား၌ မင်စာရေးသည်။ စူဠာမဏိကျောက်စာ စသောရှေးအရေးအသားမှာ တုရင်ဟူ၍ရေးသည်။ တုရံသိယ် ဂစ္ဆတိဘိတုရင်ဂေါ်ဟူ၍ အဘိဓာန်ဋီကာ၌ ဝိဂြိုဟ်ပြုသည်။ မြန်စွာသွားတတ်သောကြောင့် တုရင်မည်၏။

တုရင်အမည်သည် ပုဂံမတည်မီ ရှေးရှေးသောကာလကပင် ခေါ်တွင်သောအမည်ဖြစ်သည်။ သမုတိရစ်မင်းမြို့တည်ရန် နေရာရှာသောအခါ တုရင်တောင်၌နေသော သုဘတ္တာရသေ့သည် ယုံလွှတ်ကျွန်းအရပ်ကို ကာလဝိဝတ္တုတည်ရာမြေကဲ့သို့ ဘူမိနက်သန်မှန်ကြောင်း ညွှန်ပြသည်။

ဤတွင် သမုတိရာဇ်- ပြူစောထီး- ပုပ္ပါးစောရဟန်းတို့၏ ဆရာများက "ရသေ့များ" ဟုဆိုကြရာ၊ ထိုရသေ့များ မည်သည့်နေရာတွင်မည်မျှရှိနေကြသနည်း၊ များပြားကုန်သောရသေ့တို့က ထေရဝါဒသာသနာထူထောင်ခဲ့မှု ရှိခဲ့ကြသည်ဟုလည်း ကျမ်းအစောင်စောင်၊ ကျောက်စာအထပ်ထပ်များ၌ ရှာ၍မတွေ့မိ၊ မည်သူကမျှလည်း တစွန်းတစရေးသားဖော်ပြမှုမပြုကြ။ ရှိစေတော့. . .။

ပုပ္ပါးစောရဟန်းကား ရဟန်းလူထွက်၊ ရှင်ဘုရင်ဖြစ်၏။ ပုပ္ပါးစောရဟန်းသည် ရဟန်းအစစ်ဆိုပါလျှင် အမှန်တကယ် "သိမ်" ဝင်ရပေဦးမည်။ ဝင်ပြီးနောက် ရှင်ဘုရင် ထွန်ချစ်မင်း၏ ဇနီးမယားမိဖုရားကိုယူ၍ ရှင်ဘုရင်လုပ်သည်။ ဤသို့ဆိုလျှင် ထွန်ချစ်မင်းနှင့်မိဖုရားကိုအခါတော်ပေးစဉ်ကာလ၌ မစွန်းရင်းကရှိ၍ ကန်စွန်းခင်းနှင့် ညိုလေသလား၊ ရေတွင်း၌ကျလေသော်မှ ရေဆာလောင်သည့်အခိုက်၊ ကြုံကြိုက်လေရော့သလား၊ မင်းကျင့်တရား (၁၀) ပါး၌ (၁) ပါးထပ်မံတိုးခဲ့လေခြင်းလား မဆိုနိုင်ပါ။

ရောသမအရည်းဝါဒကား ကြီးတစ်လုံးထပ်မံတိုး၍ အရည်းကြီးသာသနာက မင်းအဆက်ဆက်ကို ထုံးလိုမွှေနောက်ခဲ့ကြသည် . . . ဆိုပါလျှင် . . .။

"သိမ်" တည်ဆောက်သည်။ "သိမ်ကျောင်းဆောက်လုပ်သည်" "သိမ်သမုတ်သည်" ဆိုခြင်းကာ အဘယ်မျှ ထေရဝါဒသာသနာ့ "သိမ်" ဟုခေါ်ဆိုအံ့နည်း။ အရည်းကြီးသာသနာလွှမ်းမိုးစဉ်ကာလဖြစ်၍ အရည်းကြီး "သိမ်" ကြောင့် အချိုးအနှိုးပျက်ခဲ့ရခြင်းသာ ဟုအများကလက်ခံကြပေလိမ့်မည်။

ထေရဝါဒစစ်စစ်တည်ထောင်လိုသော အနော်ရထာသည် ဖခမည်းတော် ကွမ်းဆော်မင်းနှင့် ကျောင်းတွင်နေထိုင်ရသည်မို့ "ရဟန်း" တည်းဟူသော အသိသာလျှင် ယင်း၏ခေါင်းထဲ၌စဉ်းစား တွေးခေါ်မိကောင်း တွေးခေါ်သိမြင်ပေလိမ့်မည်။

ဖခမည်းတော်ကွမ်းဆော်မင်းကိုလည်း တောင်ပြင်သည်မိဖုရားကြီး၏သား ကျည်းစိုးနှင့် အလယ်ပြင်လည်မိဖုရားသား စုက္ကတေးတို့က ဖအေတူမအေကွဲ မြောက်ပြင်သည်မိဖုရားသား အနော်ရထာကို ထီးနန်းပေးအပ်ရန် မလိုလားသဖြင့် ကတုံးရိတ်၍ ရဟန်းပြုစေသည်မှာလည်း ဘုရားမြတ်စွာမကြိုက်မနှစ်သက်သော အတ္တစွဲဖြင့်လုပ်ရပ်များက အရည်းကြီးဝါဒသမားများက ဥပါယ်တမည်ဖြင့် သပ်ရှိမြောက်ထိုးပင့်ကော်မလုပ်ဟု မဆိုနိုင်ပေ။ စင်စစ် အနော်ရထာ ဖခမည်းတော်ကိုယ်၌က အရည်းရဟန်းအမည်သာ ခံထိုက်သူဖြစ်ပါသည်။

## အရည်းဝတ်ရုံနှင့်ဗုဒ္ဓဘာသာဝင်

လူဝတ်ကြောင်ဖြင့် အရည်းရဟန်းများ (သို့မဟုတ်) ရသေ့များဝတ်ကြပြီး ဗုဒ္ဓဘာသာ၊ ဗုဒ္ဓသာသနာဟုပြောသည်။ အချိန်ကာလသည် (သရေခေတ္တရာ) ရသေ့ပြည်ကို ခရစ်မပေါ်မီ ၄၄၃ တွင်တည်ကြောင်း မှန်နန်းရာဇဝင်တွင် ဖော်ပြသည်။ တရုပ်စသော ခရီးသည်မှတ်တမ်း အရလည်း ကြီးကျယ်ခန်းနားသော ဗုဒ္ဓနိုင်ငံတော်ကြီးဖြစ်ကြောင်းပြဆိုသည်။ ရွှေပေလွှာ၊ ငွေပေလွှာနှင့် ငွေသားရုပ်ကြွ ဆင်းတုတော်များကို ကြည့်ခြင်းအားဖြင့် ခရစ်နှစ်အစ လွန်ခဲ့သော အနှစ် ၂၀၀၀ ခန့်ကပင် ထေရဝါဒထွန်းကားနေပြီဖြစ်ကြောင်း ခန့်မှန်းနိုင်သည်။

ရွှေပေလွှာများ၌ ပရိတ်ကြီးများ၊ ပဋိစ္စသမုပ္ပါဒ်၊ ပဋ္ဌာန်းပါဠိတော်များတွေ့ရှိရာ "ယေဓမ္မာဟေတုပ္ပဘာဝါ" အဘိဓမ္မာသဘောများကို လက်ခံနိုင်၍ ဝဋ္ဋပရိတ်စသော ပရိတ်ကြီးများကို ယုံကြည်နေကြသော လူမျိုးများဖြစ်ကြောင်း၊ ထေရဝါဒသာသနာ မည်မျှရင့်ကျက်နေ

ပြီဖြစ်ကြောင်း ကောင်းစွာသိရှိနိုင်ပေသည်။

ဤကဲ့သို့ ထေရဝါဒဗုဒ္ဓသာသနာထွန်းကားခဲ့သည်ဟု ခိုင်လုံနေပါလျက် နတ်ကိုးကွယ်မှု ဗြဟ္မာဏဝါဒများ၊ မဟာယာနဂိုဏ်းများ ယောင်ဝါးဝါး ဗုဒ္ဓဘာသာဝင်များထံ မည်ကဲ့သို့ထိုးဖောက်ဝင်ရောက် လွှမ်းမိုးခြင်းခံရသည်မှာ အံ့သြဖွယ်ဖြစ်ကြောင်း ဓမ္မမိတ်ဆွေများစကား ဝိုင်း၌ ထိုင်မိကြရာ သည်မှာဘက်ခေတ်မှာပင် အခြားဂိုဏ်းဂဏများ လည်း ထိုးဖောက်ဝင်ရောက်ခဲ့သည့် ကိုယ်တွေ့များ ဥပုသ်ဇရပ်များတွင် မကြာခဏဆိုသလို ကြားသိရသည်။ စင်စစ် ဗုဒ္ဓ၏ဓမ္မစစ်ကို သေချာစွာ မသိရှိခြင်းကြောင့်သာလျှင်ဖြစ်သည်။ ထိုသို့ရေးသားလိုက်သည်တွင် အချို့သောပုဂ္ဂိုလ်များက "ထုံးစံအရ သီတင်သီလဆောက်တည်မှုမှအစ" ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းရွေ့ချ၍ အငြင်းအခုံပြုသံများ နားနှင့်ဆက်ဆက် ကြားနေမိပြန်သည်။

ဗုဒ္ဓဘာသာဝင်တို့သည် အလှူဒါနအများအပြား လှူဒါန်းကြ သည်။ ကြီးမားသောကျောင်းတော်ကြီးများ ဆောက်လုပ်လှူဒါန်းမှုလည်း ရှိနေကြသည်။ သို့သော်- သာသနာအတွက် "သိမ်ကျောင်း" သည်လည်း အရေးကြီးကြောင်း အချို့ကမေ့လျော့နေဟန်ရှိသည်။ သိမ်ကျောင်း ဆောက်လုပ်လှူဒါန်းပြီးက သာသနာတည်သရွေ့တည်သည်။ အနော် ရထာခေတ်အထိ သိမ်မရှိခဲ့ခြင်းကြောင့် ရဟန်းအစစ်မရှိနိုင်၊ အနော် ရထာမတိုင်မီ မင်းဆက်များ၏ကိုးကွယ်မှုသည်လည်း ဗုဒ္ဓသာသနာနှင့် ဆန့်ကျင်သော အင်း၊ အိုင်ခနဲ့၊ လက်ဖွဲ့၊ နှန်း၊ နတ်၊ နတ်နဂါး၊ အဓမ္မ ဝါဒီများ၊ မဟာယန၊ ဗြဟ္မဏ အယူဝါဒများဖြစ်နေသောကြောင့် "သိမ်" ဖြစ်လာအောင် သမုတ်ပေးနိုင်သည့် ပုဂ္ဂိုလ်များ မရှိသလောက်ရှားပါး ခဲ့သည်။

ပုပ္ပါးစောရဟန်း "သိမ်" ဆောက်လုပ်လှူဒါန်းသည်ဟု ရာဇဝင် တွင်တွေ့ရသည်။ စောဝ်ရဟန်သိမ်ဖျက်သည်ဟုလည်း တဆက်တည်း တွေ့ရသည်။ ထိုသို့ဖြစ်ရခြင်းသည် ဝိနည်းတော်နှင့်လျော်ညီသော သိမ် မဖြစ်ခြင်းကြောင့်သာလျှင်တည်း။

အရည်းသာသနာ မည်မျှပင်လွှမ်းမိုးနိုင်ပါစေ၊ ထိုခေတ် ထိုအချိန်က ရဟန်းတရားကိုလေးလေးစားစား အားထုတ်ကြသူများ၊ စိတ်ဓာတ်ကောင်း၍ အကျင့်သန့်သူများပေါ် ထွန်းလျက်ရှိသော်လည်း အရင်းခံဖြစ်သည့် "သိမ်" မပီသမှုကြောင့်ရဟန်းအဖြစ်ကို မရောက်လိုက်ကြပေ။

အနော်ရထာ နန်းစတင်စံစား၊ ခံစားသော်လည်း၊ ပုဂံသမထီးအရပ်တွင် အရည်းရှင်ယောင်တို့က အုပ်စုဖွဲ့တန်ခိုးထွားလျက်ရှိသည်။ ရဟန်းအရေအယောင်၊ ရှင်ယောင်တို့၏ အယူဝါဒများသည် ဓမ္မစစ်ကို ကျင့်ကြံအားထုတ်နေကြသော စစ်မှန်သော ထေရဝါဒ အားထုတ်ကြိုးပမ်းနေသူများအတွက် ဆန့်ကျင်ဘက်ဖြစ်လာယုံမျှမက ဝိရောဓိအသွင်သို့ ဆောင်လာကြသည်။

သာသနာရေးဆိုရာတွင် သာသနဟူသောပါဠိစကားဖြစ်သည် မြန်မာလို "သာသန"သာသနာအရ "အဆုံးအမ"ဖြစ်သည်။ ဗုဒ္ဓသာသနသည် ဗုဒ္ဓအဆုံးအမဖြစ်ပေသည်။

"ယော ဝေါ အာနန္ဒ မယာဓမ္မောစ ဝိနယောစ ဒေသိသော ပညတ္တော၊ သော ဝေါမမစ္စယေန သတ္တာ = အနန္ဒ ငါဘုရားသည် အကြောင်သုတ်၊ အဘိဓမ္မဟူသော ဓမ္မကိုလည်းကောင်း၊ စောင့်စည်းဖွယ် ဝိနည်းကိုလည်းကောင်း၊ ဟောအပ်၊ ပညတ်အပ်ပြီး" ထိုဓမ္မဝိနယတွေသည် ငါဘုရားမရှိရာ နောင်အခါ၌ သင်တို့၏ ဆရာဖြစ်၍ သင်တို့ကိုဆုံးမလိမ့်မည်ဆိုသော ဗုဒ္ဓအဆုံးအမ ဗုဒ္ဓသာသနသည် ဓမ္မဝိနယပင် ဖြစ်သည်။

ဓမ္မဝိနယကို လေ့လာကြည့်ရာ "သာသနဋ္ဌိတိယာ ပရိယတ္တိ ပမာဏံ"

သာသနာ အရှည်တည်တံ့ရေးအတွက် ပရိယတ္တိပမာဏဟု တွေ့ရှိခဲ့သည်။ မင်းမြတ်အနော်ရထာဝိနည်းများကို ဆက်စပ်လေ့လာပြန်သည်။

"ဝိနယေဌိတေ သာသနံဌိတံ" ဝိနည်းတည်သော် သာသန

တည်၏ဟု တွေ့ရပြန်သည်။ အနော်ရထာသည် ပိဋကတ်ကျမ်းဂန်များကို လေ့လာကြည့်ဖြစ်သည်။

"သာသန၊ သာသန"ဟု တွေ့ရှိပြီး "ဘာသ-ဘာသ"ဟု မတွေ့ရှိသဖြင့် အထောက်အထားများရှာဖွေကြည့် ပြန်သည်။

"သဗ္ဗပါပဿ အကရဏံ, ကုသလဿဥပသမ္ပဒါ။

သစိတ္တ ပရိယော ဒပနံ၊ ဧတံ ဗုဒ္ဓါနသာသနံ။

ဗုဒ္ဓသာသနံသည် ဗုဒ္ဓသာသနဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓသာသနာရေး "သာသနာရေး" သာသနာရေးလုပ်နေခြင်းဖြစ်သည်။

အခုတော့ ပုဂံနေပြည်တော်ကြီး၌ကား သာသနာအရေး မျက်ကွယ်ပြုနေခြင်း၊ ပျောက်ဆုံးနေခြင်းဖြစ်နေသည်သာဟု အနော်ရထာ အလေးအနက်စဉ်းစားမိပြန်သည်။ ငါသည် "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" ဘုရားရှင်အား ကိုးကွယ်ပါ၏ဆိုခြင်းထက် ကောင်းသော ဘဝထူထောင်ရန် အဓိဋ္ဌာန်ပြုနေခြင်းဆိုတာ ဧကန်မှန်ကန်ပေလိမ့်မည်။ အဲဒီလို အမိပ္ပါယ်ရောက်သည်။ ဤသို့ဆိုလျှင် အရည်းအယူဝါဒ၊ အရည်းသာသနာအဘယ်မှာနည်း။

"တုမေဟိ ကိစ္စံ အာတပ္ပံ၊ အက္ခာတာရော တထာဂတာ။ ပဋိပန္နာ ပမောက္ခန္တိ၊ ဈာယိနောမာရဗန္ဓနာ"

ရဟန်းတို့. . . ဘုရားရှင်တို့သည် ဟောရုံမျှသာ တတ်နိုင်ကြကုန်၏။ ကျင့်ကြံရန်ကိစ္စတွေကိုတော့ သင်တို့ဘာသာပြုကျင့်အားထုတ်အပ်ပေ၏။ ရှုပွားများလျက် ကျင့်ကြံသူတို့သည် မာရ်မင်းအနှောင်အဖွဲ့မှ လွတ်မြောက်ကြကုန်လိမ့်မည်။

သာသနာပြုရာတွင် ဗုဒ္ဓသည် အဓမ္မနည်းမသုံး၊ နူးညံ့သိမ်မွေ့စွာ သာသနာပြု၏။ အယူသီးသောဝါဒနှင့် ပရဟိတဝါဒကို ပယ်ပြီး ထိုနှစ်ပါးမှလွတ်သောဝါဒသည်ပင် "မဇ္ဈိမ ပဋိပဒါဝါဒ"ဖြစ်ချေ၏။ ဒါသည်ပင် "ဗုဒ္ဓဝါဒကို ဗုဒ္ဓသာသနာရေး"ဟု ခေါ်ဆိုခြင်းမှန်၏ဟု အနော်ရထာ အဓိဋ္ဌာန်ပြုလိုက်ခြင်းဖြစ်သည်။

အပ္ပမာဒေါ အမတံပဒံ၊ ပမာဒေါမစ္စုနောပဒံ။

အပ္ပမတ္တာ နမီယန္တိ၊ ယောပမတ္တာ ယထာမတာ။

ဒကာတော်မင်းမြတ် အပ္ပမာဒေါ၊ ကုသိုလ်ကောင်းမှုတို့၌ သတိမကင်းမမေ့မလျော့ခြင်းသည် အမတံပဒံ၊ သေခြင်းကင်းသော နိဗ္ဗာန်ကိုရခြင်း၏ အကြောင်းတည်း။

ပမာဒေါ. . . သတိလွတ်ကင်းမေ့လျော့ခြင်းသည်၊ မစ္စုနော သေရခြင်း၏ ပဒံအကြောင်းတည်း၊ အပ္ပမတ္တာ မမေ့မလျော့ သတိရှိကုန်သော သူတို့သည် နမီယန္တိ သေသည် မမည်ကုန်၊ ယော အကြင်သူငါသတ္တဝါအပေါင်းတို့သည် ပမတ္တာ မေ့လျော့ကြကုန်၏။ တေ. . . ထိုမေ့လျော့ကုန်သော သူတို့သည် မတာယထာ သေကုန်သော သူတို့ကဲ့သို့တည်း(ဝါ)အသက်ရှင်သော်လည်း သေသူကဲ့သို့ဖြစ်ကုန်၏။

ဒကာတော်မင်းမြတ်. . .

မြတ်စွာဘုရားဟောတော်မူသည်ကား၊ ကုသိုလ်ကောင်းမှု၌ သတိမကင်းမလျော့ခြင်းသည်၊ သေခြင်းကင်းသော နိဗ္ဗာန်ကိုရခြင်း၏ အကြောင်းမည်ပင်၏။ ကုသိုလ်ကောင်းမှု၌ မမေ့မလျော့သတိရှိကုန်သော သူတို့သည် သေသည်မမည်ကုန်၊ ကုသိုလ်ကောင်းမှု၌ မေ့လျော့ကုန်သော သူတို့သည် အသက်ပင်ရှည်သော်လည်း သေသူသာမည်ကုန်၏။

အနော်ရထာသည် အရှင်ဓမ္မဒဿီ(ခေါ်)အရှင်အရဟံမထေရ်မြတ်၏ တရားကိုနာကြားရသဖြင့် လွန်စွာမှ ကြည်ညိုသဒ္ဒါပွား မိတော့သည်။ အနော်ရထာဘုရင်မင်းမြတ်အား ဟောကြားသော တရားဦးပင်ဖြစ်သည်။

ထိုစဉ်က နန်းတွင်း၌ပင် အရည်းရှင်ယောင်တို့ရောက်ရှိနေကြ၏။ အရည်းတို့က အနောက်မဇ္ဈိမဒေသကနေ မည်ကဲ့သို့ကြွလာသနည်းဟုမေးမြန်းကြရာ အရှင်ဓမ္မဒဿီခေါ် အရှင်အရဟံမဟာထေရ်က ကောင်းကင်မှကြွလာကြောင်း မိန့်တော်မူသည်။ ထိုအခါ အရည်းတို့သည် ယင်းတို့ အဂ္ဂိယထိုးအောင်မြင်မှသာ မြေလျှိုးမိုးပျံနိုင်သည်။ ယခုကား ကောင်းကင်မှကြွလာသည်ဟု မိန့်တော်မူရာ ဖိုထိုးအဂ္ဂိယအောင်

မြင်မှုရတတ်သော ပညာရပ်များထက် သာလွန်လှသဖြင့် အရှင်အရဟံ မထေရ်ထံ နည်းနာနိဿယများ တောင်းခံကြလေ၏။

အနော်ရထာလည်း ဈာန်မဂ်ဖိုလ်နှင့်ဆန့်ကျင်နေသော အယူဝါဒများကို လက်မခံနိုင်တော့သည့်အဆုံး ဦးဆောင်၍ဖျက်ဆီးချေမှုန်းတော့သည်။ တိုင်းပြည်အုပ်ချုပ်သည့် ဘုရင်ကိုယ်၌က ထိုအယူဝါဒများကိုဖျက်ဆီးသောအခါ ပြည်သူပြည်သားများကလည်း ဘုရင်နည်းတူ ဖျက်ဆီးကြတော့သည်။ တစ်ဖြည်းဖြည်းနှင့် အရည်းရှင်ယောင်တို့ အုပ်စုဖွဲ့နေထိုင်ကြသောနေရာတွင် လာဘ်လာဘများ ဆုတ်ယုတ်မှေးမှိန်လာသည်။ အရည်းရှင်ယောင်အုပ်စုလည်း တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ပြစ်တင်ဝေဖန်မှုများ စတင်ကာ အုပ်စုကွဲမှု၊ သဘောထားကွဲလွဲမှုများ စတင်လာတော့သည်။

အရည်းဝါဒ အရိုးစွဲနေသော ပုဂ္ဂိုလ်အချို့က မစွန့်လွှတ်နိုင်ကြသဖြင့် အရှင်အရဟံ မထေရ်မြတ်အပေါ် ရန်ငြိုးဖွဲ့သည်။ ဣဿာမစ္ဆရိယစိတ်များထားကာ နည်းမျိုးစုံအနှောက်အယှက်ပေးသည်။ အရည်းတို့အုပ်စု မတော်မတရားလုပ်မှု၊ ကောက်ကျစ်မှုအမျိုးမျိုးတို့ဖြင့် ကြံစည်ကြသည်။

ထို့ကြောင့် ရှင်အရဟံ လွတ်လပ်စွာတရားဘာဝနာပွားများပြီး သီတင်းသုံးနေထိုင်ရန်အတွက် အနော်ရထာက ကျောင်းတော်ဆောက်လုပ်လှူဒါန်းတော့သည်။

## သာသနာအတွက် ရဟန်းအစစ်များမွေးထုတ်ခြင်း

အရှင်အရဟံ၏ ဩဝါဒဖြင့် အနော်ရထာမင်းသည် ထေရဝါဒဗုဒ္ဓသာသနာထွန်းကားရေးအတွက် အရည်းတို့အား ဘုရားရှင်အယူဝါဒများဖြင့် သိမ်းသွင်းသည်။ အရည်းရှင်ယောင်တို့ကို လူဝတ်လဲစေပြီး အချို့ကိုရဟန်းပြုစေသည်။ တစ်ဘက်တွင်လည်း အရှင်အရဟံမထေရ်က ဓမ္မနည်းဖြင့်သိမ်းသွင်းပြီး၊ ဓမ္မနည်း၊ ဓမ္မစက်ဖြင့် မရနိုင်သည့် လွဲ

မှားသော ဗုဒ္ဓတရားနှင့်ဆန့်ကျင်သော ပုဂ္ဂိုလ်များကို အနော်ရထာက အာဏာစက်ဖြင့် လွှမ်းမိုးစေခဲ့သည်။

ဗုဒ္ဓသာသနာပြုရာ၌ ရဟန်းစစ်ရဟန်းမှန်များကို ပုဂံဒေသတွင် ပေါ်ထွက်လာစေပြီး၊ ရဟန်းစစ်မှန်ရန်အတွက် အရေးကြီးသောသိမ်ကိုတည်ဆောက်ရန် အရှင်အရဟံမထေရ်မြတ်က အနော်ရထာဘုရင်မင်းမြတ်အား တိုက်တွန်းစေခဲ့သည်။

"ဒကာတော်မင်းမြတ် . . .

သာသနာအတွက် သိမ်သည်လွန်စွာမှအရေးကြီးလှပေ၏။ သိမ်မရှိသေးတဲ့ကာလမှာ ရာဇဂြိုဟ်ပြည့်ရှင် အရှင်ဗိမ္ဗိသာရမင်းကြီး လျှောက်ထားချက်အရ ဘုရားရှင်က ရဟန်းတို့ကိုစည်းဝေးခွင့်ပြုတယ်"

"မှန်ပါဘုရား"

"ရဟန်းတို့ တစ်ဆယ့်လေးရက်နေ့၌လည်းကောင်း၊ တစ်ဆယ့်ငါးရက်နေ့၌လည်းကောင်း၊ လဆန်းရှစ်ရက် လဆုပ်ရှစ်ရက်နေ့၌လည်းကောင်း စည်းဝေးစိမ့်ငှာခွင့်ပြု၏. . ." တဲ့။

အဲဒီလိုစည်းဝေးတဲ့အခါ ရဟန်းတို့က ဘာမှမပြောပဲ ဆိတ်ဆိတ်နေကြတယ်၊ အဲဒီလိုနေခြင်းကြောင့် လူတွေကကဲ့ရဲ့စရာဖြစ်လာလို့ စည်းဝေးပြီးလျှင် တရားဟောခြင်းကို ခွင့်ပြုတော်မူတယ်။ ပထမအဆင့် အစည်းအဝေး၊ ဒုတိယအဆင့်တရားဟောခြင်း၊ နောက် တတိယအဆင့် အနေနဲ့ ပါတိမောက်ပြခြင်းကို ခွင့်ပြုပြန်တယ် . . .။

"ဒကာတော်မင်းမြတ် . . .

အခု မိန့်တော်မူသည်ကား သိမ်အကြောင်းမရောက်သေးခင် ဘုရားရှင်၏ပညတ်ထားတော်မူခြင်းကိုသာဖြစ်တယ် . . ."

"မှန်ပါဘုရား"

"အဲဒီလိုပါတိမောက်ပြခြင်းသည်လည်း ရဟန်းတို့အား ဥပုသ်ကံမည်သည်ဖြစ်လတ္တံ့၊ အဲဒီမှာ . . . ဘုရားရှင်က ပါတိမောက်ပြခြင်းကို ခွင့်ပြုတော်မူတယ်ဆိုပြီး ရဟန်းတို့က နေ့တိုင်းပါတိမောက်ပြကြတယ်။ ဘုရားရှင်ကသိပြန်တော့ တပက္ခလျှင် ပါတိမောက်ကို တစ်ကြိမ်

သာခွင့်ပြုပြန်တယ်။ ဆက်လက်ပြီးတော့ မြတ်စွာဘုရားသည် ညီညွတ်သောရဟန်းတို့အတွက် ဥပုသ်ကံကို ပညတ်တော်မူ၏။ အဘယ်မျှသော ရဟန်းတို့သည် ညီညွတ်ခြင်း "သာမဂ္ဂီ" ဖြစ်သနည်း၊ တစ်ကျောင်းတည်း နေရဟန်းတို့သည် ညီညွတ်ခြင်းဖြစ်သလော သို့မဟုတ် မြေပြင်ရှိ ရဟန်း အားလုံးတို့သည် ညီညွတ်ခြင်းဖြစ်သလော။

"အဲဒီလိုအကြံဖြစ်တယ်။ အဲဒီအကြံအစည်ကို ဘုရားရှင်သိတော်မူတော့ ရဟန်းတို့ အတူနေသမျှရဟန်းတို့ကို ညီညွတ်ခြင်းသာမဂ္ဂီ ခွင့်ပြု၏ တဲ့. . . နော်"

"မှန်ပါဘုရား"

"ဒီနေ့မှာ ဥပုသ်ပြုစရာမလိုဘူးဆိုပြီး ဂုဏ်ယူဝင့်ကြွားကာ ရဟန္တာလိုလို ဘာလိုလိုလိမ်ညာနေသူတို့အတွက် သိစေဖို့ သာဓကဝတ္ထု ပြဦးမယ်"

"မှန်ပါဘုရား"

"ဘုရားရှင်လက်ထက်က မင်းဘဝမှ အမတ်တစ်ထောင်နှင့် အတူ ရဟန်းပြုတဲ့ မဟာကပ္ပိနထေရ်ဆိုတာရှိတယ်၊ ကပ္ပိနထေရ်ဟာ ရာဇဂြိုဟ်ပြည် မဒ္ဒကုစ္ဆိသမင်တောမှာ နေတော်မူတဲ့အခါ ဆိတ်ငြိမ် ရာအရပ် ချဉ်းကပ်တဲ့အရှင်မြတ်အား အကြံဖြစ်တယ်-"

"ငါသည် ဥပုသ်ပြုရာသို့သွားရအံ့လော၊ မသွားဘဲနေရအံ့လော၊ သံဃာ့ကံပြုရာသို့ သွားရအံ့လော၊ မသွားဘဲနေရအံ့လော၊ စင်စစ်ငါ သည်ကား လွန်ကဲသောစင်ကြယ်ခြင်းဖြင့် စင်ကြယ်သူပေတည်း" တဲ့။

ဒကာတော်မင်းမြတ် . . . အဲဒီလိုကြံစည်ခြင်းကို မြတ်စွာဘုရာသိတော်မူတယ် . . .

"မှန်ပါဘုရား"

ဒီတော့ မြတ်စွာဘုရားက ဂိဇ္ဈကုဋ်တောင်မှကွယ်ပြီး ရှင်မဟာ ကပ္ပိန မျက်မှောက်ရောက်ပြီး အကြံကိုမေးတော်မူတယ်၊ အရှင်မြတ်က လည်း သူ့အကြံကိုဝန်ခံတယ်။ ဒီအချိန်မှာ ဘုရားရှင်မိန့်တော်မူတာ က. . .

"ချစ်သား . . . ကပ္ပိန . . . မကောင်းမှုမှအပ ပြုပြီးသောသင်တို့သည် အကယ်၍ ဥပုသ်ကို အရိုအသေမပြုကုန်အံ့၊ မပူဇော်ကုန်အံ့၊ အလေးအမြတ်မပြုကုန်အံ့၊ မမြတ်နိုးကုန်အံ့ သို့ဖြစ်လျှင် အဘယ်သူသည် ဥပုသ်ကို အရိုအသေပြုလတ္တံ့နည်း၊ အလေးအမြတ်ပြုလတ္တံ့နည်း၊ ပူဇော်လတ္တံ့နည်း၊ မကောင်းမှုအပပြုပြီးတဲ့ ချစ်သားကပ္ပိန သင်သည် ဥပုသ်ပြုရာသို့သွားလော့ . . .၊ သံဃာကံပြုရာသို့သွားလော့၊ မသွားဘဲ မနေလင့် . . ." တဲ့။

"ဒီတော့ ဥပုသ်ကံဆိုတာ စင်ကြယ်သူတို့ပြုရာကံမဟုတ်ပေဘူးလား ဒကာတော်မင်းမြတ် . . ."

"မှန်ပါပေတယ်ဘုရား"

"ရဟန္တာပုဂ္ဂိုလ် ရှင်မဟာကပ္ပိနကို ဘုရားရှင်က ဥပုသ်ပြုခိုင်းတယ်၊ မစင်ကြယ်တဲ့ဥပုသ်ကံ မပြုသင့်ဘူး၊ ဒါကြောင့် ဥပုသ်ကံပြုကာနီး စင်ကြယ်အောင် ဒေသနာကြားရတာမဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဥပုသ်ပြုစရာမလိုတော့ဘူးဆိုပြီး မိမိကိုယ်မိမိ ရဟန္တာအယောင်ဆောင်သူများဟာ မစင်ကြယ်သူ အတုတွေအယောင်ဆောင်တွေလို့ မှတ်နော် . . .၊ သိမ်အကြောင်းနဲ့သိမ်သမိုင်း သိမ်သမိုင်းကနည်းနည်းတော့ရှည်မယ်နော် . . ."

"မှန်ပါဘုရား"

"တရံရောအခါ ရဟန်းတို့အား မြတ်စွာဘုရားသည် အတူနေရဟန်းတို့ကို ညီညွတ်ခြင်း "သာမဂ္ဂီ" ဟု ပညတ်တော်မူတယ်။ အဘယ်မျှလောက်တို့သည် အတူနေဖြစ်သနည်း" ဟု အကြံဖြစ်၏။ ဘုရားရှင်အား ယင်းအကြောင်းကို လျှောက်ကြကုန်၏။ ထိုအခါ ဘုရားရှင်သည် ရဟန်းတို့ကို သိမ်ခွင့်ပြုတော်မူ၏။

"ရဟန်းတို့ . . . သိမ်ကိုသမုတ်ခြင်းငှာခွင့်ပြု၏။ ရဟန်းတို့ ဤသို့သမုတ်ရမည်။ ရှေးဦးစွာ နိမိတ်တို့ကိုကြားရမည်။ တောင်နိမိတ်၊ ကျောက်နိမိတ်၊ တောနိမိတ်၊ သစ်ပင်နိမိတ်၊ ခရီးနိမိတ်၊ တောင်ပို့နိမိတ်၊

မြစ်နိမိတ်၊ ရေနိမိတ် တို့ကိုကြားရမည်။ နိမိတ်တို့ကိုပြောကြားပြီးနောက် ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသောရဟန်းသည် သံဃာကိုသိစေရမည်" တဲ့။

"ဒကာတော်မင်းမြတ် . . . အခုဆို နဝမအဆင့်ကိုရောက်လာပြီနော် . . . သိမ်ခွင့်ပြုတယ်၊ သိမ်သမုတ်တယ်၊ ကမ္မဝါစာဖတ်တယ်ပေါ့နော် . . ."

"မှန်ပါဘုရား"

"တစ်ရံရောအခါ ဆဗ္ဗဂ္ဂီရဟန်းတွေက 'မြတ်စွာဘုရားသည် သိမ်သမုတ်ခြင်းကို ခွင့်ပြုတော်မူ၏' လို့ဆိုပြီး ၄-၅-၆ ယူဇနာရှိတဲ့ အလွန်ကြီးတဲ့သိမ်တွေကို သမုတ်ကြပြန်ရော၊ ရဟန်းတွေဥပုသ်ပြုလာတဲ့အခါမှာ ပတိမောက်ပြစဥ်လည်း ရောက်လာတယ်၊ ပြပြီးကာမှုလည်း ရောက်လာတယ်၊ ဥပုဥ်ပြုရာသို့ မရောက်မီအကြား၌လည်း နေရကုန်တယ်။ ယခုကိစ္စမှာလည်း မြတ်စွာဘုရားကြားသိတဲ့အခါ ရဟန်းတို့ ၄-၅-၆ ယူဇနာရှိတဲ့ အလွန်ကြီးတဲ့သိမ်တို့ကို မသမုတ်အပ်။ ရဟန်းတို့ အလွန်ဆုံး သုံးယူဇနာရှိသောသိမ်ကို သမုတ်ခြင်းငှာခွင့်ပြု၏. . ." လို့ မိန့်တော်မူပြန်တယ်။

"မှန်လှပါဘုရား"

"အခုဒသမအဆင့်ရောက်ပြီနော်. . .၊ ဒီတော့ ဆဗ္ဗဂ္ဂီရဟန်းဆိုးတွေဟာ မြစ်တစ်ဘက်ကမ်းမှာပဲ သိမ်သမုတ်ကြပြန်တယ်၊ ရဟန်းတော်တွေဥပုသ်ပြုရာသို့ ကြွတဲ့အခါ ရဟန်းတွေမျောလိုမျော၊ သပိတ်တွေ၊ သင်္ကန်းတွေ မျောလိုမျောဖြစ်ကြပြန်တယ်၊ ဒီအကြောင်းတွေဘုရားရှင်သိတော့ ဧကဒသမအဆင့်အနေနဲ့ ပညတ်ပြန်တယ်-

"ရဟန်းတို့ မြစ်တစ်ဘက်ကမ်း၌ သိမ်မသမုတ်အပ်၊ အမြဲထားသောလှေ၊ အမြဲခင်းသောတံတားရှိသော မြစ်တစ်ဘက်ကမ်းသိမ်ကို သမုတ်ခြင်းငှာခွင့်ပြု၏" တဲ့။ သိမ်သမိုင်းကြောင်းအနေနှင့်ပြောရရင် သိမ်ခွင့်ပြုခြင်းပေါ့ နော်. . ."

"မှန်ပါဘုရား"

"တစ်ရံရောအခါ ရဟန်းတို့က ပရိဝုဏ်အစဉ်လိုက်ပါတိမောက် ပြရာအရပ်ကို မချိန်းချက်ပဲ ပါတိမောက်ပြကြတယ်။ ညှေ့သည်ရဟန်း တို့က 'ဒီနေ့ ဘယ်အရပ်မှာ ဥပုသ်ပြုရအံ့နည်း' မသိကြတော့ဘူး။ ဒီ အကြောင်းကိုလည်း မြတ်စွာဘုရားရှင်သိလို့ ဒွါဒသမအဆင့်အနေနဲ့ ဥပုသ်သိမ်သမုတ်ရန် ခွင့်ပြုတော်မူတယ်-"

"ရဟန်းတို့ . . . ပရဝုဏ်အစဉ်လိုက် ပါတိမောက်ပြုရာအရပ် ကို မချိန်းချက်ပဲ ပါတိမောက်မပြအပ်။ ရဟန်းတို့ သံဃာများအလိုရှိ သော နှစ်ဘက်စောင်းမိုးကျောင်း၊ တစ်ဘက်စောင်းမိုးကျောင်းပြသာဒ်၊ ပြာသာဒ်ဦးပြည်းဝူတို့ကို ဥပုသ်အိမ်သမုတ်၍ ဥပုသ်ပြုခြင်းငှာခွင့်ပြု၏" တဲ့။

ထိုအခါ မဟာသိမ်အတွင်းရှိ ကျောင်းတိုက်တစ်ခု၌ ဥပုသ်အိမ် နှစ်အိမ် သမုတ်ထားကြကုန်၏။ ရဟန်းတို့သည် "ဤဥပုသ်အိမ်၌ ဥပုသ် ပြုလတ္တံ့၊ ဤဥပုသ်အိမ်၌ ဥပုသ်ပြုလတ္တံ့" ဟု နှစ်ခုသောဥပုသ်အိမ်၌ စည်းဝေးကုန်၏။

ဘုရားရှင်သည် ထိုအကြောင်းကိုသိ၍ "ရဟန်းတို့တစ်ကျောင်း တည်း၌ ဥပုသ်အိမ်နှစ်အိမ်မသမုတ်အပ်၊ ဥပုသ်အိမ်တစ်ခုကိုနုတ်ပြီး လျှင် ဥပုသ်အိမ်တစ်ခု၌ ဥပုသ်ပြုခြင်းငှာခွင့်ပြု၏" လို့ တေရသမအ ဆင့်အနေနဲ့ ပညတ်ပြန်တယ်နော် . . ."

"မှန်ပါဘုရား"

"ဒကာတော်မင်းမြတ် . . . အဲဒီအဆင့်ဆင့်လာခဲ့တာဟာ အခု စုဒ္ဒသမအဆင့်အနေနဲ့ ဥပုသ်အိမ်ဥပစာကို ခွင့်ပြုတော့မယ်နော်"

"မှန်ပါဘုရား"

"တစ်ရံရောအခါ မဟာသိမ်အတွင်း ကျောင်းတိုက်တစ်ခု၌ အလွန်သေးငယ်သော ဥပုသ်အိမ်ကို သမုတ်ထား၏။ ထိုဥပုသ်နေ့၌ များစွာသော ရဟန်းသံဃာသည် စည်းဝေး၏။ ရဟန်းတို့သည် မသမုတ် အပ်သော မြေ၌နေလျက် ပါတိမောက်ကိုနာကုန်၏။ ယင်းကိုမြတ်စွာ ဘုရားရှင်သိသော်-

"ရဟန်းတို့ . . . ဥပုသ်အိမ်သမုတ်အပ်သောမြေ၌ဖြစ်စေ၊ မသမုတ်အပ်သောမြေ၌ဖြစ်စေ နေသောရဟန်းတို့သည် ပါတိမောက်ကိုကြားနာလျှင် ဥပုသ်ပြုသည်ပင်မည်၏။ ရဟန်းတို့ သို့ဖြစ်လျှင် သံဃာသည် အလိုရှိသလောက်ကြီးသော ဥပုသ်အိမ်ဥပစာကို သမုတ်လော့။

"ရဟန်းတို့ ဤသို့သမုတ်ရမည်။ ရှေးဦးစွာ နိမိတ်တို့ကိုကြားရမည်၊ ကြားရပြီးနောက် ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသောရဟန်းသည် သံဃာကိုသိစေရမည်" တဲ့ . . . နော်"

"မှန်ပါဘုရား"

ထိုအခါ ကျောင်းတစ်ကျောင်း၌ ထိုဥပုသ်နေ့ဝယ် သီတင်းငယ်ဖြစ်သော ရဟန်းတို့သည် ရှေးဦးစွာ စည်းဝေးပြီးလျှင် ထေရ်ကြီးတို့သည် မလာကြကုန်သေး ဖဲခွါသွားကြကုန်၏။ အချိန်လင့်မှ ဥပုသ်ပြုရသည့်အကြောင်း ဘုရားရှင်သိတော့ ပဉ္စရသမအဆင့်အနေနဲ့ ပညတ်တယ်-

"ရဟန်းတို့ . . . ဥပုသ်နေ့၌ ထေရ်ကြီးဖြစ်သော ရဟန်းတို့သည် ရှေးဦးစွာ စည်းဝေးစိမ့်သောငှာ ခွင့်ပြု၏" တဲ့။

ထိုအခါ ရာဇဂြိုဟ်ပြည်၌ များစွာသောကျောင်းတိုက်တို့သည် မဟာသိမ်ဖြစ်၍ သိမ်တူကြသည်။ ထိုကျောင်းတို့၌ ရဟန်းတော်တို့က "ငါတို့ရဲ့ကျောင်းတိုက်၌ ဥပုသ်ပြုသင့်တယ်၊ ငါတို့ရဲ့ကျောင်းတိုက်၌ ဥပုသ်ပြုသင့်တယ် စသဖြင့် ငြင်းခုန်ကြသည်။ ထိုအကြောင်း မြတ်စွာဘုရားရှင်သိ၍ သောဠသမအဆင့်အနေနှင့် ပညတ်ပြန်တယ်-

"ရဟန်းတို့ . . . သို့ဖြစ်လျှင် အလုံးစုံသော ရဟန်းတို့သည် တစ်ပေါင်းတည်းစည်းဝေးပြီးလျှင် ဥပုသ်ပြုရမည် သို့မဟုတ် ထေရ်ကြီးဖြစ်သော ရဟန်းနေသည့်ကျောင်း၌ စည်းဝေးပြီးလျှင် ဥပုသ်ပြုရမည်။ ဝဂ်ဖြစ်သော အစုကွဲသောသံဃာသည် ဥပုသ်မပြုအပ်သည်သာတည်း။ ပြုသောရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏" တဲ့ . . .။ အခုလာတော့မယ် အဝိပ္ပဝါသသိမ်၊ သိမ်သမိုင်းနဲ့ သိမ်ဆောက်လုပ်ဖို့ အလိုပြည့်ရစေမယ် . . . ဒကာတော်မင်းမြတ်"

"မှန်လှပါ ဝမ်းသာပါတယ်ဘုရား . . ."

တစ်ရံရောအခါ ရှင်မဟာကဿပသည် အန္ဓကဝိန္ဒမည်သော အရပ်မှ ရာဇဂြိုဟ်ပြည်သို့ ဥပုသ်ပြုရန်လာသည်ရှိသော် လမ်းခရီးအကြား၌ မြစ်ကိုကူးစဉ် အနည်းငယ်မျှမျောပါသွားသည်။ အဲဒီအတွက် အရှင်မြတ်ရဲ့သင်္ကန်းတွေ ရေစိုကုန်သည်။ ထိုအကြောင်းကို ဘုရားရှင်ကြားသိ၍ တစ်ဆယ့်ခုနစ်ဆင့်မြောက်အနေနဲ့ ပညတ်တော်မူတယ်-

"ရဟန်းတို့ သံဃာသည် အတူနေအတူဥပုသ်ပြုရာဖြစ်သော သိမ်ကိုသမုတ်အပ်ပြီး၊ သံဃာသည် ထိုသိမ်ကို သင်္ကန်းသုံးထည်နှင့် ကင်း၍နေနိုင်သော သိမ်ဖြစ်အောင်သမုတ်လော့" တဲ့။

"ဒီတော့ သမုတ်ကြတယ်ပေါ့၊ သမုတ်ပြီးတော့ ဘုရားရှင်ကပင် သင်္ကန်းသုံးထည်နှင့်ကင်းသော အဝိပ္ပဝါသသိမ် သမုတ်ခြင်းကို ခွင့်ပြုတယ်ဆိုပြီး ရွာတွင်း၌သင်္ကန်းတွေ ထားကြပါလေရော၊ အဲဒီသင်္ကန်းတွေပျောက်ကြတယ်၊ မီးလောင်ကြတယ်၊ ကြွက်ခဲတယ်၊ ရဟန်းတွေမှာ မကောင်းသောအဝတ်ရှိကြတယ်၊ အဲဒီအကြောင်းလည်း ဘုရားရှင်သိတော့ တစ်ဆယ့်ရှစ်ဆင့်မြောက်အနေနဲ့ ပညတ်တယ်-

ရဟန်းတို့ . . . သံဃာသည် အတူနေအတူဥပုသ်ပြုရာဖြစ်သော သိမ်ကိုသမုတ်အပ်ပြီး သံဃာသည်ထိုသိမ်ကို သင်္ကန်းသုံးထည်နှင့်ကင်း၍နေနိုင်သော "အဝိပ္ပဝါသသိမ်" ဖြစ်အောင် ရွာကိုလည်းကောင်း၊ ရွာ၏ဥပစာကိုလည်းကောင်း ချန်၍သမုတ်လော့. . ." တဲ့။

"ကိုင်း . . . ဒါဆိုယင် သိမ်သမုတ်ခြင်း၊ သိမ်ပညတ်ခြင်းအကြောင်း စုံသွားပြီနော် . . ."

"မှန်ပါဘုရား"

"အခု . . . တစ်ဆယ့်ကိုးဆင့်မြောက်အနေနဲ့ သိမ်နုတ်ခြင်း သမုတ်ခြင်းအကြောင်း ပြောပြမယ်-

"ရဟန်းတို့ . . . သိမ်သမုတ်လိုသော ရဟန်းသည် ရှေးဦးစွာ အတူနေရာ 'သမာနသံဝါသသိမ်' ကို သမုတ်ရမည်။ နောက်မှ သင်္ကန်းသုံးထည်နှင့်ကင်း၍နေနိုင်သော 'အဝိပ္ပဝါသသိမ်' ကို သမုတ်ရမည်"

. . . တဲ့။

"ရဟန်းတို့ . . . သိမ်နုတ်လိုသောရဟန်းသည် ရှေးဦးစွာ သက်န်းသုံးထည်နှင့် ကင်း၍နေနိုင်သော 'အဝိပ္ပဝါသသိမ်' ကိုနုတ်ရမည်၊ နောက်မှ 'သမာနသံဝါသသိမ်' ကို နုတ်ရမည်" တဲ့။ အဲဒီလို သိမ်နုတ်ခြင်း၊ သိမ်သမုတ်ခြင်းကို ခွင့်ပြုတော်မူတယ်။ အဲဒီနုတ်တဲ့၊ သမုတ်တဲ့အစဉ်ကို အထူးမှတ်ထားပေါ့နော်။ အဲဒါ နောင်လာမယ့်ခေတ် တွေမှာ အသုံးပြုရမယ့် တွေ့ကြုံရမယ့်အစဉ်ပေါ့ . . . "

"မှန်ပါဘုရား"

နောက် . . . အဆင့်နှစ်ဆယ်မြောက် 'ဂါမသိမ်' အကြောင်း ပြောပြမယ်-

ရဟန်းတို့ . . . သိမ်မသမုတ်ပဲ အပိုင်းအခြားမရှိဘဲ ရွာနိဂုံး ကို အမှီပြု၍နေ၏။ ထိုရွာ၏ ရွာအပိုင်းအခြား၊ ထိုနိဂုံး၏နိဂုံးအပိုင်း အခြားသည် ထိုရွာနိဂုံး၌ အတူနေအတူဥပုသ်ပြုရာဖြစ်သော 'သမာန သံဝါသသိမ်' မည်၏။

ရဟန်းတို့ . . . မြစ်တစ်ခုလုံးသည် သိမ်မဟုတ်၊ သမုဒ္ဒရာ တစ်စင်းလုံးသည် သိမ်မဟုတ်၊ ထုံးအိုင်တစ်ခုလုံးသည် သိမ်မဟုတ်။

"ရဟန်းတို့ . . . ထိုမြစ်၊ သမုဒ္ဒရာ၊ ထုံးအိုင်တို့၌ အားအလယ် အလတ်ရှိသော ယောကျ်ား၏ ထက်ဝန်းကျင်မှ အားကုန်ပတ်ကြဲသော ရေတကျဖြင့် ဤပိုင်းခြားရာ အရပ်သည် အတူနေအတူဥပုသ်ပြုရာဖြစ် သော 'သမာနသံဝါသသိမ်' မည်၏" . . . တဲ့။

ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းဆိုးတွေက သိမ်အချင်းချင်းစပ်၍ ဖွဲ့ကြ ပြန်တယ်၊ အဲဒီအကြောင်း ဘုရားရှင်သိတော့ နှစ်ဆယ်တစ်ဆင့်မြောက် အနေနဲ့ ပညတ်တော်မူတယ်-

ရဟန်းတို့ . . . အကြင်ရဟန်းတို့၏သိမ်သည် ရှေးဦးစွာသ မုတ်ထား၏၊ ထိုရဟန်းတို့၏ ထိုရှေးဦးစွာသမုတ်သောကံသည် တရား နှင့်လျော်၏၊ မပျက်စီးအကြောင်းအားထိုက်၏။

"ရဟန်းတို့ အကြင်ရဟန်းတို့၏သိမ်သည် နောက်မှသမုတ်၏။

ထိုရဟန်းတို့၏ ထိုနောက်မှသမုတ်သောကံသည် တရားနှင့်မလျော် ပျက်စီး၏။ အကြောင်းအားမထိုက်။ ရဟန်းတို့ သိမ်အချင်းချင်းစပ်၍ မဖွဲ့အပ်။ စပ်၍ဖွဲ့သောရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏" . . . တဲ့။

"အဲဒါ နှစ်ဆယ့်တစ်ဆင့်မြောက်အနေနဲ့ ပညတ်တော်မူခြင်းပဲ၊ အခုနှစ်ဆယ့်နှစ်ဆင့်မြောက် ပညတ်ခြင်းက နိဂုံးပေါ့နော် . . ."

"မှန်ပါဘုရား"

ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းဆိုးတွေက သိမ်အချင်းချင်းလွှမ်းမိုး၍ ဖွဲ့ကြပြန်တယ်၊ အဲဒီအကြောင်းဘုရားရှင်သိတော့ ပညတ်တယ်-

"ရဟန်းတို့ အကြင်ရဟန်းတို့သိမ်သည် ရှေးဦးစွာသမုတ်ထား၏။ ထိုရဟန်းတို့၏ ထိုရှေးဦးစွာ သမုတ်သောကံသည် တရားနှင့်လျော်၏၊ မပျက်စီး အကြောင်းအားထိုက်၏။"

ရဟန်းတို့ . . . အကြင်ရဟန်းတို့၏သိမ်သည် နောက်မှသမုတ်၏။ ထိုရဟန်းတို့၏ ထိုနောက်မှသမုတ်သောကံသည် တရားနှင့်မလျော် ပျက်စီး၏။ အကြောင်းအားမထိုက်။ ရဟန်းတို့ သိမ်အချင်းချင်း လွှမ်းမိုး၍မဖွဲ့အပ်၊ လွှမ်းမိုး၍ဖွဲ့သောရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏။

ရဟန်းတို့ သိမ်သမုတ်လိုသော ရဟန်းသည် သိမ်တို့၏နယ်ခြား 'သိမန္တရိက်' ကိုချန်ထား၍ သမုတ်ခြင်းငှာခွင့်ပြု၏"တဲ့။

"ဒါက သိမ်သမိုင်းပါပဲ ဒကာတော်မင်းမြတ် သည့်ထက်အကျယ်ကိုတော့ ဝိနည်းမဟာဝါဥပေါသထက္ခန္ဓကကိုပဲ ကြည့်ပါ"

"မှန်ပါဘုရား"

အချိန်အတန်ငယ်လင့်သွားသည်နှင့် ရှင်အရဟံနှင့် အနော်ရထာမင်းတို့ လိုရာခရီးသွားရန် လမ်းခွဲလိုက်ကြသည်။ ရှင်အရဟံနှင့် တွေ့ရှိရပြီးနောက်ပိုင်း စစ်မှန်သောတရားမမှစကားတော်များ မကြာခဏနာကြားရပြီး ထေရဝါဒသာသနာတော်မြတ်ကြီးကို အရှည်တည်တံ့ခိုင်မြဲရန် နေ့စဉ်နှင့်အမျှ ကြိုးပမ်းလေတော့သည်။

အနော်ရထာသည် ရှင်အရဟံအတွက် ဆောက်လုပ်လှူဒါန်းထားရှိသော ပုဂံနေပြည်တော်၏အရှေ့အရပ်၌ ဇေတဝန်ကျောင်းတော်

ကြီးကို မကြာခဏရောက်လေ့ရှိပြီး တရားဓမ္မအဆုံးအမ ဩဝါဒများကို ခံယူလေ၏။

ယခု ဗုဒ္ဓသာသနာအတွက် ရဟန်းများ များစွာမှရှိနေပြီဖြစ်ရာ ရဟန်းအစစ်အမှန်များပေါ်ထွက်စေရေး အဓိကရေသောက်မြစ်ဖြစ်သော "သိမ်များအကြောင်း" ကို ဆွေးနွေးလိုက်ခြင်းဖြစ်၏။

တရားဓမ္မအစစ်နှင့်တွေ့ရှိလိုက်သော အနော်ရထာသည် မိမိရှေ့၌ဖြစ်ကုန်သော ဆွေတော်မျိုးတော်၊ အဖိုးအဖွား၊ ပြည်သူပြည်သားတို့သည် သံသရာအတွက် တွေ့ရှိခံစားရမည့် ဆိုးမွေများအတွက် ငဲ့ကွက်၍ အောက်မေ့လေ၏။ လူ့ဘဝလူ့လောကဝယ် လူအဖြစ်နှင့်အခွင့်အခါကောင်းများ ကြုံကြပါသော်လည်း မြတ်စွာဘုရားဟောကြားတော်မူခဲ့သော ပစ္စုပ္ပန်သံသရာ နှစ်ဖြာသောကောင်းကျိုးချမ်းသာကို ပေးစွမ်းနိုင်သော အနှစ်သာရများနှင့် ပြည့်စုံတော်မူသော တရားဓမ္မအစစ်များနှင့် ထေရဝါဒသာသနာတော်မြတ်ကြီးကို မတွေ့မဖြစ်မကြားရလေတကား။

ငါ၏နောင်တော်များသည်လည်း အရည်းရှင်ယောင်နှင့် ရဟန်းအတုအယောင်တို့၏ အယူဝါဒကိုသာ အဟုတ်အမှန်တရားကြီးဖြစ်သည်ဟူ၍ အသက်ထက်ဆုံးယူသွားကြရှာလေ၏။ ဘဝသံသရာဖြစ်ကြောင်းဝယ် ဘဝန္တနစ်ကြရလေပြီတကားဟု သံဝေဂဖြင့် အနော်ရထာ အောက်မေ့လိုက်မိသည်။

## ပုဂံဒေသသို့ ရှင်အရဟံမထေရ်၏ သာသနာပြုခရီး

သမာပတ်ရတော်မူသော အနောမဒဿီအမည်ရှိ မထေရ်သည် ရှင်သောဏမထေရ်၊ ရှင်ဉတ္တရမထေရ်တို့၏အနွယ်ကို စောင့်ရှောက်သောအားဖြင့် ငါးရာသောရဟန်းအပေါင်းနှင့်တကွ သုဝဏ္ဏဘူမိတိုင်း၊ သုဓမ္မပူရမည်သော သထုံပြည်ကြီး၌ နေထိုင်တော်မူကြ၏။

ငယ်စဉ်ကလေးဘဝကစ၍ ဗေဒင်လေးပုံကို ပုဏ္ဏားတို့ထံမှ

သင်ယူတတ်မြောက်သည်။ ပြိုင်ဘက်မရှိ တတ်ကျွမ်းသဖြင့် ရှင်သာမဏေ ဖြစ်သောအခါ၊ ပိဋကတ်သုံးပုံ၊ အဋ္ဌကထာ၊ ဋီကာများနှင့်ကျင့်ကြံအားထုတ်ရာ၌လည်း ထင်ရှားကျော်ကြားသည်။ ရှင်သာမဏေမှသည် ပဉ္စင်းရဟန်းအထိ အဆင့်ဆင့်ဖြစ်ထွန်းပေါ်ပေါက်ခဲ့သည်။

ငယ်မည်မှာ "ရှင်ဓမ္မဒဿီ"ဖြစ်ပြီး သုဝဏ္ဏဘူမိတိုင်း သုဓမ္မပုရမည်သော သထုံ၌နေထိုင်သော ပုဏ္ဏေားမ၏သားဖြစ်ပြီး အရှင်သီလဗုဒ္ဓိမည်သော မဟာမထေရ်အထံ၌ ပညာဆည်းပူးသည်။ ယင်းမထေရ်ကြီး၏ လက်ရုံးတပည့်ဖြစ်သည်။

သောတ္တတဲ့မြို့ဒကာများ၏ ပင့်လျှောက်ချက်အရ ယင်းမြို့၌ (၁၀ နှစ်)ကြာ သီတင်းသုံးနေထိုင်ပြီး သုဓမ္မပုရမည်သော သထုံပြည်သို့ ပြန်ကြွလာသည်၊ ထို့နောက် မြတ်စွာဘုရား၏ တရားဓမ္မများကို နှလုံးသွင်းဆင်ခြင်လျက် လူသူဝေးလံသောအရပ်၌ အာရညကင်ဓုတင်ဆောက်တည်တော်မူသည်။

အရှင်အရဟံမထေရ်မြတ်၏ အရညကင်ဓုတင်ဆောက်တည်တော်မူသောအချိန်ကာလတွင် အနိရုဒ္ဓရာအမည်ရှိသော ပုဂံရာမ ပုဂံနေပြည်တော်ကြီး၏ အရှင်အနုရုဒ္ဓဒေဝအမည်ရှိသော အနော်ရထာမင်းသည် ထီးနန်းစိုးစံတော်မူလေ၏။ သာသနာသက္ကရာဇ် (၁၅၆၁) ခုနှစ်၊ ကောဇာသက္ကရာဇ် (၃၇၉)ခုနှစ်ဖြစ်သည်။

(သုဝဏ္ဏဘူမိတိုင်း၊ သုဓမ္မပုရမည်သော သထုံပြည်ကြီး၌ သာမာပတ်ရှစ်ပါးကို ရတော်မူသော အနောမဒဿီအမည်ရှိသော မထေရ်မြတ်သည်၊ ရှင်သောဏမထေရ်၊ ရှင်ဥတ္တရမထေရ်တို့၏ အနွယ်တော်ကိုစောင့်ရှောက်သောအားဖြင့် ငါးရာသောရဟန်းအပေါင်းနှင့်တကွ နေတော်မူကြလေ၏။

ထိုအနောမဒဿီမထေရ်ကြီး၏ တပည့်ကြီးသည် အဓိသီလမထေရ်မည်၏။ ထိုအဓိသီလမထေရ်ကြီး၏ တပည့်ကြီးသည် ပြာနဒဿီမထေရ်မည်၏။ ထိုပြာနဒဿီမထေရ်ကြီး၏ တပည့်ကြီးသည် အရဟန္တမထေရ်မည်၏၊ ထိုအရဟန္တမထေရ်ကြီး၏ တပည့်ကြီးသည် အရှင်အရိယဝံသမထေရ်မည်၏။ ဤသို့ထေရ်အစဉ်အတိုင်းဖြစ်လေ၏။ (သာသန

ဝံသကျမ်း)

အရှင်အရဟံ သထုံ၌သီတင်းသုံးနေစဉ် "သရေခေတ္တရာပြည် မြို့လယ်အရပ်ရှိ သစ်ပင်ကြီးတွင် ရှေးဟောင်းကျမ်းစာများရှိသည်" ဟူသော သတင်းစကားကိုကြားရ၏။ ဒကာ ဒကာမများ၏ အချို့သော သတင်းစကားများ၌၊ ညအချိန်တန်ခိုးပြတတ်ကြောင်း၊ မည်သည့်ရွာ၊ အမည်ကမည်တဲ့သို့ ထိုသူအား ထိုသစ်ပင်ကို တူးဖော်ကြည့်ရန်၊ ရုက္ခစိုး၊ နတ်များအိပ်မက်ပေးကြောင်း၊ နံနက်မိုးသောက်ရန်အချိန် သစ်ပင်ခုတ် လှဲဖြတ်တောက်ကြည့်ပါက ကျမ်းစာတွေ့နိုင်ကြောင်း၊ ကျမ်းစာဖတ်ပြီး ရတနာရွှေငွေမြောက်များစွာ ရနိုင်ကြောင်း ကြားသိတော်မူသည်။

အနော်ရထာလည်းကြားသိရသဖြင့် စစ်အင်္ဂါလေးပါးနှင့် တကွ ကိုယ်တော်တိုင်လိုက်ပါတော်မူပြီး သရေခေတ္တရာပြည်၏ မြို့တွင်း၌ လိုက်လံရှာဖွေရာ လုံးပတ် (၃၂ တောင်)ခန့်ရှိ ဧရာမသခွပ်ပင်ကြီးကို တွေ့ရှိသဖြင့် တွင်းဖောက်စေခဲ့သည်။ ကျမ်းစာကိုတွေ့ရှိရာ ကျမ်းစာ၌ ရေးသားထားရှိမှုများသည် အခြေအမြစ်မရှိဘဲ လုပ်ကြံ၊ လိမ်ညာ၍ ရေးထားသည်ကို တွေ့ရှိလိုက်သည်။ ထိုအချင်းအရာကို မီးရှို့ဖျက်ဆီး စေခဲ့ရာ၊ ယနေ့တိုင်မီးတိုက်ကုန်း"ဟု တွင်သည်။

၎င်းသည် သမထီးအရပ်၌ နေထိုင်ကြသော အရည်းတို့အုပ် စုမှ ရှင်ယောင်တစ်ယောက်က မိမိတို့ အယူဝါဒနှင့်ကိုက်ညီသော ကျမ်းစာကို ကြေးပုရပိုက်ပြားဖြင့် ကူးယူပြီးလျှင် သရေခေတ္တရာပြည် မြို့အလယ်အရပ်ရှိ သခွပ်ပင်၏ သစ်ခေါင်းအတွင်း၌ထည့်သွင်းထား၏၊ အပင်အပွေးများကြီးထားစေရန် ဖန်တီးကြ၏။ သုံးနှစ်နီးပါးကြာမြင့် သောအခါ သခွပ်ပင်သည် မူလအနေအထားသို့ ရောက်ရှိလာတော့ သည်။ ထိုအချိန်ကျမှ ကောလဟာလ မဟုတ်မှန်လုပ်ကြံသော သတင်း များ ဖြန့်ချိတော့သည်။

အရှင်အရဟံသည် လုပ်ကြံလီစယ်သော သတင်းစကားများ ကြားသိချိန်တွင် ဘုရားရှင်၏ ဟောကြားတော်မူခဲ့သော တရားမမှုလမ်း စဉ်များကို၊ လောကလူသားတို့၏ ပစ္စုပ္ပန်သံသရာနှစ်ဖြာသော ကောင်း

ကျိုးတရားများကို တွေးတောပူပန်စိတ်မကောင်းစွာဖြစ်ပြီး၊ ထိတ်လန့်ခြင်း၊ သံဝေဂတရားရပြီးဖြစ်၍၊ သူယုတ်မာတရားလောင်မြိုက်မှုမကြီးထွားမီ သူတော်ကောင်းတရား အလျင်ဦးမှဖြစ်မည်ဟု စိတ်၌ဆုံးဖြတ်ပြီး သုဝဏ္ဏဘူမိတိုင်း သုဓမ္မပုရမည်သော သထုံပြည်ကြီးမှ သရေခေတ္တရာပြည်သို့ အဖော်မပါတစ်ပါးတည်း ဧကစာရီအကျင့်မြတ်ဖြင့် သက်နှီးသုံးထည်၊ သပိတ်တစ်လုံး၊ ဓမ္မခဏ်းတစ်ခုဖြင့် ဘုရားရှင်ဟောကြားတော်မူခဲ့သော "အပ္ပကိစ္စော" တရားတော်မြတ်ကို နှလုံးသွင်းဆင်ခြင်လျက် အရှင်အရဟံမထေရ်မြတ်ကြွတော်မူခဲ့လေ၏။

ထိုသို့ဧကစာရီကြွတော်မူစဉ်အတွင်း တောတွင်းမြို့ အရှေ့ကုန်းခေါင်တောင်ရိုး၌ လှည့်လည်ကျက်စားသွားလာနေသော မုဆိုးတစ်ယောက်ကတွေ့ရှိပြီး အရှင်အရဟံမထေရ်မြတ်ကို လူရိုင်းအထင်ဖြင့် ဖမ်းဆီးခဲ့လေ၏။

ထိုသို့ဖမ်းခဲ့ပြီးလျှင် သရေခေတ္တရာပြည်ကြီးတွင် ရောက်နေသော အနော်ရထာမင်းအား ဆက်သမည်ဟု အောက်မေ့၍ဆောင်ယူခဲ့လေ၏။(တောင်တွင်းမြို့၏ အရှေ့ကုန်းတောင်ရိုးတွင် မုဆိုးနှင့်တွေ့၏ဟု ရေးသားခြင်းသည် အရပ်ဒေသ အနေအထားမသင့်သောကြောင့် လုပ်ကြံရေးသားခြင်းဖြစ်သည်-ဟူ၍ သာသနာလင်္ကာရစာတမ်း၌ဆို၏။)

လူရိုင်းအထင်ဖြင့် မုဆိုးဖမ်းယူခဲ့သော အရှင်အရဟံမထေရ်မြတ်ကို အနော်ရထာက လက်အုပ်ချီ၍မေးလေ၏။

"အရှင်က အဘယ်အမျိုးအနွယ်ပေနည်း"

"အဘယ်ဂုဏ်၊ အဘယ်အကျင့်ရှိပေသနည်း"ထိုအခါ အရှင်အရဟံမထေရ်မြတ်က -

"ဒကာတော် ငါသည် သမ္မာ သမ္ဗုဒ္ဓ ဘုရားရှင်၏ အမျိုးအနွယ်ပေတည်း၊ ငါတို့ဆရာ သမ္မာ သမ္ဗုဒ္ဓဘုရားသည် သစ္စာလေးပါးမြတ်တရားကို ဆရာမကူသယမ္ဘူဉာဏ်တော်ဖြင့် မိမိကိုယ်တော်တိုင်သိ၍ မင်းထက်မင်း၊ နတ်ထက်နတ်၊ ဗြဟ္မာထက် ဗြဟ္မာအစရှိသည်တို့ ထက်မြတ်သောဂုဏ်ရှိလေ၏။ လောကသုံးပါးတို့၌ နစ်မွန်းပျော်ပါးကြကုန်

သော သူခပ်သိမ်းအပေါင်းတို့၏ ဆင်းရဲဒုက္ခအပေါင်းတို့ကို ပယ်မြစ်တတ်ပြီး ချမ်းသာသုခအပေါင်းတို့ကို ဟောဖော်ညွှန်ပြတတ်သောအကျင့်ရှိလေ၏”

အနော်ရထာသည် အရှင်အရဟံမထေရ်မြတ်၏ စကားသံကြားရပြီးနောက် ပီတိတရားတို့ဖြင့်ဝမ်းမြောက်ကာ အရည်းရှင်ယောင်တို့ကြောင့် ဒွိဟဖြစ်နေသော မိမိ၏ဗုဒ္ဓသာသနာရေးအတွက် သက်ဆိုင်ကိုးကွယ်မည်ဟု သန္နိဋ္ဌာန်ချလေတော့သည်။ ထို့နောက် မကြာမီကာလအတွင်း ကျောင်းဆောင်ဆောက်လုပ်လှူဒါန်းသည့်အပြင် မိမိ၏ဆရာရင်းဖြစ်သော အရှင်အရဟံမထေရ်မြတ်ကို အရည်းရှင်ယောင်တို့၏ တစ်စုံတစ်ခုအန္တရာယ်မပြုနိုင်ရန် အစောင့်အကြပ်ကပ္ပိယလူတစ်ရာကို အခွန်ဘဏ္ဍာလွှတ်လှူဒါန်းတော့သည်။

အရှင်အရဟံမထေရ်မြတ်လည်း ကပ္ပိယလူတစ်ရာကို မြတ်စွာဘုရားရှင်၏ အဆုံးအမဖြစ်သော ထေရဝါဒ သာသနာတော်မြတ်ကြီးအတွက် ဖြစ်စေခြင်းငှာ မြတ်စွာဘုရားရှင်ပညတ်ထားသော ဝိနည်းဓမ္မကံနှင့်အညီ ပရိယတ္တိသာသနာအခြေခံဖြစ်သည့် ပိဋကတ်တော်များကို ပုဂံနေပြည်တော်၌ ရှေးဦးစွာ သင်ကြားပို့ချတော်မူလေသည်။

## သိမ်ကျောင်းကတော့ အကျိုးအကြီးဆုံး၊ အမြင့်မြတ်ဆုံး

အရှင်အရဟံမထေရ်မြတ်သည် အရိမဒ္ဒနပုဂံရာမ ပုဂံနေပြည်တော်ကြီး၌ မြတ်စွာဘုရားရှင်၏ သာသနာတော်မြတ်ကြီး အမြဲထာဝရ ထွန်းကားတည်စေရန် မနားမနေကြိုးပမ်းနေသကဲ့သို့ အနော်ရထာမင်းကြီးသည်လည်း မြတ်စွာဘုရားရှင်မှတစ်ပါး အခြားသောအယူဝါဒများကို လုံးဝလက်မခံနိုင်တော့ပဲ ဗုဒ္ဓသာသနာအပေါ် သက်ဝင်ယုံကြည်မှုသဒ္ဓါများ ကြီးမားလာခဲ့သည်။ နေပြည်တော်အတွင်း သာမဏေများ များပြားလာနေသည့်အပြင် ရဟန်းများလည်း တစ်နေ့တစ်ခြားတိုးပွားလာရာ လွန်ခဲ့သောရက်အနည်းငယ်က ရဟန်းစစ်ရဟန်းမှန်များ

ပေါ်ထွက်လာစေရန် သိမ်ဆောက်လုပ်နိုင်ရေးအတွက် ဆရာနှင့်ဒကာ လက်တွဲညီကာ လျှောက်ထားခဲ့ပြီးဖြစ်ပါသည်။

ယခုတဖန် အရှင်အရဟံမထေရ်မြတ်က သိမ်ကျောင်းမြင့်မြတ်ပုံကို မိန့်တော်မူပြန်သည်။

"အရှင်ဘုရား . . . သဒ္ဒါမှာလိင်၊ ဝိနည်းမှာသိမ်လို့ တပည့်တော်လေ့လာမိပါတယ်ဘုရား . . ."

မှန်တာပေါ့ ဒကာတော်မင်းမြတ် . . . ဗုဒ္ဓသာသနာတော်မှာ သိမ်ကျောင်းဟာ အရေးကြီးလှတဲ့အဆောက်အအုံဖြစ်တယ်၊ အရာကျယ် အသိလည်းခက်တယ်၊ အရာကျယ်အသိခက်တဲ့အရာတစ်ခုကို သိမ်နဲ့ တွဲပြီး သဒ္ဒါမှာလိင်လို့ ဆိုရိုးပြုကြတယ်။

"ဒကာတော်မင်းမြတ် . . . ဝိနည်းမှာသိမ်၊ သဒ္ဒါမှာလိမ်ဆိုရိုးမှာ အခက်နှင့်ပတ်သက်သော စကားတစ်ရပ်၊ အကျိုးနှင့်ပတ်သက်တဲ့ စကားတစ်ရပ်က ကျောင်းမှာသိမ်၊ အဲဒါနဲ့ဆက်နွယ်ပြီး ဆိုရိုးပြုတာက "ကျောင်းမှာသိမ်၊ သင်္ကန်းမှာကထိန်၊ ဆွမ်းမှာပိဏ်ာ" တဲ့ ကျောင်းအမျိုးမျိုးရှိကြပါတယ်။ သိမ်ကျောင်းကတော့ အကျိုးအကြီးဆုံးနဲ့ အမြင့်မြတ်ဆုံးပဲ"

"ဘယ်လိုအကျိုးအကြီးဆုံးနဲ့ အမြင့်မြတ်ဆုံးဖြစ်ပါသလဲဘုရား . . ."

"ဒီလိုရှိပါတယ် ဒကာတော်မင်းမြတ် . . . သိမ်ကျောင်းဆိုတာ သာသနာတော်ရဲ့အသက်ဖြစ်တယ်။ သာသနာတော်မှာရှိတဲ့ ရဟန်းသံဃာတော်များဟာ သိမ်ကျောင်းမှဖွားမြင်လာရပါတယ်။ အဲဒီလိုဖွားမြင်လာရတဲ့ ရဟန်းတော်တို့ရဲ့ အပြစ်များကို ဆေးကျော်ရာဌာနလည်းဖြစ်တယ်။ လူအများနဲ့မဆက်ဆံ၊ သီးခြားအမှုများကိုလည်း အဲဒီ သိမ်ကျောင်းမှာပဲ ပြုရတာဖြစ်လို့ အကျိုးကြီးတယ်၊ မြင့်မြတ်တယ်လို့ဆိုလိုခြင်းဖြစ်ပါတယ်"

"မှန်ပါဘုရား"

"ဒကာတော်မင်းမြတ် . . . သိမ်ဟူသည်ကား အဘယ်နည်း

ဟုမေးဖွယ်ရှိသော် တညီတညွတ်တည်း တစ်စုတစ်ဝေးတည်း စုပေါင်းပြီးတော့ ကံကြီးကံငယ်ပြုရာ၊ ပြုနိုင်ဖို့ရာ နယ်တစ်ခုအဖြစ် သီးခြားသတ်မှတ်ထားတဲ့ အရပ်တစ်ခု၊ နေရာတစ်ခုပဲဖြစ်တယ်။ သိမ်အတွင်းမှာ ရဟန်းတို့ချည်းပဲပြုရတဲ့ ရဟန်းခံခြင်း၊ ဥပုသ်ပြုခြင်း၊ ပဝါရဏာပြုခြင်း၊ ပရိဝါသ်ပေးခြင်း၊ အဗ္ဘာန်သွင်းခြင်းစတဲ့ ကိစ္စတွေကို ကံကြီးကံငယ်လို့ခေါ်ပါတယ် . . .”

“ကံကြီးကံငယ်ပြုဖို့ သိမ်ဘယ်နှစ်မျိုးရှိပါသလဲဘုရား”

“ဒကာတော်မင်းမြတ် . . . ကံကြီးကံငယ်ပြုဖို့ နယ်တစ်ခုအဖြစ် သတ်မှတ်ထားတဲ့ဌာနတစ်ခုဖြစ်တဲ့သိမ်က နှစ်မျိုးရှိတယ်။ ဗဒ္ဓသိမ်နဲ့အဗဒ္ဓသိမ်တို့ဖြစ်တယ်။ ဗဒ္ဓသိမ်မှာတော့ (၄) ပါး၊ (၄) ပါးထက်များသောရဟန်းတော်တို့ စုပေါင်းပြီး နူတ်ကမ္မဝါစာရွတ်ဖတ်သမုတ်အပ်သောသိမ်ကို ဗဒ္ဓသိမ်လို့ခေါ်တယ်။ နူတ်ကမ္မဝါစာရွတ်ဖတ်ပြီး မသမုတ်ပဲ အလိုအလျောက်ဖြစ်သောသိမ်ကို အဗဒ္ဓသိမ်လို့ခေါ်တယ်”

“မှန်ပါဘုရား . . . ထပ်မံပြီးခွဲခြားတာရှိသေးသလားဘုရား . . .”

“ရှိပါတယ် ဒကာတော်မင်းမြတ် . . . ဗဒ္ဓသိမ်မှာတော့ . . .

၁။ ခဏ္ဍသိမ်

၂။ သမာနသံဝါသကသိမ်

၃။ အဝိပ္ပဝါသသိမ် ရယ်လို့ (၃) မျိုးကွဲပြားပြီး အဗဒ္ဓသိမ်မှာတော့ . . .

၁။ ဂါမသိမ်

၂။ ဥဒကုက္ခေပသိမ်

၃။ သတ္တဗ္ဘန္တရသိမ်ရယ်လို့ (၃) မျိုးကွဲပြားပြန်ပါတယ်။

“သိမ်တစ်ခုခြင်းအကြောင်း ပြောပါဦးဘုရား”

“ဒကာတော်မင်းမြတ် . . . ခဏ္ဍသိမ်ဆိုတာကတော့ မဟာသိမ်အတွင်းမှာ သမုတ်အပ်တဲ့ သိမ်ငယ်ကိုခေါ်ပါတယ်၊ မဟာသိမ်ကို ပိုင်းဖြတ်ထားခြင်းမဟုတ်ပါ၊ မူလကတဲက မဟာသိမ်၊ ခဏ္ဍသိမ်အပိုင်း

အခြားကိုသတ်မှတ်ကာ နိမိတ်အသီးသီးကြားပြီး တခြားစီမသုတ်ရတယ်။

"ခဏ္ဍသိမ် မဟာသိမ်နှစ်မျိုးသမုတ်တဲ့အခါ သိမ်နှစ်မျိုးအကြားမှာ "သီမန္တရိက်"ကို ထားပေးရတယ်၊ မထားဘဲမနေရဘူး၊ ထားကိုထားရမှာဖြစ်တယ်"

"သီမန္တရိက်"ဆိုတာ ဘာလဲဘုရား"

"သီမန္တရိက်"ဆိုတာက သိမ်တို့အကြား အရပ်ကို ဆိုလိုတယ်၊ ဗဒ္ဓသိမ်နှစ်ခုထိစပ်မှု မရှိအောင် ခြားထားတဲ့အရပ်ဖြစ်တယ်၊ နောင်အခါ ကျောင်းတိုက်အသီးသီးမှာ သမုတ်ကြတဲ့ သိမ်ငယ်တွေကို ခဏ္ဍသိမ်လို့ခေါ် ဝေါ်ကြမှာပါ၊ မုချအခေါ် အဝေါ်တော့ မဟုတ်ပါဘူး၊ အမှန်အတိုင်းတော့ ဗဒ္ဓသိမ်သာဖြစ်တယ်။

"ခဏ္ဍသိမ် မဟာသိမ် ၂ မျိုးသမုတ်ပြီးတဲ့အခါ သိမ် ၂ မျိုးအကြားမှာ သီမန္တရိက်ကိုထားရတယ်နော်၊ သီမန္တရိတ်ပမာဏကို တစ်တောင်တစ်ထွာ၊ လက်လေးသစ်စသဖြင့် ကြိုက်သလိုထားလို့ရတယ်"

"မှန်ပါဘုရား"

"ဒကာတော်မင်းမြတ်၊ သမာန သံဝါသက သိမ်ဆိုတာက ရဟန်းတို့အဖို့တူသော ကံကြီးကံငယ်ပြုခြင်းရှိရာဖြစ်တဲ့ သိမ်ကိုခေါ်တယ်၊ သိမ်မှန်လို့ကတော့ ဗဒ္ဓသိမ်ဖြစ်စေ၊ အဗဒ္ဓသိမ်ဖြစ်စေ သမာနသံဝါသကာ သိမ်ချည်းဖြစ်တယ်။

"အဝိပ္ပဝါသသိမ်ဆိုတာကတော့ ဗဒ္ဓသိမ်ဖြစ်တဲ့ သမာနသံဝါသက သိမ်အပေါ် ထပ်၍ သမုတ်တဲ့ သိမ်ဖြစ်တယ်၊ သိမ်သမုတ်တဲ့အခါ သမာနသံဝါသကသိမ်ကို အလျင်သမုတ်ရတယ်။ အဲဒီရဲ့နောက်မှ သမာနသံဝါသက သိမ်ကိုပင် ထပ်၍ အဝိပ္ပဝါသသိမ်ကို သမုတ်ရပါတယ်။

"မှန်ပါဘုရား. . . "

"ဒကာတော် မင်းမြတ်၊ တစ်ခါတစ်ရံမှာတော့ မဟာသိမ်ကိုပဲ အဝိပ္ပဝါသသိမ်လို့ဆိုတယ်၊ မဟာသိမ်ဆိုတာက ကမ္မဝါစာဖြင့် ရွတ်ဖတ်သမုတ်အပ်သော သိမ်ကြီးဖြစ်တယ်၊ အကြီးသုံးယူဇနာအထိကျယ်နိုင်တယ်. . .၊ ကိုင်း. . . ဒကာတော်ရေမြေ့ရှင် ဒီနေ့ ဒီလောက်နဲ့

ရပ်နားလိုက်ကြဦးစိုးရဲ့. . . ”

“မှန်လှပါဘုရား. . . တပည့်တော်လည်း အရှင်ဘုရားနှင့် မကြာခဏတွေ့ဆုံပါမှ အရှင်ဘုရားဟောကြားတော်မူတဲ့ သုတ်၊ ဝိနည်း၊ အဘိဓမ္မာတရားတော်တို့ကို အကြိမ်ကြိမ်နှလုံးသွင်းစဉ်းစားပွားများရပါတယ်ဘုရား။”

## ရေကြောင်းခရီးမှ ဗုဒ္ဓမြတ်စွယ်တော်နှင့်မြဘုရား

အနော်ရထာမင်းသည် ရာဇဝင်များကို လေ့လာကြည့်သောအခါ အာသောက(သီရိဓမ္မာသောက)မင်းကြီးနှင့် ဖြစ်ပျက်ပုံများတူညီနေသည်ကို တွေ့ရသည်။

အသောကသည် ခမည်းတော် ဗိန္ဒုသာရမင်း နတ်ရွာစံသဖြင့် ခမည်းတော်ရိုက်ရာ တိုင်းပြည်ထီးနန်းကို သာသနာတော်နှစ် ၂၁၄ ခုနှစ်တွင် သိမ်းမြန်းစိုးပိုက်တော်မူ၏။ ညီတော် ကိုးကျိပ်ကိုးယောက် (၉၉ ယောက်) ပုန်ကန်ခြားနားသဖြင့် ကွပ်မျက်ရသည်ဟုဆိုသည်။ ၄ နှစ်တိုင်အောင် တိုင်းပြည်နိုင်ငံအရေးဆောင်ရွက်နေရသဖြင့် ၂၁၈ ခုနှစ်မှ ညီတော် တိဿကုမာရအား အိမ်ရှေ့အရာထား၍ ရာဇဘိသိက်ခံတော်မူသည်။

ဗိန္ဒုသာရမင်းသည် တိတ္ထိခြောက်သောင်းတို့အား နန်းတော်၌ ဆွမ်းဝတ်အမြဲပြုနေရကား သားတော်အာသောကမင်း နန်းတက်ပြီး ခမည်းတော်၏ရိုက်ရာ ၃ နှစ်တိုင်တိုင် ဆက်လက်၍ ဆွမ်းဝတ်အမြဲပြုတော်မူရ၏။

တစ်နေ့တွင် တူတော်စပ်သူ နိဂြောဓသောမဏေ၏ သတိပဋ္ဌာန်ဣန္ဒြေအပ္ပမာဒ သတိပဋ္ဌာန်တရားကြောင့် သမ္မာဒိဋ္ဌိ (ဗုဒ္ဓဘာသာဝင်) ဖြစ်လာခဲ့သည်။

အသက်ပေါင်းများစွာ သေကျေပျက်စီးခဲ့ရသော ကလိင်္ဂစစ်ပွဲ

ကြီး၏ အနိဋ္ဌာရုံမြင်ကွင်းသည် မင်းကြီးအား ဗုဒ္ဓမမွှဲ ပို၍လေးနက်သက်ဝင်အောင် ပဓာနခံစားချက်ကြီးဖြစ်ကြောင်း၊ ထိုအချိန်မှစ၍ ဗုဒ္ဓသာသနာ၌ ဒကာခံကာ အသောကနန်းတော်၌ တိတ္ထိများဝင်ခွင့်မရကြ။ ဤကားအသောကမင်း (ဗုဒ္ဓဘာသာဝင်) ဖြစ်လာပုံ (အကျဉ်း)

နောင်တွင် အသောကမင်း (သီရိဓမ္မာသောကမင်း) သည် ရေတွင်းရေကန်ပေါင်းများစွာလှူ၏။ ထိုအလှူကဲ့သို့ မိမိလည်းလှူဒါန်းလိုစိတ်ပေါ်ပေါက်လာသည်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကိုကြည့်ပြန်သော်လည်း မင်းအဆက်ဆက်မည်သည့်မင်းနှင့်မတူအောင် ရေတွင်း၊ ရေကန်၊ ဆည်၊ မြောင်း တာတမံတို့ကို တည်ဆောက်လိုသည်။ အရှင်အရဟံမထေရ်မြတ်နှင့် သွားရောက်ဖူးမျှော်ကန်တော့လေတိုင်း ဗုဒ္ဓဝင်တရားတော်များဟောကြားပြီး စေတီများတည်ထားကြပုံ သာသနာပြုရာတွင် ဗုဒ္ဓဘာသာဝင်များပီပီသသ လိုက်နာဆောင်ရွက်ကြပုံ၊ ကျောင်း၊ ကန်၊ သိမ်၊ ဇရပ် စသည်တို့အပါအဝင် ဓာတ်တော်မွေတော်များခွဲဝေကြရပုံ၊ စွယ်တော်တို့ကိုခွဲဝေယူကြပုံ၊ စေတီများတည်ထားရာ၌ ဌာပနာပြုကြရပုံတို့သည် သာသနာအတွက် အုတ်မြစ်ချပေးခြင်းသာတည်းဟုလည်း ယုံကြည်စွာစဉ်းစားမိပေသည်။

အနော်ရထာမင်းသည် ရာဇဝင်များကို သိရှိထားနှင့်ပြီးဖြစ်၍ ဂေါတမမြတ်စွာဘုရား၏ နဖူးသင်းကျစ်တော်ကို လိုက်လံရှာဖွေသည်။ သရေခေတ္တရာပြည် ဒုတ္တဘောင်မင်းကြီးလက်ထက် နဖူးသင်းကျစ်တော်ကို စေတီတစ်ဆူ၌ ဌာပနာထားသည်ကို သိရှိသဖြင့် ဒုတ္တဘောင်တည်ထားခဲ့သော စေတီများကို လိုက်လံရှာဖွေသည်။ မေးမြန်းစုံစမ်းရင်းဖြင့် စေတီကိုတွေ့ရှိရာ၊ ထိုစေတီကိုဖြိုဖျက်၍ ဂေါတမမြတ်စွာဘုရား၏ နဖူးသင်းကျစ်တော်နှင့်ဓာတ်တော်တို့ကို ပုဂံနေပြည်တော်သို့ သယ်ဆောင်လာသည်။ ရောက်ရှိသောအခါ နန်းတော်ဦးတွင် ရွှေပေါင်းချောင်၊ ငွေပေါင်းချောင်တို့တွင် ထည့်ပြီး ကိုးကွယ်ပူဇော်လေသည်။

ဆက်လက်၍ မင်းမြတ်အနော်ရထာသည် ဗုဒ္ဓစွယ်တော်ကို ကိုးကွယ်လို၍ စူးစမ်းရှာဖွေပြန်သည်။ သီဟိုဠ်ဘုရင်ထံရှိသည်ဟု ကြား

သိရသဖြင့် မအိပ်နိုင်မစားနိုင်ဖြစ်ရပြီး အိမ်မက်ပင်မြင်မက်သည်ဟုဆို သည်။

အိပ်မက်တွင် စွယ်တော်ရရှိရေးအတွက် သံတမန်တစ်ဦးအား လက်ဆောင်ပဏ္ဏာများယူဆောင်၍ သီဟိုဠ်ဘုရင်ထံစေလွှတ်ရာ စွယ်တော်ကိုပင့်ဆောင်၍ ရရှိခဲ့သည်ဖြစ်၏။ ဤသို့ဖြင့် အနော်ရထာ သည် အိပ်မက်၌မြင်မက်သည့်အတိုင်း အကောင်အထည်ဖော်ခဲ့သည်။ သို့သော် . . .

စွယ်တော်အစစ်ကားမရရှိခဲ့ပေ၊ သီဟိုဠ်ဘုရင်က နည်းမျိုးစုံ ပင့်သော်လည်း စွယ်တော်မကြွသဖြင့် စွယ်တော်ပွားတစ်ဆူနှင့် မြဘုရား တစ်ဆူကို အနော်ရထာမင်းထံ ပညာရှိအမတ်များ မှူးကြီးမတ်ကြီးများ နှင့်အတူ ပေးပို့လိုက်သည်၊ ထိုစဉ်က ရေကြောင်းခရီးသာ အသုံးပြု ကြရသဖြင့် စွယ်တော်ပင့်ဆောင်လာသော ရွက်သင်္ဘောသည် ပုသိမ် ဆိပ်သို့ ချောမောစွာရောက်ရှိခဲ့ပြီး၊ မြဘုရား သယ်ဆောင်လာသော ရွက်သင်္ဘောသည် လေမုန်တိုင်းဒဏ်မိသဖြင့် ပျက်စီးခဲ့သည်။

မြဘုရားနှင့်အတူ သယ်ဆောင်လာကြသည့် ပညာရှိမှူးမတ် များ၊ ရဟန်းသံဃာများနှင့်လူပုဂ္ဂိုလ်အချို့တို့ကလည်း ပုဂံနေပြည်တော် သို့ မပြန်နိုင်ကြတော့ပဲ ယိုးဒယားမြန်မာနယ်စပ်တစ်နေရာတွင် စေတီ တစ်ဆူတည်၍ မြဘုရားကို ဌာပနာလိုက်ကြသည်။ နှစ်များစွာ ကြာမြင့် သောအခါ မိုးကြိုးဒဏ်၊ ငလျင်ဒဏ်တို့ကြောင့် ပျက်စီးသွားခဲ့ပြန်ရာ မြဘုရားနှင့်လုံးဝမပျက်စီးပေ။ ဒေသခံတို့က အစဉ်အဆက်ကိုးကွယ်ခဲ့ ကြရင်း စစ်နိုင်သောဘုရင်များက ကမ္ဘောဒီးယား၊ လောနိုင်ငံများသို့ ပင့်ဆောင်သွားကြပြီး ယိုးဒယားနိုင်ငံသို့ ပြန်လည်ရောက်ရှိလာကာ ယခုအခါ ဘန်ကောက်မြို့တွင် မြဘုရားဟူ ပူဇော်ကိုးကွယ်နေကြသည်။

အနော်ရထာမင်းသည် ရှင်အရဟံဟောသမျှ တရားများကို လေးစားကြည်ညိုစွာဖြင့် တစ်ခုပြီးတစ်ခု အကောင်အထည်ဖော်ဆောင် ရွက်လျက်ရှိရာ ပရိယတ္တိမရှိလျှင် သာသနာမှာကြာရှည်စွာ မထွန်းကား နိုင်၊ ထို့ကြောင့် ပိဋကတ်တော်များရှိဖို့လိုကြောင်း အချက်တစ်ခုပေါ်ရှိ

သဖြင့် သထုံပြည်သို့ ပိဋကတ်တော်များသွားရောက်တောင်းခံရန် သတိရမိသည်။ တဆက်တည်းမှာပင် သီဟိုဠ်သာသနာဝင်များ၏ သာသနာပြုသင်ခန်းစာများလည်း သိရှိထားနှင့်သည်။

ဗုဒ္ဓသာသနာတော်စစ် မျက်နှာသစ်ဖွင့်ရာ၌ သင်ခန်းစာယူရမည့်အချက်များကို သီဟိုဠ်သာသနာဝင်က ဖော်ပြလျက်ရှိ၏။

၁။ သာသာပြု ပုဂ္ဂိုလ်သည် သီလ, သမာဓိ, ပညာပြည့်သော အရိယာတပည့်တော်ဖြစ်ရုံမျှမက တန်ခိုးဣဒ္ဓိပါဒ်များပါပြည့်စုံမှ ပို၍ ခရီးရောက်အောင်မြင်ခြင်း၊ ဝါ-ပဋိပတ္တိနည်းဖြင့်ဦးစွာ သာသနာပြုမှ အောင်မြင်ခြင်း။

၂။ အတန်အသင့် အရည်အသွေးများပြည့်စုံလာလျှင် ပရိယတ္တိကိုပါ ပူးတွဲကျင့်ဆောင်ရ၏၊ ပရိယတ္တိဆိုရာတွင် ဘာသာစာပေတစ်ရပ်သဘောမျှလောက် လေ့လာရုံမျိုးကို မဆိုထားဘိ၊ သာမန် စာသင်စာချခြင်းမျိုးနှင့်လည်း မလုံလောက်၊ စင်စစ် "ဝိနည်းအဓိက ပရိယတ္တိ"ကို ထူထောင်ရပေလိမ့်မည်။

ဥရောပနိုင်ငံ၌ ပါဠိစာပေကို လွန်ခဲ့သော နှစ်ပေါင်း ၂၀၀ ကျော်ကပင် လေ့လာခဲ့ကြသော်လည်း၊ ဘာသာခြားစာပေတစ်ရပ် လေ့လာခြင်းမျိုးသာရှိခဲ့ကြ၍ အောင်မြင်သင့်သလောက် မအောင်မြင်ခဲ့ကြ၊ နှောင်းခေတ်သီဟိုဠ်မှ ဘာသန္တရကျွမ်းကျင်သော ပါဠိပညာရှင်ရဟန်းတော်များလည်း အပြည်ပြည်၌ ကျောင်းတည်၍ပင် သာသနာပြုခဲ့ကြစေကာမူ ပဋိပတ်ကိုထား၍ ပရိယတ်သည်ပင် လိုအပ်သော 'ဝိနည်းအဓိက ပရိယတ်'မဟုတ်တတ်သဖြင့် လကမ္ဘာသို့ သွားနိုင်သည်ဆိုသော်လည်း ရောက်ရုံမှတစ်ပါး အကျိုးထူးမပေါ်သကဲ့သို့ ဖြစ်ခဲ့ကြရလေသည်။

အသောကမင်း၏သားတော် ရှင်မဟာမဟိန္ဒမထေရ်မြတ်ကြီးပေးခဲ့သော သာသနာနယ်ပယ်သစ်တိုးချဲ့တည်ဆောက်ခြင်း သင်ခန်းစာကား လေးနက်လှပါပေ၏။ စင်စစ် ထေရဝါဒဗုဒ္ဓသာသနာတော်နယ်ပယ်သစ်ဖွင့်ရာ၌သာမက လက်ရှိသာသနာတည်ဆဲဒေသများတွင်

လည်း ပရိယတ်၊ ပဋိပတ် ဓုရ = တာဝန်နှစ်ရပ်စလုံး မထမ်းဆောင်နိုင်ပါက ရေရှည်တည်တံ့ရန် မဖြစ်နိုင်ချေ။

ဗုဒ္ဓဘာသာဝင် တစ်ဦးချင်း၏ သန္တာန်တွင်လည်း ဤအရည်အချင်းနှစ်မျိုး(တန်သလောက်)မပြည့်စုံလျှင် ဖြန့်ချိနိုင်သောအင်အား ရပ်တည်နိုင်သော အင်အားများချည့်နဲ့လျက်သာရှိနေပေမည်။

ဤနေရာ၌ အထူးမှတ်သားခွင့်ရသည်မှာ -

လူတစ်မျိုးက အခြားလူမျိုးတစ်မျိုးထံ သာသနာ့အမွေလွှဲပြောင်းဖြန့်ချိကြရာ၌ ပေါင်းကူးပေးခဲ့ရုံမျှသာ တတ်နိုင်၏။

ဆက်လက်တည့်တံ့ပြန့်ပွားရန်မှာ ဒေသခံလူမျိုးထဲကပင် ဓုရနှစ်ဖြာစာပေနှင့် လက်တွေ့ပြည့်စုံအောင်ဆည်းပူးကာ ကိုယ့်အမျိုး ကိုယ်ပြုနိုင်မှသာလျှင် ဝေါဟာရ၊ ဓလေ့ထုံးတမ်းကအစ ကျွမ်းကျင်ပြီးဖြစ်၍ ခရီးပေါက်နိုင်လေသည်။

အနော်ရထာသည် ဤသို့မှတ်သားဖွယ်၊ လေ့လာအတုယူဖွယ်တို့ဖြင့် ပုဂံနေပြည်တော်ကြီးအား မြတ်စွာဘုရားရှင်ဟောကြားအပ်သော တရားတော်များ၊ ထွန်းကားပြန့်ပွားတည်တံ့စေရေးနှင့် အလိုရှိအပ်သော ပိဋကတ်တော်၊ သရီရဓာတ်တော်များ သထုံပြည်သို့ သွားရောက်တောင်းခံရန် ဆုံးဖြတ်လိုက်လေသည်။ ထို့နောက် မင်းမှုထမ်းပညာအမတ်ကြီးငယ်၊ မှူးကြီးမတ်ကြီးများနှင့် တိုင်ပင်စုရုံးပြီး၊ အမတ်တစ်ဦးကို ဦးဆောင်ခိုင်းကာ လက်ဆောင်ပဏ္ဏာ၊ ရွှေပေလွှာများနှင့် သုဝဏ္ဏဘူမိတိုင်း၊ သုဓမ္မပုရမည်သော သထုံပြည်သို့စေလေသည်။

ဗုဒ္ဓသာသနာတော် စစ်မျက်နှာအသစ်ဖွင့်ရာ၌ သီဟိုဠ်သာသနာဝင်ကဖော်ပြသော ရှင်မဟိန္ဒပေးခဲ့သော သာသနာပြုသင်ခန်းစာများတွင် ဝိနည်းအဓိက၊ ပရိယတ္တိကို ထူထောင်ရပေမည်ဟု ဖော်ပြသည်၊ ဝိနည်းသည့်လွန်စွာမှ ရဟန်းများအတွက် အရေးပါသည်။ အထက်တွင် ရဟန်းစစ်မှန်များ ထွန်းကားပေါ်ပေါက်ရေးသည် အဓိကသိမ်အရေးပင်ဖြစ်သည် သိမ်စစ်လျှင်ရဟန်းစစ်မည် သိမ်မစစ်လျှင် ရဟန်းစစ်မဖြစ်နိုင်ဟုလည်း ရေးသားခဲ့ပြီးဖြစ်ရာ သီဟိုဠ်သာသနာထွန်းကားခြင်း

သဖြင့် ... ရ်မြွတ်သည် "မဟာသိမ်ကြီး"သမုတ်ထားသည်။ ...၌ ရံခါမ မဟာသိမ်ကိုပင် အဝိပ္ပဝါသသိမ်ဟု ...မ်ဟူသည်မှာ ကမ္မဝါစာဖြင့် ရွတ်ဖတ်သမုတ်အပ် ...ဖြစ်ပါသည်။ ယင်းမဟာသိမ်သည် အကြီးဆုံး သုံး ...ျယ်နိုင်ပါသည်။

...ဂိုင်ကျွန်း၌ အရှင်မဟိန္ဒထေရ်မြတ်သည် အနုရာဓမြို့ကြီး တစ်ခုလုံးကိုခြုံ၍ "မဟာသိမ်ကြီး"သမုတ်ထားပါသည်။ ယူဇနာပေါင်း နှစ်သိန်းလေးသောင်းအထုရှိသော မဟာပထဝီမြေကြီးကို ခံသောရေ တိုင်အောင် သိမ်ဖြစ်နေပါသည်။

ဂါမသိမ်ဟုဆိုရာတွင် နိုင်ငံတော်အစိုးရမြေပုံ၌ ရွာနယ်တစ်ခု ဟု သတ်မှတ်ထားသော အရပ်ကိုခေါ်သည်။ ဂါမသိမ်၌ လူတို့နေရာ ရွာ၊ ထိုရွာသူရွာသားများ၏ အသက်မွေးဝမ်းကြောင်းလုပ်ကိုင်စား သောက်ရာ၊ လယ်ယာ၊ တော၊ တောင်၊ တစ်ဖက်ဆည်၊ သုဿန်စသည် ပါဝင်ပါသည်။

ရွာနယ်အတွင်းရှိ မြစ်ချောင်း၊ ဇာတသာရအိုင်တို့ကို "ဂါမ သိမ်"ဟု မခေါ်ရ။ ယင်းတို့ကား ဂါမသိမ်နှင့်အလားတူသော "အဗဒ္ဓ သိမ်"တို့တည်း။

ယင်းဂါမသိမ်ကိုပင် (ဂါမခေတ်) ဟုခေါ်ပါသေးသည်။ ဤ၌ "ဂါမ ဂါမူပစာရ" တို့ကိုလည်း သိထားသင့်ပေသည်။ ဂါမဟူသည် မှာ ဂါမသိမ်၊ ဂါမခေတ်တို့ကို အတိုနည်းဖြင့်ခေါ်သောအမည်ဖြစ်သည်။ အရံရှိသောရွာမြို့တို့၌ အိမ်နှင့်အိမ်စည်းရိုးအရပ်၊ အရံမရှိသောရွာ နိဂုံး မြို့တို့၌ အရံထိုက်ရာ၏ အတွင်းအရပ်သည်ဂါမမည်ပါသည်။ ဤဂါမ ကို "အဝိပ္ပဝါသ" သိမ်အရာ၌ သုံးပါသည်။

"ဂါမူစာရ" ဟူသည် အလိုရှိသော ရွာနိဂုံး၊ မြို့၌အရံအရပ် အရံမရှိသော ရွာနိဂုံးမြို့တို့၌ အရံထိုက်ရာအရပ် ဂါမူပစာရမည်ပါသည်။ "ရွာဥပစာ" ဟူ၍ ဆိုလိုပါသည်။ ဤဂါမူပစာရကိုလည်း "အဝိပ္ပဝါသ" သိမ်အရာမှာသုံးပါသည်။

ဥဒကုက္ခေပသိမ်ဟုလည်းရှိသည်။ လူများစွာသိနေကြသော "ရေသိမ်"သည် ဥဒကုက္ခေပသိမ်ဖြစ်သည်။ ထိုရေသိမ်ကို မြစ်၊ သမုဒ္ဒရာ၊ ဇာတဿရအိုင်တို့၌ ရှိနိုင်ပါသည်။ ယင်းတို့၌ ကမ္မဝါစာဖြင့် သိမ်သမုတ်၍မရပါ။ သိမ်မသမုတ်ဖွယ်လည်း မလိုအပ်ပါ။ ကမ္မဝါစာဖြင့်မသမုတ်ပဲ အလိုအလျောက်သိမ်ဖြစ်နေခြင်းကြောင့်ဖြစ်သည်။

ထိုသို့ အလိုအလျောက်ဖြစ်နေသော သိမ်တို့၌ ကံပြုသည့်အခါ မြစ်တစ်ခုလုံး၊ သမုဒ္ဒရာတစ်ခုလုံး၊ ဇာတဿရအိုင်တစ်ခုလုံးကို သုတ်သင်ရမည်ကား ယင်းသို့မဟုတ်ပါ။ ဘုရားရှင်က-

ရဟန်းတို့ မြစ်၌၊ သမုဒ္ဒရာ၌၊ ဇာတဿရအိုင်၌ဖြစ်စေ၊ အားအလယ်အလတ်ရှိသော ယောကျ်ား၏ထက်ဝန်းကျင်မှ ရေတကျသည့် တူသောကံကြီးကံငယ်ရှိရာ တူသောဥပုသ်ရှိရာ သိမ်ဖြစ်သည်ဟု ဟောတော်မူသည် သို့ဖြစ်၍ မြစ်၊ သမုဒ္ဒရာ၊ ဇာတဿရအိုင်တို့၌ ရေတကျပမာဏရှိသောအရပ်သည် သိမ်ဖြစ်ပါသည်။ ထိုရေတကျအတွင်းသာ သုတ်သင်ရတော့သည်။ မြစ်၊ သမုဒ္ဒရာ၊ ဇာတဿရအိုင် တစ်ခုလုံးကို မသုတ်သင်ရပါ။

(ပုဂံခေတ်ဦး သီဟိုဠ်-မြန်မာသာသနာရေးဆက်ဆံမှုများ အဆက်မပြတ်ရှိနေခဲ့သည်ကို တွေ့နိုင်၏။ သီရိရတနာပုရခေါ် မုတ္တမမြို့မိဖုရားကြီး ဆရာဗုဒ္ဓဝံသထေရ်၊ မဟာနာဂထေရ် ထို့နောက် မုတ္တမမြို့ ဆင်ဖြူရှင်မင်းကြီးမယ်တော်၏ ဆရာဖြစ်သော မေဓင်္ကရထေရ်၊ ထို့နောက် သုဝဏ္ဏသောဘဏထေရ် စသည်တို့လည်း သီဟိုဠ်သို့အသီးသီးကြွရောက်ကာ မဟာဝိဟာရထေရဝါဒသာသနာကို ဆက်ခံသောအားဖြင့် ရေသိမ်၌ ပဉ္စင်းထပ်မံ၍ မြန်မာနိုင်ငံ၌ ပြန်လည်သာသနာပြုကြသည်။ (သာသနလင်္ကာရ- ၆၁. ၂)

သတ္တဗ္ဗန္တရသိမ်ဟူ၍လည်းရှိပြန်သည်။ ရွာမရှိရာဖြစ်သော တောအရပ်၌ ကမ္မဝါစာဖြင့် မသမုတ်ရဘဲ အလိုလိုဖြစ်သော သိမ်မျိုးဖြစ်ပါသည်။ "တော" အရဂါမသိမ်၊ နိဂမသိမ်၊ နာဂရသိမ်တို့ဖြင့် မပိုင်းခြားအပ်သော တောသာမန်ဖြစ်စေ၊ တောကြီးဖြစ်စေ၊ တံငါသည်တို့

နေ့ချင်းပြန်မသွားရောက်နိုင်သော သမုဒ္ဒရာအလယ်ရှိ ကျွန်းတို့ဖြစ်စေ ဖြစ်နိုင်ပါသည်။

ထိုတောတို့နှင့် သမုဒ္ဒရာအလယ်ရှိ ကျွန်းတို့၌ ရဟန်း၏ပတ်ဝန်းကျင်မှ တစ်အဗ္ဘန္တရလျှင် ၂၈ တောင်ရှိ ခုနစ် အဗ္ဘန္တရအရပ်သည် "အတ္တဗ္ဘန္တရသိမ်" မည်ပါသည်။ သတ္တဗ္ဘန္တရဟူသည် ခုနှစ် အဗ္ဘန္တရဟု ဆိုလိုပါသည်။

ယင်းခုနစ် အဗ္ဘန္တရတိုင်းသောအခါ ပရိသတ်အစွန်းမှတိုင်းရသောကြောင့် ဤသတ္တဗ္ဘန္တရသိမ်သည် ပရိသတ်များလျှင် များသလောက်ကျယ်သွားပါသည်။ ဤသတ္တဗ္ဘန္တရသိမ်၌ ထူးခြားချက်တစ်ခုရှိ၏။ ယင်းကား တိစီဝရိတ် အဓိဋ္ဌာန်တင်ထားသော ရဟန်းသည် တိစီဝရိတ်နှင့် ညဥ့်ကင်း၍ နေခွင့်ရခြင်းဖြစ်သည်။ အဓိဋ္ဌာန်တင်ထားသော တိစီဝရိတ်သက်န်းနှင့်ကင်း၍ အရုဏ်တတ်သော်လည်း နိဿဂ္ဂိပါစိတ်အာပတ်မသင့်ပါ။ ဂါမသိမ် ဝိသုံဂါမသိမ်တို့၌ကား ယင်းအခွင့်အရေးမျိုးကားမရနိုင်ပါ။

ရေးသားဖော်ပြခဲ့သော သိမ်များအပြင် ဝိသုံဂါမသိမ်ဟူ၍ရှိသေး၏။ ဝိသုံဂါမသိမ်ဟူသည် ဂါမသိမ်၏ တစ်စိတ်တစ်ပိုင်းကို ပိုင်းဖြတ်၍ သီးခြားရွာဖြစ်စေဟု အစိုးရတို့က သတ်မှတ်အပ်သောအရပ်ကို "ဝိသုံဂါမသိမ်" ဟုခေါ်ပါသည်။ ထိုသို့အစိုးရတို့က သတ်မှတ်ပေးလျှင် ထိုသတ်မှတ်ပေးသောအရပ်သည် "ဝိသုံဂါမ" ဟူသော သီးခြားရွာဖြစ်တော့သည်။ ထိုသီးခြားရွာကိုပင် ပါဠိလို "ဝိသုံဂါမသိမ်" ဝိသုံဂါမသိမ် သီးခြားရွာအပိုင်းအခြားဟု ခေါ်ပါသည်။

အစိုးရတို့က ဝိသုံဂါမဖြစ်စေဟု သတ်မှတ်ပြီးသည်နှင့်တစ်ပြိုင်နက် သတ်မှတ်အပ်သောအရပ်သည် ဝိသုံဂါမသိမ်ဖြစ်သည်။ ယင်းဝိသုံဂါမသိမ်ကို "ဗဒ္ဓသိမ်" မသမုတ်သော်လည်း ရဟန်းခံခြင်းစသောကံကြီးကံငယ်ပြုနိုင်ပါသည်။

## ဝိသုံဂါမအမိန့်နှင့်နေရာဌာန

ပကတိဂါမ၊ ပကတိရွာမှ ဝိသုံဂါမ သီးခြားရွာပေးရခြင်းမှာ ကံကြီးကံငယ်ပြုရာ၌ ပကတိဂါမ ပကတိရွာနယ်မြေက ကျယ်လွန်း၍ ကံပြုလိုသော် တစ်သိမ်တည်းဖြစ်နေသဖြင့် -

၁။ ဆန္ဒလိုက်တောင်းဖို့လည်းမလွယ်ကူ

၂။ သံဃာ့ဘောင်သို့ နှစ်ထောင့်ထွာ ဟတ္ထပါတ်စပ်ဖို့လည်းမလွယ်ကူ

၃။ ရွာနယ်မြေအပြင်ဘက်သို့ ထွက်နေဖို့လည်းမစွမ်းနိုင်

၄။ ဗဒ္ဓသိမ်တစ်ခုခု၌ ဝင်နေဖို့လည်းအသင့်မရှိ

ယင်းသို့ဖြစ်လျက် အကယ်၍ကံပြုလျှင် ထိုပြုအပ်သောကံသည် ဝဂ်တစ်ခုဖြစ်နေ၍ အချည်းအနှီးဖြစ်ဖို့သာ အကြောင်းရှိပါတော့သည်။

ဝိသုံဂါမသိမ်ဟူသည်မှာ နယ်သိမ်းဖို့လွယ်ကူစေရန် အစိုးရတို့က ပြုလုပ်ပေးသော ဝိနည်းပရိယာယ်တစ်ခုသာဖြစ်ပါသည်။ ယင်းသို့ဂါမတို့ ဂါမခေတ်ရွာနယ်မြေအတွင်းဖြစ်က သာသနာ့မြေဖြစ်သည်ဖြစ်စေ၊ မဖြစ်သည်ဖြစ်စေ၊ ကျောင်းတွင်းဖြစ်သည်ဖြစ်စေ၊ ကျောင်းပြင်ဖြစ်သည်ဖြစ်စေ၊ အယုတ်ဆုံးလယ်ကွက် လယ်ကွက်ထဲမှာပင်ဖြစ်စေ၊ မည်သည့်နေရာ၌မဆို ဝိသုံဂါမရွာ သီးခြားပေးနိုင်ပါသည်။

ယင်းသို့ ဝိသုံဂါမပေးရာ၌ မြေကွက်ကိုအပိုင်ပေးမှု၊ မပေးမှုမှာ ပဓာနမဟုတ်ပါ၊ သီးခြားရွာဟုသတ်မှတ်ပေးခြင်းသာ ပဓာနဖြစ်ပါသည်။ ဝိသုံဂါမရွာ သီးခြားဖြစ်ပါသည်။

ယင်းဝိသုံဂါမရွာသီးခြားပေးတွင် ဗဒ္ဓသိမ်သမုတ်ထားလျှင် ဝိသုံဂါမအမိန့်ကို ရုပ်သိမ်းလိုက်သော်လည်း ဝိသုံဂါမရွာသီးခြားသာပျက်သည်။ သမုတ်ထားသော ဗဒ္ဓသိမ်ကားမပျက်ပါ ဗဒ္ဓသိမ်ကို သမုတ်ထားပြီး ပျက်နိုင်သော အကြောင်းတရားတို့သည် -

- သိမ်နှုတ်ကမ္မဝါစာဖြင့်ရွတ်ဖတ်ပြီး နှုတ်လျှင်လည်းကောင်း၊
- ဘုရားသာသနာတော် ကွယ်သွားလျှင်လည်းကောင်း၊ ဤအကြောင်းနှစ်ကြောင်းကြောင့်သာ ဗဒ္ဓသိမ်ပျက်ပါသည်။ အခြားအကြောင်းကြောင့်မပျက်နိုင်ပါ။

## နယ်သိမ်းသိမ်

ထိုမှတစ်ပါး နယ်သိမ်းသိမ်ဟူ၍လည်းရှိသေး၏။ နယ်သိမ်းသိမ်ဟူသည်မှာ ဂါမခေတ်တစ်ခုလုံးရှိ ရဟန်းများကို ကံပြုရာအရပ်သို့ စုဝေးစေခြင်းနှင့် ကံပြုရာသို့ မလာရောက်နိုင်သော ရဟန်းတို့၏ ဆန္ဒကိုတောင်းခြင်း၊ သို့မဟုတ် ထိုရဟန်းတို့ကို မိမိတို့ကျောင်း၊ ကျောင်းတိုက်အသီးသီးတို့၌ရှိသော ဗဒ္ဓသိမ်တို့၌ဝင်၍နေစေခြင်း၊ သို့မဟုတ် ကံပြုရာဂါမခေတ်၏ အပြင်ဘက်သို့ထွက်၍နေစေခြင်း၊ တစ်ခြားဂါမခေတ်မှ ရဟန်းများ ဝင်မလာနိုင်စေရန် လမ်း၊ မြစ် စသည်တို့၌ အစောင့်များချထားခြင်းတို့ကို နယ်သိမ်းသည်ဟုခေါ်ပါသည်။

နယ်သိမ်းသည်နှင့် သံဃာသိမ်ဟူသည်မှာ အတူတူပင်ဖြစ်ပါသည်။ စင်စစ်နယ်အတွင်းရှိ သံဃာကိုသာ သိမ်းခြင်းဖြစ်၍ သံဃာသိမ်းဟုလည်းခေါ်နိုင်ပါသည်။ ယင်းသို့ နယ်သိမ်းပြီး သမုတ်သောသိမ်ကို နယ်သိမ်းသိမ်ဟု ခေါ်ဆိုပါသည်။

## အစိုးရတို့က အမိန့်ပြန်ရုတ်သိမ်းသော်လည်း

ဘာ့ကြောင့် နယ်သိမ်းရသနည်းအမေးကို ရှင်းလင်းမည်ဖြစ်ရာ အနည်းငယ်မျှ ကျယ်ပြန့်မည်ဖြစ်ည်။ သိမ်သမုတ်နည်းသည် -

ဝိသုံဂါမတောင်း၍ သမုတ်နည်း

ရွာနယ်သိမ်း၍ သမုတ်နည်းဟု နှစ်နည်းရှိပါသည်။ ယင်းသို့ရှိရာ "ဝိသုံဂါမ"သည် ကမ္မဝါစာဖြင့် သမုတ်အပ်သော သိမ်မဟုတ်ပါ၊

အစိုးရတို့က ပကတိရွာမှ ဝိသုံဂါမရွာအဖြစ် သတ်မှတ်ပေးလိုက်သည်နှင့် တပြိုင်နက် အလိုလိုသိမ်အဖြစ်သို့ ရောက်ရှိလာသော သိမ်သာလျှင်ဖြစ်ပါသည်။ ယင်းဝိသုံဂါမမှာ တစ်မျိုးမဟုတ်ပါ။

ထိုသို့သိမ်ဖြစ်သော် အဘယ်ကြောင့် သမုတ်ရနည်း၊ ဝိသုံဂါမတောင်းသူက ပြန်အပ်သော်လည်း အစိုးရတို့က အမိန့်ပြန်ရုပ်သိမ်းသော်လည်းကောင်း ပျက်သွားပါသည်။ ထို့ထောင့်ဝိသုံဂါမပျက်သွားသော်လည်း သိမ်မပျက်ရန် ဝိသုံဂါမသိမ်ပေါ်၌ ဗဒ္ဓသိမ်သမုတ်ရပါသည်။

ဝိသုံဂါမသည် ဟာတိဂါမလောက် မကျယ်ဝန်းပါ၊ သိမ်ဆောက်လုပ်၍ ရယုံမျှသာဖြစ်ပါသည်။ ယင်းသို့ဝိသုံဂါမတောင်းရခြင်းမှာ မိမိတို့ ဂါမခေတ်ရွာနယ်မြေကျယ်ဝန်း၍ နယ်မသိမ်းနိုင်သောကြောင့်လည်းကောင်း၊ မီးရထား၊ မော်တော်ကားစသည် လွန်စွာများပြားသဖြင့် နယ်သိမ်းရန်ခက်ခဲလွန်းသောကြောင့်လည်းကောင်း ဝိသုံဂါမတောင်းရခြင်းသာ ဖြစ်သည်။

အကယ်၍ဂါမခေတ် နယ်မြေကျဉ်းသော်လည်းကောင်း၊ နယ်သိမ်းရန်လွယ်ကူသော်လည်းကောင်း ယင်းဝိသုံဂါမ အမိန့်မတောင်းပဲ နယ်သိမ်း၍ "နယ်သိမ်းသိမ်"သမုတ်လိုက်ရုံပင် ဖြစ်ပါသည်။

နယ်သိမ်းရခြင်း အကြောင်းရင်းမှာ ဝိသုံဂါမတောင်းရသည်မှာ ခက်ခဲလွန်းသောကြောင့်လည်းကောင်း၊ ကံပြုရေးအခက်တွေ့သောကြောင့်လည်းကောင်း ဝိသုံဂါမ မတောင်းဘဲ နယ်သိမ်းရခြင်းဖြစ်ပါသည်။

## မဟာပထဝီမြေကြီး၏အဆုံး

အချို့သော သူတို့သည် သိမ်သမုတ်ရန်သာလိုသည်၊ မည်သည့်အတွက်ကြောင့် သိမ်နုတ်ကြပါသနည်း။ သိမ်သမုတ်မည့်နေရာတွင် သိမ်သမုတ်ပြီးလျှင် ပြီးစီးရောမဟုတ်လား စသဖြင့် ပြောဆိုမှု ဝေဖန်ပိုင်း

ခြားမှုရှိတတ်ကြပေရာ သိမ်ပျက် ၁၁ လုံးရှိရာတွင် -

သိမ်ခြင်းစပ်၍ သမုတ်သော သဗ္ဗဒသိမ်နှင့်

သိမ်တစ်ခုကို လွှမ်းမိုး၍သမုတ်အပ်သော အဇ္ဈောတ္ထရဏသိမ်ဟူ၍ ဤသိမ်ပျက်န ၂ မျိုးကို သိရှိထားဖို့အရေးကြီးပေသည်။ မိမိတို့သိမ်သမုတ်မည့်နေရာတွင် သိမ်ဟောင်းရှိနေလျှင်လည်း ယခုအသစ်သမုတ်မည့်သိမ်သည် အောင်မြင်နိုင်ခြင်းမရှိပါ။ အသစ်သမုတ်မည့်သိမ်သစ်နေရာတွင် သိမ်ဟောင်းမှမြေအားလည်းကောင်း၊ အနည်းဆုံးရဟန်း ၄ ပါးကံပြုလောက်သော အရပ်ဖြစ်သော်လည်းကောင်း၊ အကယ်၍ပါနေပါက လွှမ်းမိုး၍သမုတ်သော သိမ်ပျက်မည်ပါသည်။

ရဟန်း ၄ ပါး နေလောက်ရုံအရပ်မှ အနည်းငယ်လျော့သောနေရာဖြစ်ခဲ့ပါလျှင် စပ်၍သမုတ်သော သိမ်ပျက်မည်ပါသည်။

ထို့ကြောင့် သိမ် ၂ မျိုးစလုံးမအောင်မြင်ပါ။ ယင်းသို့စပ်၍ဖြစ်စေ၊ လွှမ်းမိုး၍ဖြစ်စေ ထပ်ပြီးသမုတ်လိုက်လျှင် ထိုသို့သမုတ်ခြင်းကြောင့် မူလကရှိရင်းစွဲသိမ်ဟောင်းမှာ ပျက်မသွားနိုင်ပါ။ ယူဇနာနှစ်သိန်းလေးသောင်းအထုရှိသော မဟာပထဝီမြေကြီး၏အဆုံးအထိသိမ်အဖြစ်ဖြင့်တည်နေပါသည်။ သိမ်အသစ်သာမအောင်မြင်ပါ၊ ထို့ကြောင့် သိမ်သစ်အောင်မြင်စေခြင်းငှာ အသစ်ထပ်ပြီးသိမ်နုတ်ရပါသည်။

## အများသံသယကင်းရှင်းအောင်

သိမ်အသစ်သမုတ်မည့်နေရာတွင် သိမ်အဟောင်းမရှိဟု အတိအကျသိပါလျှင် သိမ်နုတ်ရန်မလိုအပ်ပါ။ အသစ်သမုတ်လိုက်ရုံမျှသာဖြစ်ပါသည်၊ သို့သော် . . . ဂေါတမဘုရားရှင်၏ သာသနာတော်အတွင်း၌ ဤနေရာသည် သိမ်သမုတ်ထားခြင်းမရှိဟု မည်သူမျှအတိအကျမပြောနိုင်ပါ။ ထို့ကြောင့် အကယ်၍သိမ်ဟောင်းရှိခဲ့ပါက သိမ်ဟောင်းကျွတ်သွားမည်ဖြစ်ပြီး မရှိခဲ့ပါက ပို၍စင်ကြယ်သွားမည့်အပြင် ဝိနည်း

အတွက် သံသယကင်းရှင်းသွားပါမည်။

ထို့ကြောင့် သိမ်နုတ်ရာတွင် တစ်ကြိမ်တစ်ခါမျှ နုတ်သည်မဟုတ်ဘဲ သိမ်သမုတ်သည့်နေရာအနှံ့ အထပ်ထပ်နုတ်သင့်ပါသည်။ မည်သည့်နေရာတွင် သိမ်ဟောင်းရှိသည်ဟု ဧကန်အမှန်မသိနိုင်သဖြင့် စိတ်ချလက်ချဖြစ်ရလေအောင် နေရာအနှံ့ အပြားအထပ်ထပ်အခါခါ နုတ်ရပါသည်။ ထိုသို့နုတ်မှသာလျှင် ဧကန်အမှန် သိမ်ဟောင်းကျွတ်ပြီးရှင်းပြီး အများသံသယကင်းရှင်းစွာ လက်ခံနိုင်မည်ဖြစ်ပါသည်။

သိမ်နုတ်သည့်အခါ လေးမျက်နှာပိုပြီးနုတ်ရပါသည်။ ညောင်စောင်းတစ်ခုစာ၊ နှစ်ခုစာပိုပြီးနုတ်ရပါမည်။ မိမိသမုတ်မည့်သိမ်သစ်နေရာတွင် ပါဝင်နေသော သိမ်ဟောင်း၏တည်နေရာအရပ်မှာ ရဟန်းလေးပါးထိုင်လောက်သော အရပ်မဟုတ်ဘဲ အနည်းငယ်မျှပါဝင်နေဦးမည်ဖြစ်ရာ ယင်းအနည်းငယ်မျှသော သိမ်ဟောင်းကျွတ်သွားမည်မဟုတ်ပဲ ကျန်ရှိနေပေဦးမည်။ အဘယ်ကြောင့်ဆိုသော် ယင်းအနည်းငယ်မျှသိမ်ဟောင်းပေါ်၌ ရဟန်းလေးပါးနေထိုင်လျက် ကမ္မဝါစာဖတ်သည်မဟုတ်သောကြောင့်ဖြစ်ပါသည်။ ထို့ကြောင့် ရဟန်းလေးပါးဟူသော သံဃာပြည့်မှ ကမ္မဝါစာရွတ်ဖတ်ရသည်ကိုလည်း သေချာစွာမှတ်ယူသင့်ပါသည်။

## အရေးကြီးသည်

သိမ်နုတ်ရာ၌ အရေးကြီးသောအကြောင်းအရာများ မဖော်ပြမီ၊ သိမ်နုတ်ရာတွင် သိရှိထားရမည့်အချက် နှစ်ချက်ရှိပါသည်။ ထိုအချက်များမှာ -

မိမိနုတ်ရမည့် သိမ်ပေါ်၌ အနည်းဆုံးရဟန်းလေးပါးရှိခြင်း၊

သိမ်နုတ်ရမည်ဟု နှလုံးသွင်း၍ ကမ္မဝါစာဖတ်ခြင်းဟူ၍ အင်္ဂါနှစ်ချက်ရှိပါသည်။

သိမ်နုတ်အင်္ဂါပြရာ၌ "သိမ်နုတ်အံ့" ဟူသော နှလုံးသွင်းခြင်း

ဖြင့်ဖတ်မှသာ သိမ်ပေါင်းကျွတ်ပါသည်။ ဆေးစီရင်ခြင်းစသည်အကျိုး ငှာ သိမ်နုတ်ကမ္မဝါစာကို ဖတ်သော်လည်း သိမ်ပေါင်းမကျွတ်ပါ။ "သိမ် နုတ်အံ့" ဟု နှလုံးသွင်းမရှိသောကြောင့်ဖြစ်ပါသည်။ ထို့ကြောင့် သိမ် နုတ်စဉ်တွင် "သိမ်နုတ်အံ့" ဟု နှလုံးသွင်းရှိရမည်ဖြစ်သည်။

စိတ်၏အပြောင်းအလဲများ အလွန်လျှင်မြန်သောကြောင့် အထူးသတိထားရမည်ဖြစ်ပါသည်။ ဗဒ္ဓသိမ်၌နုတ်ရန်မှတစ်ပါး အခြား အကြောင်းများကြောင့် သိမ်နုတ်ကမ္မဝါစာ မဖတ်သင့်ပါ။ ဆေးစီရင် သည်ဟု နှလုံးသွင်းရာမှ "သိမ်နုတ်သည်" ဟု နှလုံးသွင်းမိသွားလျှင် များစွာခက်ခဲနစ်နာလျက် သိမ်ပျက်သွားပါလိမ့်မည်။

သိမ်နုတ်ရာတွင် အရေးကြီးသည်ဆိုသည်မှာ သိမ်နုတ်သည့် အခါ မြေနေရာအမျိုးမျိုးရှိနေ၍ အထပ်ထပ်နုတ်ရ၏။ သို့မှသာ သိမ် သစ်သမုတ်သည့်အခါ စိတ်ချလက်ချဖြစ်သည်။ သိမ်မအောင်မြင်ပါက အကျိုးမရှိရုံမျှမက အပြစ်များစွာဖြစ်နိုင်ပေသည်။

မအောင်မြင်သော သိမ်ပျက်၍ကံပြုသော် ယင်းကံတို့သည် အောင်မြင်မှုမရနိုင်ပါ။ ရဟန်းခံလျှင်လည်း ယင်းရဟန်းလောင်းလည်း ရဟန်းအဖြစ်သို့ မရောက်ရှိနိုင်တော့ပါ။

သိမ်နုတ်သောအခါ အဝိပ္ပဝါသသိမ်ကို ရှေးဦးစွာနုတ်ပြီးမှ သမာနသံဝါသကသိမ်ကို သမုတ်ရသည်။ ယခင်သိမ်သမုတ်ထားစဉ်က သမာနသံဝါသကသိမ်ကို ရှေးဦးစွာသမုတ်၍ နောက်မှ အဝိပ္ပဝါသက သိမ်ကို သမုတ်ခဲ့သောကြောင့်ဖြစ်ပါသည်။

သိမ်နုတ်ရာတွင် ခဏ္ဍသိမ်၌တည်၍ အဝိပ္ပဝါသခေါ် မဟာ သိမ်ကိုမနုတ်ရပါ။ ထို့အတူပင် မဟာသိမ်၌တည်၍ ခဏ္ဍသိမ်ကိုမနုတ် ရပါ။ ခဏ္ဍသိမ်တည်၍ ခဏ္ဍသိမ်ကိုသာနုတ်ရပါသည်။ သိမ်နုတ်သော အခါ -

အကွက်ချ၍နုတ်နည်းနှင့် အကွက်မချဘဲနုတ်နည်းဟူ၍ နှစ် မျိုးရှိသည့်အနက် အကွက်ချနုတ်နည်းမှာ ရှေးဟောင်းနည်းဖြင့်လည်း ကောင်း၊ လက်တွေ့နုတ်ရာ၌ လွယ်ကူ၍လည်းကောင်း အကွက်မချဘဲ

မလွဲအောင် မှတ်သားထားခြင်းငှာ စွမ်းနိုင်ပါလျှင်လည်း နုတ်ကောင်းသည်၊ နုတ်အပ်ပါ၏။

သိမ်နုတ်ရာ၌ မည်ကဲ့သို့နုတ်နုတ် သိမ်ဟောင်းကျွတ်ရေးပင် အဓိကဖြစ်ပါသည်။ သို့သော် ရဟန်း ၄ ပါးမထိုင်လောက်၍ဖြစ်စေ၊ အနည်းငယ်မျှသော သိမ်ဟောင်းပါဝင်နေလျှင်ဖြစ်စေ အဆိုပါသိမ်ဟောင်းကျွတ်သည်မဟုတ်ပါ။ အကယ်၍ သိမ်ဟောင်းမကျွတ်ပဲ အပေါ်ကထပ်၍ သိမ်သမုတ်လျှင် ယင်းသိမ်အသစ်မှာ မည်ကဲ့သို့မျှ မအောင်မြင်နိုင်ကြောင်း၊ ထို့ကြောင့် သိမ်အသစ်ထဲ၌ပြုသော သံဃာကမ်အားလုံးတို့သည်လည်း အောင်မြင်နိုင်ခြင်းမရှိ၍ များစွာမှထိခိုက်လှပါသည်။

## သိမ်ပျက်မည်ပါသလော

သိမ်နုတ်နည်းတို့မှာ ကိုးနည်းရှိကုန်၏။ ယင်းတို့အကုန်နုတ်သည်လည်းရှိ၏၊ မနုတ်သည်လည်းရှိ၏။ ထိုသိမ်နုတ်နည်းကိုးနည်းတို့မှာ -

၁။ ကလျာဏီကျောက်စာလာနုတ်နည်း၊

၂။ ဝိနယာလင်္ကာရနုတ်နည်း၊

၃။ မိုင်းခိုင်းသိမ်ပုံကျမ်းလာနုတ်နည်း၊

၄။ ရင်ဘောင်တန်းနုတ်နည်း၊

၅။ ခရုပတ်နုတ်နည်း၊

၆။ လှူးလာတံ့ခေါက်နုတ်နည်း၊

၇။ ပျားကြီးစွဲနုတ်နည်း၊

၈။ ကြက်ခြေခတ်နုတ်နည်း၊

၉။ ထောင့်တန်းနုတ်နည်း ဟူ၍ ကိုးနည်းတို့ဖြစ်ပါသည်။

သိမ်နုတ်ရာ၌ အချို့ကမ္မဝါစာများ၏ ကောင်းလေဟုဆို၏။ တစ်ပါးကြား၊ နှစ်ပါးကြားဖြစ်စေ၊ သံဃာကုန်ဖြစ်စေ၊ သံဃာအများရွတ်ဖတ်နုတ်နိုင်၏။ နုတ်အပ်၏ဟုဆို၏။ ရှေးက ကမ္မဝါစာရွတ်ဖတ်

ရာ၌ တစ်ပါးတည်းသာရွတ်ဖတ်သည်။ နောက်၌ လက်ကလွတ်ခြေကမြဲ၊ "ခြေကလွတ်လက်ကမြဲ၊ မြဲသံသရာပတ်" သဘောမျိုးဖြင့် နှစ်ပါးသုံးပါး စသည်ဖြင့် အတူပေါင်း၍ ရွတ်ဖတ်ကြပါသည်။ များများဖတ်လေ ခိုင်မြဲလေဖြစ်သောကြောင့် လေးပါး၊ လေးပါးထက်အလွန်ဖတ်ခြင်းမှာ အပြစ်မရှိပါ။ ပို၍ပင် ခိုင်မြဲခြင်းနှင့်သက်သာခြင်းအကျိုးကျေးဇူး ရရှိ၏ဟု ဆို၏။

သိမ်သမုတ်သောအခါ သိမ်နိမိတ်မှာ များစွာအရေးကြီးပါသည်။ နိမိတ်ကျိုးသောသိမ်နှစ်မျိုးရှိသည့်အနက် "နိမိတ်ခြင်းစပ်အောင် မကြားဘဲ သမုတ်သောသိမ်" မှာ အရှေ့အရပ်ကစ၍ကြားလျှင် အစဉ်အတိုင်း အရှေ့အရပ်အထိကြားရမည်။ အရှေ့အရပ်ကို ထပ်၍ကြားရဦးမည်ဖြစ်သည်။

ဒုတိယတစ်မျိုးသည် "လောက်သောနိမိတ်အကြား၌ မလောက်သောနိမိတ်ကိုဖြစ်စေ၊ နိမိတ်မလုပ်ကောင်းသောဝတ္ထုဖြစ်စေ၊ နိမိတ်ကြား၍ သမုတ်သောသိမ်တို့ဖြစ်သည်။ ဤသိမ်တွင် နိမိတ်မလုပ်ကောင်းသော သဲပုံစသည်နှင့်နိမိတ်မလောက်သော သစ်ပင်စသည်ကို နိမိတ်လုပ်၍ သမုတ်သောသိမ်ဖြစ်က ထိုသိမ်နှစ်မျိုးလုံး နိမိတ်ကျိုးသော သိမ်မည်ပါသည်။

အဋ္ဌကထာတွင် သိမ်နိမိတ်သည် အနည်းဆုံးသုံးခုရှိလျှင် အပ်၏ဟုဆိုသည်။ ထိုသို့နိမိတ်သုံးခုဖြင့် သမုတ်ရာ၌ နိမိတ်တစ်ခုပျက်လျှင် ထိုသိမ်ပျက်မည်သေချာသည်။ သို့မဟုတ်ပဲ နိမိတ်လေးငါးခုဖြင့် သမုတ်ရာ၌ နိမိတ်တစ်ခုပျက်ခဲ့သော်လည်း အခြားနိမိတ်များ ကျန်ရှိနေသောကြောင့် နိမိတ်ကျိုးခြင်းမမည်ပါ။

သိမ်ပဒ္ဒတည်၍ သမုတ်သောသိမ်မှာ နိမိတ်တို့ကိုကြားပြီးနောက် ယင်းသိမ်နိမိတ်တို့၏ အပြင်ဘက်၌ကမ္မဝါစာရွက်ဖတ်သော ရဟန်းတို့နေ၍ ရွတ်ဖတ်သမုတ်သောသိမ်ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းတိုက်တစ်ခု၌ -

ခဏ္ဍသိမ်၊

မဟာသိမ် (၃)မျိုး သမုတ်သောအခါ ခဏ္ဍသိမ်၌နေ၍ မဟာသိမ်ကို မသမုတ်ရပါ။ မဟာသိမ်၌နေ၍ ခဏ္ဍသိမ်ကို မသမုတ်ရပါ။

သိမ်ကြောင့် ကမ်ပျက်နိုင်သည်ဟု ဘုရားရှင်အထပ်ထပ်ဟောတော်မူ၏။ သိမ်၏ ပမာဏသည် သံဃာ ၂၁ ပါးထိုင်လောက်သော အလွန်ငယ်သော 'အတိခုဒ္ဒကသိမ်'နှင့် သုံးယူဇနာထက် ဆံပင်တစ်ဖျားကြီးသော "အတိမာဟတီသိမ်"နေရာသည် သိမ်ပျက်မည်သည်ဖြစ်ပါသည်။

## ဗဒ္ဓသိမ်အောင်မြင်ခြင်းဆိုသည်မှာ

သိမ်သမုတ်သောအခါ အောင်မြင်သော သိမ်ဖြစ်စေရန်များစွာ အရေးကြီးလေသည်။ အောင်မြင်ခြင်းမရှိပဲ သိမ်ပျက်ခဲ့သော် ထိုသိမ်ပျက်၌ ကံကြီးကံငယ်ပြုခဲ့သော ကံများ အောင်မြင်တော့မည်မဟုတ်ပါ၊ သိမ်ပျက်၌ ရဟန်းပြုသော ပုဂ္ဂိုလ်များလည်း ရဟန်းဖြစ်တော့မည်မဟုတ်ပါ၊ သို့ဖြစ်၍ အောင်မြင်သော ဗဒ္ဓသိမ်၏ လက္ခဏာများကို သိရှိရန်လိုအပ်လှပါသည်။

ဗဒ္ဓသိမ်၏ လက္ခဏာမှ -

"ကြီးငယ်ကျိုးရိပ်၊

အနိမိတ်

ဗဟိဒ်တည်သမုတ်၊

အိုင်သမုဒ်မြစ်

ခပ်လွှမ်းလစ်ဆယ့်တစ်သိမ်ပျက်ထုတ်"ဟူ၍ ဝိနယသံခိပ်အရ -

- ကြီးလွန်းသောသိမ်၊
- ငယ်လွန်းသောသိမ်၊
- နိမိတ်ကျိုးသောသိမ်၊
- အရိပ်ကို နိမိတ်လုပ်သောသိမ်၊

- နိမိတ်မရှိသော သိမ်၊
- သိမ်ပ၌ တည်၍ သမုတ်သောသိမ်၊
- ဇာတသာရအိုင်၌ သမုတ်သောသိမ်၊
- သမုဒ္ဒရာ၌ သမုတ်သောသိမ်၊
- မြစ်၌သမုတ်သောသိမ်၊
- မိမိသိမ်ဖြင့် သူတစ်ပါးသိမ်ကို ခပ်၍ သမုတ်သောသိမ်
- မိမိသိမ်ဖြင့် သူတစ်ပါးသိမ်ကို လွှမ်း၍ သမုတ်သောသိမ်တို့

ဖြစ်ပါသည်။ "ဤသိမ် ၁၁ ပါးမှ ကင်းလွတ်စေရခြင်းဟူသော အင်္ဂါ ၁ ပါး။

"သမ္ပတ္တိ (၃) ပါးနှင့် ပြည့်စုံအောင်မြင်ရမည်"ဟူသည်နှင့်အညီ "တောင် - ကျောက် - တော - သစ် - မဂ် - ရေ - မြစ် - တောင်၊ ရှစ်နိမိတ်လာ"ဟူသော ဝိနယသံခိပ်နှင့်အညီ -

- တောင်နိမိတ်၊
- ကျောက်နိမိတ်၊
- တောနိမိတ်၊
- သစ်ပင်နိမိတ်၊
- လမ်းနိမိတ်၊
- မြစ်နမိတ်၊

"တောင်ပို့ နိမိတ်ဟု (၆)မျိုးသော နိမိတ်တို့နှင့် ပြည့်စုံရခြင်း၊ သိမ်သမုတ်သောအခါ ဖော်ပြပါ ၈ မျိုးတို့တွင် တစ်မျိုးမျိုးတည်းဖြင့်လည်းကြား၍ သမုတ်နိုင်သည်။ နှစ်မျိုးသုံးမျိုးရော၍လည်း ကြား၍ သမုတ်နိုင်သည်။

အရပ် ၈ မျက်နှာ၌ နိမိတ် ၈ ခုထား၍ သမုတ်ရာ၌ ၈ ခုလုံး ကျောက်နိမိတ်ချည်းထားလိုက ထားနိုင်ပါသည်။ သို့မဟုတ် သစ်နိမိတ်၊ ကျောက်နိမိတ်စသည်ဖြင့် ကြိုက်သလိုမည်သည့်နည်းဖြင့်ဖြစ်စေ ရောနှော၍လည်း သမုတ်နိုင်ပါသည်။ ပရိသတ်နှင့်ပြည့်စုံခြင်းအရ သိမ်သမုတ်ရာ၌ အနည်းဆုံးရဟန်းကောင်း ၄ ပါးရှိကြခြင်းဟူသော ပရိ

သတ်နှင့်ပြည့်စုံရခြင်း။

ကမ္မဝါစာ သမ္ပတ္တိအရ ကမ္မဝါစာ၏ ပြည့်စုံခြင်းဆိုသည်မှာ သမာနသံဝါသက သီမသမ္မုတိ ကမ္မဝါစာ အဝိပ္ပဝါသသီမသမ္မုတိ ကမ္မဝါစာတို့ကို ဥတ်ကမ္မဝါစာအဖြစ် ဒေါသတို့မှ ကင်းစေလျက်ရွတ်ဖတ်မသမုတ်ခြင်းတို့ဖြစ်ပြီး နိမိတ်တစ်ခုကိုစပ်၍ သမုတ်ခြင်းဟူသော လက္ခဏာ (၃) ချက်နှင့် ပြည့်စုံစွာ သမုတ်က ဗဒ္ဓသိမ်အောင်မြင်ခြင်းတို့ဖြစ်ပါ သည်။

# နိမိတ်များ

သိမ်သမုတ်ခြင်း၏အစသည် နိမိတ်ကြားခြင်းမှစတင်ပါသည် ဤသို့နိမိတ်ကြားရာ၌ နိမိတ်ကြားသော ပုဂ္ဂိုလ်နှင့် နိမိတ်ဖြေသော ပုဂ္ဂိုလ်ဟူ၍ နှစ်မျိုးရှိရာ နိမိတ်ကြားသော ပုဂ္ဂိုလ်မှာ ရဟန်းသာဖြစ်ရပါသည်။ နိမိတ်ဖြေသော ပုဂ္ဂိုလ်မှာမူ လူ၊ ရှင်၊ ရဟန်းဟူ၍ မည်သူမဆိုလုပ်ကောင်းလေသည်။ နိမိတ်ကြားရာ၌ ဖြေသောပုဂ္ဂိုလ်က အသီးသီးဆိုင်ရာနိမိတ်၏ အနီးအပြင်ဘက်မှနေ၍ နိမိတ်ကြားပုဂ္ဂိုလ်က နိမိတ်ရှိရာသို့သွား၍ အတွင်းမှနေပြီး မေးဖြေကာကြားရမည်ဖြစ်ပြီ။ ထိုသို့ကြားခြင်းကို "အနီးကြား"ဟုခေါ်ပါသည်။

နိမိတ်ကြားပုဂ္ဂိုလ်က သံဃာ့အလယ်မှနေ၍ မေးဖြေကြားသည်ကို "အဝေးကြား"ဟုခေါ်သည်။ ဖြေကြားသူမှာတစ်ဦးသော်လည်းကောင်း၊ အများသော်လည်းကောင်း ပြုလုပ်အပ်သည်။ နိမိတ်တစ်ကြိမ်ကြားပြီးလျှင် ပြီးစီးသည်။ သို့သော် မြရာသံပတ်အရ ၃ ကြိမ်၊ ၄ ကြိမ်၊ (၇) ကြိမ်စသဖြင့် ခိုင်မြဲအောင်ပြုလုပ်ခြင်းဖြစ်၍ အပြစ်မရှိနိုင်ပါ။

ဤသို့ဖြင့် ၁၁ ပါးသော ဝိပ္ပတ္တိသိမ်ပျက်တို့မှ လွတ်ထွက်ကျော်လွန်၍ "နိမိတ်-ပရိသာ၊ ကမ္မဝါ၊ သုံးဖြာသမ္ပတ္တိ"ဟူသော သမ္ပတ္တိသုံးပါးနှင့် ယှဉ်လျက်ကောင်းစွာ သမုတ်အပ်သော သိမ်မြတ်လေ

သောင်း အထုရှိသော ပံသု၊ သီလာနှစ်ဖြာသော မြေပထဗျာကို ထွင်း ဖောက်လျက် ယူဇနာလေးသိန်းရှစ်သောင်း အတိုင်းအရှည်ရှိသော ရေထုသို့ရောက်အောင်သက်ဝင်၍ အောင်မြင်ပြီးစီးပါသတည်း။

## အနော်ရထာ ပိဋကတ်တော်ရှာဖွေခြင်း

"အရှင်ဘုရား မြတ်စွာဘုရားဟောကြားတော်မူခဲ့သော ပိဋကတ် သုံးပုံနှင့်တကွ သိရီဓာတ်တော်များသည်။ ယခုအချိန်တွင် မည်သည့် နိုင်ငံအရပ်ဒေသများ၌ တောင်းခံရပါမူ ရနိုင်ချေရှိပါမည်နည်းဘုရား"

ရှင်အရဟံအား အနော်ရထာလျှောက်ထားလေရာ-

"ဒကာတော်မင်းမြတ်. . . ယခုအခါ သုဝဏ္ဏဘူမိတိုင်း သုဓမ္မ ပူရမည်သော သထုံပြည်ကြီး၌ မြတ်စွာဘုရားရှင်၏ ပိဋကတ်သုံးပုံ အစုံ အရ သုံးဆယ်ရှိလေ၏။ ဘုရားရှင်၏ သိရီဓာတ်တော်များလည်း အများ အပြားရှိပေ၏ဟု မိန့်တော်မူလေသည်။"

အနော်ရထာသည် ဘုရားရှင်၏ အဆုံးအမဖြစ်သော ထေရ ဝါဒသာသနာတော်မြတ်ကြီး အရိမဒ္ဒနာအမည်ရှိ ပုဂံရာမ ပုဂံနေပြည် တော်ကြီးသို့ ရောက်ရှိထွန်းကားပြန့်ပွားခြင်းငှာ စိတ်အားထက်သန် သဖြင့် လက်ဆောင်ပဏ္ဏာနှင့်တကွ ချေင်စွာရေးသားအပ်သော ရာဇ သံရွှေပေလွှာတို့ဖြင့် လိမ္မာပါးနပ်သော ပညာရှိအမတ်များ၊ သံတမန်များ အား သုဝဏ္ဏဘုမ္မိ သထုံပြည်သို့စေလွှတ်လိုက်၏။

ဤတွင် ထိုစဉ်က သုဝဏ္ဏဘုမ္မိတိုင်း သထုံပြည်၌ အရှင်မနော ဟာရီမည်သော မနုဟာမင်းကြီးစိုးစံသောအချိန့်ကာလဖြစ်သည်။

ကျောက်စာ ပရုဂူပရော်ဖက်ဆာလုံခဲက -

သထုံဘုရင်၏အမည်မှာ မကုဋ္ဌဟုဆိုသည်။ ထိုသူ၏ ဟော ပြောချက်ကို ရာဇသကြိန်စာအုပ်တွင် မှတ်ချက်နှင့်တကွ ဖော်ပြထား ၏။ မကုဋ္ဌ၏ အမိပ္ပါယ်မှာ မည်သို့နည်း။

"သက္ကရာဇ် ၈၈၄ ခုနှစ်တွင်၊ မဟာနာထေရ်စီရင်တော်မူသော

ပရိတ္တဝဏ္ဏနာကျမ်း၌ မနုဟာရ မင်းဟုပါသည်။ မြန်မာဘာသာမနုဟာ မင်းပြန်၍ ကာလကြာသောကြောင့် မနုဟာမင်းဟူ၍ ရွေ့လျောလာသည် (လ)မနုမည်သော မဟာသမ္မတမင်းဟု ဆိုအပ်သော ယောကျ်ားကဲ့သို့ သတ္တဝါတို့၏ အကျိုးစီးပွားကို သိတတ်သောသူဟူ၍ မနုဟာမင်းကို ဆိုလိုသည်။”ဤသို့ မန္တလေးမြတောင် ဆရာတော်ဘုရားကြီးက မနုဟာ ဘုရားသမိုင်းတွင် အဓိပ္ပါယ်ဖွင့်ပြသည်။

မနုဟာမင်းသည် အနော်ရထာ့စေလွှတ်လိုက်မှုကို ကြီးစွာ ဒေါသဖြစ်သည်ဆို၏။ စိတ်တိုခြင်း၊ ဒေါသဖြစ်ခြင်း သင့်မည်မှာ သေချာလောက်ပေသည်။ တိုင်းပြည်တစ်ပြည်နှင့် တစ်ပြည် နိုင်ငံအုပ်ချုပ် မင်းလုပ်သူအချင်းအချင်း၊ သူ့အကြောင်း ကိုယ့်အကြောင်းသိနေရပေဦးမည်။

ထိုစဉ်က ပုဂံသည် နတ်ကိုးကွယ်မှုလွှမ်းမိုးနေသည့်ကာလ၊ ထို့နောက် ဗြဟ္မဏ ဟိန္ဒူဝါဒ၊ အရှေ့မှလာသော မဟာယာနအယူဝါဒ များအပြင်၊ အနော်ရထာခမည်းတော် နန်းမစံမီ နှစ်နှစ်ခန့်က အိန္ဒိယဘက်မှ အင်းအိုင်ခလဲ့၊ လက်ဖွဲ့၊ မန္တာန်အခြေခံသော “ဗုဒ္ဓဘာသာ တစ်မျိုး”ဟုခေါ်ဆိုဖွယ်ရာ (TANTRISM) တန္တရဘာသာကို မြန်မာ ပြည်သို့ သွတ်သွင်းလာသော သာသနာ့ဝန်ထမ်းရဟန်း(ဝါ) အရည်း ဝါဒများလွှမ်းမိုးနေခဲ့ပြီး ပြည်သူများအနေဖြင့် ဘာသာပေါင်းစုံတို့ကို ကိုးကွယ်နေကြသည်။

ထိုအတွင်း၌ စစ်မှန်သော ထေရဝါဒ ဗုဒ္ဓသာသနာသည်လည်း ရှင်သန်ထွန်းကားနေခဲ့သည်။ အများစုတို့က အထက်ပါဘာသာအမျိုး မျိုးတို့ ထိုးနှက်ချက်များကြောင့် ကိုးကွယ်ယုံကြည်မှုသည် ဘသားယိုင်း လိုက်ရော ယိုင်းလိုက်ဖြစ်နေသည်ကို မနုဟာမင်း သိရှိထားနှင့်ပြီဖြစ် သည်။ ထို့ကြောင့် . . .။

“အမတ်တို့. . .

သင်တို့တိုင်းပြည်သည် မိစ္ဆာအယူရှိသော မိစ္ဆာလူမျိုးတို့၏ နေရပ်ဌာနဖြစ်သောကြောင့် မြတ်စွာဘုရားရှင်၏ ပိဋကတ်သုံးပုံနှင့်

တကွ သိရှိရခတ်တော်များကို ငါကနေလက်ဆောင်အဖြစ် ဆင့်ကမ်း ၍ပေးစေခြင်းငှာ အရာမကျ မိစ္ဆာဒိဋ္ဌိလူမျိုးတို့၏ မထိုက်တန်. . .၊

မြတ်စွာဘုရားရှင်၏ ပိဋကတ်တော်များနှင့်တကွ သရီရာဓာတ် တော်များသည် သမာအယရှိသော သမာဒိဋ္ဌိလူမျိုးတို့၏ နေရပ်ဌာန သာ တည်ရှိနေရမည်ကို အမတ်တို့၏ အရှင်အနော်ရထာမင်းစော မသိ ရှိလေတကား. . ."

သထုံမှပြန်ရောက်သော အမတ်တို့က မနုဟာမင်း၏ မချေ မငံပြောဆိုလိုက်သော စကားများကို တစ်လုံးမကျန်ပြန်လည် သံတော် ဦးတင်လိုက်၏။ အနော်ရထာသည် ပြင်းစွာအမျက်ထွက်ပြီး စစ်သည် ဗိုလ်ပါရဲမက် အမြောက်အများစုဆောင်းကာ ကိုယ်တော်တိုင် သထုံ ပြည်သို့ ဒုတိယအကြိမ် စစ်ချီတော်မူရန် ဆုံးဖြတ်လိုက်သည်။

## သာသနာရေးစစ် ဘာကြောင့်ဖြစ်

အနော်ရထာသည် သထုံသို့သိမ်းပိုက်ရန် ကြံစီစိတ်ကူးသော် လည်း လွယ်ကူလှသည့်အလုပ် မဟုတ်ချေ၊ သထုံမနုဟာသည်လည်း ဗုဒ္ဓဘာသာဝင်ဆိုသော်လည်း အခြားသောဘာသာရေးများ ရောထွေး နေသည်။ မနုဟာတွင် ကိုးကွယ်နေသော ရဟန်းတစ်ပါးရှိလေသည်။ ထိုခေတ် အခေါ်အရ မင်းဆရာဖြစ်သည်။

မင်းဆရာတော်သည် သင်္ဘောတစ်စီးပျက်စီးရာမှာ ရောက်ရှိ လာသော ကုလားညီနောင်ကို အပါးတွင်ထားရှိခဲ့၏။ အမည်များကို လွယ်လင့်တကူ ဗျက်ဝိနှင့်ဗျတ္တဟုခေါ်စေ၏။ အချို့သမိုင်းရေးဆရာ တို့က ရှေးကထမင်းသုံးဆောင်သော စားပွဲ "ဗျတ်"ကို စီးနင်းလာပြီး "ဗျတ်ထ"ကို စာလုံးထောင်ဖတ်မိသဖြင့် ဗျတ်ဝိ၊ ဗျတ္တဟု အမည်တွင် လေ၏။

သထုံမင်းဆရာတော်သည် ပြင်ကိစ္စတစ်ခုဖြင့် သွားလာနေရာ၊ အပြန်တွင် အလျား ၁၀ တောင်၊ အနံ ၈ တောင်ရှိ ကျောက်ဖျာချပ်

ကြီးကို ကျောင်းလှေခါးအရင်း၌ တွေ့ရှိသောကြောင့် ဧကန္တဇော်ဂျီဖို ဝင်သားစားပြီးကြ၍ ဤသို့ဖြစ်တန်ရာ၏ဟု မှတ်ချက်ချလိုက်၊ ညီနောင် နှစ်ယောက်ကိုခေါ်ယူစစ်ဆေးမေးမြန်းသော်လည်း အမှန်အတိုင်းဝန်ခံ ခဲ့ကြသည်။

မင်းဆရာသည် မမျှော်လင့်သောနေ့တွင် မင်းဆရာဘုန်းကြီး သည် ဆေးမြစ်တူးရန်အလို့ငှာ တစ်ခုသောတောအုပ်သို့သွားရာ ဇော်ဂျီ အသေကောင်ကိုတွေ့သည်ဆို၏။ ထိုအခါ ထိုဇော်ဂျီကောင်ကို ဗျတ်ဝိ၊ ဗျတ္တတို့လည်း ထမ်းပိုးကာကျောင်းသို့ ယူဆောင်ခဲ့ကြသည်။ မင်းဆရာ တော်လည်း ပျော်ရွှင်ကြည်နူးမဆုံးဖြစ်သည်ဆို၏။ အသက်မရှိတော့ သော ဇော်ဂျီကောင်သည် ၇ နှစ်သား လူအရွယ်မျှရှိပြီး မင်းဆရာ ဘုန်းကြီးက ကျောင်း၌ဆေးရည်စိပ်ခြင်း၊ လိမ်းကြံခြင်းများပြုလုပ်လေ ရာ ဖော်မပြနိုင်သော မွှေးကြိုင်လှသည့် စားချင်စဖွယ် ရနံ့မျိုးထွက် ပေါ်လာသည်ဆိုသည်။

မင်းဆရာတော်ဘုန်းကြီးသည် ဇော်ဂျီဖိုဝင်ကောင်မတွေ့ရှိမီ ရှေးမဆွကပင် ဗေဒင်ပညာတစ်ဖက်ခတ်အောင် တတ်မြောက်ကျွမ်း ကျင်သူဖြစ်ပြီး အဆိုပါဇော်ဂျီဖိုဝင်ကောင်အား အမျိုးမျိုးသော စီရင်မှု ပြုလေ၏။ ထိုဇော်ဂျီသားကို စားမိပါက ခွန်အားဗလနှင့်ပြည့်စုံကာ ဆင်ပြောင်ကြီးများထက်ပင်ကျော်လွန်သော စွမ်းအားရှိသည်ဆို၏။ စေလိုရာလုပ်ကိုင်ဆောင်ရွက်လိုရာကိစ္စ အဝဝပြီးစီးသည်လည်းဖြစ်၏။

မင်းဆရာတော်မရှိသည့်အခိုက် ဗျတ်ဝိဗျတ္တညီအစ်ကိုလည်း မွှေးမြသောရနံ့ကို မခံမရပ်နိုင်သည့်အဆုံး ယူငင်စားသောက်လေရာ စားသောက်၍အပြီး မိမိကိုယ်ကို မယုံကြည်နိုင်အောင်ဖြင့် စမ်းသပ်ကြည့် ရင်း ကျောက်ပျာ မနိုင်သည့် အခြေအနေသို့ ရောက်ရှိတော့သည်။

သထုံပြည်ကြီး၌ ဗျတ်ဝိ၊ ဗျတ္တတို့၏ ကောင်းမွေဆိုးမွေမှန်သမျှ သတင်းထူးများ တမဟုတ်ချင်း ပျံ့နှံ့လေရာ မင်းဆရာလည်း သထုံ ဘုရင်မနုဟာနှင့်ညှိနှိုင်း၍ ပြည်နှင်ဒဏ်ပေးရသည့် အခြေအနေသို့ ရောက်ရှိတော့သည်။

ရှေးဟောင်းကျောင်းသုံး မြန်မာဖတ်စာတွင် ဗျတ်ဝိသည် မအိုဇာနှင့် အကြင်လင်မယားအဖြစ်ပေါင်းသင်းနေထိုင်ခဲ့ကြောင်း လေ့လာဖတ်ရှုခဲ့ရဘူး၏။ "သထုံပြည်"ဟု ရေးလိုက်သည်နှင့် ပုဂံပြည်နှင့် အင်မတန်ဝေးကွာပြီး နိုင်ငံခြားများရောက်လေသလားဟု အချို့သော သမိုင်းလေ့လာသူအချို့က နိုင်ငံခြားအမျိုးသမီးကို လက်ထပ်ယူထားလေ့ရှောသလားဟု မေးမြန်းကြသည်။ "မအိုဇာ"အမည်ကြားယုံမျှဖြင့် မြန်မာအမျိုးသမီးဖြစ်ပြီး၊ သထုံ၊ ပုဂံတို့သည် မြန်မာအတွင်း၌သာရှိသည်။

အနော်ရထာ သထုံကိုသိမ်းပိုက်ရာတွင် လွယ်လင့်တကူ သိမ်းပိုက်၍မရ။ ဤနေရာတွင် ကျန်စစ်သား၊ ညောင်ဦးဖီး၊ ငထွေရူး၊ ငလုံးလက်ဖယ်၊ ဗျတ်ဝိ၊ ဗျတ္တ စသည့် သူရဲကောင်းများအပြင် ရွှေဖျင်းကြီး၊ ရွှေဖျင်းလေးတို့ ပါဝင်သည်ဆိုသည်။ အချို့ကလည်း ကျန်စစ်သားနှင့် သူရဲကောင်းသုံးယောက်အပါအဝင် ဗျတ္တ၊ ရွှေဖျင်းညီနောင်ပါကြောင်း ရေးသားဖော်ပြသည်။

မည်သို့ပင်ဆိုစေ သူရဲကောင်းမဟုတ်သူ စစ်သည်အချို့ပါဝင်သည့်နောက် သူရဲကောင်းမြောက်များစွာလည်း ပါဝင်မည်ဟု မည်သူမဆိုစဉ်းစားမိကြပေလိမ့်မည်။ သထုံသို့အရောက်တွင် အနော်ရထာတပ်များအတွင်းသို့ဝင်၍မရနိုင်သေးပဲ မနုဟာမင်း၏ စီမံဆောင်ရွက်ထားရှိသော မနုဟာစစ်ဗျူဟာ ခိုင်မာမှုကြောင့် ရက်အနည်းငယ်မျှစောင့်ဆိုင်း၊ ကြံစီနေရကြောင်း အခြေအနေကိုအကဲခတ်နေရသေးကြောင့် လေ့လာသိရှိရသည်။

ထိုစဉ်က သထုံသည် အရေးမလှ၊ မကြာခဏာရန်သူတို့၏ အနှောက်အယှက်ပေးခြင်းခံနေကြရသည်။ ဗျတ်ဝိ၊ ဗျတ္တညီအစ်ကိုလည်း ပြေးရင်းလွှားရင်း ဗျတ်ဝိမှာဇနီးမအိုဇာနှင့်အတူ အိပ်နေစဉ် လက်ရဖမ်းဆီးမိသည်ဖြစ်၏။ ဤသို့ဖြင့် မင်းဆရာတော်နှင့် သထုံမင်းတို့က ဗျတ်ဝိကို သတ်ဖြတ်ကာ ခြေ၊ လက်၊ ဦးခေါင်း အစရှိသည့်အရာများကို နန်းတွင်မြှုပ်နှံ၏။ ထိုသို့ပြုရာတွင် ဗေဒင်ကျမ်းဂန်ကျွမ်းကျင်သော မင်းဆရာတော်၏ ညွှန်ကြားချက်များအတိုင်းဆောင်ရွက်သည်ဆို၏။ ဗျတ်ဝိ

ခန္ဓာကိုယ်မှ သွေးများဖြင့် မြို့ရိုးကို အဆက်မပြတ်ရစ်ပတ်ပြီး မြို့ကို စောင့်ရန်စေခိုင်းထားသည်ဖြစ်၏။

သို့ဖြင့် အနော်ရထာတပ်မှ စစ်သည်ရဲမက်များ မည်သူမျှ ဝင်ခွင့်မရကြ၊ ညအချိန်မြို့ရိုးပေါ်တက်သည်တွင် မြို့ရိုးအပေါ်သို့ရောက်သည်နှင့်တစ်ယောက်ပြီး တစ်ယောက်လိမ့်ကျသည်ဆိုသည်။ လူစွမ်းကောင်းများလည်း လေးဘက်လေးတန်မှတက်၍ ရမည့်နေရာတိုင်း မြို့ရိုးအုတ်တံတိုင်းကို ကျော်လွှားတက်ပြန်သည်။ တက်၍မရ။ ဗျတ္တလည်း ဒုတိယအကြိမ်မြောက် နန်းတော်သို့ဝင်ရန် မြို့ရိုးကိုကျော်တက်လိုက်သည်။

ပထမတစ်ကြိမ်တွင် မိမိအား လူတစ်ယောက်တွန်းချသကဲ့သို့ခံစားလိုက်ရသဖြင့် ယခု ဒုတိယအကြိမ်သတိကြီးစွာ တက်ရခြင်းဖြစ်သည်သာ။ ဤတွင် အမှောင်တွင်း၌ လူသဏ္ဍာန်ပေါ်လာပြီး လက်မှကိုင်ထားသော ဒုတ်ဖြင့်လှမ်းရိုက်သည်။ နောက်လှန်ကျမလိုဖြစ်ပြီး ထိုသူနှင့်ထပ်မံရင်ဆိုင်သည်။

"ညီတော်. . . "

ညအမှောင်ထုကို ထွင်းဖောက်ခဲ့သည့် အသံဖြစ်၍ဗျတ္တရှေ့သို့ အာရုံစိုက်သည်။ ရင်သည် တဒိတ်ဒိတ်ခုန်စပြုချေပြီ။ ရင်ဘတ်ကို ဗျတ္တအသာစမ်းကြည့်သည်။ နှလုံးခုန်သံပို၍ပင် မြည်ဆန်လာတော့၏။

"ညီတော်. . .၊ ဘဇာ့ကြောင့် ဤနေရာရောက်လာဘိ. . . "

"နောင်တော် ငါသည်ကား ပုဂံဘုရင်အနော်ရထာအထံအပါး၌ လူစွမ်းကောင်းအဖြစ် မင်းမှုထမ်းသည်ဖြစ်အံ့၊ နောင်တော်နှင့် ပဝေသာဏီမျှက ခွဲခွါရပြီးနောက် အိန္ဒိယတောင်ပိုင်းမှ ရေလမ်းဖြင့် ကူးလာခဲ့ရသည်ဖြစ်၍ ကူးလာလို့ပြောဆိုရာမှ ကုလားအမည်တွင်သနည်း၊ လာရင်းကား ဘုရင်အနော်ရထာ၏ အမိန့်ကြောင့် နန်းတော်အတွင်းဝင်ရန်လာရသည်ပ. . .။"

"ညီတော် ငါ့သွေးစက်ဖြင့် နန်းမြိုးရိုးပတ်လည် စောင့်ရန်ချထားသည်ဖြစ်ပေစွ၊ ဒါ့ကြောင့် ဟိုးဘက်နန်းမြို့ရိုးဘက်ကွေ့လျှောက်

သွား၊ သွေးစက်မဆက်မိတဲ့ ကြက်တဝပ်ကနေဝင်ခဲ့ပေတော့၊ အဲဒီ နန်းမြို့ရိုးပေါ်ကနေ ငါ စောင့်ကြည့်ပေးမယ် ညီတော်. . . ”

နန်းမြို့ရိုးသွေးစက်ချရာ မဆက်မိသည့် ကြက်တစ်ဝပ်စာလွတ်နေသည့်နေရာမှ အတွင်းသို့ဝင်ကြသည်။ လူစွမ်းကောင်းများ တံခါးမှူးများအား လုပ်ကြံကာ အနော်ရထာစစ်သည်များ အလုံးအရင်းနှင့် ဝင်ရောက်သိမ်းပိုက်တော့သည်။ အကယ်၍ အနော်ရထာသိမ်းယူခြင်း မပြုကလည်း ခမေရိစစ်သည်တို့က သိမ်းယူမည့်အချိန်ဖြစ်သည်။ သထုံကိုအောင်မြင်သောအခါ ပိဋကတ်တော်များ၊ ဘုရားရှင်၏ သရီရဓာတ်တော်များ၊ ရဟန်းပညာရှိ၊ လူပညာရှိ၊ ပန်း ၁၀ မျိုး အတတ်ပညာရှင်များ အပါအဝင် ဘုရင်နှင့်မိဘုရား မောင်းမမိဿံများကို ပုဂံသို့ခေါ်ဆောင်လာခဲ့သည်။ ပုဂံ “မြင်းကပါ”အမိကပြုလုပ်သော ယွန်းထိုးအတတ်ပညာ သထုံမနုဟာမင်းနှင့်အတူပါလာသော ပညာဖြစ်သည်။ အနော်ရထာ သထုံသို့ချီတက်တိုက်ခိုက်သိမ်းယူသော နှစ်သည်။ အေဒီ ၁၀၅၇ ဟု ရာဇဝင်သမိုင်းများ၌ ဖော်ပြပါရှိပါသည်။

## ဟန်ချက်ညီသောဖြဟ္မာထာအယူဝါဒ

အနော်ရထာသည် နိုင်ငံ၏ဘာသာသာသနာအရေး၊ စစ်ရေး၊ စီးပွားရေးများကို အခြားမည်သည့်မင်းနှင့်မှမတူအောင် စွန့်စွန့်စားစား၊ စွမ်းစွမ်းတမံ စီမံဆောင်ရွက်ခဲ့သူဖြစ်ကြောင်း မည်သူမျှ ငြင်းဆန်၍မရနိုင်ပါ။

တိမ်မြုပ်ပျောက်ကွယ်နေသော ဘာသာရေးကို စည်ပင်ထွန်းကားမှုရှိလာအောင် ဆောင်ရွက်ခဲ့သည်။ နန်းစံပြီးသည်နှင့် သရေခေတ္တရာ ဒွတ္တဘောင်မင်း တည်ထားကိုးကွယ်ခဲ့သော ဘုရားကိုဖြိုဖျက်၍ နဖူးသင်းကျစ်တော်များ ကိုယ်တိုင်ရှာဖွေတွေ့ရှိခဲ့သဖြင့် ပုဂံသို့သယ်ဆောင်လာခဲ့သည်။

ထို့နောက် သီဟိုဠ်သို့ စွယ်တော်ပင့်ဆောင်သည်၊ စွယ်တော်

ပွားသာရရှိခဲ့သည်။ ဆက်လက်၍ ပိဋကတ်တော်များကို သထုံသို့သွား ရောက်ပင့်ဆောင်သည်။ ပုဂံနေပြည်တော်ဖြစ်လာခြင်းမှာ ပုဂံသည် "ဒေသတစ်ခု၏အမည်သာဖြစ်၍ ပုဂံ (၁၉) ရွာကို သမုဒ္ဒရာဇ်မင်းမှ စတင်ခဲ့ရာ ထိုမင်းသည် သရေခေတ္တရာမှ ပြောင်းရွှေ့လာခဲ့ခြင်းဖြစ် သည်။

တောင်သူကြီးမင်း၊ သေဥ်လည်ကြောင်မင်းများလက်ထက် နတ်ကိုးကွယ်မှုများ စတင်ခဲ့သည်။ ထို့နောက် သွားလာစရိတ်သက်သာ သော ရေလမ်းခရီးမှ ဘာသာပေါင်းစုံတို့လွှမ်းမိုးလာသည်။ ဘုရားပရိ နိဗ္ဗာန်ပြုပြီး ပထမသင်္ဂါယနာတင်ချိန်မှစ သာသနာသက္ကရာဇ် တစ်နှစ် (တစ်ခုနှစ်) ဟု ဘုရင်အဇာတသတ်နှင့် ရှင်မဟာကဿပမထေရ်တို့ က သတ်မှတ်ခဲ့သည်။ ထိုစဉ်က တကောင်းပြည်တွင် ဂေါတမနွယ်သာ ကီဝင်များဖြစ်၍ အိန္ဒိယမှ အဇာတသတ်မင်းသတ်မှတ်သော သက္ကရာဇ် ကို မှတ်သားအသုံးပြုသည်။

တကောင်းပြည်မှတစ်ဆင့် ဆက်နွယ်လာသော မဟာသမ္ဘဝ၊ စူဠသမ္ဘဝနှင့် သားတော်ဒွတ္တဘောင်မင်းတို့က သာသနာသက္ကရာဇ် (၁၀၁) တွင် သရေခေတ္တရာနိုင်ငံကြီးကို တည်ထောင်သည်။ ထိုမင်းမှ စ၍ မင်းဆက် (၉၉) ဆက်တိတိ တကောင်းသာကီဝင်နွယ်များအုပ်ချုပ် ခဲ့ကြသည်။ သရေခေတ္တရာခေတ် ပျူမင်းများတည်ဆောက်ခဲ့သော နိုင်ငံ တော်အကျယ်အဝန်းကို ရအောင်သိမ်းသွင်းသည်။ ဆည်မြောင်းတာ တမံများကို တည်ဆောက်ကာ တိုင်းပြည်၏စီးပွားရေးကို အားကုန်ကြိုး ပမ်းခဲ့သည်။

ထေရဝါဒ၏အခြေခံအုတ်မြစ်ဖြစ်သော ဗုဒ္ဓိယတ္တိကိစ္စရပ်များ စီစဉ်ဆောင်ရွက်ခဲ့သည်။ မြန်မာစာပေကို စတင်တီထွင်ခဲ့သူဆိုက မမှား နိုင်ပါ။ ထိုအချိန်က သက္ကတစာပေ၊ ပါဠိစာပေနှင့် မွန်စာပေများကို အခြေခံကာ မြန်မာစာပေစစ်စစ်ကို တစ်ဆင့်ပြီးတစ်ဆင့်တီထွင်နိုင်ခဲ့ ပြီး အဆင့်မြင့်လာအောင် ဖန်တီးပေးနိုင်ခဲ့သည်။

(အေဒီ ၁၀၆၅-၁၁၂၀) က သီဟိုဠ်မှ ထီးပြိုင်နန်းပြိုင်မင်းဖြစ်

သော သီရိသယ်ဗောဓိမင်းသည် အိန္ဒိယနိုင်ငံတောင်ပိုင်းရှိ ကုလား လူမျိုးများနှင့် စစ်တိုက်စဉ် စစ်ရေးရှုံးနိမ့်သဖြင့် အနော်ရထာထံ စစ်ကူတောင်းခဲ့သည်။

(အေဒီ - ၁၀၇၁ ခုနှစ်) တွင် စစ်ဘေးဒဏ်ကြောင့် သီဟိုဠ်နိုင်ငံသည် သာသနာဆက်ပြတ်ပြတ်လုလုနီးပါးဖြစ်ကာ သီဟိုဠ်မင်း၏ မေတ္တာရပ်ခံချက်အရ အနော်ရထာမှ ပုဂံနေပြည်တော်ရှိ သာသနာပြုမထေရ်ကြီးများအား စေလွှတ်၍ သီဟိုဠ်သာသနာအရေးကို တပ်ကူပေးခဲ့သည်။ ဤသို့ စစ်ရေး၊ သာသနာရေး အကူအညီပေးမှုများကြောင့် ပုဂံရွှေစည်းခုံစေတီ၌ ဌာပနာရန် စွယ်တော်နှင့် ပိဋကတ်များကိုပါ လက်ဆောင်ရရှိခဲ့သည်။

မြန်မာပုဂံနေပြည်တော်နှင့် သီဟိုဠ်နိုင်ငံတို့သည် ဆက်ဆံရေးပိုမိုခိုင်မြဲလာခဲ့ကြရာ အနော်ရထာမင်းထက်နောက်ကျသော ပုဂံမင်း (၄၆) ဆက်မြောက် အလောင်းစည်သူ၏သားငယ် နရသူမင်း (အေဒီ ၁၁၆၀ - ၁၁၆၅ ခန့်) ရာဇဝင်ပြဿနာတစ်ရပ်ရှိခဲ့၏။ ထိုမင်းလက်ထက် မြန်မာရဟန်းများ သီဟိုဠ်သို့အသွားအလာများကြသည်။

ပြဿနာစတင်မှုတွင် (အေဒီ ၁၁၅၃ - ၁၁၈၆) ခရစ် ၁၁၆၅ မေနှင့်ဇွန်လအတွင်း သီဟိုဠ်က မြန်မာနိုင်ငံအတွင်းသို့ စစ်သင်္ဘောများစွာ စစ်ချီတက်ကာ ဥက္ကာမမြို့တွင် ရာမညမင်းကို သုတ်သင်လိုက်သည်။ (သီဟိုဠ်ကျောက်စာ)၊ ဤသည်ကို ဗြိတိသျှသစ္စာခံ မြန်မာသမိုင်းပညာရှင် အင်္ဂလိပ်လူမျိုး ဂျီ-အိပ်ချ်၊ လူ (စ်)နှင့် မြန်မာသမိုင်းဆရာတို့က နရသူအား ကုလားမင်းသတ်၍ ကုလားကျမင်းခေါ်သည်ဟု ရောထွေးကာ သီဟိုဠ်မြန်မာနှစ်နိုင်ငံအကြား ရှုပ်ထွေးအောင်ပြုလုပ်ခြင်းပင်ဖြစ်သည်။

ယင်းကိစ္စနှင့်ပတ်သက်၍ စူဠဝံသ အင်္ဂလိပ်ဘာသာပြန် (ဒေါက်တာဒီ-ဒဗလျူဝိုင်ဂျာ၊ သီဟိုဠ်သမိုင်းပညာရှင်ဖြစ်သော သီရိဝိကြမသိဟနှင့် သီဟိုဠ်ရှေးဟောင်းသုတေသနမင်းကြီး ဒေါက်တာစီ၊ အီရှိုဒကုမ်တူရာတို့ကိုယ်တိုင် နရသူမင်းမဟုတ်ကြောင်း ရှင်းလင်းထား

ပြီးဖြစ်သည်။)

သာသနာတော်ဆယ်ရာစုနောက်ပိုင်းမှစ၍ အိန္ဒိယနိုင်ငံကြီးအတွင်း နိုင်ငံရေးရှုပ်ထွေးသည်နှင့်အမျှ မဟာယာနတို့လည်း တစ်နိုင်ငံလုံး လွှမ်းမိုးနိုင်ဟန်ရှိခဲ့ပေ၏။ သို့သော် . . . ထေရဝါဒအမာခံဖြစ်သော သီဟိုဠ်နှင့် မြန်မာနိုင်ငံတို့၌မူ နိုင်ငံတော်ဘာသာအဖြစ်သို့ရောက်အောင် မလွှမ်းမိုးနိုင်ခဲ့ချေ။

ပိဋကတ်အနှစ်ချုပ် အလုပ်စခန်းပြ "ဝိသုဒ္ဓိမဂ်" ကျမ်းကြီးကား တရားတုတရားယောင်များကို ဟန့်တားဖယ်ရှားရာ၌ လက်တွေ့အကျဆုံး၊ အင်အားအပါဆုံး ကျမ်းကြီးဖြစ်ခဲ့၏။

မဟာယာနတို့သည် အေဒီ ၇၀၀ စု၊ ၈၀၀ စုတွင်ကား အင်အားအကောင်းဆုံးဖြစ်လာကာ တိဗက်နှင့် အရှေ့တောင်အာရှတစ်ခွင်သို့ပင် နယ်ပယ်သစ်ဖွင့်ကြသည်။ သီဟိုဠ်နှင့်မြန်မာတို့လည်း အပြင်းအထန်ခုခံနေကြရ၏။ မြန်မာသည် အေဒီ ၁၁ ရာစု (သာသနာ - ၁၅၉၉ ခန့်၊ အနော်ရထာသထုံသိမ်းစဉ်) အထိ အလူးအလဲခံခဲ့ကြရသည်။ အိန္ဒိယနိုင်ငံနှင့် ပို၍နီးစပ်သော သီဟိုဠ်နိုင်ငံကား ဆိုဖွယ်ရာမရှိပြီ၊ . . . ဟု အေဒီ ၆၅၀ မှ ၇၅၀ အတွင်းက ရေးထိုးခဲ့သော "တိရိယေဂိရိကန္ဒ" သီဟိုဠ်ကျောက်စာ၊ အေဒီ ၇၂၀ ခုနှစ် ရေးထိုးသော မန္တလေးမဟာမုနိရုပ်ပွားတော်သွန်းခဲ့သူ မဟာယာနသာသနဒါယကာ အာနန္ဒစန္ဒြမင်းကျောက်စာ၊ သထုံရွှေစာရံဘုရားဝင်းအတွင်းရှိ ခေတ်ပြိုင်ဖြစ်သော မွန်ဘာသာရေး "တြာပ်" ကျောက်စာနှင့် ပဏ္ဍိတ်ကျောက်စာတို့၌ အတိအလင်း ရေးသားဖော်ပြထားသည်။

သီဟိုဠ်ကျွန်း၌ စောင္ဓတိုင်းသားကျွန်းကုလားများ၏ ဗြဟ္မဏဝါဒ၊ အတ္တဝါဒ အန္တရာယ်သည် သာသနာမျိုးစေ့ကျသည်နှင့် မရှေးမနှောင်းပူးကပ်လာသော အကြမ်းဖက်အဖျက်အဆီးတစ်ခုဖြစ်၏။ ယနေ့တိုင် သီဟိုဠ်တွင် အချို့သောရဟန်းတော်များအတွင်း၌ ဇာတ်ဝါဒကို အကြွင်းမဲ့မဖယ်ရှားနိုင်သေး၊ ဘုန်းတော်ကြီးကျောင်းပရဝုဏ်အတွင်း ဗောဓိပင်နှင့်အတူ နတ်စင်များပေးနေရသေးသည်၊ ဘုရားပွဲတွင် နတ်

ပွဲများရောနှောကျင်းပကြသည်။

သာသနာ ၅၀၀ စု အလယ်ခေတ်မှစ၍ မဟာယာနအန္တရာယ် သည် ထပ်ဆင့်ပူးသတ်လာရာ ပထမပရက္ကမဗာဟု မင်းကြီးလက်ထက် (သာသနာ - ၁၇၀၈) တိုင်အောင် နှစ်ပေါင်းတစ်ထောင်ကျော်ခံခဲ့ရ၏။ သီဟိုဠ်ဘုရင်တို့သည် ရာဇပလ္လင်ကို လုယက်၍ ထေရဝါဒကိုဖျက်ဆီး သော ကုလားအန္တရာယ်ကို မြင်လွယ်ကြ၏။ ခုခံကာကွယ်ကြ၏။ သီဟိုဠ် သားတို့၏ နှလုံးသည်းပွတ်ဖြစ်သော ထေရဝါဒကို ဖျက်ဆီးသည့် အလဇ္ဇီ ဒုဿီလနှင့် မဟာယာနအန္တရာယ်ကို ဘုရင်တိုင်းက မမြင်ခဲ့ကြ။

မမြင်ယုံသာမက ဝဋ္ဋဂါမဏိ၊ မဟာသေနတို့ကဲ့သို့သော ဘုရင် များသည်ပင် မဟာယာန သာသနဒါယကာခံယူမိရှာကြလေသည်။ ဘုန်းတံနည်း၍ အသိဉာဏ်ခေါင်းပါးသောမင်းများကြောင့် မဟာယာန သည် နှစ်ပေါင်းထောင်ချီ၍ အမြစ်တွယ်ခဲ့ရာ ဘုန်းကံကြီးမား၍ ဆရာ သမားကောင်းအမှီရသော (အနော်ရထာမင်း၊ မင်းတုန်းမင်း) များကဲ့သို့ သော မင်းများလည်း ပေါ်ပေါက်ခဲ့၏။

မည်သည့်တိုင်းပြည်နိုင်ငံမဆို နှစ်ပေါင်းထောင်ချီ၍ မှားခဲ့ သော အမှားကြီးကို ရဲဝံ့ပြတ်သားစွာ ဖယ်ရှားနိုင်သော ဘုန်းသမ္ဘာ၊ ကံ၊ ဉာဏ် အာဏာစက်ကြီးမားသည့် မင်းကောင်းမင်းမြတ်တစ်ပါး တလေပေါ်ထွန်းလာလျှင်ပင် တိုင်းပြည်နှင့်သာသနာအတွက် ပြောင် မြောက်၍ အထိရောက်ဆုံးဖြစ်ခဲ့သည်။

အထူးသဖြင့် သီဟိုဠ်သာသနာ၌ နှစ်ပေါင်းတစ်ထောင်ကျော် အခိုင်အမာကိုင်စွဲနေကြသော သာသနာဂိုဏ်းကွဲများကို တစ်ခုတည်းပြု ကာ အမှန်တရားအတွက် သတ္တိရှိရှိဆောင်ရွက်ခဲ့သူအဖြစ် သာသနာ သမိုင်းတွင် သားစဉ်မြေးဆက်ကျေးဇူးတင်ဂုဏ်ယူမဆုံး ရှိနေခဲ့လေ သည်။

မြန်မာ့သာသနာဝင်တွင် အနော်ရထာမင်းကြီးကဲ့သို့ ပရက္ကမ ဗာဟု မင်းကြီး၏ သာသနာရေးလုပ်ဆောင်ချက်သည် သာသနာနှင့် မကင်းသော မင်းတိုင်းအတွက် သင်ခန်းစာမှတ်တိုင်ကြီးတစ်ခုအဖြစ်

ရပ်တည်ထွန်းတောက်နေဆဲဖြစ်သည်။

ထို့ကြောင့် မဟာဝံသခေါ် ကမ္ဘာကျော်သမိုင်းကျမ်းကြီးနှင့် သာသနာ့လင်္ကာရ သမိုင်းကျမ်းများတွင် သီးခြားဂုဏ်ပြုဖော်ကျူးခြင်း ခံရသည်။ သီဟိုဠ်သာသနာဂိုဏ်းကွဲများနှင့်စပ်၍ "သာသနာ့လင်္ကာရ စာတမ်း" ၃၆ ၌ အောက်ပါအတိုင်းမှတ်တမ်းတင်ထားခဲ့သည်။

"သီရိသင်္ဃဗောဓိမင်း၊ ဝေါဟာရိကတိဿမင်း၊ ဂေါဌာဘယ မင်းတို့လက်ထက် (သာသနာတော်ကို) သုတ်သင်ပြုစုသော်လည်း အဓမ္မ ဝါဒီဂိုဏ်းကွဲ ဂိုဏ်းခြားမကင်း၍ အချင်းခပ်သိမ်း မသန့်ရှင်းမစင်ကြယ် လေ။ သီရိသင်္ဃဗောဓိပရက္ကမဗာဟု မဟာရာဇာမင်း၊ ဝိဇယဗာဟု မင်းများလက်ထက်မူကား အဓမ္မဝါဒီဂိုဏ်းကွဲဂိုဏ်းခြားမရှိ ပျောက်ကင်း ၍ အချင်းခပ်သိမ်းသန့်ရှင်းစင်ကြယ်လေ၏။"

သာသနာတော်ကိုချီးမြှောက်၍ ပြုစုသူထက် ငါမှန်သူမှား အငြင်းပွားနေစဉ် အမှားအမှန်ခွဲခြားသိမြင်လျက် အမှန်ဘက်က ပြတ် ပြတ်သားသားရပ်တည်ကာ သာသနာရန်ပင်းကို နှိမ်နင်း၍ ပြုစုနိုင် သူကိုသာလျှင် သာ၍ချီးကျူးအပ်ပေသည်။

ပုဂံခေတ် သီဟိုမြန်မာသာသနာရေး၌ သီရိရတနာပုရခေါ် မုတ္တမမြို့မိဖုရားကြီး ဗုဒ္ဓဝံသထေရ်၊ မဟာနာဂထေရ် ထို့နောက် မုတ္တမ မြို့ ဆင်ဖြူရှင်မင်းကြီးမယ်တော်၏ ဆရာဖြစ်သော မေဝင်္ကရထေရ်၊ ထို့နောက် သုဝဏ္ဏသောဘဏထေရ် စသည်တို့သည် သီဟိုဠ်သို့ အသီး သီးကြွရောက်ကာ မဟာဝိဟာရထေရဝါဒသာသနာကို ဆက်ခံသော အားဖြင့် "ရေသိမ်" ၌ ပဉ္စင်းထပ်ခံ၍ မြန်မာနိုင်ငံသို့ပြန်လည်သာသနာ ပြုကြသည်။

အနော်ရထာသည် ဘုန်းကံကြီးမားပြီး စွမ်းရည်ပြည့်ဝသော မင်းတစ်ပါးဖြစ်ပြီး တိုင်းပြည်၏ သာသနာအရေးအရာများ၊ ကိုယ်စွမ်း ဉာဏ်စွမ်းရှိသရွေ့ကြိုးပမ်းမှုများ ယနေ့တိုင်ထင်ရှားလွန်းလှပါ၏။

အနော်ရထာသည် နိုင်ငံအတွင်းရှိ ဒေသအသီးသီးသို့ ကိုယ် တိုင်သွားရောက်ပြီး ပြည်သူများ ချစ်ကြည်ညိုလေးစားအောင် ပြုလုပ်

ရုံမျှမက စိုက်ပျိုးရေးများကို ခေတ်မီနည်းဖြင့် လုပ်ကိုင်ကြရန်လည်း တိုက်တွန်းသည်။ မိုးရေသောက်လယ်ကို ဆည်ရေသောက်ဖြစ်စေရန် ကျောက်ဆည် (၉) ခရိုင်၊ စလင်းဒေသ (၆) ခရိုင်တို့တွင် လုပ်ကိုင်ဆောင်ရွက်ပေးနိုင်ခဲ့သူဖြစ်သည်။

စိုက်ပျိုး၊ စစ်ရေး၊ နိုင်ငံရေး၊ သာသနာအရေးများအားသွန်ကြိုးပမ်းလုပ်ကိုင်လျက်ရှိရာ တိမ်မြုပ်ပျောက်ကွယ်နေသော ဟိနယာနထေရဝါဒကို ပြန်လည်အားပေးသည့်အပြင် မသန့်ရှင်းသော မဟာယာနဂိုဏ်းကို အမှန်တရားဘက်ပါလာအောင် စည်းရုံးဖျက်သိမ်းသည်။ ဗြဟ္မဏဝါဒကိုဗုဒ္ဓဝါဒနှင့် ဟန်ချက်ညီညီ မတိမ်းမစောင်းအောင် ပေါင်းစပ်ပေးခဲ့သည်မှာ မည်သူမျှ မငြင်းဆန်နိုင်ပါ။

## သမိုင်းဝင်မြင်းကပါရွာ

ပုဂံမြို့ဟောင်းမှမြို့သစ်သို့သွားရာ လမ်းမကြီးပေါ်၌ မနုဟာဘုရားတည်ရှိသည်။ ထိုဘုရားရောက်သည်နှင့် မြင်းကပါရွာရောက်ရှိပြီဖြစ်သည်။ မနုဟာဘုရားမှ အရှေ့ဘက်သို့တည့်မတ်စွာလာခဲ့ပါက မြန်မာနိုင်ငံထေရဝါဒသာသနာ ထွန်းကားအောင်ဆောင်ရွက်ခဲ့သော၊ လူသိနည်းပါးသော အရှင်အရဟံသမုတ်ခဲ့သော မဟာသိမ်တည်ရှိသည်။

ထိုသိမ်တော်ကြီးမှ ထေရဝါဒဗုဒ္ဓသာသနာ အစစ်အမှန်များ ထွန်းလင်းတောက်ပစေခဲ့ရာ ရဟန်းစစ်ရဟန်းမှန်များကို မွေးထုတ်ပေးနိုင်ပေသည်။ စုက္ကတေးမင်း၏ တစ်ခွန်းသော စကားပြောမှားဆိုမှားဖြစ်ခြင်းကြောင့် ညီတော်အနော်ရထာနှင့် မြင်းကိုစီးချင်းတိုက်ရာ စုက္ကတေးအရေးနိမ့်သဖြင့် "မြင်းက" သာပါရှိလာသည်ဖြစ်ရာ "မြင်းကပါရွာ" အဖြစ် ပုဂံရာဇဝင်တွင် ထင်ရှားသည်။ စုက္ကတေး၏ ပြောမှားဆိုမှားတစ်ခွန်းစကားသည် ပထမမြန်မာနိုင်ငံပေါ်ပေါက်လာစေရန် လမ်းစဖြစ်သလို မြင်းကပါရွာသည်လည်း ပထမမြန်မာနိုင်ငံကဲ့သို့ပင် ဆက်လက်ပေါက်ပွားလာသည်။

မြင်းကပါသည် ပုဂံနှင့်ခေတ်ပြိုင်ဖြစ်၏၊ ပုဂံ (၁၉) ရွာအမည်စာရင်းတွင် ပုဂံသည်ရွာအမည်မဟုတ်၊ ပုဂံကျေးရွာဟုလည်းပါရှိခြင်းမရှိ၊ ဒေသတစ်ခု၏အမည်သာဖြစ်သည်။

ထို့အတူ အနုရာဓသည် ပုဂံ (၁၉) ရွာတွင်ပါဝင်ခဲ့သည့် ယခု "မြင်းကပါ" ဖြစ်သည်။ ဤသို့ဆိုလျှင် မည်သည့်အတွက်ကြောင့် အနုရာဓဟု ပုဂံရာဇဝင်တွင်ပါရှိလေသနည်း၊ အနော်ရထာနန်းမတက်မီ အနုရာဓရွာကိုစားခဲ့သည်။ မင်းဖြစ်လာသောအခါ မိမိကိုယ်တိုင်ကြို တင်ရည်မှန်းထားရှိသော ဗုဒ္ဓသာသနာထွန်းကားပျံ့ပွားစေရန်နှင့် သန့်ရှင်းတည်တံ့စေရန်၊ ရဟန်းသံဃာအစစ်များကို စင်ကြယ်သော သိမ်ကျောင်းဆောက်လုပ်လှူဒါန်း၊ သမုတ်ခဲ့ပေသည်။

မြန်မာနိုင်ငံတွင် "ပထမမြန်မာနိုင်ငံ ထေရဝါဒသာသနာအစစ်" ကို သန့်ရှင်းတည်တံ့၊ ထွန်းကားပျံ့ပွားအောင် ပြုလုပ်ခဲ့သူမှာ အနော်ရထာပင်ဖြစ်သည်။ ပုပ္ပါးစောရဟန်း "သိမ်ကျောင်း" သိမ်ကျောင်းသည် အရည်းကြီးသိမ်ကျောင်းဖြစ်သည်။

ဗေဒင်ကိန်းခန်းအလိုအရ အနုရာဓနှင့် အနော်ရထာသည် ကက်ကင်းမိသည်ဟုဆိုသည်။ ထို့ကြောင့် အနော်ရထာရှင်ဘုရင်ဖြစ်သော အနုရာဓတွင် ရဟန်းစစ်ရဟန်းမှန်များ မွေးထုတ်နိုင်ခဲ့ခြင်းဖြစ်သော မိခင်သိမ်ကျောင်းကို သမုတ်ခဲ့ခြင်းဖြစ်သည် ယူဆနိုင်ပေသည်။

ဧသော လောကနာထော မဟာရာ၏

ဧသီရိ အနိရုဒ္ဓ ဒေဝေန ကတော

ဝိမုတ္တတ္ထံ သဟတ္ထေ နေဝါတိ

ဒိလောကနာထ ဘုရားလောင်း ရုပ်ပွားတော်ကို

သီရိ အနိရုဒ္ဓ မင်းကြီးက သံသရာကလွတ်ချင်လို့ ကိုယ်တိုင်လုပ်သည်။

ရေစကြိုမြို့နယ် ကန်သစ်ရွာသူကြီး ဦးဘတင်ထံမှ ရရှိသော မြေပုံဘုရား (အုတ်ခွက်ဘုရား) နောက်ကျောစာကို အနော်ရထာမင်းကြီးကိုယ်တိုင် ပါဠိလိုရေးထိုးခဲ့ကြောင်း ဒေါက်တာသက်လွင် ပုဂံကပြော

သောသမိုင်း၊ နှာ - ၁၃၂-၁၃၃ တို့၌ဖော်ပြထားသည်။

အနုရာဓသည် ပဏ္ဍုဝါသုဒေဝနှင့် ဘဒ္ဒကစ္စနာတို့သည် သာကီဝင်မင်းမျိုးများဖြစ်ကြပြီး သား (၇) ဦးမွေးဖွားသည်။ အနုရာဓနှင့် ရောဟဏတို့ ရွာတည်ကြရာမှ အနုရာဓရွာနှင့် ရောဟဏရွာများဖြစ်ပေါ်လာသည်။ အိန္ဒိယ တလိုင်းမင်းနားသင်္ဘောဆိပ်မှ ၈၂ မိုင်၊ ကိုလံဘိုမှ အရှေ့မြောက် ၁၂၇ မိုင် သီဟိုဠ်ကျွန်းမြောက်ပိုင်း ကဒမ္ဗမြစ်ကမ်း၌တည်ရှိသည်။ နေပြည်တော်အဖြစ်သို့ အနုရာဓမင်းသား၏ တူတော် ပဏ္ဍုကာဘယ (ဘီစီ၊ ၃၉၄-၃၀၇) မင်းက ဥပတိဿရွာမှ ပြောင်းရွှေ့နန်းစိုက်၏။ အနုရာဓရွာအနီး အနုရာဓနက္ခတ်နှင့်စန်းယှဉ်ခိုက် တည်ထောင်၍ သုံးထပ်ကွမ်းအနုရာဓမည်လေသည်။

ခရစ်မပေါ်ပေါက်မီ နှစ်ပေါင်း (ဘီစီ- ၄၁၀) ခန့်မှစတင်၍ (အေဒီ - ၁၁၀၉) တိုင်အောင် နှစ်ပေါင်း ၁၅၁၉ နှစ်တိုင်တိုင် မင်းဆက်ပေါင်း (၉၀) အုပ်စိုးခဲ့၍ သက်တမ်းရှည်နေပြည်တော်ကြီးဖြစ်ယုံမျှမက ဗုဒ္ဓသာသနာ အခြေစိုက်ဌာနလည်းဖြစ်သည်။

ပဏ္ဍုကာဘယလည်းမြို့တည်သည်။ ၁၆ မိုင်ပတ်လည်ရှိပြီး မြို့ရိုးတံတိုင်း (၁၈) တောင်မြင့်သည်။ အစောင့်ထားသည်ဆို၏၊ သာသနာမရောက်သေး၍ ဂျိန်း၊ အာဇီဝကတတ္တဒွန်း၊ ပရိဗိုဇ်၊ ဗြဟ္မဏစသည့် ဘာသာရေး ပုဂ္ဂိုလ်များအတွက် သီးခြားအဆောက်အအုံနှင့် အထောက်အပံ့ပေးထားသည်ဟု ဆိုသည်။ ပဏ္ဍုကာဘယ၏ သားတော်လက်ထက်တွင် သာသနာဝင်၌ နာမည်ကျော်ကြားသော မြို့၏တောင်ဘက် မဟာမေဃဝန်ဥယျာဉ်ကြီးနှင့် နန္ဒနခေါ် ဇောတိဝနဥယျာဉ်များကို တည်တောင်၏။

မုသိဋ္ဌဝ၏ သားတော် ဒေဝါနံပိယတိဿ (ပဏ္ဍုကာဘယ၏ မြေး) လက်ထက် (ဘီစီ ၂၄၇-၂၀၇)တွင်၊ ယင်း မဟာမေဃဝန်ဥယျာဉ်ကြီးကို သံဃာ့အရာမ်အဖြစ် သိမ်သမုတ်၍ အရှင်မဟိန္ဒအားလှူ၏၊ အလွန်ကြီးကျယ်ခန်းနားသော မဟာဝိဟာရကျောင်းတော်ကြီးကိုလည်း လှူသည်။ သီဟိုဠ်ကျွန်း၌ ပထမဆုံးသာသနာမျိုးစေ့ချရာ ဘူမိနက်သန်

နေရာဖြစ်သည်။ ယင်းကို အစွဲပြု၍လည်း အနုရာဓ၊ အနုရာဓမြင်းကပါ ဟု ဆိုအပ်၏။

ထိုအနုရာဓ၌ "ပထမမြန်မာနိုင်ငံစစ်မှန်သော ထေရဝါဒ သာသနာထွန်းကားစည်ပင်ရာ၊ ဘုန်းကံရှင်နော်ရထာကား၊ အရှင်အရ ဟံနှင့်ပူးပေါင်း၍ မဟာသိမ်ကိုတည်ဆောက်လှူဒါန်း သမုတ်ခဲ့ခြင်းသာ ဖြစ်သည်။ ထို့ကြောင့် ပုဂံထက်မြင့်မြတ်သော၊ ရှေးကျသော ပုဂံမတိုင် မီ အနုရာဓ၊ အနုရာဓမြင်းကပါသည် ဗုဒ္ဓသာသနာထွန်းကားစေဖို့ သာသနာမျိုးစေ့ချရာ သမိုင်းဝင်မြင်းကပါ အရှင်အရဟံသိမ်ဖြစ်သည်။


## သာသနာဆယ်ရာစုမှ အနုရာဓ

တရုတ်ရဟန်းတော်ဖာဟီယန် (သာသနာ ၉၅၄-၉၅၆)ရောက် စဉ်က သီဟိုဠ်အနုရာဓသည် ကြည်နူးဘွယ်အထိရှိသေး၏။ ဆောင်း နွေမခြားရတုရာဉီကောင်း၍ သီးနှံနှင့်ကျောက်မျက်ရတနာများ၊ ပုလဲ များပေါကြောင်း၊ မဟာဝိဟာရ၌ သံဃာ ၃၀၀၀ အဘယဂိရိ၌ သံဃာ ၅၀၀၀၊ မြို့တွင်းလမ်းဆုံလမ်းခွများ၌ လစဉ်ဥပုသ်နေ့တိုင်း တရားဟော ပြောနာယူကြကြောင်း စသည်ပြဆိုထားရာ ယခုအခါ အလွန်ပူပြင်း ခြောက်သွေ့၍ အရသာမရှိသော သောက်ရေပင် မလုံလောက်။ ငှက် ဖျားရောဂါပင်စွဲတတ်သည်ဆို၏။ အိမ်ခြေလည်း ၅၀၀ ပတ်ဝန်းကျင် မျှသာရှိတော့၍ မြန်မာနိုင်ငံ ပုဂံမြို့ကြီးသဖွယ်ရှိလေ၏။

ပုဂံမြို့ကြီးဥယျာဉ်ဗိမာန် ချောင်းကန်စိမ့်စမ်းတို့ဖြင့် စိမ်းလန်း စိုပြည်ကြောင်း၊ မိုးလေဝသကောင်းမွန်၍ သီးနှံဖြစ်ထွန်းလှကြောင်း 'ပေါင်းလောင်းရှင်ကဿပရေး ပါဠိဘာသာ ဩဟာသရုံသီခေါ် ဗောဓိ ဝင်ငြိကာ နိဂုံးမှ ပုဂံပြည်ကြီးနှင့် ယနေ့ပုဂံသည် ဒဏ္ဍာရီပမာခြားနား လှသကဲ့သို့ပင်တည်း'ဟု "သီဟိုဠ်ခေတ်စံတော်ဝင် အရိယာ"များ စာအုပ် ၌ ရေးသားဖော်ပြခဲ့သည်။

## ရှင်အရဟံသိမ်သမိုင်း

ဝိနယသင်္ဂဟ အဋ္ဌကထာ၏ အဖွင့်ဖြစ်သော တိပိဋကာလင်္ကာရ ရာဇဂုရုဘွဲ့တံဆိပ်တော်ရသော တောင်ဖီလာဆရာတော်ဟု ထင်ရှား သော မဟာထေရ်သည် ပြုအပ်သော ဝိနယာလင်္ကာရဋီကာကျမ်း စာမျက်နှာ (၃၆၅)၊ ကြောင်းရေ (၂၀)တွင် "အရိမဒ္ဒန ပူရေစ အနုရုဒ္ဓ မဟာရာဇေနသမ္မာနပိတာဒ္ဒိသဗ္ဗာဓိက သတဟတ္ထာမာ သတ္တစတ္တာလီ သာဓိကာသတဟတ္ထာ ဝိတ္ထာရာ မဟာသီမာနိမိတ္တေန သဟာဒိဿတိ"



"အရိမဒ္ဒနပြည်၌ အနော်ရထာမင်းတရားနှင့် ရှင်အရဟံ သမုတ်အပ်သော အလျား ၁၆၂ တောင်၊ အနံ ၁၄၇ တောင်ရှိသော မဟာသိမ်ကြီးကို နိမိတ်နှင့်တကွ ထင်ရှားရှိပါ၏"ဟူ၍ ပါရှိပါသည်။

သိမ်တံတိုင်းအနီး ၁၀ ပေအကွာ၌ ကျောက်တုံးတိုင်ကြီး ရှိပါသည်။ ၎င်းမှာ မူလသိမ်နိမိတ်ဖြစ်ပါသည်။ အနော်ရထာမင်းကြီး တည်သော ကုဿိနာရုံဘုရားစုမှာ ဤသိမ်ကြီး၏ အရှေ့ဘက်တွင် တည်ရှိပါသည်။ အနော်ရထာမင်းလက်ထက်တွင် ရှင်အရဟံ ပုဂံသို့ ရောက်ရှိလာပြီး ထေရ်ရဝါဒ ဗုဒ္ဓဘာသာထွန်းကားလာကာ ဤမဟာ



သိမ်တော်ကြီးကို အတိုင်းအတာနှင့်တကွ အစပထမတည်ထားခဲ့ပြီး နောင်တည်ထားသောသိမ်များအတွက် နမူနာယူရန်ဖြစ်သည်ဟု ဆိုပါသည်။ ကျစ်စစ်သားမင်းရေးထိုးခဲ့သော နန်းတည်ကျောက်စာတွင် နန်းတော်တည်မည့်နေရာတွင် မြေသန့်မင်္ဂလာပြုလုပ်စဉ်၊ ရှင်အရဟံအပါအဝင် ရဟန်း (၄၁၀၈) ပါး ပရိတ်ရွတ်ကြကြောင်းဖော်ပြပါရှိသဖြင့် ရဟန်းများ ဤမျှများပြား၍ သံဃာကံပြုရန် ပုဂံတွင်သိမ်များရှိခဲ့ကြောင်း ထင်ရှားပါသည်။

သိမ်၏ တောင်ဘက်ခြမ်းရှိ ကျောက်စာသုံးချပ်အနက် အလယ်ချပ်တွင် အထက်ပါအတိုင်းရေးထိုးထားရှိသည်။ မူရင်းကျောက်မဟုတ်ပဲ ၁၃၆၁ ခုနှစ် ဒုတိယဝါဆိုလဆန်း (၇) ရက်နေ့ ရှင်အရဟံမဟာသိမ်ပြုပြင်စဉ်က ရေးထိုးထားကြောင်းတွေ့ရှိရပါသည်၊ ကျောက်စာသုံးခုအနက် အရှေ့ဘက်ကျောက်စာတွင် -

၁၂၉၄

(ရှင်အရဟံသိမ်)

ဝိနယာလင်္ကာရဋီကာကျမ်းတွင် အရိမဒ္ဒနာပူရပြည်၌ ရှင်အရဟံ ပထမသမုတ်အပ်သော အလျား (၁၆၂) တောင်၊ အနံ (၁၄၇) တောင်ရှိသော မဟာသိမ်တော်ကြီးကို နိမိတ်နှင့်တကွ ထင်ရှားရှိပါ၏ဟု ပါရှိပါသည်။

အဆိုပါသိမ်ကြီးမှာ နှစ်ပေါင်းများစွာ ပျက်စီးယိုယွင်းနေသဖြင့် မူလတိုင်ရာများကို ရှာဖွေတူးဖော်၍ မူလလက်ရာအတိုင်း သစ်သားတိုင်

အဆောက်အဦးကြီး၊ အရှေ့ဘက်သိမ်စေတီအတွင်း အရှေ့ဘက်ဆင်းတုတော်ကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် အများပြည်သူများက မြန်မာသက္ကရာဇ် ၁၃၆၁ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၃ ရက်တွင် ပြုပြင်သည်ဟူ၍ ဖြစ်ပါသည်။

အနောက်ဘက်ကျောက်စာတွင်ထိုနည်းတူပင်ဖြစ်သည်။

၁၂၉၄

(ရှင်အရဟံသိမ်)

ဝိနယာလင်္ကာရဋီကာကျမ်းတွင် အရိမဒ္ဒနာပူရပြည်၌ ရှင်အရဟံ ပထမသမုတ်အပ်သော အလျား (၁၆၂) တောင်၊ အနံ (၁၄၇) တောင်ရှိသော မဟာသိမ်တော်ကြီးကို နိမိတ်နှင့်တကွ ထင်ရှားရှိပါ၏ဟု ပါရှိပါသည်။ အဆိုပါသိမ်ကြီး ပျက်စီးယိုယွင်းနေသဖြင့် မူလတိုင်ရာများကို ရှာဖွေတူးဖော်၍ မူလလက်ရာအတိုင်း သစ်သားသိမ်အဆောက်အဦးကြီးအနောက်ဘက်နှင့် သိမ်စေတီအတွင်း ဆင်းတုတော်ကို မကွေးတိုင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် အများပြည်သူများက မြန်မာသက္ကရာဇ် ၁၃၆၁ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၃ ရက်နေ့တွင် ပြန်လည်ပြုပြင်သည်ဟူ၍ဖြစ်သည်။

သိမ်၏အနီးဝန်းကျင်ဖြစ်သော အရှေ့တောင်ဘက်ယွန်းယွန်းတွင် စေတီငယ် နှစ်ဆူရှိလေရာ၊ ထိုစေတီများကိုလည်း ရှေးဟောင်းလက်ရာမပျက် ဗိုလ်ချုပ်ရဲမြင့်နှင့်ဗိုလ်မှူးချုပ်သိန်းဇော်တို့ တစ်ဦးတစ်ဆူစီခွဲ၍ ပြုပြင်ထားပါသည်။ ထိုသို့ ပြုပြင်ပြီးစေတီနှင့် မဟာသိမ်တော်ကြီးတို့သည်လည်း ဘုရားဖူးလာရောက်ကြသော ဘာသာပေါင်းစုံ၊ လူမျိုးပေါင်းစုံတို့၏ ဝမ်းမြောက်ကြည်နူးမှုပီတိများ သာသနာအတွက် သာဓုအနုမော်ဓနာခေါ်ဆိုရာ၏။

ရှင်အရဟံသိမ်၏ အရှေ့ကတောင်ဘက်ယွန်းယွန်းရှိ စေတီနှစ်ဆူသည် ရင်ပြင်တော်တပြေးညီဖြစ်သည်။ ထိုတပြေးညီရင်ပြင်တော်၌ စေတီ (၂)ဆူ၏ ကျောက်စာများကို ကြည့်ရာ မူရင်းကျောက်စာဟောင်းမတွေ့ရှိရပါ။ မန္တလေးတိုင်းမှူးနှင့် မကွေးတိုင်းမှူးတို့ ပြုပြင်မှု

ကျောက်စာကိုတွေ့ရှိလေရာ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့ အတွင်း နေထိုင်ကြသော တိုင်းရင်းသားလူမျိုးတို့ တမြေတည်း၊ တရေတည်း သွေးစည်းညီညွတ်ယုံတင်မက ကိုးကွယ်သောဘာသာ၊ သာသနာမှာ လည်း တပြေးညီတစိတ်တဝမ်းရှိကြောင်း ဖော်ပြနေပေသည်။ ဘုရား အမှတ် ၂၅၈၉ ဖြစ်ပြီး ကျောက်စာ၌ အောက်ပါအတိုင်းရေးသားထား ရှိသည်

၂၅၈၉(က)

ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်ဇနီး ဒေါက်တာတင်လင်းမြင့်၊ သမီး သီဂီရဲမြင့်၊ အောင်ကျော်ရဲမြင့်၊ သမီး ကေခိုင်ရဲမြင့် မိသားစုတို့မှ ၂၀. ၈. ၉၉ ရက်နေ့တွင် ပြန်လည်ပြုပြင်ပြီး စီးသည်။

၂၅၈၉(ခ)

မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ အမှတ် (၃) လှုပ်ရှား၊ စစ်ဗျူဟာမှူး ဗိုလ်မှူးချုပ်သိန်းဇော်နှင့်ဇနီး ဒေါ်မူမူဝင်း၊ သမီးမအိသန္တာဇော်၊ မမေဇော်ခိုင်၊ သားဇော်မိုးထက်၊ ဇော်မိုးကျော် မိသားတစ်စုတို့မှ ၂၀. ၈. ၉၉ ရက်နေ့တွင် ပြန်လည်ပြု ပြင်ပြီးစီးသည်။

အရှင်အရဟံ မဟာသိမ်တော်ကြီးနှင့် အထက်ပါဘုရားအမှတ် ၂၅၈၉ တို့သည် ပေ ၂၀ မျှသာကွာဝေးသည်။ ရှင်အရဟံမဟာသိမ်၏ အဂ္ဂိထောင့်(အရှေ့တောင်ထောင့်)တွင် တံခွန်တိုင်စိုက်ထူလှူဒါန်းထား သည်။ အနော်ရထာနှင့်ရှင်အရဟံရှိစဉ်က ထဲ့ကတံခွန်တိုင်ဖြစ်ချင်မှ ဖြစ်မည်ဟူ၍ သွားရောက်ကြည့်ရှုရာ ဗိုလ်ချုပ်ကြီးရဲမြင့်နှင့်ဇနီးဒေါက် တင်လင်းမြင့်မိသားစုတို့မှ ၇. ၆. ၉၉ ရက်နေ့တွင် စိုက်ထူလှူဒါန်း ထားရှိကြောင်း ဖတ်ရှုရပါသည်။ သို့နှင့်မဟာသိမ်တော်ကြီး၏ အရှေ့ ဘက်မုခ်မှ အရှေ့တည့်ခြေလှမ်း ၃၀ မျှ လှမ်းလိုက်သည် စေတီပေါင်း ၂၀ မျှ မှိုပေါက်သကဲ့သို့ ဖူးမြော်မြင်တွေ့ရပါသည်။

ပုဂံဘုရားစေတီပုထိုးများ လွန်စွာများပြားသဖြင် နိုင်ငံခြားက

က အစီအစဉ်ဖြင့် ရှေးဟောင်းယဉ်ကျေးမှုဦးစီးဌာနက နံပါတ်များ တတ်ဆင်ထားဟန်တူပါသည်။ "လှည်းဝင်ရိုးသံတည်ညံ၊ ပုဂံဘုရား ပေါင်းသည်၊ လှည်းဝင်းရိုးသံအထိသာရှိမည်၊ တည်ညံ မပါရှိနိုင်ကောင်း တန်ရဲ့ဟု တွေးတောစဉ်းစားမိခဲ့သည် လှည်းဝင်းရိုးသံ (၄၄၄၆)သာ ရှိမည်ဟု ငယ်စဉ်ကလေ့လာရေး လာရောက်စဉ်စဉ်းစားမိ၏။ အသက် ၂၃ နှစ်ဝန်းကျင်သာရှိသေး၍ အသေအချာ မမှတ်မိသော်လည်း ဝန် ထမ်းဖြစ်နေပြီဖို့ ဒိုင်ယာရီရေးတတ်စပြုပြီဖြစ်သည်။

## ပုဂံသို့လေ့လာရေးအစ

၁၉၈၄ ဒီဇင်ဘာညချမ်းသည် ပုဂံသူပုဂံသားများအဖို့ ခိုက် ခိုက်တုန်ချမ်းအေးနေသော်လည်း ရှမ်းပြည်(နောင်ချို)ရေခဲရာအရပ် ဆီးနှင်းခဲကျရာ အရပ်မှလာသူ ကျွန်တော်တို့အဖို့ ချမ်းရမှန်း အေးရမှန်း မသိ။

ထိုစဉ်က လမ်းစဉ်ပါတီမှ ဖွဲ့စည်းပေထားသော နောင်ချိုမြို့ နယ် တိုင်းရင်းဆေးဆရာများအဖွဲ့၊ တိုင်းရင်းသမားတော်များ မန္တလေး မဟာမုနိဖူးမျှော်ပြီး၊ စစ်ကိုင်းကောင်းမှုတော်၊ ကျောက်ဆည်ချည်မျှင် နှင့်အထည်ရုံ မိုးညှင်းသမ္ဗုဒ္ဓေ၊ ပုပ္ပါး၊ ပုဂံ ညောင်ဦးခရီးစဉ်များဖြစ် ၏။

ဗူးဘုရားတွင် ညအိပ်ကြသည်၊ ညနေပိုင်းရွာကြားဈေးတမ်း ယွန်းတည်ဝယ်သည်။ ကိုးနှစ်ဆယ်နှစ်အရွယ်ကလေးငယ်များ ယွန်း ထည်တွင် ကနုတ်ပန်းများရေးနေကြသည်။ ထိုမှာဘက်ပန်းပွင့်နှင့် သည်မှာ ဘက်ပန်းပွင့်၊ တစ်ပွင့်ပြီးတစ်ပွင့် နောက်ထပ်တစ်ခုပြီးတစ်ခု ရေးသည်။ ဖျက်ရာခြစ်ရာ၊ စွေစောင်းသွားရာမပါ ပကတိအလှအတိုင်း၊ ပကတိအနေအထားရေးနေကြသည်။

သူတို့လိုတတ်ချင်သည်၊ ပန်းချီပညာသည် အသေးစိပ်လွန်းလှ ပါ၏။ ထိုစဉ်က နိုင်ငံခြားသားများကို တအံ့တသြကြည့်မိသည်။ ဘုရား

ပရဝုဏ်အတွင်း ကျောင်းဝင်းအတွင်းနိုင်ငံခြားသားများ ဖိနပ်စီးကြသည်။ မြန်မာတွေက သူတို့ကိုတားဆီးခြင်းမပြုခဲ့ကြ မြန်မာများက သူတို့လို လိုက်၍ ဖိနပ်စီးခြင်းမှ ဘောင်းဘီဝတ်ဆင်ခြင်းစတင်လာသည်။

၂၀၀၁ ခုနှစ်ဝန်းကျင်ရောက်ခဲ့သည် ယခင်အခေါက်များလို ညောင်ဦးကိုလာခဲ့သလို ကိုးနှစ်၊ ဆယ်နှစ်အရွယ်ကလေးမလေးများ အာနန္ဒာရောက်လျှင် အာနန္ဒာသမိုင်း၊ ဗူးဘုရားရောက်လျှင် ဗူးဘုရားသမိုင်း၊ မသိတာတွေ သိတာတွေ မြန်မာအချင်းချင်းဘာသာပြန်ခဲ့တာတွေ ပျောက်ကုန်ပြီး နိုင်ငံတကာစကားများ၊ နိုင်ငံတကာသုံး စကားလုံးများဖြင့် ပြောဆိုသံကြားရ မြင်ရသည်။

ဘာသာရေးနယ်ပယ်၌ ဘာသာရေးစည်းကမ်းရှိသည်။ ဘုရားကျောင်းကန်၊ စေတီပုထိုးပရဝုဏ်များ၌ ဖိနပ်ချွတ်ရန်စာတမ်းကို မျက်ကွယ်ပြုကာ ပြောင်ပြောင်တင်းတင်းလုပ်နေမှုများသည် အချုပ်တန်းဆရာဖေရေးသောကဗျာကဲ့သို့ -

"မြန်မာတွေစည်းကမ်းဖောက်လို့"ထီးနန်းပျောက်ဖြစ်ပြီစသဖြင့် ကြာလာရင် ဥပေက္ခာပြုရာရောက်ချေမည်။ ဥဿာပဲခူး အခြေအနေတော့မသိနိုင်၊ မဏိစန္ဒာထွက်လာသည်။ တဝဂူအတွင်းက စောင်းသမားနှင့်ဘုရင့်သမီးတော်ကို သတိရလွမ်းဆွတ်ရ၏။

"ဆရာလိုပါဘဲ အဲဒီစောင်းသမားက ရှမ်းပြည်ဘက်မပြန်နိုင်တော့လို့ ပုဂံမြို့ရိုးနဘေးမှ စောင်းတီးတော့ ဘုရင့်သမီးတော်ကြားတယ် ဆိုလား စောမွန်လှနဲ့ အတူပါလာပြီး ဘုရင့်သမီးတော်ကို ပြန်ရအောင်ယူမယ်ဆိုတဲ့ စိတ်နဲ့နေရင်း တဝဂူမှာချိန်းတွေ့ကြတော့"

အမျိုးမျိုးအသံတွေကြားရတော့ အဲဒီတုန်းခေတ်အခြေအနေသုံးသပ်ပြီး ဘုရားဂူအတွင်းမှာတော့ ချိန်းတွေ့တယ်ဆိုတာ ဟုတ်မယ်လို့ မထင်ခဲ့ရ။ သစ်တောတွေက အဲဒီခေတ်ကြီးထဲပေါပါဘိနဲ့။

ဒါနဲ့ရွာကလေးတွေကိုတော့ "ခေတ်မမီဘူးဆိုတာ အဖိုးတို့ကို အဲသလို မပြောပါနဲ့ မင်းတို့ကအခုမှ ကေဒီအေတို့ အင်တာနက်တို့

မြင်ဘူးတာ၊ ငါတို့ဆို မမွေးခင်ကရှိခဲ့တဲ့ တဝဂ္ဂအကြောင်းကို အခုလို လူပျိုဖြစ်စကတဲက တွေ့ရှိလိုက်တာလို့ ပြန်ပြောမိပါရဲ့။သွားမရှိတော့ပေမဲ့ မခံချင်တဲ့စိတ်နဲ့မို့ပါ။

မကြာပါဘူး၊ အရည်ကြီးခေတ်ကို မီးမောင်းထိုးပြပြီး ထေရဝါဒ သာသနာ အစစ်အမှန်ဆိုတာ ဒါမျိုးလို့ ကြွေးကြော်နိုင်လောက်အောင် ဖြစ်လာမယ်ယူဆတဲ့။ ဗမာ့မော်ကွန်း၊ ဇင်ယော်မောင်မောင်ရဲ့ ဗွီဒီယိုကားက ကြည့်ရှုရတာအားရကျေနပ်မှုမရှိလှပါ(အပြုသဘောဖြင့် ရေးခြင်းပါ) ပိဋကတ်တော်လို့ ပြောပြီး သစ်ပင်သစ်ခေါင်းမှာ နှစ်လများ စွာမြှုပ်နှံပြီး၊ ဝါဒဖြန့်၊ အနော်ရထာရောက်လာမှ သစ်ပင်လှဲ၊ ပုဆိန်နဲ့ တုခွဲခန်း သထုံကိုသိမ်းပိုက်ခန်းတွေမှာကြည့်ရင်း၊ ဆု ဇာတ်ကားရိုက် သွားတဲ့ ရွှေဖုံးဘီအေခေါင်လို ဒါရိုက်တာမျိုးဆိုဟင်. . သည့်ထက် ကြည့်ကောင်းလေမလား၊ ဗမာ့မော်ကွန်းကားကို ဇာတ်ညွှန်းခွဲရာမှာ အကယ်ဒမီငြိမ်းမင်းတို့ကို ခွဲခိုင်းလိုက်ရယင်. . .။

စသဖြင့် တွေးတောမိခဲ့သည်။ စဉ်းစားရင်းပင် ငယ်ငယ်က နှင့်အခု ဘာမျှမကြာသေး၊ ပုဂံသည်ခြောက်သွေ့လှ၏။ တမာ၊ ကန္တာရ ပင်များမှလွဲ၍ အခြားအပင်များမတွေ့ရ၊ ရှိတော့ရှိ၏ ရှားပါးသည်။ ကြီးမားသော သစ်ပင်များအစား၊ အလှပန်းများစိုက်ရာ ဟော်တယ်များ၌ "သောင်းဂဏန်း"ချီ၍ပေးဝယ်စိုက်ပျိုးကြသည်။ ဤသည်ထားလေတော့. . .။

အခေါက်ခေါက်အခါရောက်ခဲ့လေတိုင်း ဤမျှများပြားသော စေတီပုထိုးဘုရားများအား မည်သူကစခဲ့သနည်း၊ များပြားလှစွာသော သာသနာပြုရဟန်းများလည်း အလွန်အမင်းများပြားပေလိမ့်မည်။ စသည်ဖြင့် ငယ်ငယ်က ကလေးအတွေးတွေးခဲ့မိသည်။

ဗုဒ္ဓဘာသာဝင်များအဖို့ သိမ်သည်အရေးကြီးလှပါ၏။ သိမ်သည့်ရဟန်းစစ်၊ ရဟန်းမှန်များမွေးထုတ်ရာ မိခင်နှင့်အတူလှသည်ဖြစ်၍ ပုဂံတွင် ပထမဦးဆုံးသမုတ်ခဲ့သော သိမ်ကို ကြိမ်ဖန်များစွာ လေ့လာခဲ့ပါသည်၊ ယခုတစ်ကြိမ်ပုဂံသို့ရောက်ရှိ လေ့လာရသည်မှာ မဟာ

သိမ်ကားလွန်ခဲ့သော နှစ်များစွာက သိမ်နှင့်တူနေပြီး အရှင်အရဟံနှင့် အနော်ရထာတို့ပင် အနီးအနားဝင်းကျင်၌ အမှန်တကယ်ရှိနေတယ်လို့ ထင်မြင်ရပါ၏။ မဟာသိမ်အတွင်းရှိ ပုဂံခေတ် ၁၀-၁၁ ရာစုခန့်က ထုလုပ်သည့် ဗုဒ္ဓရုပ်ပွားတော်မြတ် နှစ်ဆူကို ခရီးသွား၊ ဘုရားဖူးလာ ရောက်ကြသူများ ကြည်ညိုသဒ္ဓါပွားကြပါသည်။ ရှင်အရဟံပထမဦးဆုံး သမုတ်ခဲ့သော သိမ်ဖြစ်၍လည်း "ရှေးလက်ရာ"များမှာ အံ့သြမိကြပါရဲ့။

ရှင်အရဟံသိမ်သည် သာသနာသမိုင်းဝင် အနုရာဓရွာခေါ် မြင်းကပါမြို့၏ အရှေ့ထိပ် ရှေးအခေါ် ရှင်အရဟံ ဘုရားစုသို့မရောက် ရှိမည် တွေ့ရှိရမည်။ ထိုထက်ရှေးဦးစွာ ရှင်အရဟံကန်ကျောင်းဟု ခေါ် ဝေါ်သမုတ်ရလောက်အောင် မြင်းကပါဘုန်းကြီးကျောင်းများတွင် တစ် ကျောင်းအပါအဝင် "ကန်ကျောင်း"ကို တွေ့ရှိရပေမည်။

ဆရာတော် အရှင်ဇဝန ဘွဲ့တော်အမည်ဖြင့် ရဟန်းတစ်ပါး နှင့် ဉပဉ္စင်းများသီတင်းနေထိုင်ကြသည်။ တစ်လလျှင် ၄ ကြိမ်၊ ဉပုသ် နေ့များရွာထဲရှိ ဒကာ၊ ဒကာမများလာရောက်သီလဆောက်တည်ကြ သည်။ တရားစခန်း ၁၀ ကြိမ်(တစ်နှစ်လျှင်တစ်ကြိမ်)ထက် မနည်းပြု လုပ်သည်ကို ကျောင်းပေါ် ခတ်ပုံ၊ ပန်းချီမှတ်တမ်းများ၌ တွေ့ရှိရ သည်။

ဉပုသ်နေ့ရက် မရောက်မီ တစ်ရက်အလိုတွင် အလှည့်ကျ ဝတ်အသင်းမှ ရှင်အရဟံမဟာသိမ်နှင့် ကန်ကျောင်းတို့၌ တံမြက်လှဲ ခြင်း၊ သောက်ရေများ၊ ဘုရားပန်းများလဲလှယ်ပေးခြင်းပြုပြီး ကျောင်း ၏ အရုဏ်ဆွမ်း၊ နေ့ဆွမ်းများကို ရွာတွင်းဆွမ်းအပြင် အေဒင်ကုမ္ပဏီ မှ အချိန်မှန်လောင်းလှူသည်။ ဉပုသ်ညနေပိုင်းတွင် ဓမ္မစကြာဝတ် အသင်း၏ ဓမ္မစကြာနှင့် ပရိတ်တော်များရွတ်ဖတ်ပူဇော်ကြသည်။ နေ့ စဉ်နိုင်ငံခြားဘုရားဖူးများ ခန့်မှန်းအနည်းဆုံးနေ့ရက် ၇၀ ဦးနှင့် အထက် လာရောက်နေကြကြောင်း မျက်မြင်တွေ့ရှိခဲ့ပြီး မြန်မာတိုင်းရင်းသား အချို့ကိုလည်း ထိုထက်လျော့၍ တွေ့ရှိရသည်။

မဟာသိမ်အတွင်း ရုပ်ပွားတော်ပလ္လင်၏ တောင်ဘက်မျက်နှာ စာတွင် စတင်တည်ထားကိုးကွယ်သော ပကတိလက်ရာအတိုင်း ထားရှိ

သည်။ မဟာသိမ်စေတီအရှေ့တောင်ဘက်တွင် ပိဋကတ်တော်သယ်ဆောင်လာသော အထိမ်းအမှတ် မဟာဆင်တော်နှင့်ထီးတော်များတွေ့ရှိရပြီး၊ ရွှေဟောင်းယဉ်ကျေးမှု သုတေသနဦးစီးဌာနမှ ဗုဒ္ဓဝေယျာဝစ္စဆောင်ရွက်ရန် အသက် ၇၀ ကျော် အဖွားပိုင်းကြည်ကိုပါတွေ့ရှိမည်ဖြစ်သည်။

ရှင်အရဟံဘုရားစုကို သွားရောက်ခဲ့ရာ ၂၀၁၃-၂၀၁၄ ခုနှစ် ဒုတိယအကြိမ်ပြင်ဆင်ခြင်း စေတီမှာ ကဗ္ဗည်းစာများလည်း ဖတ်၍မရ အတွင်းဝင်ရန်လည်း မဖြစ်နိုင်အောင် ဆူးပင်ဆူးခက်များ အုပ်စိုးနေသည်ကိုတွေ့ရှိသဖြင့် လူတစ်ကိုယ်စာဝင်နိုင်သော(သို့) လှမ်းမြင်ရသောနေရာ နေ၍ ရေးကူးမှတ်သားရပါသည်။

၁၂၉၃

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေးအရှေ့ပိုင်းရပ်ကွက် ၂၃ ၊ ဒေါ်သိန်းတင်လမ်းနေ နှစ်ဖက်မိဘအမျိုးထား၍ ဦးခင်ဝင်း+ဒေါ်တင်နု သားသမီးမြေးတစ်စုကောင်းမှု (ဒေါ်နုအကြောဖြေလိမ်းဆေး) ၁၃၅၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၄ ရက်၊ ပြန်လည်ပြုပြင်ပြီးစီးသည်။

၁၂၉၃

ရွှေပြည်သာမြို့နယ် အမှတ် (၂၉/၁၁၁)နေ ဗိုလ်မှူးကြီးအေးမောင်(ငြိမ်း)၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ဇနီးဒေါ်တင်တင်ဦးနှင့် သားသမီးများဖြစ်ကြသော ခွဲမှူးဗိုလ်မှူးဗိုလ်ကြီး စိုင်းဝင်းအေး၊ ဗိုလ်မှူးခင်ချိုအောင်၊
စိုင်းမြတ်အေး - မနွယ်နီတိုင်း
မယဉ်ယဉ်ဝင်း
စိုင်းငြိမ်းအေး-မဝင်းစန္ဒနှင့်
မြေးများကောင်းမှု
၁၃၅၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၄ ရက်၊ ပြန်လည်ပြုပြင်ပြီး

စီးသည်။

မဟာသိမ်ကြီး၏ အရှေ့ဘက်ကပ်လျက် လူသွားလမ်း၏ ညာဘက်ခြမ်းတွင် -

၁၂၈၇
မြောက်ဥက္ကလာပမြို့နယ် ခေမာသီလမ်း ၈/၂၄ နေ
ဦးတင်ထွန်း+(ဒေါ်ငွေးနွယ်) သမီးစိမ့်စိမ့်ထွန်း
မိသားစုကောင်းမှု
၁၃၅၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၄ ရက်

၁၂၈၆
မန္တလေးတိုင်း၊ ကျောက်ပန်းတောင်းမြို့ ဦးသန်းအောင်၊ ဒေါ်အုန်းတင်တို့မှ ၁၃၅၉ ခုနှစ် သီတင်းကျွတ်လဆန်း ၁၄ ရက် နေ့တွင် ပြန်လည်ပြုပြင်ပြီးစီးသည်

၁၂၈၈
အထက (၄) ဗိုလ်တထောင်မြို့နယ် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ချိုဝင်းနှင့်ကျောင်းဆရာမများ (၂၀၁၂-၂၀၁၃) ပညာသင်နှစ် ကျောင်းသား၊ ကျောင်းသူများ (၂၅-၁၂-၂၀၁၂)တွင် ဒုတိယအကြိမ် ပြုပြင်ပြီးစီးသည်။

ရှင်အရဟံသိမ်ဘုရားစုတွင် ဤမျှသာရေးသားဖော်ပြရပါသည်။ စေတီတိုင်းလိုလိုကျောက်စာများ ရှိပါသည်၊ ရှင်အရဟံဘုရားစုရှိ စေတီအချို့တွင် ခြုံနွယ်များထူထပ်ပြီးသွားလာရန် ခက်ခဲမှုကြောင့်လည်းကောင်း၊ ကန္တာရဆူးများကြောင့် အတွင်းထိဝင်ရောက်၍မရပါ။

မည်သို့ပင်ဆိုစေ မည်သည့်သိမ်နှင့်မျှ မတူသော ရှင်အရဟံသိမ်နှင့် သိမ်အလယ်မှ စေတီကိုအဝေးကပင် လှမ်းမျှော်၍ဖူးနိုင်သဖြင့် ဘုရားစုနှင့်သိမ်စေတီတို့မှာ ပဏာရလျက်ရှိပေသည်။

## ဗုဒ္ဓသာသနာ တည်တံ့ထွန်းလင်းနေခြင်း

"ဣဿရိယ ဓမ္မ ယသ သိရီ ကာမ ပယတ္တ" တည်းဟူသော ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏ သာသနာတော်မြတ်ကို သာမန်ပုဂ္ဂိုလ်တို့ ဆောင်ရွက်နိုင်ကြသည် မဟုတ်ပေ၊ ရှေးဘုန်းကံနှင့်အထိုက် အလျောက်ပြည့်စုံသူမှသာလျှင် သာသနာတော်ကို ရွက်ဆောင်နိုင်ကြသည်။

အနော်ရထာသည် ရှေးဘုန်းကံရှိ၍ မြတ်စွာဘုရားရှင်၏ သာသနာတော်ကို ချီးမြှောက်ခြင်း ပူဇော်ခြင်းကိုပြုရသည်။ သဗ္ဗညုတဉာဏ်တော်နှင့်ပြည့်စုံသော ဘုရားရှင်၏ သာသနာကို အသိဉာဏ်အမြော်အမြင်ရှိသော ပုဂ္ဂိုလ်တို့သာလျှင် မြတ်နိုးခြင်း၊ ပူဇော်ခြင်းကို ပြုနိုင်ပေသည်။ တစထက် တစ်စနက်နဲ ကျယ်ဝန်းသည်ကို အနော်ရထာ သိရှိလာပေပြီ။

မြတ်စွာဘုရား၏ သာသနာတော်ကို မြတ်စွာဘုရား၏ ကိုယ်တော်တိုင် နည်းလမ်းညွှတ်ပြ၍ ဟောကြားတော်မူသည့် တိုင်အောင် အနော်ရထာက မိမိဉာဏ်မီသမျှသာလျှင် သိမြင်နိုင်ပေမည်ဟု သံဝေဂ ရဟန်တူသည်။ ကံ. . . ကံ၏ အကျိုးကိုယုံကြည်ခြင်း၊ ရတနာသုံးပါးတို့၏ ဂုဏ်ကိုယုံကြည်ခြင်း၊ သဒ္ဓါတရားနှင့်ပြီး ပြည့်စုံမှသာသနာကို ချီးမြှောက်နိုင်သည်ဟု ယုံကြည်လာသည်။

မြတ်စွာဘုရား၏ သာသနာတော်ကို ဆောင်ရွက်ရာ၌ ရဟန်းသံဃာတော်ချည်းဆောင်ရွက်ခြင်းဖြင့် မပြီးနိုင်၊ တိုင်းသူပြည်သားများပါ ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ ခရီးပေါက်ထွန်းကားပွင့်လင်းမည်ဖြစ်သည်ကို အနော်ရထာပိုမိုသဘောပေါက်သိရှိလာသဖြင့် သာသနာအကျိုးကိုဆထက် ထမ်းပိုးကြိုးပမ်းဆောင်ရွက်သည်။

ပြည်သူပြည်သားများထံအရောက် သွားရောက်၍ ဘာသာရေးလူမှုရေးကိစ္စများကို ကြိုးပမ်းသည်။ အောင်မြင်သည်ထက်ပိုမို တိုးတက်အောင်မြင်လာသည်။ လယ်ယာမြေများကို မိုးရေသောက်မှ ဆည်

ရေသောက်ဖြစ်အောင် စလင်း ၆ ခရိုင်နှင့် ကျောက်ဆည် ၉ ခရိုင် တို့၌ ပြုလုပ်ပေးပြီး ကန်များ၊ ဆည်များကို တည်ဆောက်သည်။ စီးပွားရေးအင်အားတိုးတက်သည်နှင့်အမျှ စစ်အင်အားများ ခေတ်မီတိုးတက်သည်နှင့်အမျှ စစ်အင်အားများ ခေတ်မီတိုးတက်အောင်ရွက်ဆောင်သည်။

မွန်၊ ပျူ၊ သက္ကတနှင့် ပါဠိစာပေများကို အခြေခံပြီး မြန်မာစာစစ်စစ်ကို တည်ထွင်ခဲ့သည်။

သရေခေတ္တရာ ခေတ်၊ ပျူမင်းတို့ နိုင်ငံတော်ကို စည်းရုံးသိမ်းသွင်းသည်။

နိုင်ငံကာကွယ်ရေးအတွက် ကင်းမြို့ ၄၃ မြို့ကို တည်ဆောက်သည်။

မြန်မာနိုင်ငံအတွင်းရှိ အချို့သောမြို့နယ်များ၏ မိမိတို့မြို့နယ်ဖြစ်စဉ်မှတ်တမ်းများကို လေ့လာပါက လုံခြုံရေးနှင့်အုပ်ချုပ်မှုတော်မတီခေတ်မြို့နယ် ဖြစ်စဉ်မှတ်တမ်း၊ လမ်းစဉ်ပါတီခေတ်မြို့နယ်ဖြစ်စဉ်မှတ်တမ်းများတွင် အနော်ရထာ၏ ကင်းမြို့ (၄၃) မြို့တည်ဆောက်ရာတွင် ပါဝင်နေကြောင်း ဖတ်ရှုကြရပေလိမ့်မည်။

မိမိနှင့်အိမ်နီးခြင်း၊ တရုပ်၊ အိန္ဒိယ၊ ယိုးဒယား၊ သီဟိုဠ် . . . အစရှိသည့် အိမ်နီးခြင်းနိုင်ငံများနှင့် စီးပွားရေး၊ ဘာသာရေးကိစ္စများဖြင့် ရင်းနှီးစွာဆက်သွယ်ခဲ့သည်။ ပရိယတ္တိမရှိလျှင် ပဋိပတ္တိမဖြစ်နိုင်၊ ပဋိပတ္တိမရှိက ပရိဝေဒမဖြစ်နိုင်ကြောင်း ယုံကြည်သဖြင့် ပရိယတ္တိအခြေခံအုတ်မြစ်ချခဲ့သည်။ ထို့နောက် ပဋိယတ္တိအခြေခံဖြစ်သော ပိဋကတ်သုံးပုံကို သရေခေတ္တရာ၊ သီဟိုဠ်သထုံသို့ သွားရောက်ယူဆောင်ကူးယူ၍ မျက်မှောက်ခေတ်အခေါ် ဘုန်းတော်ကြီးသင်ပညာရေး အစပျိုးထောင်ပြုခဲ့သူဖြစ်သည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူပြီး အရှင်မဟာကဿပစသည့် ရဟန္တာမထေရ်တို့သည် -

*အမွှာသုတ္တ - ကြောင်းကြမ့်၊* ဖလသမာပတ္တိသုခဖြင့် ချမ်း

သာစွာနေတော်မမူ၍ အဇာတသတ္တုမင်း၏ ချီးမြှောက်ခြင်းခံယူ၍ ပဌမ သင်္ဂါယနာတင်ကာ သာသနာတော်ကို ဆောင်ရွက်တော်မူခဲ့ပြီ။

အရှင်မဟာယသအမှူးရှိသော မထေရ်မြတ်ကြီးတို့သည်လည်း ကာလာသောကမင်း၏ ချီးမြှောက်အားပေးခြင်းကို ခံယူတော်မူကြ၍ ဒုတိယအကြိမ် သင်္ဂါယနာတင်ကာ သာသနာတော်ကို ဆောင်ရွက်တော်မူခဲ့ကြပြီ။

သီရိဓမ္မာသောကမင်း ချီးမြှောက်အားပေးခြင်းကိုခံယူ၍ အရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ်အမှူးရှိသော မထေရ်ကြီးတို့သည်လည်း တတိယအကြိမ် သင်္ဂါယနာတင်ကာ သာသနာတော်ကို ဆောင်ရွက်ခဲ့ကြပြီ။

သီရိလင်္ကာသီဟိုဠ်ကျွန်း၌ ဝဋ္ဋဂါမဏိမင်း၏ ချီးမြှောက်ခြင်းကို အမှီပြု၍ မထေရ်မြတ်ကြီးတို့သည် ပေထက်အက္ခရာတင်၍ စတုတ္ထမြောက် သံဂါယနာတင်ကာ သာသနာတော်ကို ဆောင်ရွက်ခဲ့ကြပြီ။

မြန်မာနိုင်ငံအောက်ပိုင်း သထုံမြို့၌ သီရိဓမ္မာသောကမင်း လက်ထက်တွင် အရှင်သောဏ၊ အရှင်ဥတ္တရထေရ်တော်တို့သည် သာသနာတော်ကိုအစပျိုး၍ ဆောင်ရွက်တော်မူခဲ့ကြပြီ။

မြန်မာနိုင်ငံအထက်ပိုင်း ပုဂံပြည်၌ အနော်ရထာမင်း၏ချီးမြှောက်အားပေးခြင်းကိုခံယူ၍ အရှင်အရဟံအစရှိသော မထေရ်မြတ်တို့သည် သာသနာတော်ကို ဆက်လက်ဆောင်ရွက်တော်မူခဲ့ကြပြီ။

မန္တလေးမြို့၌ မင်းတုန်းမင်း၏ ချီးမြှောက်အားပေးခြင်းကို ပဥ္စမသင်္ဂါယနာ တင်ကာ မြတ်စွာဘုရား၏သာသနာတော်ကို ဆောင်ရွက်တော်မူခဲ့ကြပြီ။

ရန်ကုန်မြို့ မဟာသာနလိုဏ်ဂူတော်အဆောင်း၌ ဆဋ္ဌသံဂါယနာတင်ကာ စောင့်ရှောက်ခဲ့ကြပြီ၊ ရှေးမင်းကောင်းမင်းမြတ်တို့၏ မြတ်စွာဘုရား၏သာသနာတော်ကို ဆောင်ရွက်ခဲ့ကြသောကြောင့် ယနေ့တိုင်အောင် မြတ်စွာဘုရား၏သာသနာတော် တည်ရှိနေခြင်းဖြစ်ပေတော့သည်။ မည်သို့ပင်ဆိုစေ ရှင်အရဟံ ရဟန္တာမထေရ်မြတ်နှင့် ဒကာတော်

အနော်ရထာမင်းတို့၏ စွမ်းဆောင်မှုကြောင့် မြန်မာနိုင်ငံသည် ဘာသာရေး၊ စစ်ရေး၊ စီးပွားရေးတို့ကို ကမ္ဘာ့အဆင့်မှီရန် ခြေတစ်လှမ်းပြင်ဆင်ခဲ့ပေသည်။ ယနေ့တိုင် မြန်မာကိုကမ္ဘာသိရှိပြီး ဗုဒ္ဓသာသနာသည်လည်း ကမ္ဘာကိုလွှမ်းခြုံနေပြီဖြစ်သည်။ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ သာသနာ နေလို၊ လလိုထွန်းလင်းပြီး အရှင်အရဟံ ပထမမြန်မာနိုင်ငံကို တည်ထောင်ခဲ့သော အနော်ရထာ၏ကျေးဇူးသည် ကြီးမားလှပေစွ။ သာသနာသန့်ရှင်းရေးနှင့် ထေရဝါဒ ဗုဒ္ဓသာသနာစစ်စစ်ထွန်းကားရန် မြန်မာနိုင်ငံတွင် ပထမဦးဆုံး သိမ်အစစ်အမှန်ကို သမုတ်ခဲ့သော ရှင်အရဟံ၏ ဂုဏ်တော်ကျေးဇူးတော်နှင့် အနော်ရထာမင်းတို့၏ ကျေးဇူးတရားများကို မဟာသိမ်တော်အတွင်း ပုဂံခေတ် (၁၁) ရာစု ဗုဒ္ဓရုပ်ပွားတော်အား လာရောက်ကြည်ညိုသဒ္ဓါပွားသူများ အောက်မေ့လွမ်းဆွတ် သတိသံဝေဂတရားရမှုများကို မဟာသိမ်မှအဆင်းတွင် နေ့စဉ်ကြားယောင်နေမိပါတော့သတည်း။

နောင်ချိုကျော်လွင်
၁၃၇၆ ခုနှစ်၊ တပို့တွဲလဆုတ် ၁၄ ရက်
နေ့ - ၂ း ၁၀
ခေတ္တ၊ ပုဂံမြင်းကပါကံကျောင်း

ကျမ်းကိုး
၁။ စွယ်စုံကျော်ထင်(ပ+ဒု)တွဲ
၂။ ဝိနယစာရလင်္ကာရဋီကာကျမ်း
၃။ သမိုင်းဝင်စေတီပုထိုးများ၊ ဦးသန်းဆွေ (သုတေသနမှူး -ရှေးဟောင်းသုတေသနဦးစီးဌာန၊ မြဝတီစာပေတိုက်)
၄။ 1318 - 1356 ပုဂံခေတ်ယဉ်ကျေးမှု
၅။ ဦးဖေမောင်တင် (မြန်မာသမိုင်းကျောက်စာ)
၆။ လမ်းစဉ်ပါတီထုတ် အခြေပြု မြန်မာ့နိုင်ငံရေးသမိုင်း (ပထမတွဲ)

၇။ ပုဂံ (၂၇) ဆူသမိုင်း (၁၃၂၀ ခု တပို့တွဲလဆန်း ၁၅ ရက်) ဦးချစ်သိန်း၊ မွန်ပဏ္ဍိတ်၊ ရှေးဟောင်းသုတေသနဌာန၊ ညွှန်ကြားရေးဝန်မင်းရုံး၊ မန္တလေး
၈။ ပုဂံခေတ်ယဉ်ကျေးမှု၊ သာသနာ ၂၅၀၀ ပြည့်၊ ၁၃၁၈ ခု (၁၉၅၆) စိန်အောင်စာပေဌာန၊ တော်သစ္စာပုံနှိပ်တိုက်၊ ၁၆၂-၃၃ လမ်း
၉။ ဦးသိန်းမောင် (သတင်းစာဆရာ)၊ မြန်မာနိုင်ငံသတင်းစာသမိုင်း
၁၀။ မန်လည်ဆရာတော်၊ ရတု-လင်္ကာ-စာပေစာတမ်း
၁၁။ ပါဠိစာပေသမိုင်း (ဒေါ်အုန်း၊ မဟာဝိဇ္ဇာ၊ သာသနာရေးဦးစီးဌာန၊ ၁၉၈၁ ခု)
၁၂။ ရွှေစည်းခုံဘုရားသမိုင်း
၁၃။ စူဠဝံသနိဒါန်း
၁၄။ ပုဂံမပျက်မီက မြန်မာ့သမိုင်း၊ အောင်သန်း (မန္တလေး)
၁၅။ သီဟိုဠ်ခေတ် စံတော်ဝင်အရိယာများ
၁၆။ ဇာတက၊ အရှင်ပညာဇောတ၊ ဗုဒ္ဓမဟာပြသာနာ (၆၊ ၇၊ ၈၊ ၉)
၁၇။ ဝိနည်းမဟာဝါ ဥပေါသ ထက္ခန္ဓက
၁၈။ နိုင်ငံသနင်း မင်းဆက်ဆက်တို့ သာသနာဝင်ဘွဲ့တံဆိပ်တော်များသမိုင်း၊ မဟာထေရုပတ္တိသန္နိပနိ
အရှင်ကေလာသ ဓမ္မစရိယ ဂဏဝါစက၊ BA. Hons ဝိဇ္ဇာဂုဏ်ထူး (သီရိလင်္ကာ)
၁၉။ ဗုဒ္ဓဘာသာတရားတော် (အထက်တန်းအဆင့်) သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန။
၂၀။ မှန်နန်းရာဇဝင်
၂၁။ ဦးကုလားရာဇဝင်
၂၂။ မဏိရတနာပုံကျမ်း
၂၀၀၂ ခု၊ ပုဂံသို့လေ့လာသုတေသနပြုခရီးစဉ်
၂၃။ ပန်တျာမြင့်အောင်၊ "မြန်မာ့အကသမိုင်း"

၂၄။ သုတဘာဏ်စာတမ်းများ (၁/၂)၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်း အဖွဲ့

၂၅။ ဒေါက်တာသက်လွင်၊ သမိုင်းကပြောသောပုဂံ၊ ပုဂံကပြောသော သမိုင်း

၂၆။ ကမ္ဘာ့သမိုင်း (အခြေပြ)